http://www.dhammadownload.com



တွေ့ကြုံဆုံစည်းလာသမျှ
သက်ရှိသက်မဲ့အာရုံတိုင်းကို
ငါနဲ့သက်ဆိုင်တဲ့ငါ့ဥစ္စာလို့
စွဲလမ်းသိမ်းပိုက်ခဲ့မိလို့
ငါ့စိတ်တွေပူလောင်ခဲ့ရတာပါ။
ငါ့ဆိုတဲ့နှောင်ကြိုးတွေအားလုံးကို
ဖြတ်တောက်ပစ်နိုင်မယ်ဆိုရင်တော့
ငါ့စိတ်တွေအေးချမ်းနေမှာပါပဲ။
ငါ့စိတ်တွေအမြဲတမ်းအေးချမ်းနေဖို့
ငါ့ကိုမချစ်ပါနဲ့တော့လားကွယ် . . .။

GRAPHIC
NAY WINN AUNG
099061597

http://www.dhammadownload.com

ရွှေပါရမီ
စာစဉ်(၁၆)

အရှင်ဆန္ဒာဓိက • ငါ့ကိုမချစ်ပါနဲ့

ရွှေပါရမီစာစဉ်(၁၆)



အရှင်ဆန္ဒာဓိက
ရွှေပါရမီတောရ

# ငါ့ကိုမချစ်ပါနဲ့



ပဋ္ဌမအကြိမ်

http://www.dhammadownload.com

ဓမ္မစကား၊ နေ့တိုင်းကြားက၊ စိတ်ထားဖွေးလက်၊ သိဉာဏ်ထက်၏။

# အရှင်ဆန္ဒာဓိက

ရွှေပါရမီတောရ

# ငါ့ကိုမချစ်ပါနဲ့



ရွှေပါရမီစာစဉ်(၁၆)

http://www.dhammadownload.com

# ရွှေပါရမီ ၂၀၀၂ အမှတ်(၄)


စာမူခွင့်ပြုချက်

၃၂၀၅၂၃၀၀၈၀၇

မျက်နှာဖုံးခွင့်ပြုချက်

၃၂၀၄၆၉၀၀၈၀၇

၂၀၀၇ ခုနှစ် ● ဩဂုတ်လ ● ပဌမအကြိမ် ● အုပ်ရေ ၂၀၀၀၀

မျက်နှာဖုံးပန်းချီ

နေဝင်းအောင်

စာအုပ်ချုပ်

ကိုဇော်ဝမ်း

<u>မျက်နှာဖုံးပုံနှိပ်သူ</u>

ဦးတိုးဝင်း (၀၂၄၃၁)၊ နေလရောင်ပုံနှိပ်တိုက်

အမှတ် ၉၆၊ ၁၁ လမ်း၊ လမ်းမတော်မြို့နယ်။

<u>အတွင်းပုံနှိပ်သူ</u>

ဦးကြင်ရွှေ (၀၃၁၀၅)၊ မိသားစုပုံနှိပ်တိုက်

အမှတ် ၉၀–အေ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်။

<u>ထုတ်ဝေသူ</u>

တက်လမ်း ဦးရှိန်ဝင်း (၀၃၉၆၄)၊ ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့

အမှတ် (၁၉–အေ/၂)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။

<u>ဖြန့်ချိရေး</u>

ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့

အမှတ် (၆၁)၊ စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ်။

(☎ ၂၂၆၅၀၀၊ ၂၁၀၄၆၂)

---

တန်ဖိုး ၁၀၀၀ ကျပ်

http://www.dhammadownload.com

# အရှင်ဆန္ဒာဓိက ( ရွှေပါရမီတောရ )

- ၁၉၆၇ ခုနှစ်၊ ဇန်နဝါရီလ(၉)ရက်၊ အင်္ဂါနေ့တွင် ရေနံချောင်းမြို့ သူဌေးကုန်းရပ်ကွက်၌ ခမည်းတော် ဦးစိန်ဝင်း၊ မယ်တော် ဒေါ်သိန်းသိန်းတို့မှ ဖွားမြင်သည်။
- ၁၉၈၄ ခုနှစ်တွင် ဆယ်တန်းစာမေးပွဲကို ရေနံချောင်းမြို့ အထက(၁)မှ ခြောက်ဘာသာ (ဘာသာစုံ) ဂုဏ်ထူးဖြင့် မြန်မာတစ်နိုင်ငံလုံး ဒုတိယရလျက် အောင်မြင်သည်။ သုံးထပ်ကွမ်းလူရည်ချွန်အဖြစ် ၈တန်း၊ ၉တန်း၊ ၁၀တန်းတို့၌ သုံးနှစ်ဆက်တိုက် ရွေးချယ်ခံခဲ့ရသည်။
- ၁၉၈၄ ခုနှစ်၊ ဆယ်တန်းအောင်မြင်ပြီးနောက် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပြီး အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်တွင် ပရိယတ္တိစာပေများ လေ့လာဆည်းပူးခဲ့သည်။
- ၁၉၉၂ ခုနှစ်တွင် ပထမကျော်ဘွဲ့ နှင့် ၁၉၉၅ ခုနှစ်တွင် ဓမ္မာစရိယဘွဲ့တို့ကို ရရှိခဲ့သည်။
- ၁၉၉၈ ခုနှစ်တွင် အသက်(၃၀)ပြည့် ပုလဲရတုမွေးနေ့ အထိမ်းအမှတ်အဖြစ် တစ်ယောက်တည်းနေ တစ်စိတ်တည်းထား စာအုပ်ကို စတင်ထုတ်ဝေခဲ့သည်။
- ယခုအခါ သထုံမြို့ ကေလာသတောင်၊ ရွှေပါရမီတောရကျောင်း၌ တစ်ပါးတည်း ကေစာရီ တောရဆောက်တည်လျက် ပရိယတ်၊ ပဋိပတ်အလုပ် အားထုတ်လျက်ရှိသည်။ ။

http://www.dhammadownload.com

## သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

**အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။**

ဤစာအုပ်အပါအဝင်

ရွှေပါရမီစာစဉ်အားလုံးကို

ဓမ္မဒါနအလှူရှင်အသီးသီးတို့မှ

တရားအလှူ

ပညာပါရမီအလှူ

တိုက်ရိုက်သာသနာပြုအလှူအဖြစ်

လှူဒါန်းထားသော

ရွှေပါရမီဓမ္မစာပေပြန့်ပွားရေး ထာဝရအလှူတော်ငွေဖြင့်

ထုတ်ဝေပါသည်။

ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့

http://www.dhammadownload.com

# မာတိကာ

## ငါ့ကိုမချစ်ပါနဲ့


| | | |
|---|---|---|
| ၁။ | ■ အမှာစာမရေးတော့ပါ | ၉ |
| ၂။ | ■ ငါ့ကိုမချစ်ပါနဲ့ | ၁၇ |
| ၃။ | ■ ငါမရှိတာငါမသိခဲ့ဘူး | ၂၆ |
| ၄။ | ■ ဒါတွေအကုန်ငါ့ကြောင့် | ၃၂ |
| ၅။ | ■ ငါ့ကိုမချစ်ရင်ဒုက္ခငြိမ်းပြီ | ၃၅ |
| ၆။ | ■ ဦးဦးဖျားဖျားလှူတော့ထူးထူးခြားခြားဖြစ်တာပေါ့ | ၄၀ |
| ၇။ | ■ ဖေဖေ့အတွက်ဟင်းတစ်ဖတ်၊ မေမေ့အတွက်ဟင်းတစ်ဖတ် | ၄၈ |
| ၈။ | ■ လက်ကျန်လှူပေမယ့်စိတ်ကျန်မဟုတ်ရင် | |
| | ■ လက်ဦးအလှူပါပဲ | ၅၄ |

http://www.dhammadownload.com


| | | |
|---|---|---|
| ၉။ | ■ စကားလုံးတိုင်းမှာတရားသဘောရှိတယ် | ၆၀ |
| ၁၀။ | ■ ငါ့ကိုချစ်မိလို့ | ၆၆ |
| ၁၁။ | ■ ငါ့အချစ်ဟာအချစ်အားလုံးရဲ့ရေသောက်မြစ် | ၇၅ |
| ၁၂။ | ■ ဖြစ်ပျက်မြင်ရင်ငါ့ကိုမချစ်တော့ဘူး | ၈၁ |
| ၁၃။ | ■ ဘုန်းကြီးတစ်မတ်သူသုံးမတ် | ၈၉ |
| ၁၄။ | ■ လိပ်တွေးမတွေးပါနဲ့ | ၉၆ |
| ၁၅။ | ■ ကျေးဇူးရှင်ဆရာဆရာမများ၏ကျေးဇူးတရားကို | |
| | ■ ဤတရားဖြင့်ကျေးဇူးဆပ်ပါ၏ | ၁၀၀ |
| ၁၆။ | ■ လက်ခုပ်မတီးလိုက်ရပေမယ့်သာဓုခေါ်လိုက်ပါဆရာမ | ၁၁၃ |
| ၁၇။ | ■ အပ္ပမာဒေနသမ္ပာဒေထ | ၁၂၂ |


## ပန်းမညှိုးပါစေနဲ့


| | | |
|---|---|---|
| ၁၈။ | ■ ပန်းမညှိုးပါစေနဲ့ | ၁၂၅ |
| ၁၉။ | ■ ပန်းမညှိုးမှအစွမ်းတိုးမယ် | ၁၂၈ |
| ၂၀။ | ■ သူများမကြည့်ပါနဲ့၊ကိုယ့်ပန်းကိုယ်ကြည့် | ၁၃၃ |
| ၂၁။ | ■ ပုထုဇဉ်မှန်သမျှပန်းညှိုးပြီးသေကြတဲ့မသာတွေချည်းပါပဲ | ၁၃၈ |

http://www.dhammadownload.com


| | | |
|---|---|---|
| ၂၂။ | တရားထူးရပြီလို့ထုတ်ပြောတဲ့သူတရားထူးမရသေးပါ | ၁၄၅ |
| ၂၃။ | ဇရာထောင်းရင်အခါနှောင်းပြီ | ၁၅၂ |
| ၂၄။ | အရွယ်ရွေးမနေပါနဲ့ကိုကိုရယ် | ၁၅၈ |
| ၂၅။ | အချိန်ဆွဲနေရင်ပန်းညှိုးသွားလိမ့်မယ် | ၁၆၂ |
| ၂၆။ | လူမသေခင်ပန်းမညှိုးပါစေနဲ့ | ၁၆၉ |
| ၂၇။ | ပုထုဇဉ်ဆရာကလည်းတပည့်ကို | |
| | ရဟန္တာဖြစ်အောင်လုပ်ပေးနိုင်ပါတယ် | ၁၇၃ |
| ၂၈။ | ဝေဘူ+မဟာစည်=ရွှေပါရမီ | ၁၇၆ |
| ၂၉။ | အကောင်းမြင်မှအမြင်ကောင်းမယ် | ၁၈၀ |
| ၃၀။ | အားနာလောက်အောင်အားထုတ်ပါ | ၁၈၅ |
| ၃၁။ | အပ္ပမာဒေန သမ္ပာဒေထ | ၁၈၈ |

http://www.dhammadownload.com



ရွှေပါရမီစခန်းဖြင့် ခေမာပြည်လှမ်းနိုင်ကြပါစေ။

http://www.dhammadownload.com



# အမှာစာမရေးတော့ပါ

‘အရှင်ဘုရား . . . .၊ အရှင်ဘုရား သိပြီးပြီလားဘုရား

‘အမောတကောနဲ့ ဘယ်လိုဖြစ်လာတာလဲ ဒကာလေးရဲ့ . .၊ စမ်းရေအေးအေးလေး သောက်ပြီး အပန်းဖြေပါဦး၊ ခဏနားနေပြီးမှ လျှောက်စရာရှိတာ လျှောက်ပေါ့’

‘နားနေလို့ မဖြစ်ဘူးဘုရား၊ အရေးကြီးလို့’

‘သြော်. . ခက်တော့တာပါပဲ၊ ဘာတွေများ ဒီလောက်တောင် အရေးကြီးလာတာလဲ’

‘လွန်ခဲ့တဲ့ တစ်ပတ်လောက်က သတင်းစာထဲမှာ စာအုပ်ကြော်ငြာတစ်ခု တွေ့လိုက်တယ်ဘုရား၊ စာအုပ်ခေါင်းစဉ်က ‘ငါ့ကို မချစ်ပါနဲ့’ တဲ့၊ အရှင်ဘုရား ဟောထားတဲ့ တရားခေါင်းစဉ်နဲ့ တူနေလို့ တိုက်ဆိုင်တာလား၊ ခိုးချတာလား သိချင်တာနဲ့ အမြန်ပြေးပြီး ဝယ်ဖတ်မိပါတယ်ဘုရား’

http://www.dhammadownload.com

'အဲဒီတော့ . . . .'

'အစအဆုံး အရှင်ဘုရား ဟောထားတဲ့ အတိုင်း ချွတ်စွပ်ပဲ ဘုရား၊ အရှင်ဘုရားတိပ်ခွေထဲကနေ တိုက်ရိုက် ကူးချပြီး သူ့နာမည်နဲ့ စာအုပ်ထုတ်ထားတာဘုရား၊ တစ်နေရာပဲ နည်းနည်းလေးပြင်ပြောင်း ထားတယ်'

'ဒါဆို တစ်အုပ်လုံး မတူဘူးပေါ့'

'အရှင်ဘုရား စကားတချို့ နည်းနည်းချန်ခဲ့တာ၊ သူ့ရဲ့စကား တချို့နည်းနည်းဖြည့်ထားတာကလွဲလို့ အရှင်ဘုရား ဟောထားတာနဲ့ တစ်လေသံတည်း၊ တစ်ပုံစံတည်းပါပဲဘုရား၊ အရှင်ဘုရားက 'ကွယ်' နဲ့စကားဆုံးရင် သူကလည်း 'ကွယ်'၊ အရှင်ဘုရား 'ရယ်'၊ 'ပေါ့'၊ 'နော်'၊ 'လေ' လို့ စကားအဆုံးသတ်ရင် သူကလည်း 'ရယ်'၊ 'ပေါ့'၊ 'နော်'၊ 'လေ' ပဲ'

'ဦးဇင်းဟောတဲ့တရားကို ထပ်တူထပ်မျှ ပြန်ဟောတော့ ဦးဇင်းတရား ပျံ့နှံ့သွားတာပေါ့၊ ဝမ်းမြောက်စရာပါပဲ'

'ပြန်ဟောရုံကတော့ ကောင်းတာပေါ့ဘုရား၊ အခုလို အရှင် ဘုရားတရားကို သူ့နာမည်တပ်ပြီး စာအုပ်ထုတ်တာကတော့ ဘယ် သင့်တော်ပါ့မလဲ'

'တကယ်တော့ တရားအားလုံးဟာ မြတ်စွာဘုရားတရားတွေ ချည်းပါပဲ၊ ဦးဇင်းတရားရယ်လို့ မရှိပါဘူး ဒကာလေးရယ်'

'ဘုရားရဲ့ တရားတွေဆိုပေမယ့် ပိဋကတ်တော်မှာ လာတဲ့ အတိုင်းလောက်လေးပဲ ဤသည်၍မလွဲ ဟောကြတာမှ မဟုတ်ဘဲ ဘုရား၊ ကိုယ်နားလည်သလို၊ ကိုယ်သဘောပေါက်သလို၊ ကိုယ့်အတွေ့

http://www.dhammadownload.com

အကြံ့၊ ကိုယ့်ခံစားချက်နဲ့ ချဲ့ထွင်ရှင်းပြကြတာပဲ မဟုတ်လား'

'ဟုတ်ပါတယ်၊ ဂါထာတစ်ပုဒ်၊ သုတ္တန်တစ်ခု၊ ဒါမှမဟုတ် ပါဠိစာသားတစ်ခု၊ ပါဠိစကားလုံးတစ်ခုကို သူနဲ့ ဆက်စပ်နီးနွယ်ရာ တခြားဂါထာ၊ တခြားသုတ္တန်တွေနဲ့ တန်ဆာဆင်ပြီး အများနားလည် လွယ်အောင် အများသုံး စကားလုံးတွေနဲ့ ဟောကြရတာပါ၊ ကိုယ် ပြောချင်တဲ့တရား အဓိပ္ပာယ်ကို တရားနာပရိသတ်ရဲ့ လက်တွေ့ဘဝ ထဲက တကယ့်အဖြစ်အပျက်တွေနဲ့ ယှဉ်စပ်ပြီး 'ဒီအဖြစ်အပျက်ဟာ ဒီတရားသဘောပဲ' လို့ မီးမောင်းထိုးပြရတာပေါ့'

'မှန်ပါဘုရား၊ အဲဒီလို စာထဲက တရားသဘောကို ဘဝထဲက အဖြစ်အပျက်နဲ့ ဆက်စပ်ပြီး တင်ပြတဲ့နေရာမှာ တင်ပြသူရဲ့ စိတ်ကူး ဉာဏ်ကွန့်မြူးမှုကတော့ မလွဲမသွေ ပါနေတာပေါ့ဘုရား၊ လောက သဘောနဲ့ ပြောရရင်တော့ အနုပညာဖန်တီးသူရဲ့ အနုပညာအရည် အသွေး၊ အနုပညာစွမ်းဆောင်မှုပေါ့'

'ဗုဒ္ဓတရားတော်တွေကို တစ်ဆင့်ပြန်ဟောတယ်ဆိုပေမယ့် ဖန်တီးတင်ပြပုံက စာထဲကအတိုင်း ရိုးရိုးကြီးမဟုတ်ဘဲ အနုပညာဂုဏ် မြောက်နေတယ်ဆိုရင် ဖန်တီးတင်ပြသူမှာ အနုပညာမူပိုင်ခွင့် ရှိကို ရှိရမယ်လို့ ဒကာလေးက ဆိုလိုတာပေါ့နော်'

'မှန်လိုက်တာဘုရား၊ ဘုရားဟော ပါဠိတော်ကို စာထဲမှာ ပါတဲ့အတိုင်းလေးပဲ တိုက်ရိုက်မြန်မာပြန်ထားတာဆိုရင်တော့ ဘယ်သူ မဆို သုံးစွဲခွင့်ရှိတာပေါ့ဘုရား၊ ဘယ်သူ့ကိုမှ မူပိုင်ရှင်ဆိုပြီး လိုက်ခွင့် တောင်းနေစရာ မလိုပါဘူး၊ ကျမ်းပေါင်းစုံနဲ့ ညှိနှိုင်းပြီး အချိတ်အဆက် မိမိနဲ့ ဖွဲ့နွဲ့ရှင်းပြထားတာဆိုရင်တော့ ကိုယ်ပိုင်စကားလုံးတွေ၊ ကိုယ်

http://www.dhammadownload.com

ပိုင်အသုံးအနှုန်းတွေ ပါလာပြီ မဟုတ်လား'

'ဟုတ်တာပေါ့ ဒကာလေးရယ်'

'အရှင်ဘုရား ဟောထားတဲ့ 'ငါ့ကိုမချစ်ပါနဲ့' တရားတော်ထဲက စာသားတွေအတိုင်း အစအဆုံးတစ်လုံးမကျန် ချွတ်စွပ်တူတဲ့ ပါဠိတော်သုတ္တန်တစ်ခုခုရှိမယ် မထင်ပါဘူး'

'ဘယ်ရှိပါ့မလဲ၊ အရှိအတိုင်း မြန်မာလိုပြောရင် စက္ကန့်ပိုင်းလောက်နဲ့ ပြီးတဲ့ ဂါထာတစ်ပုဒ်ကို ဆက်စပ်ရာဝတ္ထုကြောင်းတွေ၊ ဆက်စပ်ရာသဘောတရားတွေနဲ့ တန်ဆာဆင်ပြီး နှစ်နာရီလောက်ဟောထားတာပါ၊ လောလောဆယ် လူ့လောကမှာ ဖြစ်ပျက်နေတဲ့ အခြေအနေတွေကိုလည်း ထည့်ပြောရသေးတာပေါ့၊ ဥပမာ- စက်တင်ဘာလ(၁၁)ရက် အကြမ်းဖက်မှုအကြောင်း ပါဠိတော်ထဲ ဘယ်ပါပါ့မလဲ၊ ဒါပေမဲ့ ဘုရားဟောတရားရဲ့ အနှစ်သာရ အဓိပ္ပာယ်ကို နားလည်သဘောပေါက်ဖို့ အဲဒီအကြောင်းကို ဥပမာအဖြစ် ထည့်ပြောရတာပဲလေ'

'ဒါကြောင့် အရှင်ဘုရား ဟောထားတဲ့တရားကို တိုက်ရိုက်ကူးချပြီး စာအုပ်မထုတ်သင့်ဘူးလို့ တပည့်တော်ပြောတာပေါ့ဘုရား'

'တရားဆိုတာက ဒီလိုပဲ နည်းမှီပြီး ဟောကြရတာပါပဲ ဒကာလေးရယ်၊ ဦးဇင်းတို့ရှေ့က ဆရာတော်တွေလည်း သူတို့ရှေ့က ဆရာတော်တွေကို နည်းမှီဟောခဲ့ကြသလို ဦးဇင်းတို့လည်း ကိုယ့်ရှေ့က ဆရာတော်တွေကို နည်းမှီဟောကြရတာပါပဲ၊ ဖတ်ဖူးတဲ့စာတွေ၊ နာဖူးတဲ့တရားတွေက များလွန်းတော့ တချို့အဓိပ္ပာယ်တွေဆို ဘယ်ဆရာတော်က မိန့်ဆိုခဲ့မှန်းတောင် သတိမရတော့ပါဘူး၊ နေရာတကာမှာ

http://www.dhammadownload.com

'ဒါက ဘယ်သူ့ အဆိုအမိန့်၊ ဒါက ဘယ်သူ့ ရှင်းပြချက်' လို့ နာမည် ထည့်ထည့်ပြောနေရင်လည်း တရားနာရတာ၊ စာဖတ်ရတာ ဘယ် အရသာရှိပါတော့မလဲ'

'အရှင်ဘုရား မိန့်တာ တပည့်တော် သဘောပေါက်ပါတယ်၊ ဒါပေမဲ့ နည်းမှီတယ်ဆိုပြီး တရားတစ်ပုဒ်လုံးကြီးကို အစအဆုံး ချွတ် စွပ်ကူးချတာမျိုးကျတော့ မသင့်တော်ဘူးလားလို့၊ နည်းမှီတဲ့ အဆင့် ကိုလည်း ကျော်လွန်သွားပြီလေ'

'တရားတစ်ပုဒ်ကို သိပ်ကြိုက်လွန်းလို့ တစ်ဆင့်ဖြန့်ဝေတဲ့ သဘောနဲ့ အဲဒီလို ထပ်တူထပ်မျှလိုက်ဟောတာမျိုး သာသနာတော်မှာ ရှိတတ်ပါတယ်၊ ဓမ္မဒါနပြုတယ်ဆိုတာ ကိုယ်သိထားတဲ့တရားကို ထပ် ဆင့်ဖောက်သည်ချတာပဲ မဟုတ်လား ဒကာလေးရဲ့'

'ဒါတော့ ဒါပေါ့ဘုရား၊ ဟောတာကို အပြစ်မပြောလိုပေမယ့် တိုက်ရိုက်ကူးချပြီး ကိုယ့်နာမည်တပ် စာအုပ်ထုတ်တာကျတော့ မလွန် လွန်းဘူးလားလို့၊ တကယ်လို့ ထုတ်ချင်တယ်ဆိုတောင် အရှင်ဘုရား ကိုတော့ ကြိုတင်ပြီး ခွင့်တောင်းသင့်တာပေါ့၊ အခုတော့ ခွင့်လည်း မတောင်း၊ အရှင်ဘုရားနာမည်လည်း စာအုပ်ထဲမှာ မပါ၊ မျက်နှာ ပြောင် တိုက်လွန်းတယ်ဘုရား၊ အောင်မြင်ကျော်ကြားမှုကို ဖြတ်လမ်း နည်းနဲ့ လိုချင်တာ မကောင်းပါဘူး'

'စိတ်လျှော့လိုက်စမ်းပါ ဒကာလေးရယ်၊ တစ်နေ့ကပဲ အဲဒီ ကာယကံရှင် ဦးပဥ္စင်းလေး တောင်ပေါ်ရောက်လာပြီး ဦးဇင်းကို တောင်းပန်သွားပါပြီ၊ အဲဒီတရားကို သူသိပ်ကြိုက်လွန်းလို့ ခုလို လုပ် လိုက်မိတာပါ . . . တဲ့၊ ဦးဇင်းကလည်း နောက်ကို ဒီလို မလုပ်သင့်

http://www.dhammadownload.com

ဘူးလို့ နားလည်အောင် ပြောပြလိုက်ပါတယ်'

'အရှင်ဘုရားက သင်္ကန်းတောင် လျှုလိုက်သေးတယ် မဟုတ်လား၊ နေရာတကာ ပြုံးပြုံးပြုံးပြုံးနဲ့ ခွင့်လွှတ်တိုင်း ကောင်းတာမဟုတ်ဘူးဘုရား၊ သူ့နေရာနဲ့သူ၊ သူ့စည်းနဲ့သူဆိုတာတော့ ရှိရဦးမှာပဲ၊ တော်ကြာ ဒီခေါင်းစဉ်နဲ့ပဲ အရှင်ဘုရားက စာအုပ်ထုတ်ရင် မသိတဲ့သူတွေက သူများခေါင်းစဉ် ယူသုံးတယ်၊ သူများတရား ကူးချတယ်လို့ အရှင်ဘုရားကို ထင်နေကြမှာပေါ့၊ အထင်မလွဲအောင် အမှာစာလေးတော့ ရေးမှဖြစ်မယ်ဘုရား'

'အကြောင်းမသိသူတွေ အထင်လွဲကြမှာကို စိတ်ထဲမှာ ခံစားမနေပါနဲ့ ဒကာလေးရယ်၊ ကိုယ့်အကြောင်း ကိုယ်သိပြီး ကိုယ့်အလုပ်ကိုယ်လုပ်နေရုံပါပဲ၊ ဦးဇင်းကတော့ အမှာစာ ရေးမနေတော့ပါဘူး'

'ဒါဆိုလည်း အရှင်ဘုရား သဘောပါပဲဘုရား'

**အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)**



http://www.dhammadownload.com

# တရားပွင့်ဂုဏ်တော်ပွား

အရဟံ၊

ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား။

အရဟံ၊

ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို

ပြုတော်မမူသော မြတ်စွာဘုရား။

အရဟံ၊

ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။



http://www.dhammadownload.com

- အချိန်တိုင်း စိတ်ချမ်းသာချင်ရင်
အချိန်တိုင်း "ငါ့"ကို မချစ်မိအောင်
ကြိုးစားရမှာပါပဲ။
"ငါ့ပစ္စည်း"၊ "ငါ့လူ" ဆိုတဲ့
"ငါ့အစွဲ" ကင်းရှင်းနေတာဟာ
"ငါ့" ကိုမချစ်တာပါပဲ။
"ငါ့" ကိုမချစ်တဲ့သူမှသာ
စိတ်ချမ်းသာမှုအစစ်ကို ရရှိနိုင်ပါတယ်။
ငါစိတ်ချမ်းသာချင်ရင်
ငါ့ကိုမချစ်မှ ဖြစ်မှာပါ။
ငါ့ကိုမချစ်ပါနဲ့ကွယ် . . .။

- နေရာတကာမှာ ငါ့အယူအဆမှအမှန်
ငါ့ဆန္ဒမှ အမှန်ဆိုတဲ့စိတ်မျိုး
ရှိနေရင် အဲဒီလူဟာ ဘယ်တော့မှ
စိတ်ချမ်းသာမှု မရနိုင်ပါဘူး။
အမြဲစိတ်ဆင်းရဲနေရမှာပါ။
ဘယ်သူနဲ့မှလည်း သဟဇာတ
မဖြစ်တဲ့အတွက် နောက်ဆုံးမှာ
ပတ်ဝန်းကျင်ရဲ့ အပစ်ပယ်ခံရပြီး
အထီးကျန်ဝေဒနာကို
အကျည်းတန်စွာခံစားရင်း
ခြောက်ခြောက်သွေ့သွေ့နဲ့
ဘဝနိဂုံးချုပ်ရတတ်ပါတယ်။

http://www.dhammadownload.com

# ငါ့ကို မချစ်ပါနဲ့

'ငါ့ကိုမချစ်ပါနဲ့' ဆိုတဲ့ စကားရပ်က ပြောဆိုသူရဲ့ နှလုံးသွင်းပေါ် မူတည်ပြီးတော့၊ နားထောင်သူရဲ့ နှလုံးသွင်းပေါ် မူတည်ပြီးတော့ အဓိပ္ပာယ်အမျိုးမျိုး သက်ရောက်နိုင်ပါတယ်။

ကိုယ့်ကို ချစ်ခွင့်ပန်လာတဲ့ လူတစ်ယောက်ကို ကိုယ်က ပြန်မချစ်နိုင်လို့ 'ငါ့ကိုမချစ်ပါနဲ့' လို့ ငြင်းပယ်လိုက်တဲ့ အဓိပ္ပာယ်လည်းပဲ သက်ရောက်နိုင်ပါတယ်။

ကိုယ့်ကို ချစ်ခွင့်ပန်လာတဲ့ လူတစ်ယောက်ကို ကိုယ်က ချစ်ပေမယ့် မိဘက သဘောမတူလို့၊ ဆွေမျိုးအသိုင်းအဝိုင်းက သဘောမတူလို့ အစရှိတဲ့ ဆန့်ကျင့်ဘက်အကြောင်းတရားတွေကြောင့် ချစ်ပင်ချစ်သော်ငြားလည်း ငြင်းပယ်တဲ့အနေနဲ့ 'ငါ့ကိုမချစ်ပါနဲ့' လို့ ပြောဆိုလိုက်တဲ့ အဓိပ္ပာယ်လည်း သက်ရောက်နိုင်ပါတယ်။

ပြောဆိုသူရဲ့ နှလုံးသွင်း၊ နားထောင်သူရဲ့ နှလုံးသွင်းပေါ် မူတည်ပြီးတော့ အဓိပ္ပာယ်အမျိုးမျိုး သက်ရောက်နိုင်တာပေါ့။

http://www.dhammadownload.com

'ငါ့ကိုမချစ်ပါနဲ့' ဆိုတဲ့ စကားရပ်လေးကို ဘယ်လို အဓိပ္ပာယ် ပေါက်သလဲ၊ ဘယ်လို သဘောပေါက်သလဲလို့ ဒကာလေးတစ်ယောက် ကို မေးကြည့်တော့ သူက ဘာပြန်ပြောသလဲဆိုရင် 'ငါ့ကိုမချစ်ပါနဲ့၊ ငါက ဘုန်းကြီးဖြစ်နေလို့ပါ' လို့ သဘောပေါက်ပါတယ်တဲ့။

သူလည်းပဲ သူ့အဓိပ္ပာယ်ပေါက်ချင်သလို ပေါက်တာပေါ့နော်။ ဘုန်းကြီးတစ်ပါးက မိန်းကလေးတစ်ယောက်ကို ပြောလိုက်တဲ့ပုံစံမျိုး သူက ယူဆလိုက်တာပေါ့။ မိန်းကလေးတစ်ယောက်ကပဲ ဘုန်းကြီးတစ် ပါးကို ချစ်ခွင့်ပန်နေသလိုလို၊ ချစ်ရေးဆိုနေသလိုလို၊ ချစ်တဲ့ကြိုက်တဲ့ အမူအရာ ပြနေသလိုလို . . . ။

နောက် ဒကာလေးတစ်ယောက်ကတော့ 'ငါ့ကိုမချစ်ပါနဲ့၊ ငါ့ဘဝနဲ့ မင်းဘဝက သိပ်ကို ကွာခြားလွန်းလို့ပါ' လို့ သဘောပေါက်ပါ တယ်တဲ့။ အခြေအနေ အဆင့်အတန်းချင်း မတူညီကြတဲ့ ချစ်သူနှစ်ဦး ထဲက နိမ့်ပါးသူက မြင့်မားသူကို နာကျင်ကြေကွဲစွာ တောင်းပန်တဲ့ အဓိပ္ပာယ်၊ ဒါမှမဟုတ် မဖြစ်နိုင်မှန်း သိပါရက်နဲ့ အတင်းလိုက်ချစ်နေ တဲ့ ဂုဏ်မြင့်သူ ကောင်မလေးကို ဂုဏ်နိမ့်သူ ကောင်လေးက ကရုဏာ သက်စွာ ဖျောင်းဖျနှစ်သိမ့်တဲ့ စကားရပ်။

အဲဒီလိုအားဖြင့်ပေါ့၊ ဒီစကားရပ်လေးက ပြောသူရဲ့ နှလုံး သွင်း၊ နားထောင်သူရဲ့ နှလုံးသွင်းပေါ် မူတည်ပြီးတော့ အဓိပ္ပာယ်တွေ အများကြီး ထွက်နိုင်ပါတယ်။

အဲဒီလို အဓိပ္ပာယ်တွေ အများကြီးထွက်နိုင်တဲ့အထဲက ဦးဇင်း တို့ ဒီနေ့ ဓမ္မဒါနအနေနဲ့ ပြောချင်တဲ့ အဓိပ္ပာယ်ကတော့ . . .

အဲဒီအဓိပ္ပာယ်ကို သိဖို့အတွက် ဓမ္မပုံပြင်လေးတစ်ခုကို အရင်

http://www.dhammadownload.com

ဆုံး အာရုံပြုကြည့်ရအောင်။ ရတနာပုံခေတ်က ဆရာတော်ကြီး တစ်ပါး မိန့်ကြားတော်မူခဲ့တဲ့ ဓမ္မပုံပြင်လေး ဖြစ်ပါတယ်။ အဲဒီဆရာတော်ဘုရားကြီးရဲ့ ပုံပြင်လေးကို အနည်းငယ် ပြုပြင်ပြီးတော့ ဦးဇင်းတို့ ပြောသွားပါမယ်။

တစ်ခါတုန်းက ရွာတစ်ရွာမှာ 'မိထက်' ဆိုတဲ့ မိန်းကလေး တစ်ယောက် ရှိပါတယ်။ နာမည်နဲ့ လိုက်အောင် စိတ်ဓာတ်ကလည်း ထက်မြက်ပါတယ်၊ အသိဉာဏ်ကလည်း ထက်မြက်ပါတယ်။

မိထက် မိဘများက ရွာဦးကျောင်းမှာ ကျောင်းဆောင် တစ်ဆောင် ဆောက်လုပ်ပြီးတော့ လှူဒါန်းထားပါတယ်။ ကျောင်းအလှူရှင်ဖြစ်တဲ့ မိထက်ရဲ့ မိဘများဟာ 'ကျောင်းတစ်ခါ' တွေ မဟုတ်ကြဘူး။ 'ကျောင်းဒကာ' တွေ ဖြစ်ကြတယ်။

တချို့က ကျောင်းဆောက်လှူထား၊ ရေစက်ချပြီးလို့ရှိရင် လုံးဝ လှည့်မကြည့်တော့ဘူး။ ပစ်ထားလိုက်တယ်။ အဲဒီလို ပုဂ္ဂိုလ်မျိုးကို 'ကျောင်းတစ်ခါ' လို့ ခေါ်ပါတယ်။ ကျောင်းကို ရေစက်ချတုန်း တစ်ခါပဲ သွားတဲ့သူပေါ့။

ကျောင်းကို တစ်ခါလှူပြီး ပြီးရော၊ ကျောင်းဆောက်ထားပြီး ပြီးရော ပစ်မထားဘဲနဲ့ ကိုယ့်ကျောင်းမှာ သီတင်းသုံးတဲ့ ဆရာတော်သံဃာတော်တွေအတွက် လိုအပ်တဲ့ပစ္စည်းလေးပါးကို အရိပ်တကြည့်ကြည့်နဲ့ ထောက်ပံ့ပြုစုစောင့်ရှောက်တဲ့ ပုဂ္ဂိုလ်မျိုးကိုမှ 'ကျောင်းဒကာ' လို့ ခေါ်ပါတယ်။ ကျောင်းကို အမှန်တကယ် အမြဲတမ်း လှူတဲ့ဒကာပေါ့။

မိထက်ရဲ့ မိဘများက 'ကျောင်းတစ်ခါ' တွေ မဟုတ်ကြပါ

http://www.dhammadownload.com

ဘူး။ 'ကျောင်းဒကာ' တွေဖြစ်ကြပါတယ်။ ဒါကြောင့် မိမိဆောက်လုပ်လှူဒါန်းထားတဲ့ကျောင်းမှာ သီတင်းသုံးတဲ့ ရဟန်းတော်အတွက် နေ့စဉ် ဆွမ်းပို့ပေးပါတယ်။

ဥပုသ်နေ့တိုင်းမှာတော့ မိထက်ရဲ့ မိဘများရော တစ်မိသားစုလုံး သွားပြီးတော့ ဆွမ်းပို့ကြတာပေါ့။ ဥပုသ်နေ့မဟုတ်တဲ့ ကျန်တဲ့ ကြားရက်တွေမှာတော့ မိထက်ကိုပဲ ဆွမ်းပို့တဲ့တာဝန်ပေးထားပါတယ်။ မိထက်က မိဘများဆောက်လုပ်လှူဒါန်းထားတဲ့ကျောင်းမှာ သီတင်းသုံးတဲ့ ရဟန်းတော်အတွက် နေ့စဉ် ဆွမ်းအုပ်ကြီးပိုက်ပြီးတော့ ဆွမ်းပို့ပေးရပါတယ်။

ဆွမ်းပို့တဲ့ရက်တွေကြာလာတော့ မိမိကျောင်းမှာ သီတင်းသုံးတဲ့ ရဟန်းတော်နဲ့လည်း ရင်းနှီးလာတာပေါ့။ တစ်နေ့တော့ မိထက်က ဘုန်းကြီးကို မေးတယ် . . . . ။

'အရှင်ဘုရား၊ ဒီကျောင်းက ဘယ်သူ့ကျောင်းလဲဘုရား'

'ဩော် . . . . မိထက်ရယ် . . . . ၊ မင်းမိဘတွေ ငါ့ကို ရေစက်ချပြီးတော့ လှူဒါန်းထားတာ ငါ့ကျောင်းပေါ့'

နောက်တစ်ပတ်လောက် ကြာတော့လည်း မေးပြန်တယ်။

'အရှင်ဘုရား၊ ဒီသက်န်းတွေက ဘယ်သူ့ သက်န်းတွေတုံးဘုရား'

'ဩော် . . . . မိထက်ရယ် . . . . ၊ ဒကာ ဒကာမတွေက ငါ့ကို သဒ္ဓါတရားနဲ့ လှူဒါန်းထားတဲ့ သက်န်းတွေဆိုတော့ ငါ့သက်န်းတွေပေါ့'

နောက်တစ်ပတ်လောက်ကြာတော့ မေးပြန်တယ်။

http://www.dhammadownload.com

'အရှင်ဘုရား၊ ဒီသပိတ်က ဘယ်သူ့သပိတ်တုံး ဘုရား'

'သြော် . . . . မိထက်နှယ်၊ ငါနေတိုင်း ဆွမ်းစားနေတဲ့ သပိတ် ငါ့သပိတ်ပေါ့'

နောက်တစ်ပတ်လောက်ကြာတော့လည်း မေးပြန်တာပါပဲ။

'အရှင်ဘုရား၊ ဒီဗီရိုတွေက ဘယ်သူ့ဗီရိုတွေတုံး'

'ငါ့ဗီရိုတွေပေါ့ မိထက်ရယ်'

'ဒီစာအုပ်တွေကရော ဘယ်သူ့ စာအုပ်တွေတုံးဘုရား'

'ဒါလည်း ငါနေ့စဉ်ကြည့်နေတဲ့စာအုပ်တွေ ငါ့စာအုပ်တွေ ပေါ့'

နောက်တစ်ပတ်လောက်ကြာတော့ မေးပြန်ရော။

ကျောင်းထဲမှာရှိတဲ့ ရေကန်ကြီး လက်ညှိုးထိုးပြီးတော့ . . .

'အရှင်ဘုရား၊ ဒီရေကန်ကြီးက ဘယ်သူ့ရေကန်တုံးဘုရား'

'မိထက်ရယ်၊ ငါကိုယ်တိုင် ဦးစီးဦးဆောင်ပြုထားတဲ့ ရေကန် ငါ့ရေကန်ပေါ့'

ကျောင်းတွင်းရှိတဲ့ သစ်ပင်တွေ လက်ညှိုးထိုးပြီးတော့လည်း . . . .

'ဒီသစ်ပင်တွေ ဘယ်သူ့သစ်ပင်တွေတုံးဘုရား'

'သြော် . . . ငါကိုယ်တိုင် ဦးဆောင်ပြီး စိုက်ပျိုးထားတဲ့ သစ်ပင်တွေ ငါ့သစ်ပင်တွေပေါ့'

အဲဒီလိုနဲ့ မိထက်က ဘယ်ပစ္စည်းကို ဘယ်သူ့ပစ္စည်းလဲလို့ မေးမေး၊ ကျောင်းထိုင်ဆရာတော်က ငါ့ပစ္စည်းလို့ အမြဲတမ်း ဖြေပါတယ်။ အဲဒီလိုနဲ့ တစ်ပတ်ဆယ်ရက်လောက်ကြာသွားတော့ မိထက်

http://www.dhammadownload.com

က မေးပြန်တယ်။

'အရှင်ဘုရား၊ အိမ်ရာတည်ထောင် လူ့ဘောင်ကို စွန့်ခွာပြီး တော့ ရဟန်းဘဝကို ခံယူထားတာ ဘာရည်ရွယ်ချက်နဲ့တုံးဘုရား။ အရှင်ဘုရား သက်န်းဝတ်နေတာ ဘာရည်ရွယ်ချက်နဲ့တုံးဘုရား'

အဲဒီလိုမေးတော ဘုန်းကြီးက . . . .

'မိထက်ရယ်၊ ငါသက်န်းဝတ်နေတာ နိဗ္ဗာန်လိုချင်လို့ပေါ့'

'အရှင်ဘုရား၊ နိဗ္ဗာန်လိုချင်ရင် ငါ့ကို မချစ်ပါနဲ့'

အဲဒီလို ပြောပြီး မိထက်က ဆွမ်းအုပ်ကြီး ပွေ့ပိုက်ပြီးတော့ ချာခနဲ လှည့်ထွက်၊ ကျောင်းပေါ်ကနေ ပြေးဆင်းသွားတယ်။

'နိဗ္ဗာန်လိုချင်ရင် ငါ့ကို မချစ်ပါနဲ့'

ဒီစကားလေး ခပ်သုတ်သုတ် ပြောပြီးတော့ မိထက် ကျောင်း ပေါ်ကနေ ပြေးဆင်းသွားပါတယ်။ ကျောင်းပေါ်မှာ ဘုန်းကြီးတစ်ပါး တည်း ခေါင်းကုတ်ပြီးတော့ ကျန်နေခဲ့တယ်။

'ဒီကောင်မလေး ဒီစကား ဘာလို့များ ပြောတာပါလိမ့်၊ ငါ လည်း သူ့ကို ချစ်တယ်လို့ တစ်ခါမှ မပြောမိပါဘူး။ ချစ်တဲ့သဘော သက်ရောက်တဲ့ အပြောအဆိုမျိုး တစ်ခါမှ မပြောမိပါဘူး။ ချစ်တဲ့ သဘောသက်ရောက်တဲ့ အပြုအမူမျိုးလည်း တစ်ခါမှ မပြုမိပါဘူး။ ချစ်တဲ့ အရိပ်အရောင် တစ်ခါမှ မပြမိပါဘူး။ ဘာလို့များ 'ငါ့ကိုမချစ်ပါ နဲ့' လို့ ပြောရပါလိမ့်'

အပျိုစင် မိန်းကလေးတစ်ယောက်ရဲ့ 'ငါ့ကိုမချစ်ပါနဲ့' ဆိုတဲ့ စကားလေး တစ်ခွန်းကြောင့် ကျောင်းပေါ်က ကျောင်းထိုင်ဘုန်းကြီး စားလို့မဝင်၊ အိပ်လို့မပျော် ဖြစ်သွားတယ်။ 'နိဗ္ဗာန်လိုချင်ရင် ငါ့ကိုမချစ်

http://www.dhammadownload.com

ပါနဲ့' ဆိုတဲ့စကားလေးက သူ့စိတ်ကို လွှမ်းမိုးသွားပါတယ်။

စားလို့မဝင်၊ အိပ်လို့မပျော်နဲ့ ရက်နည်းနည်း ကြာလာတော့ ပိန်ချုံးလာတာပေါ့။ အဲဒါနဲ့ ကျောင်းမှာရှိတဲ့ ကပ္ပိယကြီးက မေးတယ်။

'အရှင်ဘုရား၊ စားမဝင်၊ အိပ်မပျော်နဲ့ ဘယ်လိုဖြစ်တာလဲ ဘုရား'

'မပြောချင်ပါဘူး ကပ္ပိယကြီးရယ်။ မိထက်ပေါ့'

'အရှင်ဘုရားကို မိထက်က ဘာတွေလုပ်လို့တုံး'

'ဘာမှတော့ မလုပ်ပါဘူး။ ဒါပေမဲ့ မိထက်က ငါ့ကို စကား တစ်ခွန်း ပြောသွားတယ်။ 'နိဗ္ဗာန်လိုချင်ရင် ငါ့ကိုမချစ်ပါနဲ့' တဲ့၊ ငါက လည်း သူ့ကို ချစ်တဲ့အရိပ်အယောင် တစ်ခါမှ မပြခဲ့မိပါဘူး ကပ္ပိယကြီး ရယ်။ အဲဒီအတွက် ငါ ဦးနှောက်စားပြီးတော့ စားမဝင်၊ အိပ်မပျော် ဖြစ်နေတာပါ'

'ဒါဆို ဒီကိစ္စ တပည့်တော် စုံစမ်းမယ်ဘုရာ့'

ဆိုပြီးတော့ ကပ္ပိယကြီးက ကျောင်းဒကာကြီးကို မေးတယ်။ ကျောင်းဒကာကြီးကလည်း သူကိုယ်တိုင် မမေးဘဲနဲ့ ကျောင်းအစ်မကြီး ကို တစ်ဆင့် မေးခိုင်းတယ်။

'နင်တို့ မိန်းမချင်း တိုးတိုးတိတ်တိတ် ကြိတ်ပြီးတော့ မေးစမ်း ပါဦး'

အဲဒါနဲ့ ကျောင်းအစ်မကြီးက တိုးတိုးတိတ်တိတ် ကြိတ်ပြီး တော့ မေးတယ်။

'လာပါဦး မိထက်၊ ညည်း ဘုန်းကြီးကို သွားပြီးတော့ 'နိဗ္ဗာန် လိုချင်ရင် ငါ့ကို မချစ်ပါနဲ့' လို့ ပြောခဲ့တယ်ဆို'

http://www.dhammadownload.com

'ဟုတ်တယ်လေ အမေရဲ့'

'ညည်း ဘာလို့ အဲဒီလို သွားပြီးတော့ ပြောရတာတုံး။ ဘုန်းကြီးက ညည်းကို ချစ်တယ်လို့ ဘယ်တုန်းကများ ပြောဖူးလို့တုံး'

'မပြောဖူးပါဘူး အမေရယ်၊ သမီး ဘုန်းကြီးကို တရားဟောခဲ့တာပါ'

'ဟဲ့ ကောင်မရဲ့၊ ပေါက်ပေါက်ရှာရှာ၊ ဘုန်းကြီးကသာ ညည်းကို တရားဟောရမှာ၊ ညည်းက ဘုန်းကြီးကို တရားပြန်ဟောခဲ့ရတယ်လို့၊ မိုးကြိုးတွေ ဘာတွေ ပစ်နေပါဦးမယ်'

'မဟုတ်ဘူးလေ အမေရဲ့။ ဒီကျောင်း ဘယ်သူ့ကျောင်းလဲလို့ မေးတာလည်း ငါ့ကျောင်း၊ ဒီသင်္ကန်း ဘယ်သူ့သင်္ကန်းလဲလို့ မေးတာလည်း ငါ့သင်္ကန်း၊ ဒီသပိတ် ဘယ်သူ့သပိတ်လဲ မေးတာလည်း ငါ့သပိတ်၊ ဒီဗီရို၊ ဒီစာအုပ်တွေ ဘယ်သူ့ဗီရို၊ ဘယ်သူ့ စာအုပ်တွေလဲလို့ မေးတော့လည်း ငါ့ဗီရို ငါ့စာအုပ်၊ ဒီရေကန်တွေ၊ ဒီသစ်ပင်တွေ ဘယ်သူ့ရေကန်၊ ဘယ်သူ့သစ်ပင်လဲလို့ မေးတော့လည်း ငါ့ရေကန်၊ ငါ့သစ်ပင်လို့ပဲ ဖြေဆိုနေပါတယ်'

'ဘယ်ပစ္စည်းကိုပဲ မေးမေး ငါ့ပစ္စည်း၊ ဘယ်ဥစ္စာကိုပဲ မေးမေး ငါ့ဥစ္စာလို့ပဲဖြေနေလို့ နိဗ္ဗာန်ကို လိုချင်တယ်ဆိုရင်တော့ ငါ့ပစ္စည်း၊ ငါ့ဥစ္စာဆိုတဲ့ အစွဲတွေကို ပယ်သတ်ရမယ်။ ငါ့ပစ္စည်း၊ ငါ့ဥစ္စာဆိုတဲ့ အစွဲတွေကို ကျွတ်အောင် ကြိုးစားအားထုတ်ပါဆိုတဲ့ အဓိပ္ပာယ်နဲ့ သမီး တရားဟောခဲ့တာပါ'

အဲဒီတော့မှ ကျောင်းအစ်မကြီးလည်း သဘောပေါက်၊ တစ်ဆင့် ပြန်ပြောလို့ ကျောင်းဒကာကြီးလည်း သဘောပေါက်၊ တစ်ဆင့်

http://www.dhammadownload.com

ပြန်ပြောလို့ ကပ္ပိယကြီးလည်း သဘောပေါက်၊ တစ်ဆင့် ပြန်ပြောလို့ ကျောင်းဘုန်းကြီးလည်း သဘောပေါက်သွားပါတယ်။

'သြော်၊ မိထက်ပြောတာလည်း ဟုတ်သားပဲ' ဆိုပြီးတော့ ကျောင်းဘုန်းကြီးလည်း တရားအသိတွေ တိုးသွားပါတယ်။

ဒါဆိုရင် ဒီနေ့ဟောမယ့် 'ငါ့ကိုမချစ်ပါနဲ့' ဆိုတဲ့ စကားရပ်ရဲ့ အဓိပ္ပာယ်ကို သဘောပေါက်လောက်ပါပြီ။

'ငါ့ပစ္စည်း'၊ 'ငါ့ဥစ္စာ' ဆိုတဲ့ အစွဲတွေကို ပယ်သတ်ပါ၊ ပယ်သတ်နိုင်အောင် ကြိုးစားအားထုတ်ပါ။ ဒီလိုဆိုလိုတယ်နော်။ 'ငါ့ကို မချစ်ပါနဲ့' ဆိုတဲ့နေရာမှာ လူတစ်ယောက်ယောက်ကို ရည်ညွှန်းပြီး တော့ 'ငါ့ကို' လို့ ဆိုလိုတာ မဟုတ်ပါဘူး။ ကိုယ့်ရင်ဘတ်လေးကို ပုတ်ပြပြီးတော့ ငါ့ကိုမချစ်ပါနဲ့လို့ ဒီလို ပြောတာမဟုတ်ဘူးနော်။

'ငါ့ပစ္စည်း'၊ 'ငါ့ဥစ္စာ' ဆိုတဲ့ အစွဲ ဥစ္စာတို့ ပစ္စည်းတို့ ဖြုတ်ထား လိုက်ရင် 'ငါ့' အစွဲပေါ့။ အဲဒီ 'ငါ့အစွဲ' လေးကို ဖြုတ်လိုက်ပါလို့ ဆိုလိုပါတယ်။ သဘောပေါက်ပါတယ်နော်။

ဦးဇင်းတို့တော့ ဒီအဆုံးအမလေးကို သိပ်ကိုသဘောကျပါ တယ်။ သဘောကျလွန်းလို့ပဲ ဦးဇင်းတို့ ပြန်ပြီးတော့ ဟောပြတာပါပဲ။ ရှေ့ဆက်ပြီးတော့ ရှင်းပြစရာ မလိုတော့လောက်အောင်ကို ရှင်းပြီး သွားပါနော်။

ဒါကြောင့် ဆိုလိုက်ပါ။

နိဗ္ဗာန်မဂ်ဖိုလ်၊ ဆိုက်ရောက်လို၊ ငါ့ကိုမချစ်နဲ့။

နိဗ္ဗာန်မဂ်ဖိုလ်ကို ရချင်တယ်ဆိုရင် ငါ့ကိုမချစ်ပါနဲ့။ ငါ့ကိုချစ် နေတဲ့စိတ်ကလေးကို ပယ်သတ်လိုက်ပါ။

http://www.dhammadownload.com

## ငါမရှိတာငါမသိခဲ့ဘူး

‘ငါ့’ကို မချစ်ပါနဲ့ လို့ ဆိုလိုက်ရင် ‘ငါ’ကို မချစ်ပါနဲ့ ဆိုတဲ့ အဓိပ္ပာယ်လည်းပဲ သက်ရောက်ပြီးသား ဖြစ်ပါတယ်။ ‘ငါ့’ ဆိုတဲ့စာလုံးကို ရေးတော့ ဘယ်လိုရေးရမတုံး။ င ရေးချ ငါ၊ အောက်ကမြစ် ငါ့။ င ရေးချ ငါ မရှိဘဲနဲ့ ငါ့ဆိုတာ ရှိနိုင်ပါ့မလား။ မရှိနိုင်ဘူး။

ဒါ့ကြောင့် ‘ငါ့ကိုမချစ်ပါနဲ့’ လို့ ဆိုလိုက်ရင် ‘ငါကိုမချစ်ပါနဲ့’ ဆိုတဲ့ အဓိပ္ပာယ်လည်းပဲ ပြောပြီးသားဖြစ်သွားပါတယ်။ ငါဆိုတဲ့အစွဲကို လည်း ပယ်ဖျောက်လိုက်ပါလို့ ဆိုလိုပါတယ်။ ငါဆိုတဲ့အစွဲကို ပါဠိလိုလေး နဲ့ တွဲပြောမယ်ဆိုရင် ဘယ်လိုပြောမလဲ။ ဒိဋ္ဌိစွဲလို့ပြောရမှာပေါ့။

တကယ်ထင်ရှားရှိတာက ရုပ်တရား၊ နာမ်တရားတွေပဲရှိပါ တယ်။ တကယ် အထင်အရှားရှိတဲ့ ရုပ်တရား၊ နာမ်တရားတွေကို ပါဠိလို သက္ကာယလို့ ခေါ်ပါတယ်။ ‘သ’ ဆိုတာ အထင်အရှားရှိသော၊ ‘ကာယ’ ဆိုတာ ရုပ်တရား၊ နာမ်တရားအပေါင်း၊ ရုပ်ကာယကြီးကိုပဲ

http://www.dhammadownload.com

သက္ကာယလို့ ဆိုလိုတာ မဟုတ်ပါဘူး။

'သ' ဆိုတာ အထင်အရှားရှိသော၊ 'ကာယ' ဆိုတာ ရုပ်နာမ် အပေါင်း၊ အထင်အရှားရှိတဲ့ ရုပ်နာမ်အပေါင်းမှာ အထင်အရှားမရှိတဲ့ 'ငါ'ကိုစွဲထားတဲ့ အယူအဆ၊ အမြင်မို့လို့ သက္ကာယဒိဋ္ဌိလို့ ခေါ်ပါတယ်။ သက္ကာယပေါ်မှာ စွဲနေတဲ့ ဒိဋ္ဌိမို့လို့ သက္ကာယဒိဋ္ဌိ။

တစ်နည်းအားဖြင့်လည်းပဲ တကယ်အထင်အရှားရှိတဲ့ ရုပ်တရား၊ နာမ်တရားတွေအပေါ်မှာ တကယ်အထင်အရှားမရှိတဲ့ အတ္တလို့ စွဲထားတာမို့လို့ အတ္တဒိဋ္ဌိလို့လည်း ခေါ်ပါတယ်။ ငါဆိုတာကို ပါဠိလိုပြောတော့ အတ္တပေါ့။ အတ္တရှိတယ်လို့ ယူဆထားတဲ့ ဒိဋ္ဌိမို့ အတ္တဒိဋ္ဌိ။

အတ္တဒိဋ္ဌိသမားတွေရဲ့ အယူအဆက ဟောဒီခန္ဓာကိုယ်ကြီး ထဲမှာ အသက်ကောင်၊ ဝိညာဉ်ကောင်၊ လိပ်ပြာကောင်၊ အတ္တကောင် လေးရှိတယ်လို့ ယူဆကြပါတယ်။ ဒီခန္ဓာကိုယ်ကြီး သွားလာလှုပ်ရှားနေ တာ အဲဒီ အသက်ကောင်၊ ဝိညာဉ်ကောင်၊ လိပ်ပြာကောင်၊ အတ္တ ကောင်လေးက စေခိုင်းနေလို့ သွားလာလှုပ်ရှားနေတာ။

လမ်းလျှောက်နေတာလည်း အသက်ကောင်၊ ဝိညာဉ်ကောင် လေးက လျှောက်ခိုင်းလို့ လျှောက်နေရတာ။ ထိုင်တာလည်းပဲ အသက် ကောင်၊ ဝိညာဉ်ကောင်လေးက ထိုင်ခိုင်းလို့ ထိုင်နေရတာ၊ မတ်တတ် ရပ်နေတာကလည်း အသက်ကောင်၊ ဝိညာဉ်ကောင်လေးက ရပ်ခိုင်းလို့ ရပ်နေရတာ၊ လျောင်းနေတော့လည်း အသက်ကောင်၊ ဝိညာဉ်ကောင် လေးက လျောင်းခိုင်းလို့ လျောင်းနေရတာ။

ကွေးတာ၊ ဆန့်တာ၊ စားတာ၊ သောက်တာ၊ ရေချိုးတာ၊

http://www.dhammadownload.com

အကုန်လုံးပေါ့လေ။ ခန္ဓာကိုယ်ကြီးရဲ့ ပြုမူလှုပ်ရှားမှု မှန်သမျှဟာ အတ္တကောင်လေးရဲ့ စေခိုင်းမှုကြောင့် ဖြစ်နေတာလို့ ယူဆကြပါတယ်။

ကောင်းတဲ့အာရုံတွေ ခံစားနေတာကလည်း အသက်ကောင်၊ ဝိညာဉ်ကောင်၊ အတ္တကောင်လေးက ခံစားနေတာ၊ မကောင်းတဲ့ အာရုံကို ခံစားနေတာကလည်း အသက်ကောင်၊ ဝိညာဉ်ကောင်၊ အတ္တကောင်လေးက ခံစားနေတာ၊ အကောင်းအဆိုး အာရုံအမျိုးမျိုးကို ခံစားနေတာလည်း ဒီခန္ဓာကိုယ်ကြီး အတွင်းထဲမှာရှိတဲ့ အသက်ကောင်၊ ဝိညာဉ်ကောင်လေး၊ အတ္တကောင်လေးက ခံစားနေတာလို့ ယူဆကြပါတယ်။

ဒီခန္ဓာကိုယ်ကြီးရဲ့ အရှင်သခင်ဟာ အတ္တကောင်လေးပဲ၊ ဒီခန္ဓာကိုယ် ရုပ်ကောင်ကြီးထဲမှာ အတ္တကောင်လေးက အမြဲနေနေတယ်၊ ဒီခန္ဓာကိုယ် ရုပ်ကောင်ကြီးဟာ အတ္တကောင်လေးရဲ့ အလိုကျ ပြုလုပ်ပေးရတယ်၊ အတ္တကောင်လေး စီမံသမျှ နာခံရတယ်လို့ ယူဆကြပါတယ်။

ဒီဘဝ ဒီခန္ဓာ သေသွားလို့ရှိရင် ရုပ်ခန္ဓာကိုယ်ကြီးကသာ သေသွားတာ၊ ခန္ဓာကိုယ်အတွင်းထဲက ဝိညာဉ်လေး၊ အတ္တကောင်လေး၊ လိပ်ပြာကောင်လေးကတော့ မသေဘူး။ နောက်ဘဝ နောက်ခန္ဓာကိုယ်ထဲကို ကူးပြောင်းပြီးတော့ သွားတယ်။ ခန္ဓာအိမ်အဟောင်းကို စွန့်ပြီးတော့ ခန္ဓာအိမ်အသစ်ကို ယူတယ်လို့ ယူဆကြပါတယ်။

လူ သေသွားလို့ရှိရင် ခန္ဓာကိုယ်ကြီးကသာ သေသွားတာ၊ ဝိညာဉ်လေးကတော့ မသေဘူး၊ ဟိုဘက် ဘဝ ဟိုဘက် ခန္ဓာကိုယ် ကူးသွားတယ်လို့ ယူဆကြပါတယ်။ အဲဒါ အတ္တဒိဋ္ဌိသမားတွေရဲ့ လွဲမှား

http://www.dhammadownload.com

တဲ့ အယူအဆဖြစ်ပါတယ်။

'ငါကိုမချစ်ပါနဲ့' ဆိုတာ အဲဒီ 'ငါစွဲ' ကို ဖြုတ်ရမယ်၊ ခန္ဓာကိုယ်အတွင်းမှာ အသက်ကောင်၊ ဝိညာဉ်ကောင်၊ လိပ်ပြာကောင်၊ အတ္တကောင်လေး မရှိဘူး၊ ရုပ်တရား၊ နာမ်တရားတွေပဲ ရှိတယ်ဆိုတဲ့ အသိမျိုးဖြစ်အောင် ကြိုးစားအားထုတ်ရမယ်လို့ ဆိုလိုပါတယ်။

အတ္တအစွဲကို အများအားဖြင့်တော့ ငါစွဲလို့ ပြောကြတာပေါ့။ အမှန်ကတော့ ငါတစ်ခုတည်း မဟုတ်ဘူး။ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ရေမြေ၊ တောတောင်၊ ရွှေ ငွေ၊ အိုး၊ အိမ်၊ ခြံ၊ မြေ၊ သက်ရှိသက်မဲ့ အရာအားလုံး ပါဝင်ပါတယ်။

ခုန ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမစတဲ့ နာမည်တွေအားလုံးဟာ အတ္တရဲ့ နာမည်တွေချည်းပါပဲ။ အတ္တရဲ့ ကိုယ်စားလှယ်၊ အတ္တရဲ့ ပရိယာယ် နာမည်တွေချည်းပဲ ဖြစ်ပါတယ်။

ရိပ်သာမှာ တစ်လ တရားစခန်းဝင်ပြီး ပြန်ထွက်လာတဲ့ ဒကာကြီးတစ်ယောက် အိမ်ရောက်လို့ ထမင်းစားချိန် သူ့မိန်းမကို ထမင်းခူးခိုင်းတဲ့အခါ ဘယ်လိုပြောသလဲဆိုတော့ . . . . .

'မိန်းမရေ . . . .၊ ကျွန်တော် ထမင်းစားတော့မယ်'

အဲဒီတော့ မိန်းမက မေးတယ်။

'မောင် ခါတိုင်း ငါထမင်းစားမယ်လို့ ပြောနေကျပါ၊ ဘယ့်နှယ် ကျွန်တော် ထမင်းစားမယ်လို့ ပြောရတာတုံး'

'မဟုတ်ဘူး။ ရိပ်သာက ဘုန်းကြီးက တရားဟောလိုက်တယ်၊ ငါဆိုတာ မရှိဘူးတဲ့။ ဒါကြောင့်မို့လို့ ဒီနေ့ကစပြီး ငါလို့ မပြောတော့ဘူး၊ ကျွန်တော်လို့ပဲ ပြောတော့မယ်' တဲ့။

http://www.dhammadownload.com

အဲဒီတော့ သူ့သားသမီးတွေကလည်း အဖေနဲ့အမေ အပြန်အလှန်ပြောနေသံကြားတော့ ပြေးလာပြီး အဖေကြီး ဘာတွေဖြစ်နေတာတုံး၊ ဘာညာနဲ့ မေးတော့ . . . .

'နင်တို့လည်းပဲ မှတ်ထားကြ၊ ဒီနေ့ကစပြီး နင်တို့အားလုံး ငါ့သားသမီးတွေ မဟုတ်တော့ဘူး'

'ဟာ အဖေကြီးကလည်း၊ အဖေကြီး သားသမီး မဟုတ်လို့ ဘယ်သူ့ သားသမီး ဖြစ်ရမှာတုံး'

'နင်တို့ ငါ့သားသမီးတွေ မဟုတ်တော့ဘူး။ ဒီနေ့ကစပြီးတော့ ကျွန်တော့သားသမီးတွေ ဖြစ်သွားပြီ' တဲ့။

ကဲ . . . သူ့ရဲ့ ငါအစွဲဖြုတ်ပုံကရော မမှတ်သားလောက်ဘူးလား။ မှတ်သားလောက်ပါပေတယ်နော်။ 'ငါ' လို့ မပြောဘဲ 'ကျွန်တော်' လို့ပဲ ပြောပြော၊ 'ကျွန်ုပ်' လို့ပဲပြောပြော၊ 'ကျုပ်' လို့ပဲ ပြောပြော ငါအစွဲပါပါပဲ။ ငါဆိုတဲ့ စာလုံးလေး တိုက်ရိုက်သုံးမှ ငါအစွဲ မဟုတ်ပါဘူး။

ကိုယ့်အကြောင်းကိုယ် ရေးတဲ့ ဘာသာရေးစာရေးဆရာတစ်ယောက် ခါတိုင်း ကိုယ့်ကိုယ်ကိုယ် 'ကျွန်တော်' လို့ သုံးနှုန်းနေရာကနေ ကျွန်တော်လို့ သုံးနှုန်းရင် ငါစွဲရှိတယ်လို့ ထင်မှာစိုးလို့လားမသိ၊ 'ကျွန်တော်' အစား 'သူ' လို့ ပြောင်းလဲသုံးနှုန်းပြီး ကိုယ့်ကိုယ်ကိုယ် ရည်ညွှန်းလာတာ တွေ့ရပါတယ်။

'ကျွန်တော်' လို့ပဲ သုံးသုံး၊ 'သူ' လို့ပဲ သုံးသုံး၊ ဒိဋ္ဌိကိလေသာ အမြစ်ပြတ် မပြုတ်သေးသမျှတော့ 'ငါစွဲ' ရှိနေမှာပါပဲ။ စကားလုံးပြောင်းသုံးရုံနဲ့ 'ငါစွဲ' ပျောက်မသွားနိုင်ပါဘူး။ 'ငါ'ဆိုတဲ့စကားလုံး၊ 'ကျွန်တော်' ဆိုတဲ့ စကားလုံးသုံးနေရုံနဲ့လည်း 'ငါစွဲ' တိုးမလာနိုင်ပါဘူး။

http://www.dhammadownload.com

စကားလုံးဟာ စကားလုံးပါပဲ။ အစွဲဟာ အစွဲပါပဲ။

ငါစွဲပြုတ်ပြီးသားပုဂ္ဂိုလ်ကလည်း ငါဆိုတဲ့ စကားလုံးကို ရှောင်လွှဲသုံးစရာ မလိုပါဘူး။ အစွဲအားလုံး ကင်းပြုတ်နေတဲ့ မြတ်စွာဘုရားရှင်တောင် ကိုယ့်ကိုယ်ကိုယ် 'ငါ' လို့ သုံးနှုန်းတော်မူတာပါပဲ။ ဝေါဟာရအရ သုံးနှုန်းခွင့်ရှိပါတယ်။ စိတ်ထဲမှာ အစွဲမရှိဖို့သာ အဓိက ပါ။

■

http://www.dhammadownload.com

## ဒါတွေအကုန်ငါ့ကြောင့်

ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ရေမြေ တောတောင်၊ ရွှေ၊ ငွေ၊ အိုး၊ အိမ်၊ ခြံ၊ မြေ၊ အကုန်လုံး အဲဒီပညတ်တွေနဲ့ သိထားတာမှန်သမျှ ငါအစွဲပါပဲ။ အဲဒီ ငါအစွဲကို ဘာလို့ခေါ်လဲ။ ဒိဋ္ဌိအစွဲ။ အဲဒီ ငါဆိုတဲ့ ဒိဋ္ဌိအစွဲကို အခြေခံပြီးတော့ ငါ့ဥစ္စာဆိုတဲ့ တဏှာအစွဲ ဖြစ်လာပါတယ်။

ကိုယ့်ကိုယ်ကိုလည်း ငါလို့ယူဆတယ်၊ ကျန်တဲ့ ယောကျ်ား၊ မိန်းမ၊ အဖေ၊ အမေ၊ သားသမီး၊ မိတ်ဆွေ၊ အပေါင်းအသင်း၊ အိုးအိမ်၊ ခြံ၊ မြေ၊ အဲဒါတွေကိုလည်းပဲ တကယ်အရှိ ရုပ်နာမ်ကို မမြင်ဘဲနဲ့ တကယ်မရှိတဲ့ အဲဒီ ပညတ်တွေချည်းကိုပဲ မြင်နေတဲ့အခါကျတော့ ငါ့သား၊ ငါ့သမီး၊ ငါ့အိမ်၊ ငါ့ခြံ၊ ငါ့ရွှေ၊ ငါ့ငွေဆိုတဲ့ ငါ့ပစ္စည်း၊ ငါ့ဥစ္စာလို့ သိမ်းပိုက်တဲ့ တဏှာလေးလည်း ဖြစ်ပေါ်လာပါတယ်။

ငါဆိုတဲ့အစွဲကြောင့် ငါ့ဥစ္စာဆိုတဲ့အစွဲဖြစ်ပေါ်လာတာပါ။

http://www.dhammadownload.com

ငါ့ဥစ္စာဆိုတဲ့ အစွဲ ဖြစ်ပေါ်လာပြီဆိုတော့ ငါ့မှာ အိုးအိမ်ခြံမြေတွေ အများကြီးရှိတယ်၊ ငါ့မှ. သားသမီးတွေရှိတယ်၊ ငါ့မှာ ချစ်သူခင်သူတွေ ဝိုင်းဝိုင်းလည်နေတယ်၊ ငါ့မှာ သက်ရှိသက်မဲ့တွေ အများကြီး ပိုင်ဆိုင်တယ် ဆိုပြီးတော့ မာနလည်းပဲ ဖြစ်ပေါ်လာပါတယ်။ 'ငါမှငါ' ဆိုတဲ့ မာန၊ 'ငါကွ' ဆိုတဲ့ မာနလည်းပဲ ဖြစ်ပေါ်လာပါတယ်။

'ငါ' ဆိုတဲ့ ဒိဋ္ဌိစွဲကို အကြောင်းပြုပြီးတော့ 'ငါ့ဥစ္စာ' ဆိုတဲ့ တဏှာစွဲ ဖြစ်ပေါ်လာပါတယ်။ ငါ့ဥစ္စာဆိုတဲ့ တဏှာစွဲကို အကြောင်းပြုပြီးတော့ 'ငါမှငါ' ဆိုတဲ့ မာနစွဲ ဖြစ်ပေါ်လာပါတယ်။ ငါရယ်၊ ငါ့ဥစ္စာရယ်၊ ငါမှငါရယ်၊ အဲဒီအစဉ်အတိုင်း ပြောမယ်ဆိုရင်တော့ အစွဲသုံးမျိုးက ဒိဋ္ဌိအစွဲ၊ တဏှာအစွဲ၊ မာနအစွဲ။ အဲဒီတော့ ငါရယ်၊ ငါ့ဥစ္စာရယ်၊ ငါမှ ငါရယ် သုံးခုကို အစဉ်အတိုင်း ပြောလို့ရှိရင်တော့ ဒိဋ္ဌိ၊ တဏှာ၊ မာန။ မြစ်ဖျားခံရာကနေ စလိုက်တာပေါ့။

အားလုံးရဲ့ မြစ်ဖျားခံရာကတော့ ဒိဋ္ဌိပါပဲ။ ဒါကြောင့် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက တရားအားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေကို တရားအားမထုတ်ခင် သုတမယအသိဉာဏ်နဲ့ ဒိဋ္ဌိဖြုတ်ဖို့ ဟောပါတယ်။ အသိလေးနဲ့ ဖြုတ်ဖို့ ပြောတာပါနော်။ တကယ်ပြုတ်တာကတော့ သောတာပန်ဖြစ်မှ ပြုတ်မှာပေါ့။

တဏှာနဲ့ မာနသာမက ကိလေသာတွေအားလုံး၊ ကုသိုလ်ကံ, အကုသိုလ်ကံတွေအားလုံးဟာလည်း ဒိဋ္ဌိကို အခြေခံပြီးတော့ ဖြစ်ကြတာချည်းပါပဲ။ အထူးသဖြင့် အပါယ်ကျစေနိုင်တဲ့ အကုသိုလ်ကံတွေဟာ ဒိဋ္ဌိကြောင့် ဖြစ်ကြရတာပါ။ ဒါကြောင့် ဒိဋ္ဌိကိလေသာကို အမြစ်ပြတ် ပယ်သတ်နိုင်ရင် သုဂတိသံသရာတွေက မလွတ်သေးတောင်

http://www.dhammadownload.com

အပါယ်သံသရာကတော့ သေချာပေါက် လွတ်မြောက်ပါတယ်။ နိဗ္ဗာန်ကို ပထမဆုံး စမြင်တဲ့ သောတာပန်ပုဂ္ဂိုလ်ဟာ ဒိဋ္ဌိကိလေသာကို သောတာပတ္တိမဂ်နဲ့ အမြစ်ဖြတ် ပယ်သတ်နိုင်လို့ မြင်တာပါ။

အဲဒီတော့ ဒိဋ္ဌိ၊ တဏှာ၊ မာနကို အများပြောနေကျ အတွဲနဲ့ ပြောမယ်ဆိုရင်တော့ တဏှာ၊ မာန၊ ဒိဋ္ဌိလို့ ပြောရမှာပေ့ါ။ အဲဒီ တဏှာ၊ မာန၊ ဒိဋ္ဌိ သုံးမျိုးကို ပပဉ္စတရားလို့ ခေါ်ပါတယ်။ ပပဉ္စတရား သုံးပါးဆိုတာ ကြားဖူးကြမှာပါနော်။

ပပဉ္စဆိုတာ ချဲ့ထွင်တဲ့တရားပါပဲ။ အပြည့်အစုံပြောလိုက်လို့ ရှိရင်တော့ သံသရာဝဋ်ဆင်းရဲကို ချဲ့ထွင်တတ်တဲ့တရား၊ သံသရာ နယ်ချဲ့တရားပေ့ါ။ တဏှာ မာန ဒိဋ္ဌိ သုံးပါးကို မြတ်စွာဘုရားရှင်က ပပဉ္စတရား၊ သံသရာနယ်ချဲ့တရားလို့ မိန့်ကြားတော်မူပါတယ်။

ဒီ တဏှာ၊ မာန၊ ဒိဋ္ဌိ သုံးပါးသာ ရှိနေမယ်ဆိုရင် ဘဝခန္ဓာ အသစ်တွေ ထပ်ထပ်ပြီးတော့ ဖြစ်ရမယ်။ သံသရာ ဝဋ်ဆင်းရဲကနေ မလွတ်မြောက်နိုင်ဘူး။ ဘဝတွေ တစ်ခုပြီး တစ်ခု ရရနေတယ်ဆိုတာ ဒီ တဏှာ၊ မာန၊ ဒိဋ္ဌိ သုံးပါးကြောင့် ရနေတာဖြစ်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားရှင်က တဏှာမာနဒိဋ္ဌိ သုံးပါးကို ပပဉ္စတရားသုံးပါး ဆိုပြီးတော့ မိန့်ကြားတော်မူထားပါတယ်။ အဲဒီ ပပဉ္စတရား သုံးပါးလုံး ပယ်သတ်ရမယ်လို့ ဆိုလိုပါတယ်နော်။ 'ငါ့ကို မချစ်ပါနဲ့' လို့ ဆိုထားပေမယ့် 'ငါ့အစွဲ' တဏှာတစ်ခုတည်းကိုပဲ ပယ်သတ်ရမှာ မဟုတ်ဘူး။ ငါ့အစွဲရဲ့ အကြောင်းရင်းဖြစ်တဲ့ 'ငါအစွဲ' ဒိဋ္ဌိကိုလည်း ပယ်သတ်ရမယ်။ ငါ့အစွဲကြောင့်ဖြစ်ပေါ်လာတဲ့ 'ငါမှငါ' မာနအစွဲကိုလည်း ပယ်သတ်ရမယ်။ ဒီလို အဓိပ္ပာယ်ရပါတယ်။

http://www.dhammadownload.com

## ငါ့ကိုမချစ်ရင်ဒုက္ခငြိမ်းပြီ

အဲဒီသုံးပါးကလည်း ဘယ်အချိန်ကျမှ အပြည့်အစုံ ပယ်နိုင်လဲဆိုတော့ အရဟတ္တမဂ်ဉာဏ်ကို ရမှ ပယ်နိုင်ပါတယ်။ ပုထုဇဉ်ဘဝနဲ့ဆိုရင်တော့ ဝိပဿနာဉာဏ်ဖြစ်နေတဲ့ အခိုက်အတန့်လေးမှာ တဒင်္ဂတစ်ခဏအားဖြင့်တော့ ပယ်နိုင်တာပေါ့။

ငါဆိုတဲ့ ဒိဋ္ဌိအစွဲကို သောတာပတ္တိမဂ်ကိုရလို့ သောတာပန်ဖြစ်မှ ပယ်သတ်နိုင်ပါတယ်။ ငါ့ဥစ္စာဆိုတဲ့ တဏှာအစွဲကိုတော့ သကဒါဂါမ်ပုဂ္ဂိုလ်က လူချမ်းသာ၊ နတ်ချမ်းသာဆိုတဲ့ ကာမဂုဏ်အာရုံတွေအပေါ်မှာ ငါ့ဥစ္စာလို့ စွဲထားတဲ့တဏှာကို အားနည်းအောင်ပဲ လုပ်နိုင်ပါသေးတယ်၊ မပယ်သတ်နိုင်သေးပါဘူး။

အနာဂါမ်ဖြစ်သွားပြီ၊ အနာဂါမိမဂ်ဉာဏ်ကို ရသွားပြီဆိုရင်တော့ အဲဒီ လူချမ်းသာ၊ နတ်ချမ်းသာဆိုတဲ့ ကာမဂုဏ်အာရုံတွေကို ငါ့ဥစ္စာလို့ သိမ်းပိုက်တဲ့တဏှာကို အကြွင်းမဲ့ပယ်သတ်နိုင်ပါပြီ။ ဒါပေမဲ့

http://www.dhammadownload.com

ဗြဟ္မာ့ဘုံ၊ ဗြဟ္မာ့ဘဝ၊ ဗြဟ္မာချမ်းသာကို တပ်မက်တဲ့၊ ဗြဟ္မာချမ်းသာကို ငါ့ဥစ္စာလို့ သိမ်းပိုက်တဲ့တဏှာကိုတော့ အနာဂါမ်ပုဂ္ဂိုလ်က မပယ်သတ်နိုင်သေးပါဘူး။

ဆိုလိုတာကတော့ အနာဂါမ်ပုဂ္ဂိုလ်က ဗြဟ္မာ့ပြည် ဗြဟ္မာ့ဘဝ ဗြဟ္မာချမ်းသာအပေါ်မှာ တပ်မက်တဲ့စိတ်ရှိသေးတယ်လို့ ဆိုလိုပါတယ်။ ဒါကြောင့်လည်း အနာဂါမ်တွေ စုတေသွားလို့ရှိရင် ဗြဟ္မာ့ပြည်ကို ရောက်သွားကြတာပေါ့။

အဲဒီဗြဟ္မာ့ပြည်၊ ဗြဟ္မာ့ဘဝကို ငါ့ဥစ္စာလို့ စွဲတဲ့တဏှာကိုတော့ အရဟတ္တမဂ်ရမှ ပယ်သတ်နိုင်ပါတယ်။ ငါမှ ငါဆိုတဲ့ မာနအစွဲကိုလည်းပဲ အရဟတ္တမဂ်ရမှ ပယ်သတ်နိုင်ပါတယ်။ ဒီတော့ 'ငါ့ကိုမချစ်ပါနဲ့' ဆိုတာ ဒီအစွဲသုံးမျိုးလုံးကို အရဟတ္တမဂ်နဲ့ ပယ်နိုင်တဲ့အထိ အားထုတ်ပါ၊ ရဟန္တာဖြစ်အောင် ကြိုးစားပါလို့ ဆိုလိုပါတယ်။

အရဟတ္တမဂ်၊ အရဟတ္တဖိုလ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပြီဆိုမှ နိဗ္ဗာန်ချမ်းသာကို အပြီးအပိုင် ရတာပါ။ သောတာပန်လောက်ပဲ ဖြစ်သေးတယ်ဆိုရင်တော့ နိဗ္ဗာန်ကို အပြီးအပိုင် မရသေးဘူးပေါ့။

ဦးဇင်းတို့ ငယ်ငယ်တုန်းက ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲတွေလုပ်ကြပြီဆိုရင် ဘောလုံးပွဲဆိုပါတော့၊ ဘောလုံးပွဲ ကိုယ့်ကျောင်းက နိုင်တယ်ဆိုရင်၊ ပထမရသွားတယ်ဆိုရင် ဒိုင်းဆုကြီး ရလာတယ်။ ဒါပေမဲ့ အပိုင်မရသေးဘူး။ ကျောင်းမှာ ဒီအတိုင်းပဲ သိမ်းထားရတယ်။ နောက်နှစ်မှာ တခြားကျောင်းက ပထမရသွားတယ်ဆိုရင် အဲဒီဒိုင်းဆုကြီး ပြန်ပေးလိုက်ရတယ်။

တကယ်လို့ လေးနှစ်ဆက်တိုက် ပထမချည်းပဲ ရတယ်ဆိုရင်

http://www.dhammadownload.com

တော့ အဲဒီဒိုင်းဆုကြီးကို ကိုယ့်ကျောင်းမှာ အပိုင်သိမ်းထားလို့ရပါပြီ။ ဘယ်ကျောင်းကိုမှ ပေးစရာ မလိုတော့ပါဘူး။ နောက်နှစ် နောက်နှစ်တွေမှာ ကိုယ်က ပထမ မရဘူးဆိုရင်လည်း ဒိုင်းဆုအသစ်လုပ်ပြီးတော့ အဲဒီဒိုင်းဆုကြီးကို အနိုင်ရတဲ့ကျောင်းပေးလိုက်ရုံပါပဲ။ အဲဒီတော့ လေးနှစ်ဆက်တိုက် ဒိုင်းဆုကြီးကိုရမှ ဒိုင်းဆုကြီး အပိုင်ရပါတယ်။

အဲဒီလိုပါပဲ၊ နိဗ္ဗာန်ချမ်းသာကို သောတာပတ္တိမဂ်နဲ့ ရရုံနဲ့ အပိုင် မရသေးဘူး။ သကဒါဂါမိမဂ်နဲ့ရရုံနဲ့ အပိုင်မရသေးဘူး။ အနာဂါမိမဂ်နဲ့ရရုံနဲ့ အပိုင်မရသေးဘူး။ အရဟတ္တမဂ်နဲ့ရမှ အပိုင်ရပါတယ်။ မဂ်လေးဆင့် ဖိုလ်လေးဆင့်နဲ့ လေးကြိမ်ဆက်တိုက်ရမှ အဲဒီနိဗ္ဗာန်ချမ်းသာကို အပြီးအပိုင် ရသွားပါတယ်။ ပြန်ပေးစရာ မလိုတော့ပါဘူး။

သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ကတော့ နိဗ္ဗာန်ချမ်းသာကို ပြန်ပေးရဦးမယ်။ ပြန်ပေးရဦးမယ်ဆိုတာက တင်စားပြီးတော့ ပြောတာ၊ ကိုယ်ရထားတဲ့နိဗ္ဗာန် ပျောက်သွားတယ်လို့ ဆိုလိုတာ မဟုတ်ဘူး။

သောတာပန်ဖြစ်ပြီးတဲ့ပုဂ္ဂိုလ်က သောတာပန်အဖြစ်ကနေ လျှောကျသွားလို့၊ ဈာန်လျှောတယ် ဆိုတဲ့စကားနဲ့ ကပ်ပြီးပြောရင် မဂ်လျှောသွားလို့ ဖိုလ်လျှောသွားလို့ ပုထုဇဉ် ပြန်ဖြစ်သွားတယ်ဆိုတာ မရှိပါဘူး။ တကယ့် သောတာပန်အစစ်ဆိုရင်ပေါ့နော်။

သောတာပန်အတု၊ သောတာပန်အင် ဆိုလို့ရှိရင်တော့ တရားကြေးမုံ၊ တရားမှန်နဲ့၊ တရားမှတ်ကျောက်နဲ့ တင်ပြီးတော့ စစ်ဆေးလိုက်လို့ရှိရင် ပုထုဇဉ်ပြန်ဖြစ်သွားတာတွေလည်း ရှိမှာပေါ့။

http://www.dhammadownload.com

နောင်တော်ကြီး ဓမ္မဒူတ (ဓမ္မဒူတအရှင်ဆေကိန္ဒ) က သူ ဟောတဲ့ တရားတစ်ပုဒ်မှာ ပြောဖူးတယ်။

'ဦးဇင်းက ပုထုဇဉ်ကို သောတာပန်ဖြစ်အောင် မဟောပေး နိုင်ဘူး၊ သောတာပန်ကိုပဲ ပုထုဇဉ်ဖြစ်အောင် ဟောပေးနိုင်တယ်'တဲ့။

သောတာပန်အစစ်ကိုတော့ ပုထုဇဉ်ဖြစ်အောင် ဟောပေးလို့ မရတော့ဘူးနော်။ သောတာပန်အတုတွေကို ရည်ရွယ်ပြီးတော့ ပြော တာပါ။ ကိုယ့်ကိုယ်ကို သောတာပန် မဖြစ်သေးဘဲနဲ့ သောတာပန် ဖြစ်တယ်လို့ ထင်နေတဲ့ ပုဂ္ဂိုလ်တွေ၊ ထင်ရုံမကဘဲနဲ့ နှုတ်ကပါ ထုတ် ဖော်ကြွေးဝါပြီးတော့ ပြောဆိုတဲ့ပုဂ္ဂိုလ်တွေကို . . . .

'ဩော် . . . . ငါ သောတာပန် မဖြစ်သေးပါလား။ ဒီအင်္ဂါ ရပ်နဲ့ တိုက်ကြည့်လိုက်တော့လည်း ဩော် ငါပုထုဇဉ်ပဲ ရှိသေးတယ်။ ဒီအရည်အသွေးနဲ့ မှတ်ကျောက်တင်ကြည့်လိုက်တော့လည်း ဩော် ငါ ပုထုဇဉ်ပဲ ရှိသေးတယ်' ဆိုတာ သိသွားအောင် ပုထုဇဉ်ဆိုတာ ဘယ်လို၊ သောတာပန်ဆိုတာ ဘယ်လို၊ အဲဒီလို သောတာပန် အရည် အသွေးတွေကို ခွဲခြမ်း စိတ်ဖြာပြီးတော့ ဟောနိုင်တယ်လို့ ဆိုလိုတာပါ နော်။

ပြီးတော့ နောင်တော်ကြီးက ပြောသေးတယ်၊ 'ဦးဇင်း ဟော လိုက်လို့ သောတာပန်ကနေ ပုထုဇဉ်ဖြစ်သွားတဲ့သူတွေ မနည်းတော့ ဘူး' တဲ့။ ဒါ တကယ့် သောတာပန်အစစ် မဖြစ်လို့ပေါ့နော်။

အဲဒီလို သောတာပန်အစစ်က သောတာပတ္တိမဂ်လျှောသွား တယ်၊ သောတာပတ္တိဖိုလ် လျှောကျသွားတယ်လို့ မရှိပါဘူး။ ဒါပေမဲ့ သောတာပန်ပုဂ္ဂိုလ်သေသွားလို့ရှိရင် စုတိစိတ်ကျပြီးတာနဲ့ တစ်ပြိုင်

http://www.dhammadownload.com

နက် အသခ်ံတနိဗ္ဗာန်ကို ဒိုင်းခနဲ ရောက်သွားတယ်ဆိုတာ မရှိပါဘူး။

သကဒါဂါမ်ပုဂ္ဂိုလ်သေသွားလို့ရှိရင်လည်း နိဗ္ဗာန်ကို ဒိုင်းခနဲ ရောက်မသွားသေးဘူး။ အနာဂါမ်ပုဂ္ဂိုလ် သေသွားလို့ရှိရင်လည်း နိဗ္ဗာန်ကို ဒိုင်းခနဲ ရောက်မသွားသေးဘူး။ လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝ စတဲ့ ဘဝတစ်ခုခုကို ရောက်ရဦးမယ်။ အနာဂါမ်ကတော့ လူ့ဘဝ၊ နတ်ဘဝ မရောက်တော့ဘူးပေ့ါ။

ရဟန္တာပုဂ္ဂိုလ်စုတေသွားပြီဆိုရင်တော့ ပရိနိဗ္ဗာနစုတိစိတ်ကျတာနဲ့ တစ်ပြိုင်နက် အသခ်ံတနိဗ္ဗာန်ကို ချက်ချင်းပဲ ရောက်သွားပါတယ်။ အဲဒီ နိဗ္ဗာန်ကနေပြီးတော့ ဟောဒီ သံသရာဝဋ်ဆင်းရဲကို ဘယ်တော့မှ ပြန်မလာတော့ပါဘူး။ ရဟန္တာအရှင်မြတ် မျက်မှောက်ပြုသွားတဲ့ အဲဒီ နိဗ္ဗာန်ချမ်းသာကြီးကလည်း ဘယ်တော့ဆို ဘယ်တော့မှ မပျက်စီးတော့ပါဘူး။ ထာဝရ တည်မြဲသွားပါပြီ။

ရဟန္တာပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ဆိုတဲ့ ဒိုင်းဆုကြီးကို အပြီးအပိုင်ရရှိသွားပါပြီ၊ အဲဒီလို နိဗ္ဗာန်ဆိုတဲ့ ဒိုင်းဆုကြီးကို အပြီးအပိုင်ရရှိသွားတာ ဘာကြောင့်လဲဆိုရင် 'ငါ့ကိုမချစ်လို့'၊ ငါ့ကိုချစ်တဲ့စိတ်ကို ပယ်သတ်နိုင်လို့၊ 'ငါ့ပစ္စည်း၊ ငါ့ဥစ္စာ၊ ငါ့ချစ်သူ၊ ငါ့မုန်းသူ' ဆိုတဲ့ တဏှာအစွဲတွေ လုံးဝ မရှိတော့လို့ပါ။ ဒါကြောင့် ပြန်ဆိုလိုက်ပါ။

နိဗ္ဗာန်မဂ်ဖိုလ်၊ ဆိုက်ရောက်လို၊ ငါ့ကိုမချစ်နဲ့။

■

http://www.dhammadownload.com

## ဦးဦးဖျားဖျားလှူတော့ ထူးထူးခြားခြားဖြစ်တာပေါ့

နိဗ္ဗာန်မဂ်ဖိုလ်ဆိုက်ရောက်လိုရင် 'ငါ့ကိုမချစ်ပါနဲ့' ဆိုတဲ့ အဆုံးအမဟာ မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမနဲ့ တစ်ထပ်တည်းကျပါတယ်။

ငါ့ပစ္စည်း၊ ငါ့ဥစ္စာလို့ မစွဲပါနဲ့လို့ အဖြောင့်ပြောလိုက်လို့ရှိရင် စိတ်ဝင်စားမှု အားနည်းတတ်ပါတယ်။ နိဗ္ဗာန်လိုချင်ရင် ငါ့ကိုမချစ်ပါနဲ့လို့ တင်စားပြီး ပြောလိုက်တော့ စိတ်ဝင်စားမှု အားကောင်းသွားတယ်။ စိတ်ဝင်စားမှု အားကောင်းတဲ့အတွက်ကြောင့်လည်း နှလုံးသားထဲကို နက်နက်ရှိုင်းရှိုင်း ဝင်ရောက်သွားပါတယ်။ ခုခေတ်စကားနဲ့ ပြောလို့ရှိရင်တော့ 'ဟတ်ထိ' သွားတာပေါ့နော်။

ငါ့ကိုမချစ်ပါနဲ့ ဆိုတဲ့ စကားရပ်ကို ဖော်ညွှန်းတဲ့ ပါဠိတော်တွေ ပိဋကတ်တော်မှာ မြောက်မြားစွာရှိပါတယ်။ အဲဒီလို မြောက်မြားစွာရှိတဲ့အထဲက အဆုံးအမလေးတစ်ခုကို အကြမ်းဖျင်းလေး ဦးဇင်းတို့

http://www.dhammadownload.com

ပြောပြချင်ပါတယ်။ အကြမ်းဖျင်းဆိုတာက နည်းနည်းလေး ချဲ့ပြော တာကို ပြောတာပါ၊ သူ့အရှိအတိုင်း ပြောရင်တော့ တစ်မိနစ်နဲ့ ပြီးပါ တယ်။

အဲဒီအဆုံးအမလေးဖြစ်ပေါ်လာပုံကတော့ . . . .

မြတ်စွာဘုရားရှင် လက်ထက်တော်တုန်းက သာဝတ္ထိမြို့မှာ ပဥ္စဂ္ဂဒါယကာဆိုတဲ့ ပုဏ္ဏားကြီးတစ်ယောက်ရှိပါတယ်။ ပဥ္စ + အဂ္ဂ+ ဒါယကာ၊ သုံးပုဒ်ကို ပေါင်းထားတာပါ။

မျက်စိထဲမှာမြင်မယ်ထင်ပါတယ်နော်၊ စာလုံးလေး။

'ပဥ္စ' ဆိုတာ ငါးခု၊ 'အဂ္ဂ' ဆိုတာ ဦးဦးဖျားဖျား၊ 'ဒါယကာ' ဆိုတာ ပေးလှူတတ်တာ၊ ဦးဦးဖျားဖျား ငါးမျိုး ပေးလှူတတ်တဲ့ပုဂ္ဂိုလ် ဖြစ်လို့ ပဥ္စအဂ္ဂဒါယကာ = ပဥ္စဂ္ဂဒါယကာလို့ ခေါ်ပါတယ်။

သူ့ရဲ့ နာမည်ရင်း တစ်ခုခုတော့ ရှိမှာပေ့ါလေ။ သူလုပ်တဲ့ အလုပ်ကို ဂုဏ်တင်တဲ့အနေနဲ့ ပဥ္စဂ္ဂဒါယကာလို့ပဲ မှတ်တမ်းတင်ထား ကြပါတယ်။

ဦးဦးဖျားဖျား ငါးမျိုးက ဘာတွေလဲဆိုရင် သူက လယ်ယာ လုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းလုပ်တဲ့ပုဂ္ဂိုလ်ဆိုတော့ လယ်ထဲမှာ ကောက်ပင်တွေ စပြီး စိုက်တဲ့အချိန်ကျတော့လည်း 'လယ်ဦး' အလှူ ဆိုပြီးတော့ ဦးဦးဖျားဖျား လှူဒါန်းပါတယ်။

စပါးနှံတွေ ရင့်မှည့်လို့ ရိတ်သိမ်းတဲ့အချိန်ကျတော့ 'ကောက် ဦး' အလှူဆိုပြီးတော့ ဦးဦးဖျားဖျား လှူပါတယ်။ အဲဒီစပါးတွေကို တလင်းထဲမှာ ချွေလှေ့နယ်ပြီးတော့ စပါးကျီထဲသွင်းတဲ့အချိန်ကျတော့ 'ကျီဦး' အလှူဆိုပြီးတော့ ဦးဦးဖျားဖျား လှူပါတယ်။ ထမင်းချက်တဲ့

http://www.dhammadownload.com

အချိန်၊ မီးဖိုပေါ် ထမင်းအိုး တင်လိုက်တဲ့အချိန်ကျတော့ 'အိုးဦး' အလှူ ဆိုပြီးတော့ ဦးဦးဖျားဖျား လှူပါတယ်။

အိုးဦးအလှူ ဘယ်လိုလှူသလဲဆိုတာတော့ ပြမထားပါဘူး။ တွေးကြည့်ရတာကတော့ ထမင်းချက်ခါနီး အိုးထဲဆန်ထည့်တဲ့အခါ ကိုယ်စားမယ့် ဆန်ထဲကနေ တချို့တစ်ဝက်ကို လှူဖို့ဆိုပြီးတော့ ဦးဦး ဖျားဖျား ဖဲ့ချန်ထားတယ်လို့ ယူဆရတာပါပဲ။

ဆိုပါတော့၊ နို့ဆီဘူးသုံးလုံးချက်မယ်ဆိုရင် နို့ဆီဘူးတစ်လုံး ကို တစ်ဆုပ်နှုန်းနဲ့ ဆန်လက်သုံးဆုပ် လှူဖို့ ဆိုပြီးတော့ သီးခြားလေး ခွဲထားလိုက်တယ်။ 'ဒါနပုံး' လို့နာမည်ပေးထားတဲ့ ဆန်ပုံးလေးထဲကို အဲဒီ ဆန်သုံးဆုပ် ထည့်ပြီးတော့ စုဆောင်းထားလိုက်တာပေါ့။

များလာတဲ့အခါ၊ ချက်ဖို့ သံဃာတွေလှူဖို့ ပြည့်စုံလာတဲ့အခါ ကျတော့မှ ချက်ပြီးတော့ လှူလိုက်ပါတယ်။ အဲဒီတော့ 'အိုးဦးအလှူ' ဆိုတာ အိုးထဲရောက်ပြီးသား ဆန်ထဲက ဦးဦးဖျားဖျားကို ဖယ်ထားပြီး တော့ လှူတယ်ဆိုတဲ့ အဓိပ္ပာယ်လည်း သက်ရောက်ပါတယ်။

နောက်တစ်ခုက မီးဖိုပေါ်က ထမင်းအိုး ချပြီးတဲ့နောက် ကျက်ပြီးသား ထမင်းထဲက ဦးဦးဖျားဖျားလေး ခူးခပ်ပြီးတော့ လှူ တယ်ဆိုတဲ့ အဓိပ္ပာယ်လည်း သက်ရောက်ပါတယ်။

တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ အိမ်မှာ လည်းပဲ နေ့စဉ် ဒီလိုပဲ လှူနေကြတာပါပဲ။ ကိုယ်စားမယ့် ထမင်းအိုးထဲ က ဦးဦးဖျားဖျားလေး ခူးခပ်ပြီးတော့ အိမ်ရှေ့ကြွလာတဲ့ သံဃာတော် တွေကို တစ်ဇွန်းတစ်ယောက်မ လောင်းလှူကြတယ်။ အဲဒါလည်း အိုးဦးအလှူပါပဲနော်။

http://www.dhammadownload.com

အဲဒီတော့ ကိုယ် ထမင်းစားဖို့ချက်တဲ့ ဆန်ထဲက ဦးဦးဖျားဖျားလေးကို ဖဲ့ပြီးတော့ လှူတာလည်း အင်မတန် မွန်မြတ်ပါတယ်။ ကိုယ်စားမယ့်အထဲက လျှော့စားမယ့်သဘောပေါ့။ ချက်ပြီးသား ထမင်းအိုးထဲက တစ်ဇွန်းတစ်ယောက်မ လှူတာလည်းပဲ မွန်မြတ်ပါတယ်။ ကိုယ်စားမယ့်ထမင်း လျှော့စားပြီး လှူတဲ့သဘောမို့ သိပ်မွန်မြတ်ပါတယ်။

သံဃာအများကြီးကို လောင်းရ၊ လှူရတာဆိုရင်တော့လည်း သီးသန့် ချက်ရမှာပေါ့နော်။ သီးသန့်ချက်တဲ့အပြင်ကို ကိုယ်စားမယ့်အထဲက ထပ်ပြီးတော့ လှူပါ။ ကိုယ်က ဘယ်လောက်ပဲ တတ်နိုင်တတ်နိုင်ပေါ့။ ဒါက အိုးဦးအလှူ။

အလှူငါးမျိုး မှတ်ကော မှတ်မိရဲ့လား။ ပထမဆုံးအလှူက လယ်ဦးအလှူ နောက်တစ်ခုက ကောက်ဦးအလှူ နောက်တစ်ခုက ကျီဦးအလှူ နောက်တစ်ခုက အိုးဦးအလှူ နောက်တစ်ခုကတော့ 'ခွက်ဦး' အလှူတဲ့။

ထမင်းစားတော့မယ်ဆိုပြီးတော့ ထမင်းပန်းကန်ထဲကို ထမင်းခူးပြီးပြီဆိုလို့ရှိရင် ပန်းကန်ထဲမှာ ခူးပြီးသားထမင်းထဲက ဦးဦးဖျားဖျားလေးကိုလည်း အလှူခံပုဂ္ဂိုလ်ကို လှူပြီးမှ စားပါတယ်။ အဲဒါကို 'ခွက်ဦး' အလှူလို့ ခေါ်ပါတယ်။ ခုခေတ်စကားနဲ့ ပြောရမယ်ဆိုရင်တော့ 'ပန်းကန်ဦးအလှူ' ပေါ့လေ။

အဲဒီတော့ ခွက်ဦးအလှူ ဖြစ်ဖို့အတွက် ကိုယ်စားဖို့ ခူးထားတဲ့ ထမင်းပန်းကန်ထဲက ထမင်းကို မစားခင် ပတ်ဝန်းကျင် လှည့်ကြည့်လိုက်သေးတယ်။ 'အလှူခံပုဂ္ဂိုလ်များရှိသလား'၊ အလှူခံပုဂ္ဂိုလ်ရှိတယ်

http://www.dhammadownload.com

ဆိုရင် ကိုယ်စားမယ့် ထမင်းပန်းကန်ထဲက ဦးဦးဖျားဖျားကို အရင်ဆုံး လှူလိုက်ပါတယ်။ လှူပြီးမှပဲ သူစားပါတယ်တဲ့။ ဦးဦးဖျားဖျား မလှူဘဲနဲ့ ဘယ်တော့မှ ထမင်းမစားပါဘူးတဲ့။

အဲဒီတော့ ပဥ္စဂ္ဂဒါယကာ ပုဏ္ဏားကြီးရဲ့ ဦးဦးဖျားဖျားအလှူငါးမျိုးကလည်း တရားနာပရိသတ်များ အတုယူကျင့်သုံးဖို့ မကောင်းဘူးလား။ ကောင်းပါတယ်။

မြို့ပေါ်ကပုဂ္ဂိုလ်တွေဆိုတော့ လယ်တော့ မစိုက်ကြဘူးပေါ့လေ။ စိုက်တဲ့သူလည်း ရှိချင်ရှိမှာပေါ့။ အဲဒီတော့ လယ်စိုက်တဲ့ပုဂ္ဂိုလ်က လယ်ဦးတို့ ကောက်ဦးတို့ ကျီဦးတို့ လှူတယ်။ ကိုယ်က လယ်မစိုက်ဘူးဆိုလို့ရှိရင် ကိုယ်လုပ်တဲ့အလုပ်နဲ့ လိုက်လျောညီထွေတဲ့ အဦးအလှူလေးတွေ လှူဒါန်းကြရမှာပေါ့။

ဆိုပါတော့၊ ဈေးရောင်းတဲ့ပုဂ္ဂိုလ်ဆိုလို့ရှိရင်လည်း မနက်စောစော ဆိုင်ဖွင့်ပြီဆိုတာနဲ့ ဆိုင်ရှေ့အလှူခံပုဂ္ဂိုလ် ရောက်လာတယ်ဆိုလို့ရှိရင် ဝမ်းမြောက်ဝမ်းသာ သဒ္ဓါတရားထက်ထက်သန်သန်နဲ့ လှူရမှာပေါ့။ 'ဈေးဦးကမပေါက်သေးဘူး၊ အလှူခံကရောက်လာပြီ'။ အဲဒီလို ဒေါသဖြစ်ဖို့ သင့်တော်ပါ့မလား။ တချို့က အဲဒီလို ဖြစ်တယ်နော်။

'ဈေးဦးမှ မပေါက်သေးဘူး၊ အလှူခံက လာပြန်ပြီ'၊ 'ကန်တော့ဆွမ်းပါ'၊ 'ကန်တော့ပါသေးရဲ့' အဲဒီလို ပြောတတ်ကြတယ်၊ မဟုတ်ဘူး၊ ဆိုင်ဖွင့်ဖွင့်ချင်း အလှူခံပုဂ္ဂိုလ်ရောက်လာ၊ ရဟန်းသံဃာပဲရောက်ရောက်၊ သီလရှင်ပဲရောက်ရောက်၊ လူဝတ်ကြောင်စတဲ့ပုဂ္ဂိုလ်တွေပဲရောက်ရောက်၊ ဘယ်သူပဲ ရောက်လာရောက်လာ၊ 'ငါ့ဆိုင်ဦးအလှူ လှူရဦးမယ်' ဆိုပြီးတော့ ဝမ်းမြောက်ဝမ်းသာနဲ့ လှူရမယ်နော်။

http://www.dhammadownload.com

လခစားဝန်ထမ်းတွေကျတော့ကော ဘယ်လိုလှူမလဲ၊ လခဦးအလှူ ဆိုပြီးတော့ လှူရမှာပေ့ါ။ လခဦးဆိုတာက အလုပ်စဝင်လို့ ပထမဆုံးရတဲ့ လခကိုသာ လခဦးလို့ ဆိုလိုတာ မဟုတ်ပါဘူး။ လစဉ်လစဉ် လကုန်တိုင်း ထုတ်လိုက်တဲ့ လခထဲကနေပြီးတော့ ဦးဦးဖျားဖျားလေး ဖဲ့ပြီးတော့ လှူတာကိုလည်း လခဦးအလှူလို့ ခေါ်နိုင်ပါတယ်။

ဆိုပါတော့၊ အမျိုးသမီးဝန်ထမ်းတွေဆိုလို့ရှိရင် လခထုတ်တဲ့နေ့မှာ ထုတ်ထားတဲ့ လခပိုက်ဆံလေး ကိုင်ပြီးတော့ ဘုန်းကြီးကျောင်းပြေးလား၊ အထည်ဆိုင်ပြေးလား။ သိမ်ကြီးဈေးပြေးလား၊ ဘုန်းကြီးကျောင်းပြေးလား၊ သိမ်ကြီးဈေး ပြေးတဲ့သူက များမယ်ထင်တယ်နော်။

အဲဒီတော့ လခလေး ရလာပြီဆိုလို့ရှိရင် ပထမဆုံးရတဲ့ လခမှ မဟုတ်ဘူး။ လစဉ် လစဉ် ကိုယ်ရတဲ့ လခလေးထဲက ဘယ်လောက်ကိုတော့ဖြင့် ဘုရားကို လှူမယ်၊ ဘယ်လောက်ကိုတော့ဖြင့် တရားကို လှူမယ်၊ ဘယ်လောက်ကိုတော့ဖြင့် သံဃာကို လှူမယ်၊ ဘယ်လောက်ကိုတော့ဖြင့် မိဘကို လှူမယ်၊ ဘယ်လောက်ကိုတော့ဖြင့် အစ်ကို၊ အစ်မ၊ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေးကို လှူမယ် စသည်အားဖြင့်ပေ့ါလေ။

အလေးအမြတ်ပြုထိုက်တဲ့၊ လှူသင့်လှူထိုက်တဲ့ပုဂ္ဂိုလ်တွေကို လှူမယ်လို့များ နှလုံးသွင်းပြီးတော့ ကိုယ်စွမ်းနိုင်သလောက် လှူမယ်ဆိုရင် ဘယ်လောက်မွန်မြတ်ထားသလဲ၊ တစ်ခါတစ်ရံ ကိုယ်က တတ်နိုင်လို့ လှူတာမျိုးကို ဆိုလိုတာ မဟုတ်ဘူးနော်။ အဲဒီလို ဦးဦးဖျားဖျားလေး လှူရတာလည်း အင်မတန်ကြည်နူးစရာ ကောင်းပါတယ်။

http://www.dhammadownload.com

ဦးဦးဖျားဖျားလေးတွေ လှူတော့ အကျိုးပေးတော့လည်း ဦးဦးဖျားဖျားလေးတွေ ပေးတာပေါ့။ ဒါကြောင့် လယ်သမားက လယ်ဦးအလှူတို့ ဘာတို့လှူသလို၊ ကိုယ်ကလည်း ဆိုင်ဦးအလှူတို့၊ လခဦးအလှူတို့ လှူဒါန်းရမှာပေါ့။ ဒါကတော့ ကိုယ်လုပ်တဲ့စီးပွားရေးပေါ် မူတည်ပြီးတော့ ဉာဏ်နဲ့ ချဲ့ထွင်ပြီးတော့ စဉ်းစားရမှာပေါ့။

ကိုယ်ပိုင်စီးပွားရေးလုပ်တဲ့သူတွေအနေနဲ့ လုပ်ငန်းလေးတစ်ခု အဆင်ပြေသွားပြီ၊ ခွင်လေးတစ်ခု တည့်သွားပြီဆိုရင် အလုပ်အဆင်ပြေတဲ့ အထိမ်းအမှတ်အဖြစ်နဲ့ အဲဒီအလုပ်ကရတဲ့ အကျိုးအမြတ်ထဲက ဦးဦးဖျားဖျားလေးကို လှူရမှာပေါ့။ ဒါဆို ဘယ်လောက်မွန်မြတ်လိုက်မလဲ၊ ဘယ်လောက် အကျိုးပေးကြီးကျယ်လိုက်မလဲ၊ အဲဒီ ဦးဦးဖျားဖျား ကုသိုလ်တွေရဲ့ ထောက်ပံ့ကူညီမှုကြောင့် ကိုယ်လုပ်သမျှလုပ်ငန်းတွေလည်း တစ်ချိန်ထက်တစ်ချိန် ပိုပိုပြီး အဆင်ပြေလာမှာပါပဲ။

အခုတော့ အဲဒီလို မဟုတ်ကြဘူး၊ အများအားဖြင့် လုပ်ငန်းလေးတစ်ခု အဆင်ပြေသွားပြီ၊ ခွင်ကောင်းလေးတစ်ခု မိသွားပြီဆိုရင် သူငယ်ချင်း အပေါင်းအသင်းတွေနဲ့ သောက်လိုက်စားလိုက် ပျော်လိုက်ပါးလိုက်နဲ့ အလကားအကျိုးမဲ့ ဖြုန်းတီးပစ်လိုက်ကြတယ်။ ပိုက်ဆံလေးမရလိုက်နဲ့၊ အရက်ဘီယာဝိုင်းဖွဲ့ဖို့ မိန်းမအပျော်လိုက်စားဖို့ပဲ စိတ်ကူးနေကြတယ်။ သဒ္ဓါစေတ်ခံ အားနည်းသူတွေကို ပြောတာပါ။

သဒ္ဓါစေတ်ခံ အားကောင်းတဲ့သူတွေကတော့ အလုပ်လေးတစ်ခု အဆင်ပြေလိုက်ပြီဆိုတာနဲ့ ဦးဦးဖျားဖျားကို ဘုရားပြေးလှူရတာနဲ့၊ ဘုန်းကြီးကျောင်း ပြေးလှူရတာနဲ့၊ မိဘ ပြေးလှူရတာနဲ့၊ အလေး

http://www.dhammadownload.com

အမြတ်ပြုထိုက်တဲ့ ကျေးဇူးရှင်တွေကို ပြေးလှူရတာနဲ့ ဦးဦးဖျားဖျား ကုသိုလ်တွေ ထူးထူးခြားခြား အများကြီး လုပ်ဖြစ်ကြပါတယ်။

ဗုဒ္ဓသာသနာနဲ့ တွေ့ကြုံပြီး ဗုဒ္ဓအဆုံးအမကို အလျှံပယ်ရနေတဲ့ အခုလို အချိန်ကောင်း ခေတ်ကောင်းကြီးမှာ အဲဒီလို အသေးအမွှားက အစ အလေးထားပြီး ကုသိုလ်အနှစ် စုဆောင်းကြရပါမယ်။ ကုသိုလ် အခွင့်အလမ်းမှန်သမျှ ဘာကိုမှ လက်မလွတ်ပါစေနဲ့။ ဘယ်လိုနည်းနဲ့ ကုသိုလ်ယူရမလဲဆိုတာကိုပဲ အခွင့်ကောင်း ချောင်းနေပါ။

■

http://www.dhammadownload.com

## ဖေဖေ့အတွက် ဟင်းတစ်ဖတ်၊ မေမေ့အတွက် ဟင်းတစ်ဖတ်

ခွက်ဦးအလှူလို့ခေါ်တဲ့ ပန်းကန်ဦးအလှူကိုလည်း နေ့စဉ် ဝတ်ထားပြီးတော့ကို ပြုလုပ်သင့်ပါတယ်။ နေ့တိုင်း ထမင်းစားနေတာ ဆိုတော့ မလုပ်ဖြစ်စရာလည်း အကြောင်းမရှိပါဘူး။ သတိရှိဖို့နဲ့ အလေ့အကျင့် စွဲမြဲဖို့ပဲ လိုပါတယ်။ မလုပ်ဖြစ်သေးခင်သာ ခက်သလို ထင်ရပေမယ့် လုပ်နေကျဖြစ်သွားရင်တော့ လွယ်လွယ်ကူကူနဲ့ နေ့စဉ် လုပ်ဖြစ်သွားမှာပါ။

ထမင်းစားတဲ့အခါ ကိုယ်စားမယ့် ပန်းကန်ထဲ ထမင်းထည့် ပြီးပြီဆိုတာနဲ့ အလှူခံပုဂ္ဂိုလ်ရှိမရှိ ဘေးဘီကို လှည့်ကြည့်လိုက်ရသေး တယ်။ ကိုယ့်ရဲ့ ရှေ့နောက်ဝဲယာမှာ အလှူခံပုဂ္ဂိုလ်ရှိနေရင် ကိုယ် မစားခင် အလှူခံပုဂ္ဂိုလ်ကို အရင်ဆုံး ဦးဦးဖျားဖျား လှူဒါန်းလိုက်ရ တယ်၊ ကိုယ်စွမ်းနိုင်သလောက် ဦးဦးဖျားဖျား လှူဒါန်းပြီးမှ ကိုယ်က ဆက်စားပေါ့။

http://www.dhammadownload.com

အလှူခံပုဂ္ဂိုလ်ဆိုတာကလည်း ကိုယ်တစ်ယောက်တည်း ထမင်းစားရင်သာ မရှိတာပါ။ မိသားစုနဲ့ အတူဝိုင်းဖွဲ့စားရင်တော့ မိသားစုဆိုတဲ့ အလှူခံပုဂ္ဂိုလ်က အနည်းဆုံးရှိနေတာပါပဲ။ ကိုယ်နဲ့ ထမင်းအတူတူ တစ်ဝိုင်းတည်းစားတဲ့ မိဘတွေ၊ အစ်ကို အစ်မတွေ၊ ဦးကြီးဦးလေး၊ ဒေါ်ကြီးဒေါ်လေး၊ အဘိုးအဘွားတွေဟာ အလှူခံ ပုဂ္ဂိုလ်တွေပါပဲ။ အဲဒီ အလှူခံပုဂ္ဂိုလ်တွေကို ဦးဦးဖျားဖျားလှူတဲ့အကျင့် စွဲမြဲအောင် လုပ်ထားရမှာပေါ့။

ဦးဇင်းတို့ငယ်ငယ်တုန်းက 'ထမင်းစားရင် မိဘကိုအရင်ဦးချ ပြီးမှ စားရမယ်' လို့ မိဘတွေကလည်း အမြဲဆုံးမတယ်၊ ဆရာတော် သံဃာတော်တွေကလည်း အမြဲဆုံးမတယ်။ ဒါကတော့ ဗုဒ္ဓဘာသာဝင် တိုင်း ဆုံးမနေကျပါပဲ။ တရားနာပရိသတ်များလည်း ဒီအဆုံးအမ ရဖူးကြတာချည်းပါပဲ။

ထမင်းတစ်ဝိုင်း အတူတူ စားကြပြီဆိုရင် ကိုယ့်ထက် အသက် ကြီးတဲ့ မိဘ၊ အစ်ကိုအစ်မ စသည်ကို အရင်ဆုံး ဦးချပြီးမှ စားရတယ်။ မိဘရှိရင် မိဘ၊ အစ်ကို အစ်မ ရှိရင် အစ်ကို အစ်မပေါ့။ ဒါဟာ သူ တော်ကောင်းကျင့်ဝတ်ပဲ။

မိဘပန်းကန်ထဲ ထမင်းအရင်ခူးထည့်ပေးတာ၊ ဟင်းအရင် ခပ်ထည့်ပေးတာဟာ ဦးချတာပါပဲ။ ဒါပေမဲ့ အဲဒီလို အရင်ဦးချတာက ဒါနတော့ မဟုတ်သေးပါဘူး၊ သီလပါ။ ဘာသီလလဲဆိုရင် စာရိတ္တ သီလပေါ့။

သီလက နှစ်မျိုးရှိပါတယ်။ မလုပ်သင့် မလုပ်ထိုက်တာတွေကို ရှောင်ကြဉ်ရတဲ့ ဝါရိတ္တသီလ(ရှောင်သီလ)ရယ်၊ လုပ်သင့်လုပ်ထိုက်တာ

http://www.dhammadownload.com

တွေကို ဆောင်ငင်ရတဲ့ စာရိတ္တသီလ(ဆောင်သီလ)ရယ်လို့ သီလနှစ်မျိုး ရှိပါတယ်။ ရှောင်သီလနဲ့ ဆောင်သီလပေါ့။

'မိဘဆရာသမားစတဲ့ ကြီးသူကို ရိုသေရမယ်၊ ဦးစားပေးရမယ်' ဆိုတဲ့ ကျင့်ဝတ်ဟာ လုပ်သင့်လုပ်ထိုက်၊ ကျင့်သင့်ကျင့်ထိုက်တဲ့ 'ဆောင်သီလ'ဖြစ်ပါတယ်။ ထမင်းဟင်း အရင်ဦးချတာဟာ ဆောင်သီလကို ပြုကျင့်တာဖြစ်တဲ့အတွက် သီလကုသိုလ်ရပါတယ်။ အများနားလည်တဲ့စကားအတိုင်း ပြောရရင် ဝေယျာဝစ္စသီလပေါ့။ ဝေယျာဝစ္စကုသိုလ်ပေါ့။

ဝေယျာဝစ္စသီလကုသိုလ်အပြင် ဒါနကုသိုလ်ပါ ရချင်တယ်ဆိုရင်တော့ ကိုယ့်ခွဲတမ်း၊ ကိုယ့်ဝေစုထဲက အရင်ဦးချပြီး လှူမှ ဖြစ်ပါမယ်။ ကိုယ့်ခွဲတမ်း မဟုတ်တာကို ဦးချရင် သီလ၊ ကိုယ့်ခွဲတမ်းထဲက ဦးချရင် ဒါန၊ ဦးချတာနဲ့ ပတ်သက်လို့ ကုသိုလ်နှစ်မျိုးရှိပါတယ်။ နှစ်မျိုးစလုံး ရအောင်ယူပါ။

ဦးဇင်းတို့ ငယ်ငယ်တုန်းက ထမင်းစားပြီဆိုရင် လေးထောင့်စားပွဲရှည်ကြီးနဲ့ စားကြပါတယ်။ အရှေ့ဘက်ထိပ်က ခမည်းတော်တစ်ယောက်တည်း ထိုင်၊ ခမည်းတော်ရဲ့ ညာဘက်အတန်းက မယ်တော်နဲ့ ဦးဇင်းနောင်တော်ကြီး နှစ်ယောက် အစဉ်အတိုင်း ထိုင်၊ အနောက်ဘက်ထိပ်က ဦးဇင်းတစ်ယောက်တည်း ထိုင်၊ ဦးဇင်းရဲ့ ညာဘက်အတန်းက ဦးဇင်း ညီတော်နှစ်ယောက် အစဉ်အတိုင်း ထိုင်၊ ညီတော် အငယ်ဆုံးက ခမည်းတော်ရဲ့ ဘယ်ဘက်ကပ်ရက်နေရာ ရောက်သွားတာပေါ့။

လေးထောင့်စားပွဲရှည်နဲ့ မိသားစု ခြောက်ယောက် နေရာယူ

http://www.dhammadownload.com

ရတာ ကွက်တိပါပဲ။ ခမည်းတော်နဲ့ ဦးဇင်းက ဟိုဘက်ထိပ်၊ ဒီဘက်ထိပ် မျက်နှာချင်းဆိုင်၊ ဘေးနှစ်ဖက်က နှစ်ယောက်စီ မျက်နှာချင်းဆိုင်၊ ကြီးစဉ်ငယ်လိုက် အစဉ်အတိုင်း ထိုင်ပြီး ထမင်းစားကြပါတယ်။

အများအားဖြင့် မိသားစုခြောက်ယောက်စုံမှ စားလေ့ရှိပါတယ်။ တစ်ယောက်ယောက် အပြင်ထွက်နေရင်လည်း စုံအောင်စောင့်ပြီးမှ စားကြတာပါ။ အချိန်သိပ်လွန်မှသာ မစောင့်ဘဲ ရှိတဲ့လူနဲ့ စားကြတာပေ့ါ။

ကြီးစဉ်ငယ်လိုက် ပန်းကန်တွေထဲ ထမင်းထည့်ပြီးပြီဆိုတာနဲ့ ဦးဇင်းတို့ ညီအစ်ကိုလေးယောက်က ကိုယ့်ပန်းကန်ထဲက ထမင်းတွေကို တစ်ယောက် လက်တစ်ဆုပ်စီလောက် အဖေ့ပန်းကန်နဲ့ အမေ့ပန်းကန်ထဲ ဦးချပြီး လှူကြပါတယ်။ ကိုယ်ဝေစုရတဲ့ အသားတုံးတွေထဲကလည်း နည်းနည်းစီ ဖဲ့ပြီး မိဘကို ဦးချလှူကြပါတယ်။

ကလေးဘဝတုန်းကတော့ အဓိကဟင်းဖြစ်တဲ့ အသားဟင်းက ခွဲတမ်းနဲ့ ဝေပုံကျ ရတာပေ့ါ။ နှစ်တုံးဖြင့် နှစ်တုံး၊ သုံးတုံးဖြင့် သုံးတုံး၊ ငါးတုံးဖြင့် ငါးတုံး၊ ဟင်းအမျိုးအစားပေါ် မူတည်ပြီး မိဘက ခွဲတမ်းချပေးပါတယ်။ အဲဒီလိုမှ ခွဲတမ်းချမပေးရင်လည်း ဟင်းဖတ်က နှိုက်လို့ဆုံးမှာ မဟုတ်တော့ဘူးလေ။ ကျန်တဲ့ အသုပ်တို့၊ အကြော်တို့၊ အရောအနှော နယ်စား အနှစ်ဟင်းတို့၊ ဟင်းချို - ချဉ်ရည် - အရည်သောက်ဟင်းတို့ကတော့ အလယ်မှာ တည်ထားတဲ့ ဟင်းပန်းကန်တွေထဲက ကြိုက်သလောက် ခပ်စား ခပ်သောက်ပေ့ါ။

ဥပမာ - ကြက်သားတုံး သုံးတုံး ဝေစုရတယ်ဆိုပါတော့၊ ဦးဦးဖျားဖျား တစ်တုံးကို တစ်ဝက်စီခြမ်းပြီး အဖေတစ်ခြမ်း၊ အမေတစ်

http://www.dhammadownload.com

ခြမ်း လှူတာပေါ့။ ဒါမှမဟုတ် စိတ်ကောင်းပိုဝင်တဲ့နေ့ကျတော့လည်း အဖေ တစ်တုံး၊ အမေ တစ်တုံး လှူတာပေါ့။ ကျန်တဲ့ နှစ်တုံး၊ သို့မဟုတ် တစ်တုံးကိုတော့ ကိုယ်စားတာပေါ့။ မိဘပန်းကန်ထဲ များများထည့်လှူလိုက်တဲ့နေ့ဆို မိဘကလည်း အကုန်စားမပစ်ပါဘူး။ ကိုယ်ရတဲ့ ဝေစုထဲက ဖဲ့ပြီး သားသမီးပန်းကန်ထဲ 'အန္တရာယ်ကင်းတယ်' လို့ ပြောပြီး ဟင်းဖတ် ပြန်တာပါပဲ။

မိဘနဲ့ သားသမီး အပြန်အလှန် ဒါနကုသိုလ် ဖြစ်တဲ့အပြင် တစ်ယောက်နဲ့ တစ်ယောက် မေတ္တာစိတ်တွေ ကူးလူးယှက်နွယ်ပြီး မိသားစုမေတ္တာ ခိုင်မြဲသွားတာပေါ့။ နှမြောတွန့်တိုတတ်တဲ့စိတ်ကိုလည်း ငယ်စဉ်ကတည်းက ဖယ်ရှားပြီးသား ဖြစ်သွားတာပေါ့။ အင်မတန်ကောင်းတဲ့ ဓလေ့ထုံးစံလေးပါပဲ။

ဒါ့ကြောင့် ကိုယ့်မိသားစုနဲ့ပဲ စားစား၊ တခြားလူတွေနဲ့ပဲ စားစား၊ ကြီးသူကို အရင်ဦးချတဲ့ ဝေယျာဝစ္စသီလ၊ တခြားသူကို ကိုယ့်ခွဲတမ်း မျှလှူတဲ့ ဒါန၊ လုပ်ဖြစ်အောင် လုပ်သင့်ပါတယ်။ ကြီးသူကို လှူမှ ဒါနဖြစ်တာ မဟုတ်ဘူးနော်။ ငယ်သူကို လှူလည်း ဒါနဖြစ်တာပါပဲ။ ကိုယ်စားရမယ့် ခွဲတမ်းကို နည်းနည်းလျှော့စားလိုက်လို့ ကိုယ့်မှာလည်း ဘာမှ ထိခိုက်နစ်နာမသွားပါဘူး။

တန်ဖိုးနည်းနည်းနဲ့ ကုသိုလ်မြဲတဲ့အလုပ် သူတော်ကောင်းတိုင်း လုပ်သင့်ပါတယ်။ သီးခြား အကုန်အကျခံပြီး လှူတာလည်း လှူပေါ့။ အဲ့ဒါအပြင် ကိုယ်စားမယ့်အထဲက နည်းနည်းလျှော့စားပြီး လှူတာမျိုးလည်း နိဗ္ဗာန်ကောင်းမှု (အမြဲကောင်းမှု) အဖြစ်နဲ့ အလေ့အကျင့်စွဲအောင် လှူသင့်ပါတယ်။ ဒါမှ ကုသိုလ်တွေ များသထက်များ

http://www.dhammadownload.com

ပြီး စိတ်ဓာတ်တွေလည်း သန့်သထက်သန့်၊ မြတ်သထက်မြတ်လာ ပါလိမ့်မယ်။

ပဋ္ဌာဂ္ဂဒါယကာပုဏ္ဏားကြီးရဲ့ 'အဦးအလှူ' ငါးမျိုးကို အခြေခံ ပြီး ကျင့်စဉ် ဖော်ထုတ်ပေးတာပါ။ ဒီလောက်ပြောလိုက်ရင် နမူနာ ယူပြီး ချဲ့ထွင်သဘောပေါက်လောက်ပါပြီနော်။

■

http://www.dhammadownload.com

## လက်ကျန်လှူပေမယ့်စိတ်ကျန်မဟုတ်ရင် လက်ဦးအလှူပါပဲ

တစ်နေ့တော့ ပဥ္စဂ္ဂဒါယကာပုဏ္ဏားကြီးက အိမ်ဝကို ကျော ပေးပြီးတော့ ထမင်းစားနေတယ်။ သူ ထမင်းမစားခင် ပတ်ဝန်းကျင် ကြည့်လိုက်တော့ အလှူခံပုဂ္ဂိုလ်ကလည်း မရှိဘူး။ မရှိတော့ သူဆက်ပြီး တော့ စားလိုက်တာပေါ့။ အဲဒီအချိန် အိမ်ရှေ့မှာ မြတ်စွာဘုရားက ဆွမ်းခံကြွတယ်၊ ဆွမ်းခံ မတ်တတ်ရပ်နေတယ်။

မြတ်စွာဘုရား အိမ်ရှေ့ဆွမ်းခံကြွတာကို၊ ဆွမ်းခံရပ်နေတာ ကို ပုဏ္ဏားကြီးကတော့ ကျောပေးထားလို့ မမြင်ရဘူး။ ပုဏ္ဏေးမကြီးက တော့ မြင်ရတယ်၊ ပုဏ္ဏေးမကြီးကတော့ ဟင်းတွေဘာတွေ ခူးခပ်ပေး၊ ယပ်တောင်လေး ဘာလေး ခပ်ပေးနဲ့ ဝေယျာဝစ္စလုပ်ပေးနေတာဆို တော့ မြင်တာပေါ့။ မြင်ပေမယ်လို့ ပဥ္စဂ္ဂဒါယကာပုဏ္ဏားကြီးကို 'ဟိုမှာ ဘုရား ဆွမ်းခံကြွလာတယ်' လို့ မပြောဘူး။

ပြောလိုက်လို့ရှိရင် ပုဏ္ဏားကြီးက စားနေတဲ့ ထမင်းဟင်းတွေ လှူပစ်လိုက်လိမ့်မယ်၊ ထမင်းအကုန်လုံး ဟင်းအကုန်လုံး လှူပစ်လိုက်

http://www.dhammadownload.com

လို့ရှိရင် ငါ ထမင်းဟင်းထပ်ချက်နေရလိမ့်မယ်။ သူ ထမင်းဟင်း ထပ်ချက်ရမှာစိုးလို့နော်။

မြတ်စွာဘုရား ကြွလာတာ ပုဏ္ဏားကြီး မြင်လို့ ထမင်းတွေ အကုန်လုံး လှူပစ်လိုက်ရင်၊ ငါ ထမင်း ထပ်ချက်နေရလိမ့်မယ်။ ငါ ထမင်း ထပ်မချက်ချင်တော့ဘူး၊ ဖျင်းတာနဲ့ ပုဏ္ဏေးမကြီးက မြတ်စွာ ဘုရား ဆွမ်းခံကြွလာတာကို မပြောဘူး။

မပြောရုံမကဘူး၊ ပုဏ္ဏားကြီး ဘေးက ဟင်းလေး ဘာလေး ငုံ့စောင်း ခပ်လိုက်လို့ရှိရင် မြင်သွားမှာစိုးလို့ဆိုပြီးတော့ အိမ်တံခါးဝကို သူ့ခန္ဓာကိုယ်ကြီးနဲ့ ကွယ်ထားလိုက်သေးတယ်၊ 'လပြည့်ဝန်းကြီးကို လက်နဲ့ ကာထားသလို' တဲ့။

အဲဒီလို ကွယ်ထားပြီး နည်းနည်းလေးကြာတော့ ခေါင်းလေး စောင်းပြီး မျက်စောင်းလေးထိုးကြည့်လိုက်တယ်၊ မြတ်စွာဘုရား ကြွ သွားပြီလားလို့။

အိမ်အပေါက်ဝကို ခန္ဓာကိုယ်ကွယ်ပြီးတော့ ရပ်ထားတယ်ဆို မှတော့ ဆွမ်းမလောင်းချင်ဘူးဆိုတဲ့ အဓိပ္ပာယ် မြတ်စွာဘုရား သ ဘောပေါက်ဖို့ကောင်းတယ်ပေါ့။ အဲဒါနဲ့ ကိုယ်ဘာသာကိုယ် သဘော ပေါက်ပြီးတော့များ ကြွမလားလို့ မျက်စောင်းလေးထိုးပြီးတော့ ကြည့် လိုက်တော့ မြတ်စွာဘုရားက ရပ်မြဲ ရပ်နေဆဲပဲ။

'ကန်တော့ဆွမ်းပါဘုရား' လို့လည်း အကျယ်ကြီး မအော်ရဲ ဘူး။ အော်လိုက်လို့ရှိရင် ပုဏ္ဏားကြီး ကြားသွားမယ်။ ကြားသွားရင် ပုဏ္ဏားကြီးက ထမင်းတွေ လှူပစ်လိုက်မှာစိုးတယ်။ ဒါကြောင့်မို့လို့ 'ကန်တော့ဆွမ်းပါဘုရား' လို့ ကျယ်ကျယ်မအော်ဘဲနဲ့ ပုဏ္ဏားကြီးရဲ့

http://www.dhammadownload.com

နောက်ကျောကနေ နည်းနည်းလေး ခြေထောက် သုံးလေးငါးလှမ်း လောက် ဆုတ်ပြီးတော့ . . . .

'ကန်တော့ဆွမ်းပါဘုရား'

တိုးတိုးလေး သွားပြောလိုက်တယ်။ ကြည့်ရတာကတော့ အဲဒီ ပဥ္စဂ္ဂဒါယကာပုဏ္ဏားကြီးရဲ့အိမ်ဟာ ခြံနဲ့ ဝင်းနဲ့အိမ် ဟုတ်ဟန်မတူပါ ဘူး။ လမ်းမတန်းပေါ်က အိမ်မျိုးဖြစ်မှာပါပဲ။ ဒါကြောင့်မို့လို့ ပုဏ္ဏား ကြီး နောက်ကနေ ခြေ သုံးလေးငါးလှမ်းလောက် ဆုတ်ရုံနဲ့ ဘုရားကြား လောက်ရုံ တိုးတိုးလေး ပြောလို့ရတာပေါ့။

'ကန်တော့ဆွမ်းပါဘုရား' လို့ ပုဏ္ဏေးမကြီးက တိုးတိုးလေး လည်း ပြောလိုက်ရော မြတ်စွာဘုရားက ခေါင်းရမ်းပြလိုက်တယ်။

'ကန်တော့ဆွမ်းပါဘုရား' ဆိုတာ မြန်မာလို ယဉ်ကျေး အောင် ဘာသာပြန်ထားတာ၊ ပါဠိမူရင်းအတိုင်းဆိုရင်တော့ ကန်တော့ ဆွမ်းပါ ဆိုတာကို ပြထားတဲ့ ပါဠိက 'အတိစ္ဆထ ဘန္တေ'။ ဘန္တေကတော့ အရှင်ဘုရား။ 'အတိ' ဆိုတာ ဒီအိမ်ကို ကျော်လွန်ပြီးတော့ 'ဣစ္ဆထ' ဟိုဘက်အိမ်မှာ ဆွမ်းအလိုရှိတော်မူပါ။

'ဒီအိမ်ကိုကျော်လွန်ပြီးတော့ ဟိုဘက်အိမ်မှာ ဆွမ်းအလှူခံ တော်မူပါဘုရား' လို့ ဒီလိုဆိုလိုပါတယ်နော်။ အဲဒီဟာက ရှည်လျားနေ လို့ မြန်မာမှုပြုလိုက်တော့ 'ကန်တော့ဆွမ်းပါဘုရား'။ ယဉ်လည်း ယဉ် ကျေးသွားတာပေါ့။

ပုဏ္ဏေးမကြီးက 'အရှင်ဘုရား၊ ဟိုဘက်အိမ် ကြွတော်မူပါ ဘုရား' လို့ ပြောလိုက်တော့ မြတ်စွာဘုရားက 'ဟင့်အင်း၊ မကြွဘူး' ဆိုတဲ့ အဓိပ္ပာယ်လေးနဲ့ ခေါင်းရမ်းပြလိုက်တယ်။ ပါးစပ်ကတော့ ထုတ်

http://www.dhammadownload.com

မပြောဘူးပေါ့နော်။ ခေါင်းရမ်းပြလိုက်တယ်။

အဲဒီတော့ ပုဏ္ဏားမကြီးက အော်ပြီးတော့ ရယ်တာပေါ့။

တစ်လောကလုံးက အလေးအမြတ်ပြုရတဲ့ မြတ်စွာဘုရားလို ပုဂ္ဂိုလ်မျိုးက ကန်တော့ဆွမ်းပါဘုရားလို့ ပြောတာကို၊ ဟိုဘက်အိမ် ဆက်ကြွပါဘုရားလို့ ပြောတာကို မကြွနိုင်ဘူးဆိုတဲ့ အဓိပ္ပာယ်နဲ့ ခေါင်း ရမ်းပြတော့ ဟားတိုက်ပြီးတော့ ရယ်လိုက်တယ်။ ဣန္ဒြေသိက္ခာ အပြည့်နဲ့နေရမယ့်ပုဂ္ဂိုလ်က ဆွမ်းမလောင်းတဲ့ကိစ္စလေးနဲ့ ပတ်သက် ပြီးတော့ ခေါင်းရမ်းပြတော့ ရယ်ချင်သွားတာပေါ့။

ပုဏ္ဏားမကြီးကလည်း ဟားတိုက်ပြီးတော့ ရယ်တယ်၊ အဲဒီ အချိန်မှာပဲ မြတ်စွာဘုရားကလည်း ရောင်ခြည်တော်ခြောက်သွယ်ကို အိမ်ထဲကို ပုဏ္ဏားကြီး မြင်အောင် လွှတ်လိုက်တယ်။ ပုဏ္ဏားမကြီး ရယ်တာလည်း ကြားတယ်၊ မြတ်စွာဘုရားရဲ့ ရောင်ခြည်တော်တွေကို လည်း ဖူးတွေ့ရတယ်ဆိုတော့ မြတ်စွာဘုရား အိမ်ရှေ့ ဆွမ်းခံကြွလာ တယ်ဆိုတာ ပုဏ္ဏားကြီး သိသွားပါတယ်။

သိသွားတော့ သူစားလက်စ ထမင်းပန်းကန်ကြီး လက်တစ် ဖက်က ကိုင်ပြီးတော့ မ, ချလာတယ်၊ ပုဏ္ဏားမကြီးကို နည်းနည်းလေး ဆူလိုက်သေးတယ်။ 'ဘုရားကြွလာတာ၊ ငါ့ကို ဘာလို့မပြောရတာလဲ' 'နင် ငါ့ရဲ့ ကုသိုလ်အခွင့်အလမ်းတွေကို ပိတ်ပင်တာပဲ'၊ 'နင် ငါ့ကို ဖျက်ဆီးတာပဲ' အဲဒီလိုလေး နည်းနည်းပါးပါး မြည်တွန်တောက်တီးပြီး တော့ ဘုရားရှေ့ကို ထမင်းပန်းကန်ကြီး ကိုင်ပြီးတော့ ရောက်သွား တယ်။

'မြတ်စွာဘုရား၊ မြတ်စွာဘုရား ကြွလာနေမှန်း မသိလို့ တ

http://www.dhammadownload.com

ပည့်တော် ထမင်း ဆက်စားနေမိပါတယ်။ အခု တပည့်တော် ထမင်း စားတာ တစ်ဝက်တိတိကျိုးသွားပါပြီ။ အခု တစ်ဝက်တော့ ကျန်နေပါ သေးတယ်။ တကယ်လို့များ ဒီထမင်းတစ်ဝက်အကျန်လေးကို မြတ်စွာ ဘုရားကို လှူမယ်ဆိုရင် မြတ်စွာဘုရား အလှူခံပါ့မလား ဘုရား။ ဘုဉ်းပေးပါ့မလား ဘုရား'

အဲဒီတော့ မြတ်စွာဘုရားရှင်က . . . .

'ပုဏ္ဏားကြီး၊ ငါတို့ အလှူခံပုဂ္ဂိုလ် ရဟန်းတော်တွေဆိုတာ သူတစ်ပါးကျွေးမှ စားရတဲ့ ပရဒတ္တူပဇီဝီလို့ ခေါ်တဲ့ ပြိတ္တာတွေနဲ့ အတူတူပါပဲ။ ဦးဦးဖျားဖျားလှူလို့ရှိရင်လည်း အလှူခံပြီးတော့ ဘုဉ်း ပေးကြတာပါပဲ။ တစ်ဝက်စားပြီးသား တစ်ဝက်ကျန်ကို လှူဒါန်းလို့ရှိ ရင်လည်း အလှူခံပြီးတော့ ဘုဉ်းပေးကြတာပါပဲ။ စားကြွင်းစားကျန်၊ နည်းနည်းကျန်ကို လှူဒါန်းလို့ရှိရင်လည်းပဲ အလှူခံပြီးတော့ ဘုဉ်းပေး ကြတာပါပဲ'

'စားဦးစားဖျားပဲ လှူလှူ၊ စားလယ်စားလတ်ပဲ လှူလှူ၊ စား နှောင်းစားကျန်ပဲလှူလှူ၊ ငါတို့အလှူခံပုဂ္ဂိုလ်တွေအတွက် သပ္ပာယဖြစ် ပါတယ်။ သင့်တော်လျောက်ပတ်ပါတယ်'

အဲဒီလိုပြောလိုက်တော့ ပုဏ္ဏားကြီးက မြတ်စွာဘုရားကို သိပ် ကြည်ညိုသွားပါတယ်။ မင်းမျိုးမင်းနွယ်က ဆင်းသက်လာတဲ့ပုဂ္ဂိုလ်၊ တစ်လောကလုံးမှာ အထွတ်အမြတ်ဆုံးပုဂ္ဂိုလ်က ငါစားပြီးသား တစ် ဝက်အကျန်ကို လှူတာကို 'သင့်ရဲ့ စားကြွင်းစားကျန်နဲ့ ငါဘာလုပ်မှာ လဲ' လို့ မပြောဘဲ အခုလိုပြောတယ်ဆိုတော့ သိပ်ပြီးတော့ ကြည်ညို သွားတယ်။

http://www.dhammadownload.com

ဒါနဲ့ သူ့ရဲ့တစ်ဝက်စားပြီးသား ထမင်းအကျန်တွေကို မြတ်စွာဘုရားရဲ့ သပိတ်ထဲ လောင်းလှူလိုက်ပါတယ်။ ဟင်းပန်းကန်ထဲကျန်တဲ့ ဟင်းအကျန်တွေကိုလည်း လောင်းလှူလိုက်ပါတယ်။

လောင်းလှူလိုက်ပြီးတော့ ကြည်ညိုတဲ့အရှိန်လေးနဲ့ ဆွမ်းလောင်းပြီး မတ်တတ်ရပ်ရက်နဲ့ပဲ မေးခွန်းတစ်ခုမေးလိုက်ပါတယ်။

■

http://www.dhammadownload.com

## စကားလုံးတိုင်းမှာ တရားသဘောရှိတယ်

'အရှင်ဘုရား၊ အရှင်ဘုရားက အရှင်ဘုရားရဲ့ တပည့်သား တွေကို ဘိက္ခု၊ ဘိက္ခုလို့ မကြာမကြာ ခေါ်သံ တပည့်တော် ကြားဖူးပါ တယ်။ ဘယ်လို အင်္ဂါရပ်တွေနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ကို ဘိက္ခုလို့ ခေါ်တာ ပါလဲဘုရား။ ဘယ်လို အရည်အသွေးနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကို ဘိက္ခုလို့ ခေါ်တာပါလဲဘုရား'

အဲဒီလိုမေးတော့ မြတ်စွာဘုရားရှင်က 'ဘိက္ခုရဲ့အဓိပ္ပာယ်ကို ဒီပုဏ္ဏားကြီးနဲ့ ပုဏ္ဏေးမကြီးတို့ သဘောပေါက်အောင် ငါဘယ်လို ဟောရမလဲ' စဉ်းစားလိုက်ပါတယ်။

ဘိက္ခုဆိုတဲ့စကားလုံးကတော့ တရားနာပရိသတ်များ ကြား ဖူးနေကြတယ်နော်။ ဘိက္ခုဆိုတာ ဘာတုံး။ ဘိက္ခုဆိုတာ ရဟန်းလို့ လည်း ဘာသာပြန်ကြတယ်။ ဘိက္ခုရဲ့ တရားကိုယ် အရကောက်ကို တန်းပြီး ဘာသာပြန်လိုက်တာပါ။ သူ့ရဲ့ ပါဠိမူရင်းက ထွက်တဲ့ အဓိ-

http://www.dhammadownload.com

ပွာယ်လေးတွေကို ဦးဇင်းတို့ မြင့်မြတ်သူတို့၏စံအိမ်တရားမှာလည်း ဟောထားဖူးပါတယ်။ နှစ်ခုရေးထားဖူးပါတယ်။

အဲဒီတော့ ဘိက္ခုဆိုတဲ့ပါဠိစကားလုံးက တိုက်ရိုက်ထွက်တာတွေကတော့ 'ဘိက္ခတိ ယာစတီတိ ဘိက္ခု' လို့ အဓိပ္ပာယ်ဖွင့်မယ်ဆိုရင် တောင်းတတ်သောကြောင့် ဘိက္ခုလို့ ခေါ်တယ်။ ရဟန်းကို ဘိက္ခုလို့ ဘာလို့ ခေါ်တာတဲ့တုံး။ တောင်းတတ်လို့တဲ့နော်။ ဘုန်းကြီးတွေ တောင်းလို့ရှိရင် စိတ်မဆိုးနဲ့နော်။ ဘိက္ခုဆိုတဲ့ အဓိပ္ပာယ်ကိုက တောင်းတတ်လို့တဲ့။

ဒါပေမဲ့လို့ တောင်းစားတဲ့လူတွေလို 'ပေးကြပါ၊ ကမ်းကြပါ' လို့ အော်ပြီး တောင်းတာတော့ မဟုတ်ပါဘူး။ 'အရိယယာစနာ = မြင့်မြတ်သော တောင်းခြင်း' ဖြင့် တောင်းကြပါတယ်။ နှုတ်က ထုတ်မတောင်းဘဲ တိတ်ဆိတ်ငြိမ်သက်စွာ မတ်တတ်ရပ်ပြီးတော့ သူ့အလိုအလျောက်၊ သူ့ သဒ္ဓါတရားနဲ့သူ လောင်းလှူတာကို ခံယူတာကိုပဲ 'မြင့်မြတ်သောတောင်းခြင်း' လို့ ခေါ်ပါတယ်။

ရဟန်းဆိုတာ 'အလိုရှိရာ အလှူခံပါ' လို့ ဖိတ်မန်ထားတဲ့ သူ့ဆီကပဲ တောင်းကောင်းပါတယ်။ ဖိတ်မန်မထားတဲ့ သူ့ဆီက မတောင်းကောင်းပါဘူး။ တောင်းခဲ့ရင် အာပတ်အပြစ်လည်း သင့်ပါတယ်။ ရလာတဲ့ပစ္စည်းလည်း မသုံးကောင်းတော့ပါဘူး။ သုံးတိုင်း သုံးတိုင်း အာပတ်ထပ်သင့်ပြန်ပါတယ်။

တကယ်လို့ ဖိတ်မန်မထားတဲ့သူ့ဆီက တောင်းချင်ရင် နှုတ်က ထုတ်မတောင်းဘဲ သူ့ရှေ့မှောက်မှာ ငြိမ်ငြိမ်ဆိတ်ဆိတ် မတ်တတ်ရပ်နေရပါတယ်။ ကိုယ်မတ်တတ်ရပ်နေတာ သူမြင်သွားလို့ 'ဘာအလို

http://www.dhammadownload.com

ရှိပါသလဲ၊ အလိုရှိတာ ပြောပါ’ လို့ ဖိတ်မန်လာမှ ကိုယ်အလိုရှိရာ တောင်းကောင်းပါတယ်။ ကိုယ်အလိုရှိရာ ဆိုပေမယ့် သူတတ်နိုင်တာ၊ သူပေးနိုင်လောက်တာကိုပဲ တောင်းရမှာပါပဲ။

တချို့ သင်္ကန်းဝတ်ပုဂ္ဂိုလ်တွေ ခွက်တစ်လုံး၊ မောင်းထောင်ချိုင့်တစ်လုံးနဲ့ တစ်အိမ်ဝင် တစ်အိမ်ထွက်၊ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် ငွေလိုက်အလှူခံတာ မကြာခဏ တွေ့ရပါတယ်။ တချို့ သင်္ကန်းဝတ်တွေဆို ဆိုက်ကားတစ်စီး၊ ကားတစ်စီးနဲ့ ကိုယ်တိုင် မိုက်ကိုင် အော်ဟစ်ပြီး လှည့်လည် အလှူခံနေကြပါတယ်။

အဲဒီလို လှည့်လည်အလှူခံတာဟာ ရဟန်းတော်တွေ လုပ်သင့်လုပ်ထိုက်တဲ့ ‘မြင့်မြတ်သောတောင်းခြင်း’ မဟုတ်ပါဘူး။ ‘ယုတ်ညံ့သော တောင်းခြင်း’၊ ‘အောက်တန်းကျသော တောင်းခြင်း’ သာ ဖြစ်ပါတယ်။

ကိုယ့်ကို ပစ္စည်းလေးပါး ဖိတ်မန်မထားတဲ့သူတွေဆီ လှည့်လည်တောင်းရမ်း အလှူခံတဲ့ သင်္ကန်းအရေခြုံပုဂ္ဂိုလ်တွေဟာ ဘုရားမျက်နှာကို အိုးမဲသုတ်နေတဲ့သူတွေ၊ သာသနာ့ကျက်သရေကို ကတ္တရာစေး ပုံးလိုက်လောင်းနေတဲ့သူတွေပါပဲ။ ကိုယ်ရေးကိုယ်တာအနေနဲ့ ကြည့်မယ်ဆိုရင်လည်း အရှက်မရှိ သိက္ခာမရှိတဲ့သူတွေပါပဲ။ (ဝိနည်းနားမလည်လို့ တောင်းမိတာပါလို့ ဆင်ခြေပေးစရာ မလိုအောင် သင်္ကန်းဝတ်ထားသူတိုင်း ဝိနည်း လေ့လာထားရပါမယ်။)

‘တောင်းတတ်လို့ ရဟန်းခေါ်တယ်’ ဆိုတာက ‘ရဟန်းဆိုတာ ကိုယ့်စီးပွား ကိုယ်ရှာစားရတဲ့သူတွေ မဟုတ်ဘူး၊ ဒကာ ဒကာမ လူဝတ်ကြောင်တွေရဲ့ သဒ္ဒါတရားကိုပဲ အမှီပြုပြီး နေကြရတယ်’ လို့

http://www.dhammadownload.com

ဆိုလိုတာပါ။ ကိုယ်လိုချင်တာမှန်သမျှ အလိုက်ကန်းဆိုးမသိ ရမ်းသမ်း စွတ်ရွတ် တောင်းရမယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး။

အဲဒီတော့ တောင်းတတ်လို့လည်း ဘိက္ခုလို့ ခေါ်တယ်။

'သံသာရေ ဘယံ ဣက္ခတီတိ ဘိက္ခု'၊ သံသရာဘေးကို ရှုမြင် တတ်လို့လည်းပဲ ဘိက္ခုလို့ ခေါ်ပါတယ်။ သံသရာဝဋ်ဆင်းရဲကြီးဟာ တကယ်တော့ ဘေးရန်အန္တရာယ်ကြီးပဲ၊ ဘေးသင့်နေတဲ့နေရာကြီးပဲလို့ ရှုမြင်တတ်လို့လည်း ဘိက္ခုလို့ ခေါ်ပါတယ်။

နောက်တစ်ခု အနှစ်သာရ အရှိဆုံးကတော့ 'ကိလေသေ ဘိန္ဒတီတိ ဘိက္ခု'၊ ကိလေသာအစိုင်အခဲတွေကို ဖောက်ခွဲဖျက်ဆီး နေလို့လည်းပဲ ဘိက္ခုလို့ခေါ်ပါတယ်။ ကိလေသာငြိမ်းအောင် ကျင့်နေ တဲ့သူ၊ ကိလေသာ နည်းပါးအောင် အားထုတ်ဆင်ခြင် ပြုပြင်နေတဲ့ သူဟာ လူပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ်၊ လူဝတ်ပဲဖြစ်ဖြစ်၊ သင်္ကန်းဝတ်ပဲ ဖြစ်ဖြစ် ဘိက္ခုပါပဲ၊ ရဟန်းပါပဲ။

ဒါကတော့ ဘိက္ခုဆိုတဲ့စကားလုံးကနေ တိုက်ရိုက်ထွက်လာ တဲ့ အဓိပ္ပာယ်တွေဖြစ်ပါတယ်။ စာလိုပြောရရင်တော့ သဒ္ဒတ္ထ အဓိ- ပ္ပာယ်ပေါ့။ သဒ္ဒါကနေ တိုက်ရိုက်ထွက်လာတဲ့အဓိပ္ပာယ်။

အခု ဒီပုဏ္ဏားကြီး ဇနီးမောင်နှံကိုတော့ သဒ္ဒါအဓိပ္ပာယ် အတိုင်း ဟောလို့မရဘူး။ အဓိပ္ပာယတ္ထလို့ခေါ်တဲ့ သဘောအဓိပ္ပာယ်နဲ့ ဟောမှ ဖြစ်မယ်ဆိုပြီးတော့ မြတ်စွာဘုရားက ဉာဏ်နဲ့ဆင်ခြင် စဉ်း စားလိုက်တယ်။

စဉ်းစားလိုက်တော့ ဒီပုဏ္ဏားကြီးဇနီးမောင်နှံက ကဿပ ဘုရားရှင်လက်ထက်တုန်းက စာသင်တိုက်က သံဃာတော်တွေ စာအံ

http://www.dhammadownload.com

နေကြတဲ့ အသံကို ကြားဖူးတယ်။ သံဃာတော်တွေ စာအံတဲ့အထဲက 'နာမရူပံ'၊ 'နာမ်ရုပ်' ဆိုတဲ့ စကားလုံးလေးကို သူတို့က ကြားဖူးထားတယ်။

ကြားဖူးရုံတွင်မကဘူး၊ အဲဒီ 'နာမရူပံ'၊ နာမ်တရား ရုပ်တရား ဆိုတဲ့ စကားလုံးလေးပေါ် မှာလည်း ကြည်ညိုတဲ့စိတ်၊ နှစ်သက်တဲ့စိတ်၊ ဝမ်းမြောက်တဲ့စိတ်၊ အားရတဲ့စိတ်ကလေး ဖြစ်ခဲ့ဖူးကြတယ်။ ဒါကြောင့် ဒီပုဏ္ဏားကြီးဇနီးမောင်နှံ တရားရဖို့အတွက် 'နာမ်ရုပ်' ဆိုတဲ့ စကားလုံးလေးပါအောင် ငါဟောမှဖြစ်မယ်လို့ မြတ်စွာဘုရား ဆင်ခြင်နှလုံးသွင်း ဆုံးဖြတ်လိုက်ပါတယ်။

ဒါဟာ အင်မတန် ကြည်ညိုစရာကောင်းတဲ့ မြတ်စွာဘုရားရှင်ရဲ့ ဉာဏ်တော်ကြီးဖြစ်ပါတယ်။ 'ရုပ်နာမ်'လို့ ဟောမှ တရားရမယ့် ပုဂ္ဂိုလ်ကို မြတ်စွာဘုရားက 'ရုပ်နာမ်' လို့ တရားဟောပါတယ်။ ရုပ်နာမ်ကို ပြောင်းပြန်လှန်ပြီးတော့ 'နာမ်ရုပ်' လို့ ဟောမှ တရားရမယ့် ပုဂ္ဂိုလ်ကို 'နာမ်ရုပ်' လို့ တရားဟောပါတယ်။

ရုပ်နာမ်နဲ့ နာမ်ရုပ်နဲ့ ကွဲလား။ မကွဲပါဘူး။ အဓိပ္ပာယ် အတူတူပါပဲ။ စကားလုံး ရှေ့နောက်ထားပုံပဲကွဲပါတယ်။ ဥပမာဆိုကြပါစို့။ လင်မယားနဲ့ ဇနီးခင်ပွန်းနဲ့ အဓိပ္ပာယ်ချင်း တူလား၊ ကွဲလား။

အမျိုးသားနဲ့ အမျိုးသမီး တရားဝင် ထိမ်းမြားလက်ထပ်ထားတဲ့ ပုဂ္ဂိုလ်နှစ်ယောက်ကို 'လင်မယား' လို့ပြောတာနဲ့ 'ဇနီးခင်ပွန်း' လို့ပြောတာနဲ့ အဓိပ္ပာယ်ချင်းအတူတူပါပဲ။

ဒါပေမဲ့ လင်မယားဆိုရင် ယောကျာ်းက ရှေ့က၊ မိန်းမက နောက်က။ ဇနီးခင်ပွန်းလို့ပြောလိုက်တော့ မိန်းမက ရှေ့က၊ ယောကျာ်း

http://www.dhammadownload.com

က နောက်က ဖြစ်သွားတယ်။ စကားလုံးအထားအသို ရှေ့နောက်ကွဲ ပေမယ့် အဓိပ္ပာယ်ကတော့ အတူတူပါပဲ။

အဲဒီတော့ မြတ်စွာဘုရားရှင်က လင်မယားလို့ ပြောမှု၊ လင်မယားဆိုတဲ့ စကားလုံးသုံးပြီးတော့ ဟောမှ တရားရမယ့်ပုဂ္ဂိုလ်ကို 'လင်မယား' ဆိုတဲ့စကားလုံးသုံးပြီးတော့ တရားဟောပါတယ်။ ဇနီးခင်ပွန်း ဆိုတဲ့ စကားလုံးသုံးပြီး တရားဟောမှ တရားထူး တရားမြတ်ရမယ့် ပုဂ္ဂိုလ်ကို 'ဇနီးခင်ပွန်း' လို့ သုံးနှုန်းပြီးတော့ တရားဟောပါတယ်။

ဒါ မြတ်စွာဘုရားရှင်ရဲ့ သဗ္ဗညုတဉာဏ်တော်အရာပါပဲ။ 'ပညတ်၊ ပညတ်' ဆိုပြီးတော့ အထင်သေးလို့မရဘူး။ 'ပညတ်တွေပါကွာ၊ အလကားပါပဲ၊ အတူတူပါပဲ' ဒီလိုပြောလို့မရဘူး။

ဒါကြောင့် မြတ်စွာဘုရားရှင်က ရုပ်နာမ်လို့မဟောတော့ဘဲနဲ့ နာမ်ရုပ်လို့ ဟောမယ်။ နာမ်ရုပ်ဆိုတဲ့ စကားလုံးလေး ပါတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကလေးနဲ့ သူတို့ကို ဘိက္ခုရဲ့အဓိပ္ပာယ်ရှင်းပြမှုဖြစ်မယ် ဆိုပြီးတော့ . . . .

သဗ္ဗသော နာမရူပသ္မိံ၊ ယဿ နတ္ထိ မမာယိတံ။
အသတာ စ န သောစတိ၊ သ ဝေ ဘိက္ခူတိ ဝုစ္စတိ။
အဲဒီ ဂါထာလေးတစ်ပုဒ်ဟောလိုက်ပါတယ်။

■

http://www.dhammadownload.com

## ငါ့ကို ချစ်မိလို့

'သဗ္ဗသော နာမရူပသ္မိံ' ဆိုတာက နာမ်တရား၊ ရုပ်တရား အားလုံးရဲ့အပေါ်မှာ၊ အများပြောနေကျအတိုင်း ပြောရရင်တော့ ရုပ်တရား၊ နာမ်တရားအားလုံးအပေါ်မှာပေါ့။ ရုပ်တရား၊ နာမ်တရား ဆိုတာကလည်း ပရမတ်စကားလုံးနဲ့ ပြောထားတာ၊ ရုပ်တရား၊ နာမ်တရားတွေ၊ တစ်နည်းပြောရင်တော့ သက်ရှိသက်မဲ့ ပုဂ္ဂိုလ်သတ္တဝါ အရာဝတ္ထုတွေပေါ့။ ရုပ်တရား၊ နာမ်တရားတွေကိုပဲ သက်ရှိသက်မဲ့၊ သား၊ သမီး၊ ရွှေ၊ ငွေ စသည်အားဖြင့် ပညတ်သတ်မှတ်ထားတာကိုး။

အဲဒီလို ရုပ်တရား၊ နာမ်တရားတွေရဲ့အပေါ်၊ သက်ရှိသက်မဲ့ ပုဂ္ဂိုလ်သတ္တဝါ အရာဝတ္ထုတွေရဲ့ အပေါ်မှာ 'ငါ' ဆိုတဲ့အစွဲ၊ 'ငါ့ဥစ္စာ' ဆိုတဲ့အစွဲ မရှိဘူးဆိုရင် အဲဒီရုပ်တရား၊ နာမ်တရားတွေ၊ အဲဒီ သက်ရှိသက်မဲ့ ပုဂ္ဂိုလ်သတ္တဝါ အရာဝတ္ထုတွေ ပျက်စီးသွားတဲ့အခါမှာ စိုးရိမ်ပူပန်မှု မဖြစ်တော့ပါဘူး။

http://www.dhammadownload.com

အဲဒီလို 'ငါ'၊ 'ငါ့ဥစ္စာ' ဆိုတဲ့ အစွဲ ကင်းနေတဲ့အတွက်ကြောင့် ရုပ်နာမ်တွေပျက်စီးသွားတဲ့အခါ၊ သက်ရှိသက်မဲ့တွေ ပျက်စီးသွားတဲ့ အခါ စိုးရိမ်ပူပန်မှု မဖြစ်တော့တဲ့ပုဂ္ဂိုလ်မျိုးကို 'ဘိက္ခု' လို့ခေါ်ပါတယ်။

ဒီတရားလေး ဟောကြားတော်မူလိုက်ပါတယ်။

နာမ်တရား၊ ရုပ်တရားတွေရဲ့အပေါ်မှာ 'ငါ'၊ 'ငါ့ဥစ္စာ' လို့ စွဲတဲ့ပုဂ္ဂိုလ်တွေသာ စိတ်ပူလောင်မှု၊ စိတ်ပင်ပန်းဆင်းရဲမှုဆိုတာ ဖြစ်ရပါတယ်။

လူသားတွေ စိတ်ပူလောင်ကြတယ်၊ စိတ်ပင်ပန်းကြတယ်၊ စိတ်ဆင်းရဲကြတယ်ဆိုတာ ရုပ်နာမ်တွေရဲ့အပေါ်၊ အများပြောနဲ့ ပြောရရင် သက်ရှိ သက်မဲ့တွေရဲ့အပေါ်မှာ 'ငါ' ဆိုတဲ့အစွဲ၊ 'ငါ့ဥစ္စာ' ဆိုတဲ့ အစွဲရှိနေကြလို့ပါပဲ။

ငါ ဆိုတဲ့အစွဲကတော့ သိပ်မထင်ရှားဘူး။ လက်တွေ့ဘဝမှာ ထင်ရှားတာကတော့ ငါ့ဥစ္စာဆိုတဲ့ အစွဲ။ ငါ့သား၊ ငါ့သမီး၊ ငါ့အဖေ၊ ငါ့အမေ၊ ငါ့မိတ်ဆွေ၊ ငါ့အပေါင်းအသင်း၊ ငါ့ရွှေ၊ ငါ့ငွေ၊ ငါ့အိမ်၊ ငါ့ခြံ၊ ငါ့လုပ်ငန်း၊ ငါ့ကုမ္ပဏီ၊ အဲဒီလို ငါ့ပစ္စည်း၊ ငါ့ဥစ္စာဆိုတဲ့ အစွဲကတော့ ထင်ရှားပါတယ်။

အဲဒီအစွဲတွေကြောင့် စိတ်ပူလောင်မှု၊ စိတ်ပင်ပန်းမှု ဖြစ်နေကြရတာပါ။ ဒါကတော့ အဓိပ္ပာယ်ရှင်းပြစရာတောင် မလိုပါဘူးနော်။ ငါ့ဥစ္စာ ဆိုတဲ့ အစွဲကြောင့်၊ 'ငါ့အစွဲ' ကြောင့် စိတ်ပူလောင်ရတယ် ဆိုတာ ထင်ရှားပြီးသားပါ။

ဆိုကြပါစို့၊ ကိုယ့်အိမ်က ခွေးနဲ့ သူများအိမ်က ခွေးနဲ့ ခွေးနှစ် ကောင်ကိုက်တယ်ဆိုရင် ဘယ်ခွေးနိုင်စေချင်တုံး။ ကိုယ့်အိမ်က ခွေးပဲ

http://www.dhammadownload.com

နိုင်စေချင်တယ်၊ အဲဒါဘာကြောင့်လဲ၊ ငါ့ဥစ္စာဆိုတဲ့ အစွဲကြောင့်၊ တရား ခေါင်းစဉ်၊ တရားအဆုံးအမရဲ့ ခေါင်းစဉ်အတိုင်း ပြောမယ်ဆိုရင် 'ငါ့ကို ချစ်မိလို့'။ ငါ့ခွေးဆိုတဲ့ အစွဲလေးကြောင့် ငါ့ခွေးကို နိုင်စေချင် တယ်။ ဒါ 'ငါ့ကို ချစ်မိလို့' ပါပဲနော်။

အဲဒီတော့ တခြားတခြား ဥပမာတွေလည်း အများကြီး ပေး လို့ ရတာပေါ့လေ။ ကျောင်းမှာ ကိုယ့်သားသမီးနဲ့ သူများသားသမီးနဲ့ ရန်ဖြစ်လို့ ကိုယ့်သားသမီးကို သူများသားသမီးက စလိုက်တယ်၊ ချ လိုက်တယ်ဆိုရင် ဝမ်းသာလား၊ ဝမ်းနည်းလား။ ဝမ်းနည်းတယ်။ စိတ် ပျော်လား၊ စိတ်တိုလား။ စိတ်တိုတယ်။ ဘာကြောင့်တုံး။ ငါ့သားဆိုတဲ့ အစွဲလေးရှိလို့၊ ငါ့ကိုချစ်မိလို့။

သူများသားသမီးကို ကိုယ့်သားသမီးက ဆော်ထည့်လိုက်ရင် တော့ ဝမ်းမသာဘူးလား။ ဝမ်းသာတယ်။ ဟိုကလည်း ကလေး၊ ဒီက လည်း ကလေး၊ ဘာဖြစ်လို့ ဝမ်းသာနေရတာတုံး။ ငါ့သားဆိုတဲ့ အစွဲ က ရှိနေတော့၊ ငါ့သား မထိဘူး၊ သူများသားသမီးပဲ ထိတယ်ဆိုတော့ ဝမ်းသာတာပေါ့နော်။ ဒါလည်း ငါ့ကိုချစ်မိလို့ပါပဲ။

အဲဒီတော့ နောက်ဆုံးပေါ် ဥပမာလေးကိုပဲ ခပ်သုတ်သုတ် ပေးကြတာပေါ့လေ။ ဦးဇင်းတို့ စက်တင်ဘာလ (၁၁)ရက်နေ့က ဘာ ဖြစ်သွားတုံး၊ အမေရိကန်နိုင်ငံ နယူးယောက်မြို့က ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံကြီးနှစ်ခုကို အကြမ်းဖက်သမားတွေက လေယာဉ် နှစ်စီးနဲ့ တိုက်တဲ့အတွက် မီးလောင်ပြိုကျပျက်စီးသွားခဲ့ပါတယ်။

အဲဒီ ဖြစ်စဉ်လေးကို အာရုံပြုထားပါ၊ အဲဒီဖြစ်စဉ်မှာ အ ဆောက်အအုံနှစ်ခုကို လေယာဉ်နှစ်စီးနဲ့ တိုက်တာရယ်၊ အဆောက်

http://www.dhammadownload.com

အအုံကြီး မီးလောင်တာရယ်၊ ပြိုကျသွားတာရယ်၊ စကားလုံးရှင်းအောင် ပြောမယ်ဆိုရင်တော့ တိုက်တာရယ်၊ လောင်တာရယ်၊ ပြိုတာရယ်၊ သုံးခု၊ အဲဒီ သုံးခုကို ကိုင်ပြီးတော့ ပြောကြရအောင်။

ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံနှစ်ခုကို လေယာဉ်နှစ်စီး တိုက်သွားတာနဲ့ ကိုယ့်အိမ် ဘုရားစင်ပေါ်က ဖန်ခွက်ကို ကြောင်က တိုက်သွားတာနဲ့ ဘယ်ဟာပိုပြီးတော့ စိတ်ပူလောင်တုံး။ စိတ်ပူလောင်တယ်ဆိုတော့ ဝေးနေသေးတယ်နော်။ အဆောက်အအုံ နှစ်ခုကို လေယာဉ်တိုက်တာနဲ့ ဖန်ခွက်ကို ကြောင်တိုက်တာ ဘယ်ဟာကို စိတ်တိုတုံး။

ဖန်ခွက်ကို ကြောင်တိုက်တာ စိတ်တိုတယ်တဲ့။ ဟိုက ဒေါ်လာ သန်းပေါင်းများစွာတန်တဲ့ အဆောက်အအုံကြီးကို တိုက်တာ၊ ကိုယ့်ဖန်ခွက်က ရာဂဏန်း၊ ထောင်ဂဏန်းလောက်ပဲ တန်တဲ့ဖန်ခွက်၊ ဘာဖြစ်လို့ ကိုယ့်ဖန်ခွက် တိုက်တာ စိတ်တိုနေရတာတုံး။ ငါ့ဖန်ခွက် ဆိုတဲ့ အစွဲလေးက ရှိတာကိုးနော်။ ဟို အဆောက်အအုံကြီးနှစ်ခုကိုတော့ ငါ့ အဆောက်အအုံကြီးဆိုတဲ့ အစွဲရှိလား။ မရှိဘူး။ မရှိတော့ တိုက်သွားပေမယ့် ကိုယ့်ဖန်ခွက်ကို ကြောင်တိုက်သွားတာလောက် စိတ်မတိုဘူး။

သူ့ အတိုင်းအတာနဲ့သူ နည်းနည်းပါးပါး တိုချင်တိုမှာပေါ့။ ဒါပေမဲ့ ဖန်ခွက်ကို ကြောင်တိုက်တာလောက်တော့ စိတ်တိုမှုအင်အား၊ ဒေါသအင်အား မပြင်းထန်ဘူး။ အဲဒါ ဘာကြောင့်လဲဆိုရင် ငါ့ကိုချစ်မိလို့။ ဒီတရားရဲ့ခေါင်းစဉ်က ‘ငါ့ကိုမချစ်ပါနဲ့’ လို့တွင် မကဘူးနော်၊ ‘ငါ့ကိုချစ်မိလို့’ လို့လည်း နာမည်ပေးဖို့ကောင်းတယ်။

http://www.dhammadownload.com

အဲဒီတော့ တိုက်တဲ့ကိစ္စပြီးပြီ လောင်တဲ့ကိစ္စ။ ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံကို မီးလောင်သွားတာနဲ့ မင်္ဂလာဆောင်သွားခါနီး ကိုယ့်ရဲ့အင်္ကျီကို အိမ်ကကောင်မလေးက မီးပူတိုက်တဲ့အခါ နမော်နမဲ့ တိုက်မိလိုက်လို့ အင်္ကျီမီးကျွမ်းသွားတာ၊ အင်္ကျီမီးလောင်သွားတာ၊ ဘယ်ဟာက ပိုစိတ်တိုတုံး။

အင်္ကျီမီးလောင်တာ ပိုစိတ်တိုတယ်။ အင်္ကျီက ဘယ်လောက်တန်လို့တုံး၊ ထောင်ဂဏန်း သောင်းဂဏန်းပေါ့နော်။ ဟိုက ဒေါ်လာသန်းပေါင်းများစွာ၊ ဘီလျံပေါင်းများစွာ တန်တယ်။ ဘာကြောင့် ကိုယ့်အင်္ကျီမီးလောင်ရတာ စိတ်တိုသလဲဆိုရင် ငါ့ကိုချစ်မိလို့ ငါ့အင်္ကျီဆိုတဲ့ အစွဲလေးရှိနေလို့ပေါ့။

တစ်ခါပြိုကျတဲ့ကိစ္စ၊ ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံ နှစ်ခု၊ နှစ်ခုတွင်မကဘူးပေါ့နော်။ တခြားအဆောက်အအုံတွေလည်းပါတာပါပဲ။ အဲဒီအဆောက်အအုံကြီးတွေ ပြိုကျသွားတာရယ်၊ အိမ်က ကိုယ့်သားသမီးလေးက ထမင်းစားပြီး ပန်းကန်ကိုင်ထားရင်းနဲ့ မတော်တဆ ကျကွဲသွားတာရယ်၊ ဘယ်ဟာက ပိုပြီးတော့ စိတ်တိုတုံး၊ ပန်းကန်ကျကွဲတာ စိတ်တိုတယ်။

ပန်းကန်က ဘယ်လောက်တန်သတုံး၊ ရာဂဏန်း ထောင်ဂဏန်းပဲ တန်ပါတယ်။ သောင်းဂဏန်းတောင် မတန်ဘူးနော်။ တစ်ချပ်ချင်းဆိုရင်။ တန်တဲ့ပန်းကန်လည်း ရှိချင်ရှိမှာပေါ့လေ။ အဲဒီတော့ အလွန်ဆုံး သောင်းဂဏန်းလေးပေါ့။ ဟိုက ဒေါ်လာသန်းပေါင်းများစွာတန်တဲ့ အဆောက်အအုံကြီး ပြိုကျတာ။

အဲဒီတော့ အဆောက်အအုံကြီး ပြိုကျတာကျတော့ စိတ်မတို

http://www.dhammadownload.com

ဘဲနဲ့ ကိုယ့်ပန်းကန်လေးကျကွဲသွားတာကျတော့ စိတ်တိုတယ်၊ 'လာ စမ်း၊ နင် နမော်နမဲ့' ဆိုပြီးတော့ နားရင်းလေး သုံးလေးချက်လောက် တော့ တီးလိုက်ဦးမှာနော်။

အဲဒါ ဘာကြောင့်လဲဆိုရင် ငါ့ကိုချစ်မိလို့။

ဒါကြောင့် သောကမှန်သမျှဟာ ငါ့ပစ္စည်း၊ ငါ့ဥစ္စာ၊ ငါ့လူ၊ ငါ့ချစ်သူဆိုတဲ့ 'ငါ့အစွဲ' တွေကြောင့်ဖြစ်တယ်ဆိုတာ မထင်ရှားဘူး လား။ ထင်ရှားပါတယ်။ ငါ့ပစ္စည်း၊ ငါ့ဥစ္စာ၊ ငါ့လူ၊ ငါ့ချစ်သူဆိုတဲ့ အစွဲသာ မရှိဘူးဆိုရင် အဲဒီပစ္စည်းဥစ္စာတွေ၊ အဲဒီလူ၊ အဲဒီချစ်သူတွေ ဘယ်လိုပဲ ပျက်စီးပျက်စီး စိတ်ထဲမှာ ခံစားရပါ့မလား။ မခံစားရဘူး။

ဒါကြောင့် 'ငါ'ကို ချစ်တဲ့စိတ်ဓာတ်ဟာ သိပ်ကြောက်စရာ ကောင်းပါတယ်။ 'ငါ' ကိုမချစ်တဲ့စိတ်ဓာတ်ကတော့ သိပ်နှစ်သက်စရာ ကောင်းပါတယ်။ 'ငါ'ကို မချစ်တဲ့စိတ်ဓာတ်များ အမြဲကိန်းအောင်နေ ရင် ဘယ်လောက်များ စိတ်အေးချမ်းလိုက်မလဲ၊ ဘယ်လောက်များ စိတ်လွတ်လပ်လိုက်မလဲ။

အချိန်တိုင်း စိတ်ချမ်းသာချင်ရင် အချိန်တိုင်း 'ငါ'ကို မချစ်မိ အောင် ကြိုးစားရမှာပါပဲ။ 'ငါ့ပစ္စည်း'၊ 'ငါ့လူ' ဆိုတဲ့ 'ငါ့အစွဲ' ကင်းရှင်း နေတာဟာ 'ငါ'ကို မချစ်တာပါပဲ။ 'ငါ'ကို မချစ်တဲ့သူမှသာ စိတ်ချမ်း သာမှု အစစ်ကို ရရှိနိုင်ပါတယ်။ ငါစိတ်ချမ်းသာချင်ရင် ငါ့ကို မချစ်မှ ဖြစ်မှာပါ။ ငါ့ကို မချစ်ပါနဲ့ကွယ်။

ဒါကြောင့် ဦးဇင်းတို့ကလေ 'နိဗ္ဗာန်လိုချင်ရင် ငါ့ကိုမချစ်ပါနဲ့' ဆိုတဲ့ အဆုံးအမလေးကို သိပ်ကြိုက်တာပါပဲ။ ရှေးဆရာတော်ကြီးရဲ့ အဆုံးအမကတော့ 'နိဗ္ဗာန်လိုချင်ရင် ငါ့ကိုမကြိုက်ပါနဲ့' လို့ ဆိုထားပါ

http://www.dhammadownload.com

တယ်။ ဦးဇင်းက မကြိုက်ပါနဲ့ဆိုတော့ နည်းနည်းလေး ရင့်သီးသလို များ ဖြစ်နေမလားဆိုပြီးတော့ 'ငါ့ကိုမချစ်ပါနဲ့' လို့ ပြင်လိုက်တာပါ။

သက်မဲ့တွေအတွက် ပြောရင် သိပ်ပြဿနာမရှိပေမယ့် သက်ရှိတွေအတွက်ကျတော့ 'မကြိုက်ပါနဲ့' ဆိုတာထက် 'မချစ်ပါနဲ့' ဆိုတာက ပိုပြီး အရာကျယ်ကျယ် ပြောလို့ကောင်းမလားလို့ပါ။

'ကြိုက်' ဆိုတော့ သမီးရည်းစားချင်း၊ ဇနီးခင်ပွန်းချင်းနဲ့ လောက်ပဲ သက်ဆိုင်သလို ဖြစ်နေလို့ သံယောဇဉ် တွယ်ငြိကြသူအားလုံးနဲ့ သက်ဆိုင်အောင် 'ငါ့ကိုမချစ်ပါနဲ့' လို့ ဦးဇင်းတို့က သုံးနှုန်းလိုက်တာပါ။

အာရုံကို အာရုံအဖြစ်နဲ့ပဲ မြင်မယ်ဆိုရင်တော့ 'ငါ့ကိုမကြိုက်ပါနဲ့' ဆိုတဲ့ အဆုံးအမလေးက ပိုကောင်းပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ်၊ 'ငါ့ပစ္စည်း၊ ငါ့လူဆိုတဲ့ အစွဲကင်းပါစေ'လို့ အဓိပ္ပာယ်သက်ရောက်တဲ့ 'ငါ့ကိုမချစ်ပါနဲ့' ဆိုတဲ့ အဆုံးအမ၊ 'ငါ့ကိုမကြိုက်ပါနဲ့' ဆိုတဲ့ အဆုံးအမလေးက အင်မတန်ကောင်းတဲ့ အဆုံးအမလေးပါပဲ။ ဒီအဆုံးအမနဲ့ အဓိပ္ပာယ် တစ်ထပ်တည်းကျတဲ့ မြတ်စွာဘုရားရှင်ရဲ့ ဂါထာအဆုံးအမကို ဆောင်ပုဒ်နှစ်ခုစီထားပါတယ်။ ဆိုကြည့်ရအောင်။

ငါ, ငါ့ဉစ္စာ၊ စွဲသူသာ၊ စိတ်မှာပူလောင်သည်။
မစွဲမပူ၊ ငြိမ်းအေးသူ၊ ဘိက္ခုခေါ်တွင်သည်။

'မစွဲမပူ'၊ မစွဲလို့ရှိရင်တော့ မပူတော့ဘူး။ မစွဲလို့မပူတော့တဲ့ ငြိမ်းအေးသူကို ဘိက္ခု (ရဟန်း) လို့ခေါ်ပါတယ်။ ဆောင်ပုဒ်မှာကတော့ 'သူ'ကာရန်နဲ့ ကိုက်အောင် ဆိုပြီးတော့ ဘိက္ခုလို့ သုံးထားတယ်။

http://www.dhammadownload.com

တစ်ယောက်ချင်းဆိုရင်တော့ ဘိက္ခုပေါ့။

အဲဒီတော့ သာသနာကြီးနဲ့ကြုံတွေ့တဲ့အခိုက်မှာ ကိုယ့်ကိုယ်ကို ဘိက္ခုလို့အခေါ်ခံရတာလောက် ဘာများဂုဏ်ယူစရာရှိတုံး။ အင်မတန် ဂုဏ်ယူစရာကောင်းတယ်နော်။ ဘိက္ခုဆိုတာက ဦးဇင်းတို့လို ခေါင်းတုံးရိတ်ပြီးတော့ သင်္ကန်းဝတ်ထား၊ သိမ်ဝင်ပြီး ကမ္မဝါစာဖတ်ထားတဲ့ ရဟန်းတော်တွေကိုမှ ဘိက္ခုလို့ခေါ်တာ မဟုတ်ဘူး။

သိမ်ဝင်ကမ္မဝါဖတ်ထားတဲ့ ရဟန်းကိုတော့ ဝိနည်းရဟန်းလို့ ခေါ်တာပေါ့။ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့လည်း လူဝတ်ကြောင်အဝတ်ကို ဝတ်ထားပေမယ့် အခု ပဋ္ဌာဂ္ဂဒါယကာပုဏ္ဏားကြီးကို မြတ်စွာဘုရားဟောတဲ့ ဒေသနာတော်နဲ့အညီ သက်ရှိ သက်မဲ့ အရာအားလုံးရဲ့အပေါ်မှာ 'ငါ့ဥစ္စာ' ဆိုတဲ့အစွဲ မရှိဘူးဆိုရင်၊ 'ငါ'ကို မချစ်ဘူး၊ 'ငါ'ကို မကြိုက်ဘူးဆိုရင် အဲဒီအခိုက်မှာ ဘိက္ခုလို့ခေါ်နိုင်ပါတယ်။

ရဟန်းက နှစ်မျိုးရှိတယ်။ လူဝတ်ရဟန်းရယ်၊ သင်္ကန်းဝတ်ရဟန်းရယ်။ သင်္ကန်းဝတ်ရဟန်းကတော့ ဝိနည်းရဟန်းဆိုတဲ့နာမည်ရော၊ သုတ္တန်ရဟန်းဆိုတဲ့ နာမည်ရော နာမည်နှစ်မျိုး ရနိုင်တာပေါ့။ သိမ်ဝင်ကမ္မဝါဖတ်ထားရင်တော့ ဝိနည်းရဟန်းဆိုတဲ့နာမည် ရပြီးပြီ။ ငါ့ကို မချစ်တဲ့စိတ်ဓာတ် ရှိသွားပြီဆိုရင်တော့ သုတ္တန်ရဟန်းဆိုတဲ့ နာမည်လည်း ရသွားပြီ။

လူဝတ်ရဟန်းတွေကတော့ ဝိနည်းရဟန်းဆိုတဲ့နာမည် မရတော့ဘူး။ သုတ္တန်ရဟန်းဆိုတဲ့ နာမည်တော့ ရနိုင်ပါတယ်။ ငါ့ကိုမချစ်တော့ဘူးဆိုရင်တော့ သုတ္တန်ရဟန်းဖြစ်သွားပြီပေါ့နော်။ သုသာန်

http://www.dhammadownload.com

မဟုတ်ဘူးနော်။ သုတ္တန်။ သုတ္တန်နည်းအရလို့ ဆိုလိုတာပေါ့၊ တစ်နည်းပြောရင်တော့ အကျင့်အရ ရဟန်းဖြစ်သွားတယ်လို့ ဆိုလိုတာပေါ့နော်။

အဲဒီတော့ တရားနာပရိသတ်များ ကိုယ့်ကိုယ်ကို ဘိက္ခုမဖြစ်ချင်ဘူးလား။ ဖြစ်ချင်တယ်။ ဖြစ်ချင်တယ်ဆိုရင် ဘာလုပ်ရမလဲ။ ငါ့ကို မချစ်တဲ့စိတ်ဓာတ် ရအောင် လုပ်ရမယ်။ ဘိက္ခုဖြစ်ချင်ရင် 'ငါ့ပစ္စည်း' 'ငါ့လူ' လို့ စွဲလမ်းသိမ်းပိုက်တဲ့ 'ငါ' အစွဲကို မချစ်ပါနဲ့။ 'ငါ' အစွဲကို မကြိုက်ပါနဲ့။ 'ငါ' အစွဲ ကင်းပြတ်အောင် ကြိုးစားအားထုတ်ပါ။

■

http://www.dhammadownload.com

## ငါ့အချစ်ဟာအချစ်အားလုံးရဲ့ရေသောက်မြစ်

ငါ့ကို မချစ်ရဘူး။ ငါ့ကိုမချစ်ရဘူးဆိုတော့ သူ့ကိုတော့ ချစ်ရမှာလား။ သူ့ကိုလည်း မချစ်ရဘူးနော်။ တချို့က ငါ့ကိုမချစ်ပါနဲ့ဆိုတာကို အဓိပ္ပာယ်ဘယ်လို ပေါက်သလဲဆိုတော့ 'ငါ့ကိုမချစ်ပါနဲ့၊ သူ့ကိုပဲချစ်ပါ' လို့ အဓိပ္ပာယ်ပေါက်ပါတယ်တဲ့။

အမှန်ကတော့ သူ့ကို ချစ်တယ်ဆိုတာလည်း 'ငါ့'ကို ချစ်တာပါပဲ။ ကိုယ့်သားသမီးကို ကိုယ်ချစ်တယ်ဆိုတာကလည်း ကိုယ့်သားသမီးတွေက လိမ္မာနေလို့၊ ကိုယ့်သားသမီးကြောင့် ကိုယ့်မှာ စိတ်ချမ်းသာလို့၊ ကိုယ့်မှာ ကောင်းကျိုးတွေရလို့ ချစ်တာပါ။ 'ကောင်းကျိုး' ဆိုတဲ့ နေရာမှာ အတုံးလိုက်၊ အတစ်လိုက်မြင်ရတဲ့ ဟိုအကျိုး၊ ဒီအကျိုးကို မဆိုလိုပါဘူး။ အနည်းဆုံး စိတ်ချမ်းသာမှုပေါ့။

ကိုယ့်သားသမီးတွေကို မြင်နေရလို့ စိတ်ချမ်းသာတယ်ဆိုတာကိုယ့်ကိုယ်ကို ချစ်တာနော်။ လိမ္မာနေတဲ့သားလေး၊ ချစ်စရာကောင်း

http://www.dhammadownload.com

တဲ့သားလေး ကြည့်ပြီးတော့ စိတ်တွေချမ်းသာတယ်၊ သားလေးကြောင့် စိတ်ချမ်းသာရလို့ 'သားလေးကို ချစ်လိုက်တာ' လို့ ထုတ်ပြောတယ်။ စိတ်ထဲမှာလည်း သားလေးကို ချစ်နေတယ်။ သားကို ချစ်နေတယ်ဆို ပေမယ့် တကယ်တော့ ကိုယ့်ကိုယ်ကို ချစ်တာပါပဲ။

ကိုယ် သိပ်ချစ်ပါတယ်ဆိုတဲ့ သားသမီး၊ ကိုယ် အရိပ်တကြည့် ကြည့်နဲ့ ချစ်နေရတဲ့ သားသမီးက ဆိုးသွမ်းမိုက်မဲသွားပြီ၊ ကိုယ့်ကို စိတ်ဆင်းရဲအောင်လုပ်ပြီဆိုတော့ ချစ်သေးလား။ မချစ်တော့ဘူး။

ဒါကြောင့် သတင်းစာတွေမှာ သားသမီးအဖြစ်မှ စွန့်လွှတ်ခြင်း၊ သားအဖြစ်မှ စွန့်လွှတ်ခြင်း၊ သမီးအဖြစ်မှ စွန့်လွှတ်ခြင်းတွေဆို တာ ပါနေတာပေါ့။ သားသမီးကို အမြဲတမ်း တကယ် ချစ်နေတယ်ဆို ရင် သားသမီးအဖြစ်မှ စွန့်လွှတ်ပါဦးမလား။ မစွန့်လွှတ်ဘူး။

အဲဒီတော့ မိဘက သားသမီးကို ချစ်တယ်ဆိုတာကလည်း တခြားတခြား မေတ္တာတရားတွေကို မဆိုလိုဘူး။ ဒီတရားမှန်နဲ့ သေ ချာကြည့်လိုက်တော့ ကိုယ့်ကိုယ်ကို ချစ်တာပါ။ သားသမီးကို ကြည့်ပြီး၊ သားသမီးကို အကြောင်းပြုပြီး ကိုယ့်ရဲ့ စိတ်ချမ်းသာမှုကို ရယူတာပါ။

ကလေးလေး၊ မွေးကင်းစ လသားအရွယ်လေးကို ကြည့်ပြီး တော့ မိဘတွေက စိတ်မချမ်းသာဘူးလား။ စိတ်ချမ်းသာတယ်။ စိတ် ချမ်းသာတော့ ကလေးလေးကို ချစ်တာပေါ့။ ကိုယ်စိတ်ချမ်းသာလို့ ကလေးကို ချစ်တာနော်။ ဒီတော့ ကလေးကို ချစ်တာလား၊ ကိုယ့်ကိုယ် ကို ချစ်တာလား၊ ကိုယ့်ကိုယ်ကို ချစ်တာပါ။ ငါ့ကိုချစ်တာပါ။

ကျန်တဲ့ မိဘဆွေမျိုးတွေ၊ ညီအစ်ကိုမောင်နှမတွေ၊ မိတ်ဆွေ အပေါင်းအသင်းတွေလည်း ဒီအတိုင်းပါပဲ။

http://www.dhammadownload.com

ဆိုပါတော့၊ ကောင်လေးနဲ့ ကောင်မလေးနှစ်ယောက်၊ သမီးရည်းစားနှစ်ယောက် ချစ်ကြတယ်။ ပြောမှာကတော့ ကောင်လေးကလည်း 'ကောင်မလေးကို သိပ်ချစ်တယ်'၊ ကောင်မလေးကလည်း 'ကောင်လေးကို သိပ်ချစ်တာပဲ' လို့ ပြောမှာပါပဲ။

တကယ်တော့ ကောင်လေးကလည်း ဘယ်သူ့ကို ချစ်တာတုံး။ သူ့ကိုယ်သူပဲချစ်တာ၊ ကောင်မလေးကို မြင်နေရရင် စိတ်ချမ်းသာတယ်၊ ကောင်မလေး ကိုယ့်အနားမှာ ရှိနေရင် စိတ်ချမ်းသာတယ်။ ကောင်မလေးနဲ့အတူတူ စကားပြောနေရရင် စိတ်ချမ်းသာတယ်။ ကိုယ်စိတ်ချမ်းသာလို့ သူ့ကို ချစ်တာပါ။ ကောင်မလေးကို ချစ်နေတာသည်ပင်လျှင် တကယ်တော့ ကိုယ့်ကိုယ်ကို ချစ်နေတာပါ။

ကိုယ်ချစ်ပါတယ်ဆိုတဲ့ ကောင်မလေးက တခြားတစ်ယောက်ယောက်နဲ့ တွဲသွားတာ ကိုယ်က မြင်ပြီဆိုရင်တော့ ချစ်နိုင်သေးလား။ မချစ်နိုင်တော့ဘူး။

ဆက်ချစ်နိုင်တယ်ပဲထားဦးပေါ့၊ စိတ်တွေတို၊ စိတ်တွေဆိုးပြီးတော့ ပေါက်ကွဲတာတွေဖြစ်မယ်။ ဘယ်လိုမှ ညှိနှိုင်းလို့မရတော့ဘူးဆိုရင်တော့ လမ်းခွဲကြမယ်၊ ဆက်မချစ်တော့ဘူး။ ဒါကိုကြည့်လိုက်ခြင်းအားဖြင့် တကယ်တော့ သူ့ကို ချစ်တာမဟုတ်ဘူး။ ကိုယ့်ကိုယ်ကို ချစ်တာဆိုတာ မထင်ရှားဘူးလား။ ထင်ရှားပါတယ်။

နေ့ကောင်းရက်မြတ်တွေ ရွေးပြီးတော့ ထိမ်းမြားလက်ထပ်ထားတဲ့ ဇနီးမောင်နှံတွေလည်း သဘောထားကွဲလွဲပြီးတော့ ကွဲကြ၊ ပြဲကြတာတွေ မရှိဘူးလား။ ရှိတယ်။ အဲဒါတွေကို ကြည့်လိုက်ခြင်းအားဖြင့် တကယ်တော့ ကိုယ့်ဇနီး၊ ကိုယ့်ခင်ပွန်းကို ချစ်တာမဟုတ်ဘူး။

http://www.dhammadownload.com

ကိုယ့်ကိုယ်ကို ချစ်တာဆိုတာ မပေါ်လွင်ဘူးလား။ ပေါ်လွင်ပါတယ်။

တကယ်တော့ သူ့ကို ချစ်တယ်ဆိုတာကလည်း ကိုယ့်ကိုယ်ကိုချစ်တာပါပဲ။ အဲဒီတော့ 'ငါ့ကိုမချစ်ပါနဲ့' လို့ ဆိုလိုက်ရင် သက်ရှိအားလုံး၊ သက်မဲ့အားလုံး ဘယ်အရာကိုမှ မချစ်ဖို့ ဆိုလိုပါတယ်။

ဒါပေမဲ့ ဦးဇင်းတို့ ငါ့ကိုမချစ်ပါနဲ့ဆိုတဲ့ စကားရပ်ထဲက မချစ်ပါနဲ့ဆိုတာက ဟိုလူ ဒီလူကို မချစ်ပါနဲ့လို့ မဆိုလိုဘူးနော်။

'ငါ' ဆိုတာ ငါ့ပစ္စည်း၊ ငါ့ဥစ္စာ၊ ငါ့လူ၊ ငါ့ချစ်သူ၊ တစ်နည်းပြောရင်တော့ ငါ့သက်ရှိ ငါ့သက်မဲ့ဆိုတဲ့ 'ငါ့အစွဲ' လေးကို ပြောတာပါ။ 'ငါ့ကိုမချစ်ပါနဲ့' ဆိုတာ အဲဒီ ငါ့အစွဲလေးကို မချစ်ပါနဲ့လို့ ဆိုလိုပါတယ်။ ဒီ ငါ့အစွဲလေးကို အကြောင်းပြုပြီးတော့မှ ကျန်တဲ့ကိလေသာတွေကလည်း ဖြစ်လာတာပါ။ လူတစ်ယောက်ကို ငါ့လူ၊ ငါ့ချစ်သူ၊ ငါခင်ရတဲ့သူလို့ စိတ်ထဲကနေ သတ်မှတ်လိုက်တာက ဒီငါ့အစွဲလေးပါပဲ၊ အဲဒီငါ့အစွဲလေးကလည်း တဏှာပါပဲ။

ပြီးတော့မှ သူ့အပေါ်မှာ ချစ်သွားတာကတော့ ဒီငါ့အစွဲတဏှာကို အကြောင်းပြုပြီးတော့ ဆင့်ပွားဖြစ်လာတဲ့ တဏှာနော်။ အဲဒီတော့ ငါ့ပစ္စည်း၊ ငါ့ဥစ္စာ၊ ငါ့လူ၊ ငါ့ချစ်သူလို့ သိမ်းပိုက်တဲ့တဏှာအရင်ဆုံး ဖြစ်ပြီးမှ အဲဒီပစ္စည်းကို တွယ်တာတပ်မက်တယ်၊ အဲဒီလူကိုချစ်ခင်မြတ်နိုးတယ်ဆိုတဲ့ တဏှာက နောက်ဆက်တွဲ ဖြစ်လာပါတယ်။

ငါ့ပစ္စည်း၊ ငါ့လူလို့ သိမ်းပိုက်တဲ့တဏှာကြောင့် တဏှာတစ်ခုတည်း ဖြစ်တာ မဟုတ်ပါဘူး။ ဒေါသတွေ ဖြစ်တယ်ဆိုတာလည်း ငါ့ပစ္စည်း၊ ငါ့လူလို့ သတ်မှတ်တဲ့ တဏှာကြောင့် ဖြစ်တာပါပဲ။ ငါ့သားလို့ သိမ်းပိုက်ထားတဲ့ တဏှာကြောင့် ငါ့သားကို ထိရင် မခံနိုင်ဘူးဆိုတဲ့

http://www.dhammadownload.com

ဒေါသဖြစ်လာတာ မဟုတ်ဘူးလား။ ဟုတ်ပါတယ်။ ကျန်တဲ့ မာနတို့၊ ဣဿာ၊ မစ္ဆရိယတို့ အကုန်လုံးပါပဲ။ ကိလေသာစိတ်တွေ အကုန်လုံးဟာ ငါ့ကိုချစ်တဲ့စိတ်ကို မြစ်ဖျားခံလာတာပါ။ ဒါကြောင့် ငါ့ကိုမချစ်တဲ့စိတ်ရအောင် ကြိုးစားဖို့ အင်မတန် အရေးကြီးပါတယ်။

အဲဒီ ငါ့ကိုမချစ်ပါနဲ့ဆိုတဲ့ တရားလေး မြတ်စွာဘုရားလည်း ဟောလိုက်ရော၊ ဂါထာရဲ့ အဆုံးမှာ ပုဏ္ဏားကြီးနဲ့ ပုဏ္ဏေးမကြီး နှစ်ယောက် အနာဂါမ်ဖြစ်သွားကြပါတယ်။ အနာဂါမိမင်္ဂ၊ အနာဂါမိဖိုလ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားနိုင်ကြပါတယ်။

မြတ်စွာဘုရားနဲ့ ပုဏ္ဏားဇနီးမောင်နှံတို့ မိုးတိုးမတ်တတ်တရားဟော တရားနာနေတော့ အိမ်နီးနားချင်းတွေကလည်း ရောက်လာ မတ်တတ်ရပ်ပြီးတော့ တရားနာကြတာပေါ့။ နာကြတော့ ဘေးအိမ်နီးချင်း ပုဂ္ဂိုလ်တွေအတွက်လည်း ဒီတရားဒေသနာတော်က အကျိုးရှိသွားပါတယ်။ တချို့ သောတာပန် ဖြစ်တယ်။ တချို့ သကဒါဂါမ်ဖြစ်တယ် စသည်အားဖြင့် တရားထူး တရားမြတ်တွေ ရသွားကြတယ်။

တရားထူး တရားမြတ် မရဘူးပဲထားဦး။ ငါ့ကိုမချစ်ပါနဲ့ဆိုတဲ့ အဆုံးအမလေး ရလိုက်တယ်ဆိုရင်ပဲ ဘဝမှာ အထိုက်အလျောက်တော့ နေတတ်ထိုင်တတ်သွားပါတယ်။ စိတ်ထဲမှာ အထိုက်အလျောက်တော့ နေသာထိုင်သာရှိသွားပါတယ်။

တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ 'နိဗ္ဗာန်လိုချင်ရင် ငါ့ကိုမချစ်ပါနဲ့' ဆိုတဲ့ အဆုံးအမလေးကို အခု ကြားလိုက်ရတော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေနဲ့ ငါ့ကိုချစ်တဲ့စိတ်ကို မပယ်သတ်နိုင်သေးတောင်မှ အတိုင်းအတာတစ်ခုအထိတော့ စိတ်မအေးချမ်း

http://www.dhammadownload.com

သွားဘူးလား။ အေးချမ်းသွားတယ်။

'ကြော် ဟုတ်သားပဲ။ နိဗ္ဗာန်လိုချင်ရင် ငါ့ကို မချစ်ပါနဲ့ မှန်လိုက်တာ၊ ငါ့ကိုချစ်လို့ ငါ့ပစ္စည်း၊ ငါ့ဥစ္စာ၊ ငါ့လူ၊ ငါချစ်သူဆိုတဲ့ အစွဲတွေရှိလို့ စိတ်တွေ ပူလောင်နေရတာပါလား။ စိတ်တွေ ပင်ပန်းဆင်းရဲနေရတာပါလား။ ဒီ ငါ့အစွဲလေးသာ မရှိဘူးဆိုရင် အင်မတန် အေးချမ်းမှာပဲ။ အင်မတန် စိတ်ချမ်းသာမှာပဲ။ ဟုတ်လိုက်တာ၊ ဟုတ်လိုက်တာ'

အဲဒီတရားသဘောလေးကို သုတမယဉာဏ်နဲ့ သိခွင့်ရတယ်ဆိုရင်ပဲ စိတ်ထဲက ပူပန်မှုတွေ အထိုက်အလျောက်တော့ လျော့သွားပါတယ်။ အတိုင်းအတာတစ်ခုအထိတော့ စိတ်အေးချမ်းသွားပါတယ်။ ကိုယ်ဘာလုပ်ရမလဲဆိုတဲ့ ကျင့်စဉ်လမ်းကလေးလည်း ပွင့်သွားပါတယ်။

တကယ်တမ်း ငါ့ကိုမချစ်တဲ့စိတ်ဓာတ်ကို ရမှာကတော့ မဂ်ဖိုလ်ဉာဏ် ရမှပါပဲ။ မဂ်ဉာဏ်ဆိုတာက သူ့အလိုအလျောက် ရလာတာတော့ မဟုတ်ဘူး။ ဝိပဿနာဉာဏ် အားကောင်းမှ ရလာတာ။ ဒီတော့ ငါ့ကို မချစ်ပါနဲ့လို့ ပြောလိုက်တာဟာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်အထိရောက်အောင် သတိပဋ္ဌာန် ဝိပဿနာအလုပ်ကို အားထုတ်ပါလို့ ပြောလိုက်တာပါပဲ။

သတိပဋ္ဌာန်ဝိပဿနာအလုပ်ကို အားထုတ်လို့ ကိုယ်ရှုမှတ်ဆဲ အာရုံလေးတစ်ခုရဲ့ ရုပ်နာမ်ဖြစ်ပျက် သဘောသဘာဝကို သိသွားတယ်ဆိုရင် အဲဒီ သိလိုက်တဲ့ ရုပ်နာမ်အာရုံကို အကြောင်းပြုပြီးတော့ ငါ့ကို ချစ်တဲ့စိတ် ဖြစ်ပါဦးမလား။ မဖြစ်တော့ဘူး။

http://www.dhammadownload.com

## ဖြစ်ပျက်မြင်ရင်ငါ့ကိုမချစ်တော့ဘူး

ဆိုပါတော့၊ မြင်နေတဲ့အဆင်းလေးတစ်ခုကို 'မြင်တယ် မြင်တယ်' လို့ ရှုမှတ်လိုက်တယ်။ မြင်တယ်မြင်တယ်လို့ မှတ်မှ မှန်တယ်လို့ မဆိုပါဘူးနော်။ တချို့ပုဂ္ဂိုလ်တွေက မြင်ရင် မြင်တယ်လို့ မှတ်တယ်၊ တချို့ကလည်း မြင်တဲ့ဟာကို ရုပ်လို့မှတ်တာ ရှိတယ်၊ နာမ်လို့မှတ်တာ ရှိတယ်၊ ရုပ်နာမ်လို့မှတ်တာရှိတယ်၊ တချို့လည်း ဖြစ်ပျက်လို့မှတ်တာ ရှိတယ်။

မြင်တယ်လို့ပဲ မှတ်မှတ်၊ ရုပ်နာမ်လို့ပဲ မှတ်မှတ်၊ ဖြစ်ပျက်လို့ပဲမှတ်မှတ်၊ ပျက်ပျက်လို့ပဲမှတ်မှတ်၊ မှတ်ချင်သလိုမှတ်၊ ဒါမှမဟုတ် ဘာမှမမှတ်ဘဲနဲ့ မြင်တဲ့အာရုံ၊ မြင်တဲ့သဘောကို ကြည့်ရုံပဲကြည့်နေနေ၊ အရေးအကြီးဆုံးကတော့ မြင်တဲ့သဘောလေးကို သိနေဖို့ပါပဲ။

မြင်တဲ့အဆင်းလေးကို မြင်တယ်လို့ မှတ်နေတဲ့အခိုက်မှာ မြင်တဲ့သဘောလေးကို သေချာသိအောင် ကြည့်နေရမယ်။ မြင်တဲ့

http://www.dhammadownload.com

သဘောလေးကို သေချာသိအောင်ကြည့်ဆိုတော့ တချို့ယောဂီများက မြင်စရာ အဆင်းလေး ထင်ရှားမယ်၊ တချို့ယောဂီများကလည်း မြင်တတ်တဲ့ မျက်စိပသာဒလေး ထင်ရှားမယ်၊ တချို့ယောဂီများကလည်း အဆင်းနဲ့ မျက်စိနဲ့ ဆုံလိုက်လို့ ပေါ်လာတဲ့ မြင်သိစိတ်လေး ထင်ရှားမယ်။

တစ်ခုခု ထင်ရှားတတ်ပါတယ်၊ တချို့လည်း နှစ်ခု၊ တချို့လည်း သုံးခုလုံးတစ်ပြိုင်နက်ထင်ရှားရင် ထင်ရှားမယ်ပေါ့။ ဉာဏ်အား မကောင်းသေးဘူးဆိုရင်တော့ တစ်ခုခု ထင်ရှားတတ်ပါတယ်။

အဆင်းထင်ရှားရင်လည်း အဆင်းလေးမှာပဲ စိတ်ကို ကပ်ထားပြီးတော့ 'မြင်တယ်' လို့ မှတ်နေပါ။ မျက်စိလေး ဘယ်မှာလဲ လိုက်ရှာမနေနဲ့၊ မျက်စိပသာဒ ထင်ရှားတဲ့ပုဂ္ဂိုလ်ကလည်း 'ဟောဒီနေရာလေးက မြင်နေတာပဲ' ဆိုပြီးတော့ မြင်နေတဲ့သဘောလေးကို သိမယ်။ အဲဒါလေးကိုပဲ သိနေပြီးတော့ 'မြင်တယ်' လို့မှတ်၊ မြင်သိစိတ်လေး ထင်ရှားနေတဲ့ပုဂ္ဂိုလ်ကလည်း မြင်သိစိတ်ကလေးကိုပဲ ကြည့်ပြီးတော့ မြင်တယ်လို့ မှတ်နေပါ။

မှတ်အားတွေ ကောင်းလို့ သတိသမာဓိဉာဏ်အားတွေ ကောင်းသွားပြီဆိုရင် တစ်ခုမြင်နေတာကနေ နှစ်ခု၊ နှစ်ခုမြင်နေတာကနေ သုံးခုမြင်သွားပါလိမ့်မယ်။ ဒီထက် ဉာဏ်အားကောင်းလာပြီဆိုရင်တော့ အဆင်းရယ်၊ မျက်စိပသာဒရယ်၊ မြင်သိစိတ်ရယ်အပြင် ဒီသုံးမျိုးလေးကို 'မြင်တယ် မြင်တယ်' လို့ မှတ်နေတဲ့ မှတ်သိစိတ်ကလေးရယ်ကိုပါ သိသွားပါလိမ့်မယ်။ လေးမျိုးသိသွားမှာပေါ့နော်။

အဲဒီလေးမျိုးကလည်း တစ်ခုကြောင့် တစ်ခုဖြစ်နေတာ၊ အ

http://www.dhammadownload.com

ဆင်းလေးရှိလို့လည်းပဲ မြင်သိစိတ်ကဖြစ်နေတာ၊ မြင်သိစိတ်ကလေး ရှိနေလို့လည်းပဲ မြင်တယ်လို့ ရှုမှတ်တဲ့ စိတ်ကလေးဖြစ်နေတာ၊ ကြည့်ချင်တဲ့ စိတ်ကလေးရှိလို့လည်းပဲ ဒီအဆင်းလေးကို မြင်ရတာ။

အဲဒီလိုအားဖြင့် ရုပ်ကြောင့် နာမ်ဖြစ်နေတယ်၊ နာမ်ကြောင့် ရုပ်ဖြစ်နေတယ်။ ရုပ်ကြောင့် ရုပ်နာမ်ဖြစ်နေတယ်၊ နာမ်ကြောင့် ရုပ်နာမ်ဖြစ်နေတယ်၊ ရုပ်နာမ်ကြောင့် ရုပ်နာမ်ဖြစ်နေတယ် စသည်အားဖြင့် အကြောင်းအကျိုးလေးတွေ ဉာဏ်ထဲမှာ ထင်ရှားလာပါလိမ့်မယ်။

ဒီ့ထက် ဉာဏ်အားကောင်းလာလို့ရှိရင်တော့ အဲဒီအကြောင်းအကျိုးနဲ့တကွ ရုပ်တရား၊ နာမ်တရားတွေအားလုံး ဖြစ်ပြီး ပျက်နေကြတာပဲဆိုပြီးတော့ ဖြစ်ပျက်သဘောလေးတွေ ထင်ရှားလာပါလိမ့်မယ်။

ဖြစ်ပျက်မြင်တဲ့ဉာဏ်တွေ အားကောင်းသထက်အားကောင်းလာပြီဆိုရင်တော့ ဖြစ်ပြီးပျက်သွားလို့ မမြဲပါလား၊ ဖြစ်ခြင်းပျက်ခြင်းရဲ့ နှိပ်စက်မှုဒဏ်ကို ခံနေရလို့ မကောင်းပါလား၊ ဖြစ်တာကိုလည်း မဖြစ်အောင်၊ ပျက်တာကိုလည်း မပျက်အောင်၊ ဖြစ်ပြီးတဲ့နောက်လည်း မပျက်အောင်၊ ပျက်ပြီးတဲ့နောက်လည်း ထပ်မဖြစ်အောင် ကိုယ့်အလိုအတိုင်း လုပ်လို့မရ၊ သူ့သဘောသူဆောင်ပြီးတော့ ဖြစ်ပျက်နေလို့ မပိုင်ပါလား ဆိုတဲ့ ဉာဏ်တွေလည်း ပေါ်လာပါလိမ့်မယ်။

မမြဲဘူးလို့ မြင်တဲ့ဉာဏ်ကို အနိစ္စလက္ခဏာဉာဏ်၊ မကောင်းဘူးလို့ မြင်တဲ့ဉာဏ်ကို ဒုက္ခလက္ခဏာဉာဏ်၊ မပိုင်ဘူးလို့ မြင်တဲ့ဉာဏ်ကို အနတ္တလက္ခဏာဉာဏ်လို့ ခေါ်ပါတယ်။

အဲဒီ 'အနိစ္စ၊ ဒုက္ခ၊ အနတ္တ = မမြဲ၊ မကောင်း၊ မပိုင်' ဆိုတဲ့ လက္ခဏာသုံးပါးကို မြင်တဲ့ဉာဏ်တွေ တစ်ကြိမ်ထက်တစ်ကြိမ်၊ တစ်

http://www.dhammadownload.com

ရက်ထက် တစ်ရက်၊ တစ်လထက် တစ်လ၊ တစ်နှစ်ထက် တစ်နှစ်၊ အကြိမ်ကြိမ် အထပ်ထပ် အားကောင်းသွားပြီ၊ အထွတ်အထိပ်ကို ရောက်သွားပြီဆိုရင်တော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားမှာပါပဲ။

တစ်နည်းအားဖြင့် မမြဲ မကောင်း၊ မပိုင်လို့ မြင်နေတဲ့ ဉာဏ်ကို ခြုံငုံပြီးပြောရင် ဖြစ်ပျက်ကိုမြင်တဲ့ဉာဏ်ပါပဲ။ ဝိပဿနာရဲ့အနှစ်ချုပ်က ဖြစ်ပျက်ကို မြင်တဲ့ဉာဏ်ပါပဲ။ ဖြစ်ပျက်ကို မမြင်သေးသမျှလည်း ဝိပဿနာဉာဏ် မဖြစ်သေးပါဘူး။ ဖြစ်ပျက်ကို မြင်တဲ့ဉာဏ်တွေ အားကောင်းသွားပြီဆိုရင် မဖြစ်မပျက်ကို မြင်တဲ့ဉာဏ်ရလာပါလိမ့်မယ်။

မဖြစ်မပျက်ကို မြင်တဲ့ဉာဏ်ဆိုတာ မဂ်ဉာဏ်ကိုပြောတာပါပဲ။ မဖြစ်မပျက်ဆိုတာက နိဗ္ဗာန်၊ အဲဒီမဖြစ်မပျက်တဲ့နိဗ္ဗာန်ကို မြင်တဲ့ဉာဏ်က မဂ်ဉာဏ်၊ အဲဒီတော့ မဖြစ်မပျက်တဲ့နိဗ္ဗာန်ကို မြင်တဲ့မဂ်ဉာဏ် ရချင်တယ်ဆိုရင် ဖြစ်ပျက်ကို မြင်တဲ့ ဝိပဿနာဉာဏ် အားကောင်းအောင် ပြုစုပျိုးထောင်ရပါမယ်။

အဲဒီတော့ ကိုယ်မြင်လိုက်တဲ့အဆင်းတစ်ခုကို 'မြင်တယ် မြင်တယ်'၊ သို့မဟုတ် 'ရုပ်နာမ်'၊ သို့မဟုတ် 'ဖြစ်ပျက်' လို့ ရှုမှတ်နေလို့ အဲဒီမြင်တဲ့အဆင်းလေးရဲ့၊ သို့မဟုတ် မျက်စိပသာဒရဲ့၊ သို့မဟုတ် မြင်သိစိတ်ရဲ့၊ သို့မဟုတ် သုံးခုလုံးရဲ့၊ သို့မဟုတ် ရှုမှတ်စိတ် အပါအဝင် လေးခုလုံးရဲ့ ဖြစ်ပျက်ကို မြင်နေတဲ့လူတစ်ယောက်က အဲဒီ အဆင်းအပေါ် မှာ ငါ့ဥစ္စာ၊ တိုက်ရိုက်ပြောရင်တော့ ငါ့အဆင်းလို့ သတ်မှတ်တဲ့စိတ် ဖြစ်ပါဦးမလား။ မဖြစ်တော့ပါဘူး။

http://www.dhammadownload.com

ဖြစ်ပြီး ပျက်နေတဲ့ဥစ္စာကြီးကို ငါ့ဥစ္စာ ငါ့ဥစ္စာလို့ သတ်မှတ် သိမ်းပိုက်တဲ့လူလောက် ရူးသွပ် မိုက်မဲတဲ့လူ ရှိပါဦးမလား။

ငါ့ဥစ္စာ၊ ငါ့ဥစ္စာ လို့ သိမ်းပိုက်တယ်ဆိုတာ အစိုင်အခဲ ဒြပ်ဝတ္ထုအနေနဲ့ ထာဝရတည်မြဲနေတယ်လို့ မြင်နေလို့သာ ငါ့ဥစ္စာလို့ သိမ်းပိုက်တာနော်။ တစ်ဖွဲ့ဖွဲ့နဲ့ ဖြစ်ပျက်နေတာကို မြင်နေမှတော့ ငါ့ဥစ္စာငါ့ဥစ္စာလို့ ဘယ်သူမှ မသိမ်းပိုက်တော့ပါဘူး။

အမှိုက်ပုံးထဲက အမှိုက်တွေကို ငါ့ဥစ္စာ ငါ့ဥစ္စာလို့ ဘယ်သူများ သိမ်းပိုက်တုံး။ မသိမ်းပိုက်ပါဘူး။ တစ်စစီပြိုကျပျက်စီးနေတဲ့ အရာဝတ္ထု တစ်ခုခုကိုလည်းပဲ ငါ့ဥစ္စာလို့ ဘယ်သူမှ မသိမ်းပိုက်ပါဘူး။ တအိအိပြိုကျနေတဲ့ သဲကမ်းပါးမှာရပ်နေတဲ့ လူတစ်ယောက်က ငါ့သဲတွေ၊ ငါ့သဲတွေလို့ သဲပုံကြီးအပေါ် မှာ တပ်မက်တဲ့စိတ် ဖြစ်ပါဦးမလား။ မဖြစ်ပါဘူး။

အဲဒီလိုပါပဲ၊ သတိပဋ္ဌာန်ဝိပဿနာအလုပ်ကို စွဲစွဲမြဲမြဲ အားထုတ်နေလို့ ရုပ်နာမ်တွေရဲ့ ဖြစ်ပျက်ကို အမြဲတမ်း မြင်နေတဲ့ လူတစ်ယောက်ဟာ မြင်နေတဲ့အခိုက်အတန့်မှာ အဲဒီမြင်နေဆဲ ရုပ်နာမ်အာရုံအပေါ် ငါ့ဥစ္စာလို့ သိမ်းပိုက်တဲ့စိတ် မရှိတော့ပါဘူး။ အဲဒီ ရုပ်နာမ်အပေါ် မှာ ငါ့ကိုချစ်တဲ့စိတ် မရှိတော့ပါဘူး။

ဒါ့ကြောင့် ငါ့ကိုမချစ်တဲ့စိတ်ကို လိုချင်တယ်ဆိုရင် ကြံသမျှ၊ ဆုံသမျှ အာရုံတိုင်း၊ မြင်သမျှ၊ ကြားသမျှ၊ နံသမျှ၊ စားသမျှ၊ ထိသမျှ၊ သိသမျှ အာရုံတိုင်းကို သတိပဋ္ဌာန်ဝိပဿနာနည်းနဲ့ ရှုမှတ်ကြရမယ်။

မြင်လို့ရှိရင် 'မြင်တယ်'၊ ကြားလို့ရှိရင် 'ကြားတယ်'၊ နံလို့ရှိရင် 'နံတယ်'၊ စားလို့ရှိရင် 'စားတယ်'၊ ထိလို့ရှိရင် 'ထိတယ်'၊ တွေးလို့ရှိရင်

http://www.dhammadownload.com

'တွေးတယ်' စသည်အားဖြင့်ပေါ့နော်။ ဒါ မိမိတို့ ဆရာသမားများက လည်း ညွှန်ကြားထားပြီးသားဆိုတော့ ရှုနည်းကတော့ သိပ်အသေး စိတ် ပြောစရာမလိုတော့ပါဘူး။ ဦးဇင်းရဲ့ တခြားတရားတွေ၊ တခြား စာအုပ်တွေမှာလည်း ပါပြီးသားပါပဲ။

အဲဒီတော့ သတိပဋ္ဌာန် ဝိပဿနာ ရှုမှတ်ပွားများ အားထုတ် နေမယ်ဆိုရင် ငါ့ကိုမချစ်တဲ့စိတ်ဓာတ်တွေ အားကောင်းလာမှာပါပဲ။ ဝိပဿနာဆိုတာကတော့ အထွတ်အထိပ်အနေနဲ့ ပြောတာပေါ့။ အ သေချာဆုံး အကောင်းဆုံးအနေနဲ့ ပြောတာပါ။

ဒါန၊ သီလ၊ သမထ အလုပ်တွေ၊ ဝေယျာဝစ္စ၊ တရားဟော၊ တရားနာစတဲ့ ကုသိုလ်အလုပ်တွေကလည်း ငါ့ကိုမချစ်တဲ့ စိတ်ဓာတ် ကို သူ့အတိုင်းအတာနဲ့သူ ဖြစ်စေနိုင်တာပါပဲ။

ငါ့ဥစ္စာ၊ ငါ့ဥစ္စာလို့ စွဲလမ်းနေတဲ့ပုဂ္ဂိုလ်က ဒါနကောင်းမှု ပြုဖြစ်မှာ မဟုတ်ပါဘူး။ ဒါနဆိုတာ ကိုယ်ပိုင်ဆိုင်တဲ့ ပစ္စည်းကို ကိုယ် ပိုင်အဖြစ်ကနေ အာလယပြတ် စွန့်လွှတ်လိုက်တာပါ။ ဒါကြောင့် ဒါန ကောင်းမှု ပြုနေခြင်းအားဖြင့် ငါ့ဥစ္စာ ငါ့ဥစ္စာဆိုတဲ့ အစွဲကိုလည်း ဖြုတ်ပြီးသားဖြစ်နေပါတယ်။ သူ့အတိုင်းအတာနဲ့သူ ပယ်သတ်ပြီးသား ဖြစ်နေပါတယ်။ ဒါကြောင့် ဒါနကောင်းမှု ပြုခြင်းအားဖြင့်လည်း ငါ့ ကိုမချစ်တဲ့စိတ် ရအောင် ကြိုးစားရမယ်။

သီလကောင်းမှု ပြုတဲ့ပုဂ္ဂိုလ်ကလည်း ငါ့ကို မချစ်တဲ့စိတ် သူ့အတိုင်းအတာနဲ့သူ ရတာပါပဲ။ ခြင်ကိုက်လာလို့ ခြင်ကို ဖျတ်ခနဲ ရိုက်တယ်ဆိုတာ ငါ့ကိုချစ်လို့ ရိုက်တာပါ။ 'ငါ့လက်မောင်းကို ကိုက် တယ်၊ ငါ့သွေးတွေ စုပ်တယ်' ဆိုပြီးတော့ 'ငါ့လက်မောင်း'၊ 'ငါ့သွေး'

http://www.dhammadownload.com

ဆိုတဲ့ ငါ့အစွဲကြောင့် ခြင်ကို ရိုက်ဖြစ်တာနော်။

အဲဒီတော့ သီလမလုံဘူး ဆိုတာလည်း ငါ့ကို ချစ်လို့ပါပဲ။ ဒါကြောင့် သီလကို လုံအောင်စောင့်ထိန်းလိုက်မယ်ဆိုရင် ငါ့ကိုချစ်တဲ့ စိတ်တွေ ပါးပါးသွားပါမယ်။ ကျန်တဲ့ သီလတွေ၊ တခြား သိက္ခာပုဒ်တွေ လည်း နည်းတူပဲပေ့ါ။

သမထကုသိုလ်ကောင်းမှုလည်းပဲ ဒီအတိုင်းပါပဲ။ ကိုယ်အား သန်ရာ အာရုံလေးတစ်ခုခုမှာ စိတ်ကလေး စွဲစွဲမြဲမြဲ တည်အောင်ထား တယ်ဆိုရင် မြင်သမျှ၊ ကြားသမျှ အာရုံတွေနဲ့ပတ်သက်လို့လည်း ငါ့ကို ချစ်တဲ့စိတ် မပေါ်တော့ပါဘူး။

သမထဆိုတာက အာရုံကို ရှောင်တဲ့သဘောရှိတယ်။ မြင်တဲ့ စိတ်ကို မြင်ကာမျှနဲ့ရပ်ထားပြီးတော့ မြင်တာနဲ့ပတ်သက်လို့ မတွေး တော့ဘဲနဲ့ ကိုယ်ထားနေကျအာရုံမှာ စိတ်ကိုထားလိုက်တယ်။

ဥပမာ - ဝင်လေထွက်လေကို သမထပုံစံနဲ့ ရှုနေတဲ့သူက လည်း ကိုယ့်ဝင်လေထွက်လေလေးကိုပဲ ရှုမှတ်နေလိုက်တယ်။ ဂုဏ် တော်ပွားနေတဲ့သူကလည်း ဘာမြင်မြင်၊ ဘာကြားကြား ကိုယ့်ဂုဏ် တော်လေးပဲ ပွားနေတယ်။ မေတ္တာပို့နေကျသူကလည်း ဘာမြင်မြင်၊ ဘာကြားကြား မေတ္တာလေးပဲ ပို့နေတယ်။ ကိုယ့် သမထအာရုံလေးနဲ့ ဆိုတော့ မြင်သမျှ၊ ကြားသမျှ၊ ကြုံသမျှ၊ ဆုံသမျှ အာရုံတွေနဲ့ ပတ်သက် ပြီးတော့ ငါ့ဥစ္စာဆိုတဲ့အစွဲ မဖြစ်တော့ဘူး။

ဒါကြောင့် သမထကမ္မဋ္ဌာန်းကို မိမိနှစ်သက်ရာ သမထကမ္မ ဋ္ဌာန်း တစ်ခု၊ နှစ်ခု၊ သုံးလေးခု၊ ကြိုက်နှစ်သက်ရာကို စွဲစွဲမြဲမြဲ အားထုတ် နေခြင်းဟာလည်း ငါ့ကို မချစ်တဲ့စိတ်ကို တဖြည်းဖြည်းချင်း ရင့်ကျက်

http://www.dhammadownload.com

လာစေနိုင်ပါတယ်။ အကောင်းဆုံးကတော့ ဝိပဿနာအလုပ်ပါပဲ။

အဲဒီတော့ ငါ့ကိုမချစ်တဲ့စိတ်ဓာတ်ကို ရချင်တယ်ဆိုရင် ဝိပဿနာကို အထွတ်အထိပ်ထားပြီးတော့ ဒါန၊ သီလ၊ သမထ၊ ဝိပ-ဿနာ ကုသိုလ်ကောင်းမှုလေးမျိုးလုံးကို ကြိုးစားအားထုတ်ရပါမယ်။

■

http://www.dhammadownload.com

## ဘုန်းကြီးတစ်မတ်သူသုံးမတ်

'ငါ့ကိုမချစ်ပါနဲ့' ဆိုတဲ့ စကားရပ်လေးက ချဲ့ထွင်ပြီးတော့ စဉ်းစားဦးမယ် ဆိုရင်တော့ အဓိပ္ပာယ်တွေ အများကြီးရှိပါတယ်။ အချိန်က မရတော့လို့ သိပ်တော့ မပြောတော့ဘူး။ နည်းနည်းလေး ပြောပြရမယ်ဆိုရင် . . . .

ခုန ရှေးဆရာတော်ကြီး ပြောခဲ့တဲ့ ဓမ္မပုံပြင်မှာ တိုက်ရိုက်ဆို ထားတာကတော့ ငါ့ကိုမချစ်ပါနဲ့ဆိုတာ 'ငါ့ပစ္စည်း၊ ငါ့ဉစ္စာ၊ ငါ့လူ၊ ငါ့ချစ်သူဆိုတဲ့ အစွဲမထားပါနဲ့' လို့ အဓိပ္ပာယ်ရပါတယ်။

တခြားအဓိပ္ပာယ်တွေအနေနဲ့ 'ငါ့ကိုမချစ်ပါနဲ့' ဆိုတာ 'ငါ့အကျိုး၊ ငါ့စီးပွား ဖြစ်ရင်ပြီးရော၊ ငါ့အတွက်၊ ငါ့ဖို့ ရရင် ပြီးရောဆိုတဲ့ တစ်ကိုယ်ကောင်းဆန်တဲ့ စိတ်ဓာတ်မျိုးတွေလည်း မမွေးမြူပါနဲ့' ဆိုတဲ့အဓိပ္ပာယ်လည်း ယူလို့ရတယ်နော်။

ကိုယ်ဉာဏ်ရှိသလို ချဲ့ထွင်ပြီးတော့ ယူလို့ရတယ်။ ငါ့အကျိုး၊

http://www.dhammadownload.com

ငါ့စီးပွား၊ ငါ့အတွက်၊ ငါ့ဖို့ဆိုတဲ့ ဒီလို 'ငါ့စိတ်ဓာတ်' မျိုးလည်း မရှိပါစေနဲ့။

ပင်မအနေနဲ့ကတော့ ခုန ငါ့ပစ္စည်း၊ ငါ့ဥစ္စာဆိုတဲ့ အစွဲနဲ့ သဘောချင်း အတူတူပါပဲ။ ငါ့ပစ္စည်း၊ ငါ့ဥစ္စာဆိုတဲ့အစွဲ ရှိလို့လည်း ငါ့အကျိုး ငါ့စီးပွားဖြစ်ရင်ပြီးရော၊ ငါ့အတွက်၊ ငါ့ဖို့ ကျန်ရင်ပြီးရောဆိုတဲ့ စိတ်ဓာတ်မျိုး ဖြစ်လာတာပါ။

ဒါကြောင့် စီးပွားရေးပဲလုပ်လုပ်၊ လူမှုရေးပဲလုပ်လုပ်၊ ဘာသာရေးပဲလုပ်လုပ်၊ သာသနာရေးပဲလုပ်လုပ်၊ ဘာအရေးကိစ္စတွေကိုပဲ လုပ်လုပ် ငါ့အတွက်ကောင်းရင် ပြီးရောဆိုတဲ့ တစ်ကိုယ်ကောင်းဆန်တဲ့ စိတ်ဓာတ်မျိုး မမွေးမြူပါနဲ့၊ ဒီ အဓိပ္ပာယ်ကိုလည်း ယူပြီးတော့ 'ငါ့ကို မချစ်ပါနဲ့' အသုံးအမကို လိုက်နာကျင့်သုံးလို့ရပါတယ်။

စီးပွားရှာတယ်ဆိုမှတော့ ကိုယ့်အတွက် အမြတ်အစွန်း ကျန်အောင်တော့ လုပ်ရမှာပဲပေါ့။ အမြတ်မကျန်ဘဲနဲ့တော့ ဘယ်သူမှ စီးပွားရေးလုပ်ကြမှာလည်း မဟုတ်ပါဘူး။ သို့သော် ယူသင့်ယူထိုက်တဲ့ အကျိုးအမြတ်ကိုပဲ ယူကြရမယ်။

ယူသင့်ယူထိုက်တဲ့အကျိုးအမြတ်ထက် ပိုပြီးတော့ ယူတယ်ဆိုရင် ဒါ တစ်ကိုယ်ကောင်းဆန်တာ ဖြစ်သွားပြီ။ အမြတ်ကြီးစားတာ ဖြစ်သွားပြီ။ အဲဒါကို စာထဲမှာ မိစ္ဆာဇီဝလို့ ဆိုထားပါတယ်။

ပစ္စည်းဝတ္ထုဘယ်လောက်ပဲ သန့်စင်သန့်စင် သူများဆီက အနုနည်းနဲ့ပဲဖြစ်ဖြစ်၊ အကြမ်းနည်းနဲ့ပဲဖြစ်ဖြစ်၊ အတင်းအဓမ္မ ဟုတ်ဟုတ် မဟုတ်ဟုတ် ယူသင့်ယူထိုက်တဲ့ အမြတ်အစွန်းထက် ယူလို့ရှိရင် မိစ္ဆာဇီဝ ဖြစ်ပါတယ်။

http://www.dhammadownload.com

ဆိုပါတော့၊ တစ်ရာပဲ အမြတ်ယူရမယ့် ပစ္စည်းဥစ္စာတစ်ခုကို တစ်ရာ့ငါးဆယ်၊ နှစ်ရာအမြတ်ယူရောင်းတယ်ဆိုရင် အဲဒါမိစ္ဆာဇီဝဖြစ်သွားတယ်နော်။

ဒါကြောင့် 'ငါ့ကိုမချစ်ပါနဲ့' ဆိုတာ ငါ့အတွက် အမြတ်ကျန်ရင်ပြီးရောဆိုပြီးတော့ မတရားအမြတ်ကြီး စားတာကြီးလည်း မလုပ်ပါနဲ့၊ တစ်ကိုယ်ကောင်းမဆန်ပါနဲ့လို့ ဒီလိုလည်း အဓိပ္ပာယ်သက်ရောက်ပါတယ်။

ယူသင့်ယူထိုက်တဲ့ အမြတ်ကတော့ ယူရမှာပေ့ါနော်။ ယူသင့်ယူထိုက်တဲ့အမြတ် ယူထားပါရက်နဲ့ ဈေးသည်အများစုကတော့ ဘယ်လိုပြောတတ်ကြတုံး။ 'အရင်းအတိုင်းပဲ ပေးလိုက်ပါတယ်' တဲ့။ ပြောတတ်တယ်နော်။ တချို့ဆိုရင် 'ကျွန်မ အရင်းတောင် မကျန်ဘူး' လို့ ပြောတတ်ကြပါသေးတယ်။

အရင်းတောင် မကျန်ဘဲနဲ့တော့ ဘယ်သူမှ ရောင်းမှာ မဟုတ်ပါဘူးနော်။ အဲဒီတော့ ယူသင့်ယူထိုက်တဲ့ အမြတ်အစွန်းလေးတော့ ယူပါ။ ဒါပေမဲ့ တရားလွန်အမြတ်ကြီးစားတော့ မဖြစ်စေနဲ့။ ဒါလည်းပဲ 'ငါ့ကို မချစ်ပါနဲ့' စကားရပ်ရဲ့ လျှို့ဝှက်နက်နဲတဲ့ အဓိပ္ပာယ်တစ်ခုပါပဲ။

အများအကျိုးပြု လူမှုရေးလုပ်ငန်းတွေ၊ သာသနာပြုလုပ်ငန်းတွေ လုပ်ကြတဲ့အခါမှာလည်း ဒီအတိုင်းပဲပေ့ါ။ ငါ့အကျိုး၊ ငါ့စီးပွားဖြစ်ဖို့၊ ငါ့အတွက်၊ ငါ့ဖို့ကျန်ဖို့၊ ငါ့အိတ်ဖောင်းဖို့ဆိုတဲ့ ဒီလိုစိတ်မျိုးနဲ့ မလုပ်ကြရဘူး။

လူမှုရေးလုပ်ငန်းတွေ၊ သာသနာပြုလုပ်ငန်းတွေ လုပ်ကြတဲ့ အခါမှာလည်း တချို့က အများအကျိုးကို ဗန်းပြပြီးတော့ ငါ့အိတ်

http://www.dhammadownload.com

ဖောင်းဖို့ဆိုတဲ့ စိတ်ဓာတ်နဲ့လုပ်ကြတာလည်း ရှိတယ်နော်။ အိတ်ဖောင်းရင် စိတ်ပြောင်းတယ်ဆိုတဲ့ စကားလည်းရှိတယ်။ အိတ်ဖောင်းရင်လည်း စိတ်ပြောင်းတတ်သလို အိတ်ဖောင်းချင်ရင်လည်း စိတ်ပြောင်းတတ်ပါတယ်။

'ငါ့အိတ်ဖောင်းဖို့' ဆိုတဲ့ စိတ်ကလေး ဝင်လာပြီဆိုတာနဲ့ တစ်ပြိုင်နက် သူတော်ကောင်းစိတ်တွေ ပျောက်ပြီးတော့ မသူတော်စိတ်တွေ ပေါ်လာတတ်ပါတယ်။

'ငါ့အိတ်ဖောင်းရင် ပြီးရော၊ ရိုးရိုးအကုသိုလ်မကလို့ မဟာအကုသိုလ်ပဲဖြစ်ဖြစ်၊ ရှယ်အကုသိုလ်ပဲဖြစ်ဖြစ်'

'ဘုရားပစ္စည်းသော၊ ဘုန်းကြီးပစ္စည်းသော နားမလည်ဘူး၊ တို့ကတော့ စားရမှာပဲ၊ ဝါးမှာပဲ' ဆိုတဲ့ သူယုတ်မာစိတ်ဓာတ်၊ အောက်တန်းစားစိတ်ဓာတ်တွေဟာ 'ငါ့အကျိုး'၊ 'ငါ့စီးပွား'ဆိုတဲ့ ငါ့ကိုချစ်တဲ့စိတ် ထုထည်ကြီးမားလွန်းလို့ ဖြစ်ရတာပါ။

အထူးသဖြင့်တော့ အများအကျိုးပြု၊ အများနဲ့ သက်ဆိုင်တဲ့ လူမှုရေး၊ သာသနာရေးလုပ်ငန်းတွေ လုပ်တဲ့အခါမှာ အဲဒီ ငါ့ကိုမချစ်တဲ့ စိတ်ဓာတ်ရှိဖို့ အင်မတန်အရေးကြီးပါတယ်။

ဒါလောက်ပြောလိုက်ရင်တော့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ ချဲ့ထွင်ပြီး သဘောပေါက်မှာပါနော်။ ပြောရင်းနဲ့ ခေါင်းထဲပေါ်လာတဲ့ အဖြစ်အပျက်လေးတစ်ခုတော့ ပြောချင်တယ်။ ဒါ သင်ခန်းစာယူဖို့ပါ၊ သူများ အတင်းပြောတာ မဟုတ်ပါဘူးနော်။

ဘုန်းကြီးကျောင်း တစ်ကျောင်းက အမှုဆောင် လူကြီးတစ်ယောက် တစ်ခါတော့ မင်္ဂလာဆောင်တစ်ခုမှာ ကော်ဇောတစ်ချပ်

http://www.dhammadownload.com

လက်ဖွဲ့တယ်တဲ့။ အဲဒါ သတို့သားနဲ့ သတို့သမီးက ညရောက်တော့ လက်ဖွဲ့ပစ္စည်းတွေ စစ်ဆေးကြ၊ စာရင်းတွေပြုစုကြပေ့ါ။

ပြုစုကြတော့ အဲဒီ ကော်ဇောလိပ်ကြီး ဖြန့်လည်းကြည့်လိုက်ရော၊ ကော်ဇောလိပ်ရဲ့ နောက်ကျောဘက်မှာ သူ လှူကြီးလုပ်တဲ့ အဲဒီ ဘုန်းကြီးကျောင်းရဲ့ နာမည် ထိုးထားတာတွေ့ရတယ်တဲ့၊ ကဲ ဘယ်လို လုပ် ရောက်သွားတာတုံး။ သဘောပေါက်ပါတယ်နော်။ အသေးစိတ် မပြောပါရစေနဲ့။

အဲဒါ ဘုန်းကြီးကျောင်းက ကော်ဇောက အမှုဆောင် လူကြီး အိမ်ရောက်၊ အဲဒီ အမှုဆောင်လူကြီးက အဲဒီ ကော်ဇောမှာ ဘုန်းကြီး ကျောင်းနာမည်ထိုးထားတာ သေချာမကြည့်ဘဲနဲ့ မင်္ဂလာဆောင် သွား လက်ဖွဲ့လိုက်တော့ အရှက်တကွဲအကျိုးနည်း ဖြစ်ရတာပေ့ါ။ ဘုန်းကြီး ကျောင်းက ပစ္စည်းကို အမှုဆောင်လူကြီး ခိုးထားတာ လူသိရှင်ကြား ဖြစ်သွားတာပေ့ါ။

ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုက အင်ဂျင်နီယာ တစ်ယောက်ကို သူ့ကွယ်ရာမှာ ကုမ္ပဏီဝန်ထမ်းတွေက 'ဘုန်းကြီးတစ်မတ်' လို့ ခေါ်ကြပါသတဲ့။ ဘာလို့ခေါ်ကြတာလဲ မေးကြည့်တော့ ဘုန်းကြီး ကျောင်းတွေမှာ သူတာဝန်ယူပြီး ကျောင်းဆောက်တဲ့အခါ ကျောင်း ဒကာ၊ ကျောင်းအစ်မတွေကို စာရင်းလိမ်တင်၊ ကုန်ကျစရိတ် ပိုပြောပြီး သူ့အိတ်ထဲထည့်တာ၊ အကြံအဖန်လုပ် ခွင်ရိုက်တာ သိပ်လွန်ကဲလွန်း လို့တဲ့။ ကျောင်းဒကာ၊ ကျောင်းအစ်မက ဘုန်းကြီးကို တစ်ကျပ်လှူရင် ဘုန်းကြီးဆီ တစ်မတ်ပဲရောက်ပြီး သူ့အိတ်ကပ်ထဲ သုံးမတ်ရောက်သွား လို့ သူ့ကို 'ဘုန်းကြီးတစ်မတ်' လို့ ခေါ်တာတဲ့။

http://www.dhammadownload.com

ကဲ . . . . မှတ်ကရော. . . .။ ကောင်းကြသေးရဲ့လား။

အဲဒီလိုကိစ္စမျိုးတွေမှာ အပေါ်ယံ သာမန်ကြည့်လိုက်ရင် အလှူ့ရှင်ဆီက ခိုးတယ်လို့ ထင်ရပေမယ့် တကယ်တမ်းကျတော့ အလှူ့ရှင်ဆီက ခိုးတာမဟုတ်ပါဘူး။ ဘုန်းကြီးဆီက ခိုးတာ၊ သာသနာတော်ဆီက ခိုးတာ၊ ဘုရားဆီက ခိုးတာပါ။

အလှူ့ရှင်တွေက ဘုန်းကြီးကို၊ သာသနာတော်ကို၊ ဘုရားကိုသာ ရေစက်ချပြီး စွန့်လွှတ်လှူဒါန်းတာပါ။ ကြားဖြတ်ခွင်ရိုက်သူကို လှူဒါန်းတာ မဟုတ်ပါဘူး။ ဒါ့ကြောင့် ကြားဖြတ်ခွင်ရိုက်တဲ့သူဟာ ဘုန်းကြီးဆီက၊ သာသနာတော်ဆီက၊ ဘုရားဆီက ခိုးရာရောက်သွားပါတယ်။

ဘုန်းကြီးကို လှူတဲ့အထဲက ကြားဖြတ်ခွင်ရိုက်ရင် ဘုန်းကြီးဆီက ခိုးရာရောက်ပါတယ်။ သာသနာတော်ကို လှူတဲ့အထဲက ကြားဖြတ်ခွင်ရိုက်ရင် သာသနာတော်ဆီက ခိုးရာရောက်ပါတယ်။ ဘုရားကို လှူတဲ့အထဲက ကြားဖြတ်ခွင်ရိုက်ရင် ဘုရားဆီက ခိုးရာရောက်ပါတယ်။

လူအချင်းချင်းနဲ့ဆိုင်တဲ့ ကိစ္စတွေမှာ အကြံအဖန်ခွင်ရိုက်တတ်တဲ့ အကျင့်ဆိုးကြီးကို ရဟန်းသံဃာ၊ သာသနာနဲ့ သက်ဆိုင်တဲ့ ကိစ္စတွေမှာ သတိလက်လွတ် အသုံးမချမိဖို့ အထူးဂရုပြုရပါမယ်။ လူလူချင်း ခွင်ရိုက်တာထက် ရတနာသုံးပါးအပေါ် ခွင်ရိုက်တာက အဆမတန် ပိုပြီး ကြောက်စရာကောင်းပါတယ်။

ဒါကြောင့် ငါ့ကိုမချစ်ပါနဲ့ဆိုတာ ကိုယ့်တွက်ကိုယ့်တာ စီးပွားရေးလုပ်တဲ့အခါမှာလည်း ငါ့အကျိုးရရင်ပြီးရောဆိုတဲ့ တစ်ကိုယ်

http://www.dhammadownload.com

ကောင်းစိတ်၊ မတော်မတရားစိတ် မမွေးပါနဲ့။ အများအကျိုးပြု လူမှုရေး၊ သာသနာရေးလုပ်တဲ့အခါမှာလည်း ငါ့အိတ်ဖောင်းအောင်၊ ငါ့စီးပွားဖြစ်အောင် ဆိုတဲ့စိတ်မျိုး မမွေးပါနဲ့။ ဒီအစိပ္ပာယ်လည်း မသက်ရောက်ဘူးလား။ သက်ရောက်တယ်။ အင်မတန်ကောင်းပါတယ်နော်။

ငါ့ကိုမချစ်ပါနဲ့ = ငါ့အတွက်ချည်းပဲ မကြည့်ပါနဲ့၊ ငါ့ဖို့ချည်းပဲ မကြည့်ပါနဲ့၊ မတရားတဲ့နည်းနဲ့ ငါ့အကျိုး မရှာပါနဲ့၊ မသမာတဲ့နည်းနဲ့ ငါ့စီးပွား မရှာပါနဲ့၊ အများအကျိုး ဗန်းပြပြီး ငါ့အကျိုး လုပ်မစားပါနဲ့၊ ငါ့ချမ်းသာမှု၊ ငါ့သားမယားပြည့်စုံမှု၊ ငါ့ဆွေမျိုးကောင်းစားမှုအတွက်နဲ့ အကုသိုလ်အလုပ် မလုပ်ပါနဲ့။

■

http://www.dhammadownload.com

## လိပ်တွေးမတွေးပါနဲ့

နောက်အဓိပ္ပာယ်တစ်ခုအနေနဲ့ 'ငါ့ကိုမချစ်ပါနဲ့' ဆိုတာ အဖြစ်အပျက်တစ်ခုခု၊ ပြဿနာတစ်ခုခု ကြုံလာတဲ့အခါမှာ ငါ့အတွေးအခေါ်, ငါ့အယူအဆမှ မှန်တယ်၊ ငါ့အကြံဉာဏ်, ငါ့ဆုံးဖြတ်ချက်မှ မှန်တယ်။ ငါပြောတာမှ မှန်တယ်၊ ငါလုပ်တာမှ မှန်တယ်၊ ငါတွေးတာမှ မှန်တယ်ဆိုတဲ့ စိတ်မျိုးလည်း မမွေးပါနဲ့ဆိုတဲ့ အဓိပ္ပာယ် သက်ရောက်ပါတယ်။

တချို့က အဖြစ်အပျက်တစ်ခုခု၊ အများနဲ့ သက်ဆိုင်တဲ့ ပြဿနာ တစ်ခုခုဖြစ်လာပြီဆိုရင် ငါ့အတွေးအခေါ်၊ ငါ့အယူအဆမှ မှန်တယ်၊ ငါ့အကြံဉာဏ်၊ ငါ့ဆုံးဖြတ်ချက်မှ မှန်တယ်၊ ငါ့အယူအဆအတိုင်းလုပ်၊ ငါ့ဆန္ဒအတိုင်းလုပ်၊ ငါ့ရည်ရွယ်ချက်အတိုင်းလုပ်၊ ဒီလိုပြောတတ်ကြတယ်။ အဲဒီလို စိတ်မျိုးလည်း မမွေးပါနဲ့တဲ့။

ကိုယ့်ကိုယ်ရေးကိုယ်တာနဲ့ သက်ဆိုင်တဲ့ ကိစ္စဆိုရင်တော့

http://www.dhammadownload.com

ငါ့ အတွေးအခေါ်၊ ငါ့အယူအဆမှ မှန်တယ်။ ငါ့အကြံဉာဏ်၊ ငါ့ဆုံးဖြတ်ချက်မှ မှန်တယ်ဆိုတဲ့စိတ်နဲ့ လုပ်ချင်လုပ်ပေါ့။ သူတစ်ပါးရဲ့ ကိုယ်ရေးကိုယ်တာနဲ့ သက်ဆိုင်တဲ့ကိစ္စဆိုရင်တော့ ငါ့အတွေးအခေါ်၊ ငါ့အယူအဆမှ မှန်တယ်၊ ငါ့အကြံဉာဏ်၊ ငါ့ဆုံးဖြတ်ချက်မှ မှန်တယ်ဆိုတဲ့ စိတ်မျိုး မမွေးပါနဲ့။ ငါ့ဆန္ဒအတိုင်းပဲ သူတစ်ပါးဖြစ်ရမယ်ဆိုတဲ့ စိတ်မျိုး မမွေးပါနဲ့၊ အဲဒီ အဓိပ္ပာယ်ရော ယူလို့မရဘူးလား။ ရပါတယ်။

မိဘနဲ့သားသမီးကြားမှာပဲ ဖြစ်ဖြစ်၊ ဆရာနဲ့တပည့်ကြားမှာပဲ ဖြစ်ဖြစ်၊ ညီအစ်ကို မောင်နှမအချင်းချင်း၊ မိတ်ဆွေအပေါင်းအသင်း အချင်းချင်းကြားမှာပဲဖြစ်ဖြစ် အဲဒီလို 'ငါ့အယူ၊ ငါ့အတွေးမှ မှန်တယ်' ဆိုတဲ့ 'ငါ့စွဲ' စိတ်ဓာတ်မျိုး မရှိအောင် သတိထား ဆင်ခြင်ကြဖို့လိုအပ်ပါတယ်။

မိဘက သားသမီးကို ပြောတဲ့ စကားတိုင်းလည်း မှန်ချင်မှ မှန်တာပါ။ ဘာလို့လဲဆိုတော့ မိဘလည်း မှားတတ်တဲ့ ပုထုဇဉ်ပဲကိုး။ အမှန်တရားအားလုံးကို ထိုးထွင်းသိမြင်တဲ့ သဗ္ဗညုဘုရားရှင်တွေ မဟုတ်ကြတဲ့အတွက် မိဘတွေရဲ့ သဘောထားမှန်သမျှ၊ မိဘတွေရဲ့ ပြောစကားမှန်သမျှ အားလုံး အမှန်တွေချည်းပဲလို့ ပြောလို့ မရပါဘူး။

မိဘက မှန်ပြီး သားသမီး မှားတာရှိနိုင်သလို သားသမီးက မှန်ပြီး မိဘက မှားနေတာမျိုးလည်း ရှိနိုင်တာပါပဲ။ မိဘနဲ့ သားသမီး ထိပ်တိုက်တွေ့ရင် မိဘကသာ အမြဲတစေ မှန်တယ်ဆိုတာ သဘာဝ မကျပါဘူး။ ဒီတော့ ဘယ်လိုကိစ္စရပ်မျိုးမှာပဲဖြစ်ဖြစ်၊ အပြန်အလှန် နားလည်မှုရှိဖို့၊ အပေးအယူမျှတဖို့၊ ကိုယ့်ကိစ္စ တိုက်ရိုက်မဟုတ်ရင် ကိုယ့်ဆန္ဒကို အလျှော့ပေးပြီး သူ့ဆန္ဒကို အသိအမှတ်ပြု လက်ခံတတ်ဖို့

http://www.dhammadownload.com

ကိုယ့်ဆန္ဒနဲ့ မကိုက်တိုင်း အပြစ်တင်ကဲ့ရဲ့တာမျိုး၊ ရန်ငြိုးဖွဲ့ အမုန်းကြီး တာမျိုး မဖြစ်ဖို့ အထူးလိုအပ်ပါတယ်။

နေရာတကာမှာ 'ငါ့အယူအဆမှ အမှန်၊ ငါ့ဆန္ဒမှ အမှန်' ဆိုတဲ့ စိတ်မျိုးရှိနေရင် အဲဒီလူဟာ ဘယ်တော့မှ စိတ်ချမ်းသာမှု မရနိုင်ပါဘူး။ အမြဲစိတ်ဆင်းရဲနေရမှာပါ။ ဘယ်သူနဲ့မှလည်း သဟဇာတ မဖြစ်တဲ့အတွက် နောက်ဆုံးမှာ ပတ်ဝန်းကျင်ရဲ့ အပစ်ပယ်ခံရပြီး အထီးကျန် ဝေဒနာကို အကျည်းတန်စွာ ခံစားရင်း ခြောက်ခြောက် သွေ့သွေ့နဲ့ ဘဝနိဂုံး ချုပ်ရတတ်ပါတယ်။

ဒါ့ကြောင့် ကိုယ့်ဘက်ကိုပဲ အမြဲယက်တွေးတတ်တဲ့ 'လိပ်စိတ် ဓာတ်' မျိုးကို အတတ်နိုင်ဆုံး လျှော့ပါ။ စိတ်လျှော့မှ စိတ်လျော့မယ်။ စိတ်လျော့မှ စိတ်ပေါ့ပြီး လွတ်လပ်အေးချမ်းမယ်။ သာယာပျော်ရွှင် မယ်။ ဟုတ်တယ်ဟုတ် . . . . ။

'ငါ့ကို မချစ်ပါနဲ့' ဆိုတာ 'ငါ့ဆန္ဒမှ အမှန်၊ ငါ့အကြံမှ အကောင်း ဆိုတဲ့ အတ္တစွဲကြီးမားတဲ့စိတ်မျိုး လုံးဝ မမွေးမြူပါနဲ့' ဆိုတဲ့ အဓိပ္ပာယ်မျိုးလည်း ယူဆလို့ ရပါတယ်။ အဲဒီအဓိပ္ပာယ်မျိုး ယူဆပြီး အဲဒီအဓိပ္ပာယ်နဲ့အညီ လိုက်နာကျင့်သုံးလို့ရပါတယ်။ ဘယ်လောက် ကောင်းလိုက်တဲ့ အဆုံးအမလေးလဲနော် . . . . ။ ဦးဇင်းတော့ သိပ် ကြိုက်တာပဲ . . . . ။

'ငါ့ကိုမချစ်ပါနဲ့' ဆိုတဲ့ စကားရပ်က အဓိပ္ပာယ်တွေ အများ ကြီး ယူလို့ရပါတယ်။ အကြောင်းအရာ အဖြစ်အပျက်တွေ ကြုံရင် ကြုံလာသလို၊ အခြေအနေ အချိန်အခါအားလျော်စွာ 'ငါ့ကိုမချစ်ပါနဲ့' ဆိုတဲ့ အဆုံးအမလေးကို ကိုယ်ဉာဏ်ရှိသလို ချဲ့ထွင်အသုံးပြုပြီးတော့

http://www.dhammadownload.com

လိုက်နာကျင့်သုံးနိုင်ပါတယ်။

အဲဒီတော့ ငါ့ဆန္ဒ၊ ငါ့အယူအဆ၊ ငါ့ဆုံးဖြတ်ချက်မှ မှန်တယ်ဆိုတဲ့ ငါကိုချစ်တဲ့စိတ်မျိုးကိုလည်း ပယ်သတ်နိုင်အောင် ကြိုးစားပါ။ သူ့ဆန္ဒ၊ ကိုယ့်ဆန္ဒ နှစ်ဖက်မျှအောင် ကြည့်တတ်တဲ့စိတ်မျိုး မွေးရမှာပေါ့။

ငါ့အတွက် အကျိုးရှိရင်ပြီးရော၊ ငါ့အိတ်ဖောင်းရင်ပြီးရော ဆိုတဲ့ ငါကိုချစ်တဲ့ စိတ်မျိုးကိုလည်း ပယ်သတ်နိုင်အောင် ကြိုးစားပါ။ ကိုယ့်ကြောင့် သူ့အကျိုးစီးပွား မထိခိုက်အောင်၊ မသမာတဲ့ စီးပွားတိုးနည်းတွေနဲ့ ကိုယ့်မှာ အကုသိုလ် မတိုးအောင် ကိုယ့်စိတ်ကိုယ် ပြုပြင်ရမှာပေါ့။

သက်ရှိသက်မဲ့ အာရုံတွေ၊ မြင်သမျှ၊ ကြားသမျှအာရုံတွေကို ငါ့ပစ္စည်း၊ ငါ့လူလို့ သတ်မှတ်သိမ်းပိုက်တဲ့ ငါကိုချစ်တဲ့စိတ်ကိုလည်း ပယ်သတ်နိုင်အောင် ကြိုးစားပါ။ တွေ့ကြုံသမျှအာရုံတိုင်းကို ရုပ်နာမ် ဖြစ်ပျက်ပဲလို့ သိမြင်နိုင်တဲ့ ဝိပဿနာဉာဏ် ရင့်သန်လာအောင် သတိပဋ္ဌာန်တရား လက်ကိုင်ထားရမှာပေါ့။

■

http://www.dhammadownload.com

## ကျေးဇူးရှင်ဆရာဆရာမများ၏ကျေးဇူးတရားကို ဤတရားဖြင့်ကျေးဇူးဆပ်ပါ၏

ဒီနေ့ဟောတဲ့ တရားပွဲက ဦးဇင်းကို ငယ်စဉ်တုန်းက ပညာသင်ကြားပေးခဲ့ကြတဲ့ ကျေးဇူးရှင် ဆရာ ဆရာမများကို ကျေးဇူးဆပ်တဲ့အနေနဲ့ ဟောတဲ့တရားပွဲ ဖြစ်ပါတယ်။ ငယ်စဉ်တုန်းက ဦးဇင်းကို တိုက်ရိုက် စာပေသင်ကြားပေးခဲ့ကြတဲ့ ကျေးဇူးရှင် ဆရာ ဆရာမတွေကိုရော၊ တိုက်ရိုက် ပညာသင်ကြား မပေးခဲ့သော်လည်း အထက(၁)မှာ ဦးဇင်းနေစဉ်တုန်းက တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ ဆရာ ဆရာမတွေကိုရောပေါ့။

ဦးဇင်းကို တိုက်ရိုက်ပညာသင်ကြားပေးမှ ဦးဇင်းရဲ့ ကျေးဇူးရှင် ဆရာ ဆရာမ မဟုတ်ဘူး။ ဦးဇင်းကို တိုက်ရိုက် စာပေသင်ကြားမပေးပေမယ့် အထက(၁)မှာ ဦးဇင်းနေစဉ်တုန်းက အထက(၁)မှာ တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ ဆရာ ဆရာမတွေလည်း ဦးဇင်းရဲ့ ကျေးဇူးရှင်တွေပါပဲ။

http://www.dhammadownload.com

အဲဒီ ဆရာ ဆရာမတွေသာ မရှိဘူးဆိုရင် အထက(၁)ဆို တာလည်း မရှိနိုင်ဘူး။ အထက(၁)ဆိုတဲ့ ကျောင်းလုပ်ငန်းတစ်ခု လည်ပတ်ရပ်တည်ဖို့အတွက် ဦးဇင်းကို သင်ကြားပေးခဲ့ကြတဲ့ ဆရာ ဆရာမတွေနဲ့ ချည်းပဲ မဖြစ်ပါဘူး။ တခြား ဆရာ ဆရာမတွေလည်း ရှိရပါတယ်။

ဒါ့ကြောင့် အထက(၁)မှာ ဦးဇင်းက ပညာသင်ကြားဖို့ဆိုတာ က တိုက်ရိုက်ပညာသင်ကြားမပေးတဲ့ ဆရာဆရာမတွေလည်း ရှိနေ မှုဖြစ်တဲ့အတွက် ဦးဇင်း အထက(၁)မှာ နေစဉ်တုန်းက ဦးဇင်းကို တိုက်ရိုက် ပညာသင်ကြား မပေးခဲ့တဲ့ ဆရာ ဆရာမများကလည်း ဦးဇင်းရဲ့ ကျေးဇူးရှင်တွေချည်းပါပဲ။

ဦးဇင်း ဒီကျောင်းမှာ မနေစဉ်တုန်းက ဆရာ ဆရာမများ ရော၊ ဦးဇင်း ဒီကျောင်းက ထွက်သွားပြီးတဲ့နောက်ပိုင်း ဒီကျောင်းမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဆရာ ဆရာမများရော ထိုနည်းတူပါပဲ။ အဲဒီ ဆရာ ဆရာမတွေ ရှိနေခဲ့လို့၊ ရှိနေကြလို့သာ အထက (၁)ကြီး တည်မြဲနေတာ ဖြစ်ပါတယ်။ အထက(၁) တည်မြဲနေလို့ အခုလို တရားဓမ္မ ဟောကြားပြီးတော့ ကျေးဇူးရှင် ဆရာ ဆရာမများကို ကျေးဇူးဆပ်ခွင့် ရတာဖြစ်ပါတယ်။

ဆရာ ဆရာမတွေပဲလား ဆိုတော့ မဟုတ်ဘူးပေါ့။ ရေနံ ချောင်းမြို့မှာရှိတဲ့ မြို့သူ မြို့သားအားလုံးလည်းပဲ ဦးဇင်းရဲ့ ကျေးဇူးရှင် တွေချည်းပါပဲ။ ဦးဇင်းနဲ့ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ ဦးဇင်း အပေါ် ကျေးဇူးပြုခဲ့ဖူးသည်ဖြစ်စေ၊ ကျေးဇူးမပြုခဲ့ဖူးသည်ဖြစ်စေ၊ ကျေးဇူးရှင်တွေချည်းပါပဲ။

http://www.dhammadownload.com

ဘာလို့လဲဆိုတော့ ရေနံချောင်းမြို့သူ မြို့သားတွေ ရှိနေလို့သာ ရေနံချောင်းမြို့လေးလည်း ရှိပြီးတော့ ဦးဇင်းလည်း ရေနံချောင်းမြို့မှာ နေလို့ရတာ၊ ရေနံချောင်းမြို့မှာ ဦးဇင်း နေခွင့်ရခဲ့တာဟာ ရေနံချောင်း မြို့သူ မြို့သားတွေ ရှိနေလို့ နေခွင့်ရခဲ့တာဖြစ်တဲ့အတွက် ရေနံချောင်း မြို့သူ မြို့သားများအားလုံးဟာလည်း ဦးဇင်းရဲ့ ကျေးဇူးရှင်တွေချည်းပါပဲ။

ဒါ့ကြောင့် ဦးဇင်းအပေါ် ကျေးဇူးရှိခဲ့တဲ့၊ ကျေးဇူးရှိနေတဲ့ အထက (၁)က ကျောင်းဆရာ ဆရာမများအားလုံးကိုရော၊ ရေနံချောင်းမြို့သူအားလုံးကိုရော တရားဓမ္မနဲ့ ကျေးဇူးဆပ်တဲ့အနေနဲ့ ဒီနေ့ ဓမ္မဒါန တရားအလှူ ပေးလှူရခြင်း ဖြစ်ပါတယ်။

ကိုယ့်ကို ပညာသင်ကြားပေးခဲ့တဲ့ ဆရာ ဆရာမတွေရဲ့ ကျေးဇူး ဆိုတာက တစ်သက်လုံး မမေ့အပ်ဘူး။

အခု လောလောဆယ်မှာ လေ့လာဖတ်ရှုနေတဲ့ ပိဋကတ်စာပေတွေ၊ ဦးဇင်းရေးသားနေတဲ့ စာပေတွေ၊ ဦးဇင်းဟောပြောနေတဲ့ စာပေတွေကတော့ အထက(၁)က ဆရာ ဆရာမတွေ သင်ပေးလိုက်တဲ့ စာပေ၊ သင်ပေးနေတဲ့စာပေ မဟုတ်ပါဘူး။ ဆရာတော် သံဃာတော်တွေ သင်ပေးလိုက်တဲ့ စာပေဖြစ်တယ်။ ကိုယ်ကိုယ်တိုင် လေ့လာဖတ်ရှုနေရတဲ့ စာပေတွေဖြစ်ပါတယ်။

ဒါပေမဲ့ အဲဒီ မြတ်စွာဘုရားဟောကြားထားတဲ့ ပိဋကတ်စာပေတွေ လေ့လာနိုင်ဖို့ဆိုတာကလည်း ငယ်ငယ်တုန်းက ဆရာ ဆရာမတွေက ဦးဇင်းကို ပညာသင်ကြားမပေးလိုက်ဘဲနဲ့ လေ့လာလို့ ရပါ့မလား။ မရနိုင်ဘူး။

http://www.dhammadownload.com

'ဝလုံး' လေးတောင်မသိဘဲနဲ့ 'ဇဝံ မေ သုတံ' ဖတ်လို့ရပါ့မလား။ မရနိုင်ဘူး။ ကကြီး ခခွေး သင်ပုန်းကြီးတောင် မသိဘဲနဲ့ မြတ်စွာဘုရား ဟောထားတဲ့ ပိဋကတ်စာပေတွေ လေ့လာဖတ်ရှုလို့ ဘယ်လိုနည်းနဲ့မှ မရနိုင်ပါဘူး။ ဒါ့ကြောင့် အခုလောလောဆယ် ဖတ်ရှုနေတဲ့ ပိဋကတ်စာပေတွေဟာ ဦးဇင်းငယ်ငယ်တုန်းက ဆရာ ဆရာမတွေ၊ သူငယ်တန်းတုန်းက ဆရာ ဆရာမတွေ သင်ပေးခဲ့တဲ့စာ မဟုတ်ပေမယ့် ဒီပိဋကတ်စာပေတွေ ဖတ်ရှုနိုင်ဖို့အတွက် မူကြိုတုန်းကဆရာ ဆရာမ၊ သူငယ်တန်းတုန်းက ဆရာ ဆရာမရဲ့ ကျေးဇူးတွေ ပါနေပါတယ်။

တိုက်ရိုက်ကြီးကို ပါနေတာနော်။ ကိုယ်ဖတ်နေတာကလည်း ကကြီးခခွေးနဲ့ လွတ်တာ ရှိရဲ့လား။ မရှိဘူး။ ကကြီး ခခွေးနဲ့ လွတ်တဲ့ ဝါကျတွေ လုံးဝမရှိဘူး။ တစ်ခုမှမရှိဘူး။ ဒါ့ကြောင့် မူကြို သူငယ်တန်းကတည်းက လက်ထပ်ပြီးတော့ ဝလုံး ကကြီး ခခွေးသင်ပေးခဲ့တဲ့ ဆရာ ဆရာမတွေကလည်း ဦးဇင်းရဲ့ ကျေးဇူးရှင်တွေပါပဲ။

ကကြီး ခခွေးတတ်ရုံနဲ့ မပြီးသေးဘူး။ ဝါကျတွေလည်း ဖတ်ရှုတတ်ဖို့ အကြောင်းအကျိုး အကောင်းအဆိုး၊ စာရဲ့သဘောအဓိပ္ပာယ်တွေ နားလည်ဖို့ဆိုတာကလည်း သူငယ်တန်း ပထမတန်းက စပြီးတော့ တစ်တန်းပြီး တစ်တန်း အဆင့်ဆင့် ဆရာ ဆရာမတွေက သင်ကြားပေးခဲ့လို့သာ အသိဉာဏ်တွေ ဗဟုသုတဉာဏ်တွေကလည်း တစ်ဆင့်ထက် တစ်ဆင့် တဖြည်းဖြည်းချင်း မြင့်တက်လာကြတာ ဖြစ်ပါတယ်။

သာသနာ့ဘောင် ဝင်ရောက်လိုက်တဲ့အတွက်ကြောင့် လော

http://www.dhammadownload.com

ကီထဲမှာ သင်ခဲ့တဲ့စာတွေကတော့ တိုက်ရိုက်အားဖြင့် ကျေးဇူးမပြု တော့ဘူးပေါ့။ သို့သော်လည်း သွယ်ဝိုက်သောအားဖြင့်တော့ ကျေးဇူးပြု နေတာပါပဲ။ တချို့အကြောင်းအရာတွေကတော့ တိုက်ရိုက်လည်း ခုချိန်မှာ ကျေးဇူးပြုတုန်း ရှိမှာပါပဲ။

တချို့လူ့ဝတ်ကြောင် ဒကာ ဒကာမတွေအတွက်တော့ ငယ် ငယ်တုန်းက သင်ခဲ့ရတဲ့ ဘာသာရပ်၊ သို့မဟုတ် ဘာသာရပ်ရဲ့ အခြေခံ ကလည်း တိုက်ရိုက်အားဖြင့် အကျိုးရှိချင်ရှိနေမှာပါ။ အဲဒီတော့ ငယ်စဉ်တုန်းက ဆရာ ဆရာမတွေက ပညာသင်ကြားပေးခဲ့လို့သာ တစ်ဆင့်ထက် တစ်ဆင့် အသိဉာဏ်ရင့်ကျက်ပြီးတော့ ခုချိန်မှာ မြတ် စွာဘုရား ဟောကြားထားတဲ့ ပိဋကတ်စာပေတွေ လေ့လာဖတ်ရှုခွင့် ရနေတာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ကိုယ့်ကို စာသင်ပေးခဲ့တဲ့၊ တစ်လုံးတစ်ပါဒက စပြီးတော့ စာသင်ပေးခဲ့တဲ့ ဆရာ ဆရာမအားလုံးဟာ ဦးဇင်းရဲ့ ဘယ်လိုမှ မေ့ဖျောက်လို့မရနိုင်တဲ့ ကျေးဇူးရှင်တွေချည်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီ ကျေးဇူးရှင်တွေကို ကျေးဇူးဆပ်ဖို့ စိတ်ထဲမှာ အမြဲ တမ်းရှိပါတယ်။

စာသင်သားဘဝကတည်းကိုက 'ငါ တစ်ချိန် ပိဋကတ်စာပေ တွေ အထိုက်အလျောက်တတ်မြောက်ပြီးတော့ ဟောနိုင်ပြောနိုင်တဲ့ အချိန်ရောက်ရင် ကိုယ့်ကို စာပေသင်ကြားပေးခဲ့တဲ့ ဆရာ ဆရာမတွေ ကို တရားမွေ့ဟောကြားခြင်းအားဖြင့် ကျေးဇူးဆပ်မယ်' လို့ နှလုံးသွင်း ထားတာပါ။

ရန်ကုန်မှာ၊ သထုံမှာ ဦးဇင်းကို လာရောက်ဖူးမြော်ကြတဲ့၊

http://www.dhammadownload.com

ဦးဇင်းကို စာပေပညာသင်ကြားပေးခဲ့ကြတဲ့ ဆရာ ဆရာမတွေနဲ့ တွေ့တိုင်း တွေ့တိုင်းလည်း ဦးဇင်းကို လျှောက်ပါတယ်။ အထက (၁)မှာ လာပြီးတော့ တရားဟောပေးဖို့ပေါ့။ ဒါပေမဲ့ အကြောင်း မညီညွတ်တဲ့ အတွက်ကြောင့် ဦးဇင်း မကြွဖြစ်ဘူး။

ဦးဇင်းကလည်း စိတ်ကူးထားတာက အနည်းဆုံး အသက် ငါးဆယ်ကျော်လောက်မှပဲ ကိုယ့်ရေနံချောင်းမြို့ကို ကြွမယ်လို့ စိတ်ကူးထားတာပါ။ ဆုံးဖြတ်ထားတာပေါ့လေ။ ငါးဆယ်တောင် စောသေးတယ်၊ ဦးဇင်း တကယ်ဖြစ်ချင်တာကတော့ အသက်ခုနစ်ဆယ့်ငါးနှစ်ကျော်လောက်မှ ကြွချင်တာပါ။

အစကတော့ ငါ အသက်ခုနစ်ဆယ့်ငါးနှစ်ကျော်မှ၊ ဆရာတော်ကြီးဖြစ်မှ၊ ဘုန်းကြီးအိုကြီးဖြစ်မှ ကြွတော့မယ်လို့ စိတ်ကူးထားတာပါ။ ဒါပေမဲ့ အခုလည်း အိုနေပါပြီနော်။ အခု ဇန်နဝါရီ (၉)ရက်နေ့ဆို ဦးဇင်းတို့ အသက်(၃၄)နှစ် ဖြစ်သွားပြီ။

တော်တော် အိုသွားပြီနော်။ လှူဘဝ၊ လူဝတ်ကြောင်ဘဝမှာ ဦးဇင်းနေခဲ့တာက ဆယ့်ခြောက်နှစ်ပဲ။ အခု သာသနာ့ဘောင်မှာ နေတာက ဆယ့်ရှစ်နှစ် ရှိသွားပြီ။ အဲဒီတော့ လှူဘဝနဲ့နေခဲ့တဲ့ သက်တမ်းထက်တောင် ပိုပြီးတော့ လွန်နေပြီနော်။

ဒီနှစ် (၃၄)နှစ်ပြည့် ကောင်းမှုအနေနဲ့ ပြုဖြစ်တဲ့ ကုသိုလ်တွေကတော့ အများကြီးပါပဲ။ အဲဒီ အထဲမှာ ရန်ကုန်မြို့ ဗဟန်း ဝိသုဒ္ဓါရုံ ယောဆရာတော်ဘုရားကြီးရဲ့ကျောင်းမှာ သံဃာကုန် အာရုံဆွမ်း နေ့ဆွမ်းကပ်တဲ့ အစီအစဉ်လေးလည်း ပါပါတယ်။ သိက္ခာထပ်တာလေး တစ်ခုကလည်း ပါနေတယ်။

http://www.dhammadownload.com

တချို့ကလည်း အသိမပေး၊ မဖိတ်ရင် စိတ်ဆိုးတတ်ကြလို့ ရွှေပါရမီ ကပ္ပိယကာရကအဖွဲ့အနေနဲ့ မွေးနေ့ဆွမ်းကျွေးပွဲမှာ အတူတကွ တရားနာယူဖို့ ဖိတ်စာတွေ ရိုက်ပြီးတော့ ကမ်းပါတယ်။

အဲဒီ ဖိတ်စာမှာ ဦးဇင်း ဘယ်လို ခေါင်းစဉ်လေးတပ်ထားသလဲဆိုရင် 'အိုပွဲမင်္ဂလာဖိတ်ကြားလွှာ' ဆိုပြီး ခေါင်းစဉ်တပ်ထားပါတယ်။ ဘယ်လိုတပ်ထားတုံး။ 'အိုပွဲမင်္ဂလာဖိတ်ကြားလွှာ'၊ အများအားဖြင့်တော့ 'မွေးနေ့မင်္ဂလာဖိတ်ကြားလွှာ' လို့ တပ်ကြမှာနော်။

မွေးနေ့မင်္ဂလာလို့ ဘာလို့မတပ်တာလဲဆိုတော့ အဲဒီနေ့ဟာ ဦးဇင်းမွေးနေ့မှ မဟုတ်တော့တာ။ မွေးနေ့ဆိုရင် အူဝဲလို့ အော်ပြီးစရမှာပေါ့။ ဦးဇင်းရဲ့ တကယ့်မွေးနေ့က ၁၉၆၈ ခုနှစ်၊ ဇန်နဝါရီလ (၉)ရက်ပါ၊ အခု ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ(၉)ရက်နေ့ဟာ ဦးဇင်းရဲ့ မွေးနေ့ မဟုတ်ဘူးနော်။ မွေးခဲ့တဲ့နေ့ (၃၄)နှစ်ပြည့်တော့ ဟုတ်တယ်။ မွေးတဲ့နေ့တော့ မဟုတ်ဘူးနော်။

တကယ်တော့ ဘာနေ့လဲဆိုရင် အိုနေ့ပါ။ နာနေ့လို့လည်း မပြောနိုင်ဘူးလား။ သိသိသာသာကြီး အိပ်ရာထဲလဲနေတာမျိုး နာတာ မဟုတ်ပေမယ့် တစ်နေ့ထက်တစ်နေ့ကတော့ ပျက်စီးယိုယွင်းပြီး နာနေတာပါပဲ။

တစ်နှစ်ကြီးလာတယ်ဆိုတာ တစ်နှစ် ပိုအိုလာတယ်၊ တစ်နှစ် ပိုနာလာတယ်၊ တစ်နှစ်သေဖို့ ပိုနီးလာတယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲနော်။ ဒါ့ကြောင့် မွေးနေ့ပွဲကျင်းပတယ်ဆိုတာ အမှန်ကတော့ အိုပွဲကျင်းပတာပါပဲ။ အိုပွဲကြီး ကျင်းပတာပါပဲနော်။

မကြာခင်ကာလက ရေနံချောင်းက ဒကာဒကာမတွေ

http://www.dhammadownload.com

ရောက်လာပြီး ဦးဇင်းတို့ အထက(၁)မှာ ပညာသင်ကြားစဉ်တုန်းက ကျောင်းအုပ်ဆရာကြီးဖြစ်တဲ့ ဆရာကြီး ဦးမော်ကလည်း ဆုံးပါးသွားပြီ၊ ကွယ်လွန်အနိစ္စရောက်သွားပြီလို့ သတင်းပို့ပါတယ်။ တခြားတခြားရော ဘယ်ဆရာတော့ ဆုံးသွားပြီ၊ ဘယ်ဆရာမတော့ ဆုံးသွားပြီလို့ သတင်းပို့ကြတာပေါ့။

ဦးဇင်း အသက်ငါးဆယ်ကျော်မှ ကြွတယ်ဆိုရင်ပဲ ဦးဇင်းကို ပညာသင်ကြားပေးခဲ့တဲ့ ဆရာ ဆရာမတွေ ရှိမှာမဟုတ်တော့ဘူး။ တချို့တစ်ဝက်တော့ ရှိဦးမှာပေါ့နော်။ မရှိမယ့် ဆရာ ဆရာမကတော့ ပိုများတယ်။ အဲဒီတော့ အသက်ငါးဆယ်ကျော်မှ ကြွမယ်ဆိုရင် ကိုယ့်ကို တိုက်ရိုက်ပညာသင်ကြားပေးခဲ့ကြတဲ့ ဆရာဆရာမတွေကိုတော့ ဓမ္မနဲ့ တိုက်ရိုက် ကျေးဇူးဆပ်ခွင့်ရမှာ မဟုတ်တော့ဘူး။

အမှန်ကတော့ အခုလို လူကိုယ်တိုင်လာပြီးတော့ အရှင်လတ်လတ်ဟောမှ တရားနဲ့ ကျေးဇူးဆပ်တာ မဟုတ်ပါဘူးနော်။ ဦးဇင်းတို့ ရေးနေတဲ့ စာအုပ်တွေကို လှူဒါန်းတာဟာလည်း ဓမ္မနဲ့ ကျေးဇူးဆပ်တာပါပဲ။ ဦးဇင်းတို့ ဟောထားတဲ့ တရားတိပ်ခွေတွေ ပေးလှူတာဟာလည်း ဓမ္မနဲ့ ကျေးဇူးဆပ်တာပါပဲ။

ဦးဇင်းကိုယ်တိုင်က စာအုပ်နဲ့ တိပ်ခွေတွေ မပေးတောင်မှ ကိုယ့်ဘာသာကိုယ် ဦးဇင်းရေးတဲ့စာအုပ်ကို ဖတ်ရှုရတယ်၊ ဦးဇင်းဟောတဲ့တရားတိတ်ခွေကို နာယူရတယ်ဆိုရင်ပဲ ကျေးဇူးဆပ်ပြီးသားဖြစ်နေပါပြီနော်။

ဦးဇင်းဆီကို၊ သထုံ သို့မဟုတ် ရန်ကုန်ကိုလာကြတဲ့ ဆရာဆရာမတွေကိုဆိုရင်လည်းပဲ ရောက်တိုင်းရောက်တိုင်း တရားစာအုပ်

http://www.dhammadownload.com

တွေ အမြဲတမ်း ပေးလှူနေတာပါပဲ။ တရားစာအုပ်နဲ့ ကျေးဇူးဆပ်တာကိုပဲ ကျေနပ်ပါလို့ ဆရာ ဆရာမတွေကို အမြဲတမ်းပြောနေကျပါ။

ဒီနှစ်တော့ ဆရာကြီးဦးမော် ဆုံးသွားတာက ရေနံချောင်းကို ကြွဖြစ်ဖို့အတွက် တွန်းအားတစ်ခုဖြစ်လာတယ်။ ဒါ့ကြောင့် တချို့ဒကာဒကာမတွေက ပြောကြတယ်။

'အရှင်ဘုရား . . .၊ အခုရေနံချောင်းမှာ ပြောနေကြတယ်၊ အရှင်ဆန္ဒာဓိကကို ဆရာကြီးဦးမော် ပင့်တာ' တဲ့။

အခု ဦးဇင်းကို ဘယ်သူ ပင့်တာတုံး။ ဆရာကြီး ဦးမော်။ ဒါဖြင့် ဒကာမကြီးတို့က မပင့်ဘူးပေါ့နော်။ ဆရာကြီးဦးမော် ပင့်တာဆိုရင်လည်း ဆရာကြီးဆီသွားမှဖြစ်မယ် ထင်တယ်နော်။

အဲဒီတော့ ဦးဇင်းကို ဆရာကြီးဦးမော် ပင့်တာ၊ တကယ်လို့ ဆရာကြီးဦးမော် မဆုံးဘူးဆိုရင် ဦးဇင်းကြွချင်မှ ကြွဦးမှာ၊ ဟုတ်လောက်ပါတယ်နော်။

နောက် အကြောင်းတစ်ခုကလည်း အခု ရေနံချောင်းက အထက(၁)မှာ ဦးဇင်းက ကျောင်းသား ကျောင်းသူများအတွက် ရေလောင်းအိမ်သာလေး တစ်ဦးတည်းအလှူရှင်အဖြစ်နဲ့ လှူချင်လို့၊ အဲဒါ ရေလောင်းအိမ်သာဆောက်ဖို့ မြေနေရာလေးလည်း ကြည့်ရင်းဆိုပြီးတော့ ကြွဖြစ်သွားတာပေါ့။ အကြောင်းနှစ်ခုတိုက်ဆိုင်သွားလို့ပေါ့။

ဦးဇင်းက ရေလောင်းအိမ်သာ အလုံးနှစ်ဆယ်၊ ဦးဇင်းနဲ့ အတူပါလာတဲ့ ဦးဇင်းရဲ့ ရဟန်းဒကာ၊ ရဟန်းအစ်မ၊ ကျောင်းဒကာ၊ ကျောင်းအစ်မများဖြစ်ကြတဲ့ ဦးရှိန်ဝင်း၊ ဒေါ်ခင်ချိုဦး၊ တက်လမ်းဆောက်လုပ်ရေးမိသားစုနဲ့ ကိုငွေးမြင့်၊ ကိုဝင်းမြင့်သိန်း၊ ကိုဝင်းနိုင်ညွန့်

http://www.dhammadownload.com

မိတ်ဆွေတစ်စုကလည်း ရေလောင်းအိမ်သာ အလုံးနှစ်ဆယ်၊ စုစုပေါင်း ရေလောင်းအိမ်သာ အလုံးလေးဆယ် လှူဒါန်းကြပါမယ်။ ဒကာကြီး ဦးရှိန်ဝင်း၊ ဒကာမကြီး ဒေါ်ခင်ချိုဦး မိသားစုက ရေကန်ကြီးတစ်ခုလည်း လှူမယ်ပေါ့။

အဲဒီတော့ ဆရာကြီးဦးမော်ဆိုလို့ ဆရာကြီးနဲ့ ပတ်သက်တာ တစ်ခုတော့ ပြောရဦးမယ်။ ပြောစရာတွေကတော့ အများကြီးပါပဲ။

ဦးဇင်းတို့ ဒီကျောင်းကနေ လှူရည်ချွန်ရတာက ရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်း၊ သုံးနှစ်ဆက်တိုက်ရတာပေါ့လေ။ အဲဒီတော့ ရှစ်တန်း နှစ်တုန်းကတော့ နွေရာသီမှာ အင်းလေးခေါင်တိုင်စခန်းကို အပန်းဖြေ ခရီးထွက်ရတယ်။ ကိုးတန်းနှစ်ကျတော့ ပေလီစခန်းကို အပန်းဖြေခရီး ထွက်ရတယ်။ ဆယ်တန်းနှစ်ကျတော့ စက်စဲကမ်းခြေကို အပန်းဖြေခရီး ထွက်ရတယ်။

အဲဒီတော့ လှူရည်ချွန်စာရင်းထွက်ပြီးလို့ အပန်းဖြေခရီး ထွက်ခါနီးပြီဆိုရင် ကျောင်းက အဲဒီ လှူရည်ချွန်အတွက် အသုံးစရိတ်ထောက်ပံ့ပါတယ်။ ထောက်ပံ့တာ ဦးဇင်းတို့ ရှစ်တန်းနှစ်တုန်းက ထောက်ပံ့ကြေး ကျပ်ငါးဆယ်ကြီးများတောင် ရပါတယ်။ အခုလူတွေကြားတော့ ယုံမှာ မဟုတ်ဘူးနော်။

အဲဒီတော့ လှူရည်ချွန်စခန်း သွားဖို့ ဆိုပြီးတော့ ဆရာကြီးဦးမော်က ကျပ်ငါးဆယ် ခွဲတမ်းချပေးလိုက်တယ်။ အဲဒါ ကိုးတန်းနှစ်လှူရည်ချွန်ရတော့လည်း ကျပ်ငါးဆယ်၊ ဆယ်တန်းနှစ် စက်စဲစခန်းကို သွားခါနီး ငွေထုတ်ဖို့ မပြောခင် တစ်ရက် ....

ဦးဇင်းတို့ ညီအစ်ကိုတွေက ညနေစာ စားပြီးလို့ရှိရင် လမ်း

http://www.dhammadownload.com

လျှောက်ထွက်လေ့ရှိတယ်။ မြို့ထဲ 'လူထုလက်ရုံး' စာအုပ်ဆိုင် သွားပြီး စာအုပ်လေး ဘာလေး ဖတ်ရှုပေါ့၊ ဝယ်သင့်တဲ့ စာအုပ်ဆိုရင်လည်း ဝယ်ပေါ့။

အဲဒီလို လမ်းလျှောက်ထွက်ရင်းနဲ့ စက်စဲစခန်းသွားဖို့ ထောက်ပံ့ငွေ မထုတ်ခင် သုံးလေးရက်လောက်အလိုမှာ ဦးဇင်းလည်း 'လူထုလက်ရုံး' က ပြန်အလာ၊ 'တေးရဂုံ' တေးသံသွင်းဆိုင်ရှေ့နား ရောက်တော့ ဆရာကြီး ဦးမော်ကလည်း မြို့ထဲဘက် ဈေးဘက်ကို အထွက်၊ အဲဒီမှာ လမ်းမှာဆုံကြတယ်။ ဆုံတော့ ဦးဇင်းက ဆရာကြီးကို ပြောတယ်။

'ဆရာကြီး၊ သူများမြို့တွေက လူရည်ချွန်ရတဲ့ သူတွေဆိုရင် ကျောင်းက ငါးရာတစ်ထောင် ထောက်ပံ့ကြတယ်။ ဆရာကြီး ထောက်ပံ့တာက ကျပ်ငါးဆယ်ဆိုတော့ လူရည်ချွန်စခန်းမှာ ကျွန်တော် အရမ်းမျက်နှာငယ်တယ် ဆရာကြီးရယ်၊ ဒီနှစ်တော့ သုံးထပ်ကွမ်း လည်း ဖြစ်နေပြီဆိုတော့ နည်းနည်းတိုးပြီးတော့ ပေးပါ'

'လူရည်ချွန်စခန်းအတွက် ပိုက်ဆံတိုးပေးပါ' လို့ဆိုတော့ စဉ်း စားလိုက်သေးတယ်။ ချက်ချင်း ပြန်မပြောဘူးနော်။

'ဆရာကြီးကလည်း သိပ်များများ မပေးချင်နေပါ၊ ခါတိုင်း ကျပ်ငါးဆယ်ပေးတာ ဒီနှစ် ကျပ်တစ်ရာလောက်ပေးရင်ပဲ ကျေနပ်ပါ ပြီ'

'အေး၊ ငါစဉ်းစားလိုက်ဦးမယ်' တဲ့။

အဲဒါနဲ့ နောက်သုံးလေးရက်နေတော့ ဦးဇင်းရဲ့ အဘိုးနဲ့အတူ အခုတော့ ဆုံးသွားပြီ၊ ခမည်းတော်ကြီးရဲ့ အဖေ၊ ဒီ အထက(၁)မှာ

http://www.dhammadownload.com

တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ ဆရာကြီးတစ်ယောက်ပေါ့နော်။ ဆရာကြီး ဦးဘသိန်း၊ သူနဲ့မြေးအဖိုးနှစ်ယောက် အတူလာထုတ်ကြတယ်။ အဲဒီမှာ ကျပ်တစ်ရာ ထုတ်ပေးလိုက်တာပေါ့။ သုံးလို့တောင် မကုန်ပါဘူးနော်။

အဲဒီတော့ ကျပ်ငါးဆယ်ကနေ ကျပ်တစ်ရာအထိ နှစ်ဆတိုးပေးလိုက်တဲ့ ဆရာကြီးဦးမော်ကို တိုက်ရိုက်အားဖြင့်တော့ ဓမ္မဒါနနဲ့ ကျေးဇူးပြုလို့ မရတော့ဘူး။ မှန်းပြီးတော့ပဲ ကျေးဇူးပြုရတော့မှာဆိုတော့ ဆရာကြီးက ဦးဇင်းကို ကျပ်ငါးဆယ်ကနေ ကျပ်တစ်ရာအထိ နှစ်ဆတိုးပေးသလို ဦးဇင်းက နဂိုက ဒီနေ့ တစ်ရက်ပဲ ဟောပေးဖို့ပါပဲ။ 'ရောက်ရခဲတဲ့ဟာ တစ်ရက်တည်းတော့ မကောင်းပါဘူးဘုရား။ သုံးရက်လောက်တော့ လုပ်ပါ' လျှောက်လို့ 'သုံးရက်တော့ မလုပ်ပါနဲ့၊ နှစ်ရက်ဆိုရင် တော်ပါပြီ' ဆိုပြီးတော့ လျှော့လိုက်ရတယ်။

အဲဒီတော့ ဆရာကြီးဦးမော်က အသုံးစရိတ် နှစ်ဆထုတ်ပေးလို့ ဦးဇင်းကလည်း တရားကို နှစ်ဆဟောပေးမှာနော်။ တစ်ပွဲတည်း မဟုတ်ဘဲနဲ့ နှစ်ပွဲပေါ့။ တစ်နာရီ ဟောရမယ့်တရားကိုလည်း နှစ်နာရီ ဟောပေးရမှာပေါ့။

ကိုယ့်ကျေးဇူးရှင် ဆရာ ဆရာမတွေ၊ ကိုယ့် ကျေးဇူးရှင် မြို့သူမြို့သားတွေကို တစ်သက်တစ်ခါလို့ကို ဆိုရလောက်အောင် လာပြီးတော့ ကျေးဇူးဆပ်တဲ့အချိန်မှာ ထွေလီကာလီတွေ သိပ်မပြောချင်ဘူး။

တစ်သက်တစ်ခါ ဆိုလို့လည်း ဝမ်းနည်းစရာ မလိုဘူးနော်။ ဒါပေမဲ့ တစ်သက်တစ်ခါ ဖြစ်ချင်လည်း ဖြစ်သွားမှာပါ။ ဦးဇင်း နောက်

http://www.dhammadownload.com

ကို ရေနံချောင်းကို ရောက်ချင်မှရောက်မှာ၊ အကြောင်းညီညွတ်ရင်လည်း ရောက်ချင်ရောက်မှာပေ့ါ။ သိပ်တော့ မသေချာဘူးနော်။ အဲဒီတော့ တစ်သက်တစ်ခါ ဖြစ်ချင်လည်း ဖြစ်မှာ။

ဒါ့ကြောင့် ရောက်တုန်း ရောက်ခိုက် ကိုယ့်ကျေးဇူးရှင် ဆရာဆရာမတွေ၊ မြို့သူမြို့သားတွေကို အဓိကပဓာနအကျဆုံးဖြစ်တဲ့ ဝိပဿနာတရားလေးနဲ့ ကျေးဇူးဆပ်ချင်ပါတယ်။ သို့သော် ဝိပဿနာကို ခေါင်းတည်လိုက်ပေမယ့် ဝိပဿနာရဲ့ အခြေအရံဖြစ်တဲ့ ဒါန၊ သီလ၊ သမထ ကုသိုလ်ကောင်းမှု သုံးခုလည်း ပူးတွဲပြီးတော့ ပါဝင်သွားတာပါပဲ။

■

http://www.dhammadownload.com

## လက်ခုပ်မတီးလိုက်ရပေမယ့် သာဓုခေါ်လိုက်ပါဆရာမ

ငါ့ကိုမချစ်ပါနဲ့ ဆိုတဲ့စကားဟာ ရဟန္တာဖြစ်အောင် ကြိုးစားပါဆိုတဲ့အဓိပ္ပာယ်နဲ့ တစ်ထပ်တည်းပါပဲနော်။ ရဟန္တာဖြစ်အောင် ကြိုးစားပါဆိုတော့ ဦးဇင်းတို့ကို ဆယ်တန်းတုန်းက အင်္ဂလိပ်စာ သင်ကြားပေးခဲ့တဲ့ ဆရာကြီးဦးကိုလေး ပြောတဲ့စကားလေးကို သွားပြီးတော့ သတိ ရတယ်။ ဒါလေးပြီးရင် နိဂုံးချုပ်တော့မှာပါ။

ဦးဇင်း ဆယ်တန်း ခြောက်ဘာသာဂုဏ်ထူးထွက်ပြီးလို့ တစ်ပတ်ဆယ်ရက်လောက် ကြာတော့ ကိုယ့်ကို စာသင်ပေးခဲ့တဲ့ ဆရာ ဆရာမတွေကိုရော တစ်ခြား ဆရာ ဆရာမတွေကိုရောပေ့ါ။ အဲဒီတုန်းက ကျောင်းက အဆောင်တွေ မီးလောင်ပြီး ပြန်ဆောက်တာ မပြည့်စုံသေးလို့ မနက်ပိုင်း နေ့ပိုင်း နှစ်ချိန်ခွဲပြီးတော့ တက်ရတယ်။ အဲဒီတော့ မနက်ပိုင်းနဲ့ နေ့ပိုင်း ကူးပြောင်းချိန်လေးမှာပေ့ါလေ။

ဆရာ၊ ဆရာမတွေကို ကျေးဇူးဆပ်တဲ့အနေနဲ့ ဆိုပြီးတော့

http://www.dhammadownload.com

စမူဆာရယ်၊ လက်ဖက်ရည်ရယ်၊ ဦးဇင်းက အလှူဒါနပြုတာပေါ့။ ကိုယ့်ပိုက်ဆံနဲ့ချည်းပဲတော့ မဟုတ်ဘူးပေါ့၊ မိဘဆီက ပိုက်ဆံတောင်းပြီးတော့ လှူရတာနော်။ ကိုယ့်ပိုက်ဆံလည်း တချို့တစ်ဝက်တော့ ပါတာပေါ့။ မုန့်ဖိုးထဲက စုဆောင်းထားတာလေးတွေ။ အဲဒီတော့ စမူဆာနဲ့ လက်ဖက်ရည်နဲ့ ဆရာ၊ ဆရာမတွေကို ဧည့်ခံပြီးတော့ ကျေးဇူးဆပ်ပါတယ်။

နေ့လယ်ပိုင်းအချိန် မတက်ခင်ပေါ့၊ နေ့လည်ပိုင်း အချိန်မှာ သင်ကြားမယ့် ဆရာ ဆရာမတွေကို အဲဒီ စမူဆာနဲ့ လက်ဖက်ရည်နဲ့ ဧည့်ခံတယ်။ အဲဒီတော့ ဦးဇင်းက ဆရာတွေ နားနေတဲ့ အခန်းတွေ၊ ဆရာတွေရှိတဲ့ အခန်းတွေမှာ လိုက်ပြီးတော့ စမူဆာနဲ့လက်ဖက်ရည်နဲ့လိုက်ပြီးတော့ ချပေးရတာပေါ့။

အဲဒါ ဆရာကြီး ဦးကိုလေးက ဟိုတုန်းက ရုံးခန်းပေါ့လေ၊ ကျောင်းအုပ်ဆရာကြီးအခန်းနဲ့ တွဲနေတဲ့အခန်းမှာ၊ နားနေခန်းမှာ ထိုင်နေတော့ ဆရာကြီးဦးကိုလေးရှေ့မှာ စမူဆာနဲ့ လက်ဖက်ရည် သွားချပေး၊ သွားချပေးတော့ ဆရာကြီးဦးကိုလေးက . . . .

'ငါ့တပည့်၊ မင်း ဘုန်းကြီးဝတ်မယ်ဆိုတာ ဟုတ်လား'

'ဟုတ်ကဲ့ဆရာ၊ ကျွန်တော် ဘုန်းကြီးဝတ်မယ်ဆိုတာ ဟုတ်ပါတယ်'

'ဘုန်းကြီးဝတ်တော့ မင်း ရဟန္တာ မဖြစ်ချင်ဘူးလား'

'ဟာ ဆရာကလည်း ရဟန္တာ ဖြစ်ချင်တာပေါ့'

'ရဟန္တာဖြစ်ချင်ရင် မင်း ဘာမှ မခက်ပါဘူးကွာ။ မင်း ဒီနေ့က စပြီးတော့ မင်းနာမည်ကို မောင်တာလို့ ပြောင်းလိုက်။ လူနာမည်

http://www.dhammadownload.com

မောင်တာဆိုတော့ ကိုရင်ဝတ်တော့ ကိုရင်တာ၊ ရဟန်းဖြစ်သွားတော့ ရဟန်းတာ မကောင်းဘူးလား။'

ရဟန္တာဖြစ်ချင်ရင် ဘာမှ မခက်ပါဘူးတဲ့၊ မောင်တာလို့ ပြောင်းလိုက်တဲ့။ ကိုရင်ဖြစ်တော့ ကိုရင်တာ၊ ရဟန်းဖြစ်တော့ ရဟန်းတာတဲ့။ ဆရာ့စကားလေး သတိရလို့နော်။

အဲဒီတော့ ဦးဇင်းတို့ ငါ့ကိုမချစ်ပါနဲ့ဆိုတဲ့ တရားဟောလာတာ နှစ်နာရီနီးပါးရှိလာပြီ၊ ဒီလောက်ဆိုရင်တော့ ကျေနပ်ပါပြီနော်။ ရပ်သင့်တာကြာပြီလို့တောင် ပြောကြမလား မသိဘူး။ အဲဒီတော့ ဦးဇင်းတို့ တရားနိဂုံးချုပ်ပြီဆိုရင်တော့ အပ္ပမာဒေန သမ္ပာဒေထနဲ့ ချုပ်လေ့ရှိပါတယ်။

အပ္ပမာဒေန သမ္ပာဒေထရဲ့ အဓိပ္ပာယ်လည်း သိပါတယ်နော်။ မမေ့မလျော့ မပေါ့မဆ။ အပ္ပမာရဲ့ လိုရင်းကတော့ မမေ့တာပါပဲ။ ဒါပေမဲ့ အနက်ပေးကြတဲ့အခါကျတော့ အပ္ပမာဒေန - မမေ့မလျော့ မပေါ့မဆသော သတိတရားဖြင့်၊ လေးချက်ပြောတယ်နော်။ မမေ့တာရယ်၊ မလျော့တာရယ်၊ မပေါ့တာရယ်၊ မဆတာရယ်။

မမေ့ဆိုတာက အမြဲတမ်း သတိရနေရမယ်လို့ ဆိုလိုပါတယ်။ မလျော့ဆိုတာက မလျော့ဘူးဆိုမှတော့ တင်းရမှာပေါ့။ အာရုံကို သတိရနေတဲ့အချိန်မှာလည်း လျော့လျော့ပေါ့ပေါ့လေး မဖြစ်စေနဲ့၊ တင်းတင်း ရင်းရင်း ဝီရိယ ပါပါစေ။ မပေါ့ဆိုတာက မပေါ့ဘူးဆိုမှတော့ လေးရမှာပေါ့၊ အာရုံတွေရဲ့ သဘာဝကို အပေါ်ယံလေး ရှုပ်ပြီးတော့ မှတ်နေတာမျိုး မဖြစ်ပါစေနဲ့၊ သမာဓိစူးစိုက်ပြီးတော့ ရှုမှတ်ပါ။

မဆဆိုတာကတော့ မဆနဲ့တော့၊ ဆမနေနဲ့တော့လို့ ဆိုလိုပါ

http://www.dhammadownload.com

တယ်။ ဈေးဝယ်ပြီဆိုတော့ ဒူးရင်းသီးတို့ ဘာတို့က ဒီနေရာမှာတော့ သိပ်မရှိဘူးပေါ့နော်။ မရှိဘူး။ ဒူးရင်းသီးတို့ ကျွဲကောသီးတို့ ဝယ်ကြပြီဆိုရင်တော့ ကိုင်ပြီးတော့ ဆဆကြည့်ရတယ်လေ။

ဒူးရင်းသီးဆိုရင်တော့ ဆကြည့်လိုက်လို့ရှိရင် ပေါ့တာ ဝယ်ရမယ်။ ကျွဲကောသီးဆိုရင်တော့ ဆကြည့်လိုက်လို့ရှိရင် လေးတာ ဝယ်ရမယ်။ ဒူးရင်းသီးနဲ့ ကျွဲကောသီး ပြောင်းပြန်မှတ်ထားရမယ်။ ဈေးထဲအကျီဝယ်တော့လည်း ဖြန့်ကြည့်ပြီးဝယ်ရတယ်။ ဖြန့်ကြည့်လိုက်တော့ အပေါက်လေး ဘာလေးပါရင် မဝယ်တော့ဘူး။ ဒါ ဘာလုပ်တာလဲဆိုရင် ဆနေတာနော်။

ဆနေတာက မယုံတဲ့ သဘော၊ ဒီအဝတ်အစား အပေါက်မပါဘူးလို့ အစကတည်းက ယုံရင်ဖြန့်ပြီးတော့ မကြည့်တော့ဘူး။ ဆ, မနေတော့ဘူး။ တရားအားထုတ်တဲ့အခါမှာလည်း ဆနေတယ်ဆိုတာက . . . .

'ဘုရားခန်းထဲမှာ တင်ပျဉ်ခွေ၊ ခါးဆန့်၊ မျက်စိမှိတ်ထားပြီးတော့ ထိုင်မှ တရားအားထုတ်တယ်လို့ ခေါ်တယ်။ သွားရင်း လာရင်း စားရင်း သောက်ရင်း နေရင်း ထိုင်ရင်း ပြောရင်း ဆိုရင်း အားထုတ်တာကတော့ တရားအားထုတ်တာတော့ မဟုတ်သေးပါဘူး။ ဘုန်းကြီးတွေကတော့ တရားလို့ ပြောတာပေါ့။ သွားရင်း လာရင်း မှတ်နေရုံနဲ့ ဘာမှ ထူးမှာလည်း မဟုတ်ပါဘူး' လို့ မမှတ်တော့ဘူးဆိုရင် ဘာလုပ်နေတာတုံး။ 'ဆ' နေတာ။ ထမင်းစားရင်းနဲ့ ရှုမှတ်မှု မပါတဲ့သူက 'ဆ' နေတဲ့သူပဲနော်။

'အို စားနေရင်း မှတ်နေလို့လည်း ဘာမှ ထူးမှာ မဟုတ်ပါ

http://www.dhammadownload.com

ဘူး။ စားတာလေး ငါးမိနစ် ဆယ်မိနစ်ပါပဲ။ ဆယ့်ငါးမိနစ်လောက်တော့ မှတ်မနေတော့ပါဘူး' ဆိုရင် အဲဒါ 'ဆ' နေတာပါပဲ။ အဲဒီလို မဆပါနဲ့တဲ့။ သွားရင်း လာရင်း စားရင်း သောက်ရင်းနဲ့ကို ရှုမှတ်ပါ။ အဲဒီလို ရှုမှတ်ခြင်းကြောင့်လည်း တရားထူး တရားမြတ်တွေ ရနိုင်ပါတယ်။

ဒီတော့ 'မမေ့' ဆိုတာက သတိကို ပြောပါတယ်။ 'မလျော့' ဆိုတာက ဝီရိယကို ပြောပါတယ်။ 'မပေါ့' ဆိုတာက သမာဓိကိုပြောပါတယ်။ 'မဆ' ဆိုတာက ပညာကို ပြောပါတယ်။ အပ္ပမာဒရဲ့ လိုရင်းကတော့ သတိပေါ့။ အဲဒီ သတိဟာ ဘယ်လိုသတိမျိုးဖြစ်ရမလဲ။ ဝီရိယပါတဲ့ သတိ၊ သမာဓိပါတဲ့ သတိ၊ ပညာပါတဲ့သတိဖြစ်ရမယ်။ အဲဒီလို ဆိုလိုပါတယ်နော်။

ဒါကြောင့် 'အပ္ပမာဒေန သမ္ပာဒေထ' ကို ရွတ်ပြီးပြီဆိုရင် တရားနိဂုံးချုပ်ပါပြီ။ အဲဒီတော့ ချုပ်ပြီဆိုလို့ရှိရင်တော့ ဦးဇင်းကို စာသင်ပေးခဲ့တဲ့ ဆရာ ဆရာမတွေရော၊ စာသင်မပေးခဲ့တဲ့ ဆရာ ဆရာမတွေရော အားရပါးရ သာဓုခေါ်ကြမှာပဲ ထင်တယ်နော်။

ဦးဇင်းတို့ ဆယ်တန်းတုန်းက ကျောင်းကောင်စီအတွင်းရေးမှူး လုပ်ရတယ်။ အဲဒီတုန်းက အာစရိယပူဇော်ပွဲလုပ်တယ်။ အခုလို ပင်စင်ယူပြီးသား ဆရာ ဆရာမတွေကို ပူဇော်တဲ့ပွဲတော့ မဟုတ်ဘူးပေါ့၊ လက်ရှိ စာပေသင်ကြားပေးနေတဲ့ ဆရာ ဆရာမတွေကို ပူဇော်တဲ့ အာစရိယပူဇော်ပွဲ။ အခုလည်း လုပ်မှာပဲထင်တယ်နော်။ ဦးဇင်းတို့ ဒုတိယအစမ်း ဖြေခါနီးလုပ်တာ ထင်ပါတယ်။

အဲဒီတော့ ကျောင်းကောင်စီအတွင်းရေးမှူးဖြစ်တော့ အာစ

http://www.dhammadownload.com

ရိယပူဇော်ပွဲကိုလည်း ကျောင်းသားဘက်က ကိုယ်က ဦးဆောင်ရတာ ပေါ့။ အဲဒီတုန်းက ဆရာ ဆရာမတွေကို လျှုစရာရှိတာလှူ၊ ပူဇော်စရာ ရှိတာ ပူဇော်ပြီးလို့ရှိရင် ကျောင်းသားကျောင်းသူတွေကိုရော၊ ဆရာ ဆရာမတွေကိုရော သီချင်းနဲ့ ဖျော်ဖြေပါတယ်။ စင်မြင့်ပွဲ၊ စတိတ်ရှိုး ပေါ့လေ။ အခုကော ရှိသေးလား။ ရှိတယ်။

နေ့လယ်ကတောင် ငယ်ငယ်တုန်းက ဆရာမကို ပြောရသေး တယ်။ ဆရာမကို ဦးဇင်းမမေ့ပါဘူးလို့၊ ဦးဇင်းငယ်ငယ်တုန်းက အာ စရိယပူဇော်ပွဲတစ်ခုမှာ ဆရာမ ဆိုတဲ့သီချင်း အခုထက်ထိ သတိရပါ သေးတယ်လို့။ အဲဒီ ဆရာမ ဆိုခဲ့တဲ့သီချင်းလေးက 'တူး-သရီး-ဖိုး- အချိန်လေးတွေလည်း တော်တော်ဆိုး' ဆိုတဲ့ သီချင်းလေးနော်။

အဲဒီ ဆရာမဆိုတဲ့သီချင်းလေး ဘယ်တော့မှ မမေ့ဘူး၊ အဲဒါ ဆယ်တန်းရောက်တော့ ဦးဇင်းက အာစရိယပူဇော်ပွဲ စီစဉ်ပေးရတာ ပေါ့။ အဲဒီနှစ်မှာ သတင်းကို ဖုံးအုပ်ထားတဲ့ကြားထဲကနေ ဆယ်တန်း ဖြေပြီးရင် ဘုန်းကြီးဝတ်မယ်ဆိုတဲ့ သတင်းက ဆရာ ဆရာမတွေ ကြားမှာ ပျံ့နှံ့ပြီးသားဖြစ်နေတယ်။

အဲဒီတော့ ကျောင်းကောင်စီ အတွင်းရေးမှူးလည်းဖြစ်နေ တော့ သီချင်းတိုက်တဲ့နေရာတွေမှာ အမြဲတမ်းပဲ သွားသွားပြီး ကြည့် နေရတာပေါ့။ သွားပြီး ကြီးကြပ်ပေးရတာပေါ့လေ။ ကြီးကြပ်ပေးရင်းနဲ့ ဦးဇင်းနဲ့အတူ ဆယ်တန်းကို ဂုဏ်ထူးများများနဲ့အောင်တဲ့ ဒကာစိုးလွင် ကလည်း ပါတာပေါ့လေ။ သူကလည်း အသင်းခေါင်းဆောင်တစ်ဦး ပေါ့။ အဲဒါ သူက သူများတွေ သီချင်းတိုက်တာမြင်တော့ ကိုယ့်နာမည် လူနာမည်၊ တခြားနေရာမှာ ဆိုရင်တော့ ပြောချင်မှ ပြောမှာပေါ့။

http://www.dhammadownload.com

ရေနံချောင်းဘက်ကတော့ လူနာမည်နဲ့ပဲ မှတ်ထားကြတာများတော့ ပြောရတော့မှာပေါ့လေ။

အဲဒီတော့ ကိုဇော်သိန်းတဲ့ သီချင်းမဆိုချင်ဘူးလားတဲ့။ အော် ငါဆိုချင်တာပေါ့လို့။ ဦးဇင်းက သူ့ကို အရင်ဆုံးတိုက်တွန်းတာပေါ့။ စိုးလွင် မင်း သီချင်းဆိုကွာလို့၊ ကိုဇော်သိန်းဆိုရင်တော့ ကျွန်တော် ဆိုမယ်တဲ့၊ ကျွန်တော်တစ်ယောက်တည်းဆိုရင်တော့ မဆိုချင်ဘူးတဲ့။ သီချင်းတစ်ပုဒ်ကို နှစ်ယောက်အတူတူဆိုကြရအောင်တဲ့။

သူက တစ်ယောက်တည်းလည်း မဆိုရဲဘူးတဲ့နော်။ နှစ်ယောက်ဆိုရင်တော့ ဆိုမယ်တဲ့။ ကိုဇော်သိန်းဆိုမယ်ဆိုရင်တော့ သူလည်း ဆိုမယ်တဲ့။ ငါလည်း ဆိုတော့ဆိုချင်တယ်၊ ဒါပေမဲ့ ဘုန်းကြီးဝတ်မယ်ဆိုတာ ဆရာဆရာမတွေက သိပြီးသားဖြစ်နေတာ၊ ဘုန်းကြီးဝတ်မယ့်သူက စတိတ်စင်ပေါ် တက်ပြီးတော့ သီချင်းဆိုတယ်ဆိုရင် ဆရာ ဆရာမတွေက ကဲ့ရဲ့ကြလိမ့်မယ်လို့ ဒီတော့ မဆိုတော့ပါဘူးလို့၊ အမှန်ကတော့ ကဲ့ရဲ့မယ်ဆိုတာကလည်း စကားအရသာ ပြောတာပါ၊ ဆိုလို့လည်း ရမှာမဟုတ်ပါဘူး၊ အသံမှ မကောင်းတာ။

အဲဒါနဲ့ ဦးဇင်းတို့ သီချင်းမဆိုဖြစ်ပါဘူး။ အာစရိယပူဇော်ပွဲနေ့ သီချင်းဆိုကြတဲ့အချိန်ကျတော့ ဦးဇင်းတို့ ပင်မဆောင်က ခေါင်းလောင်းတီးတဲ့နေရာပေါ့၊ ခုတော့ ဘယ်နေရာ တီးသလဲတော့ မသိတော့ဘူးပေါ့နော်။ ခေါင်းလောင်းတီးတဲ့နေရာလေးမှာ ဦးဇင်းတို့ အပေါ်ကနေ သီချင်းဆိုတာတွေ နားထောင်ကြတာပေါ့။

အဲဒီအချိန်မှာ ဆရာမ လေးငါးယောက်အဖွဲ့ကလည်း ထိုင်ရင်းနဲ့ သီချင်းနားထောင်နေတယ်။ နားထောင်ရင်းနဲ့ သူငယ်ချင်းတစ်

http://www.dhammadownload.com

ယောက်က နောက်ပြီးပြောလိုက်တာပေါ့။ ဆရာမတဲ့ ကိုဇော်သိန်းကြီးက သီချင်းဆိုမယ်တဲ့။ ပြောလိုက်တော့ ဆရာမတွေက 'အေးဟဲ့ . . . . ၊ ဇော်သိန်းသာ ဆိုလို့ကတော့ လက်ဝါးနီရဲသွားအောင်ကို လက်ခုပ်တီးပြီး ငါတို့က အားပေးလိုက်မယ်' တဲ့။

'လက်ဝါးက သွေးတွေ ဘာတွေ ထွက်ရင် ထွက်ပါစေ၊ အားရပါးရကို အားပေးမယ်' တဲ့။ တကယ်မဆိုလို့ ပြောတာ ဖြစ်မှာနော်။ ဆိုရင်တော့ ဆင်းပါတော့လို့ ပြောမလား မသိဘူးနော်။ အဲဒီတော့ လက်ခုပ်တွေ အားရပါးရကို တီးပစ်လိုက်မယ်လို့ ပြောခဲ့တဲ့ ဆရာဆရာမတွေ လေးငါးခြောက်ယောက်လောက် အုပ်စုတစ်စုရှိပါတယ်။

အဲဒီတော့ ကိုယ်က အသံမကောင်းလို့ မဆိုပါဘူးဆိုနေမှ ကြဲဖန်ပြီး ချီးကျူးတဲ့သူက ရှိသေးတယ်။ ကျောင်းကောင်စီအတွင်းရေးမှူးဆိုတော့ အခမ်းအနားမှူးတော့ လုပ်ရတာပေါ့။ အခမ်းအနားအစီအစဉ်တွေ ကြေညာပေးရတယ်။ စာရင်းရှင်းတမ်းတွေ ထုတ်ပေးရတယ်ပေါ့။

အဲဒီတော့ အာစရိယပူဇော်ပွဲလည်း ပြီးသွားရော ဆယ်တန်းနှစ်ကျလို့ပဲ ပြောရမှာပေါ့။ ဆယ်တန်းနှစ်ဟောင်းသမား တစ်ယောက်လာပြီးတော့ ပြောတယ်။

'ကိုဇော်သိန်း၊ ကိုဇော်သိန်း သီချင်းဆိုရင် သိပ်ကောင်းမှာ'

'ဟာ . . . . ၊ ကျွန်တော် အသံမကောင်းပါဘူး အစ်ကိုရာ'

'မဟုတ်ဘူး . . . . ၊ ခုန ကိုဇော်သိန်း အခမ်းအနား အစီအစဉ် ကြေညာတဲ့အသံက ပလေးဘွိုင်သန်းနိုင်အသံ' တဲ့။

ကြဲဖန်ပြီး မြှောက်ပြောတာဖြစ်မှာပါနော်။ အဲဒီ ပုဂ္ဂိုလ်က

http://www.dhammadownload.com

ဦးဇင်းတို့နဲ့ အမြဲတမ်းတွေ့နေရတဲ့ သူငယ်ချင်းတော့ မဟုတ်ဘူး။ အခု လူမြင်ရင်တော့ မှတ်မိလောက်ပါတယ်။ သူလည်း အရွယ်တွေ ရုပ်တွေ ပြောင်းနေရင်တော့ မပြောတတ်ဘူးပေါ့လေ။

အဲဒီတုန်းက ပလေးဘွိုင်သန်းနိုင်က နာမည်ကြီးနေတဲ့အချိန် ကိုး။ ဒါကြောင့် ပလေးဘွိုင်သန်းနိုင်အသံနဲ့တူတယ်လို့ မြှောက်ပြီးပြော တာပေါ့။ အခုနေများ ကျောင်းကောင်စီအတွင်းရေးမှူး လုပ်ပြီးတော့ အစီအစဉ်ကြေညာရင် ဇော်ပိုင်အသံနဲ့တူတယ်လို့များ ပြောမလား မသိဘူးနော်။

အဲဒီတော့ ဇော်သိန်းနဲ့ ဇော်ပိုင်နဲ့ ဇော်ချင်းတော့ အတူတူပါ ပဲ။ ဇော်ပိုင်ကတော့ 'မင်းနဲ့မှ ချစ်တတ်ပြီ' တဲ့။ ဇော်သိန်းကတော့ 'ငါ့ကို မချစ်ပါနဲ့' တဲ့။ သိပ်တော့ မကွာပါဘူးနော်။

ဒါ့ကြောင့် ကျောင်းသားဘဝတုန်းက ဦးဇင်းဆိုတဲ့ သီချင်းသံ အဆုံးမှာ အားရပါးရ လက်ခုပ် မတီးလိုက်ခဲ့ရတဲ့ ကျေးဇူးရှင်ဆရာ ဆရာမများ အခု ဘုန်းကြီးဝတ်လို့ ပလ္လင်ပေါ်ကနေ တရားဟောတဲ့ အခါမှာ လက်ခုပ်တော့ မတီးပါနဲ့တော့၊ သာဓုတော့ အားရပါးရ ခေါ်လိုက်ကြပါ။

ဟိုးတုန်းက လက်ခုပ်ကြွေးတွေကို အခု သာဓုသံနဲ့ ပြန်ပြီး ဆပ်လိုက်တော့ပေါ့နော်။ လက်ခုပ်တီးရတာနဲ့ သာဓုခေါ်ရတာနဲ့ ဘယ် ဟာ ပိုကောင်းတုံး။ သာဓုခေါ်ရတာ ပိုကောင်းပါတယ်။ ဒါပေမဲ့ လည်ချောင်းကွဲအောင်တော့ မအော်လိုက်ပါနဲ့နော်။

■

http://www.dhammadownload.com

## အပ္ပမာဒေနသမ္ပာဒေထ

'ငါ့ကိုမချစ်ပါနဲ့' တရားကို နာကြားကြရတဲ့ တရားနာပရိ-သတ်များ မြင်သမျှ၊ ကြားသမျှ၊ ကြံသမျှ၊ ဆုံသမျှ၊ သက်ရှိသက်မဲ့ အာရုံတွေကို ငါ့ပစ္စည်း၊ ငါ့ဥစ္စာ၊ ငါ့လူ၊ ငါ့ချစ်သူလို့ သတ်မှတ် သိမ်းပိုက်တဲ့ 'ငါ့ကိုချစ်တဲ့စိတ်' ကိုလည်း ပယ်သတ်နိုင်ကြပါစေ။

ငါ့အတွက် အကျိုးရှိရင်ပြီးရော၊ ငါ့ဘဝ တိုးတက်ရင်ပြီးရော၊ ဘယ်သူတွေ ဘာဖြစ်ဖြစ်ဆိုတဲ့ 'ငါ့ကိုချစ်တဲ့စိတ်' ကိုလည်း ပယ်သတ်နိုင်ကြပါစေ။

ငါ့အတွေးအခေါ်၊ ငါ့အယူအဆမှ မှန်တယ်၊ ငါ့ဆန္ဒ၊ ငါ့ဆုံးဖြတ်ချက်မှ မှန်တယ်ဆိုတဲ့ 'ငါ့ကိုချစ်တဲ့စိတ်' ကိုလည်း ပယ်သတ်နိုင်ကြပါစေ။

ပယ်သတ်နိုင်ကြတဲ့အတိုင်းလည်းပဲ ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်တက်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ အဆင့်ဆင့်တက်ပြီးတော့

http://www.dhammadownload.com

နိဗ္ဗာန်ချမ်းသာကို ဒီဘဝ ဒီခန္ဓာ နောက်ဆုံးအဖြစ်နဲ့ မျက်မှောက်ပြုနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဦးဇင်းတို့ရဲ့ 'ငါ့ကိုမချစ်ပါနဲ့' တရားကို ဒီနေရာမှာပဲ နိဂုံးချုပ်ပါတယ်။

တရားနာပရိသတ်များအားလုံး လက်အုပ်ချီထားကြပါ။

အရေးအကြီးဆုံးစကားတစ်ခွန်းနဲ့ တရားနိဂုံးချုပ်ပါတော့မယ်။

အပ္ပမာဒေန သမ္ပာဒေထ။

အပ္ပမာဒေန - မမေ့မလျော့ မပေါ့မဆ ပြင်းပြထက်သန်မှန်ကန်သော သတိတရားဖြင့်၊

သမ္ပာဒေထ - သီလ၊ သမာဓိ၊ ပညာဟုဆိုအပ်သော သိက္ခာသုံးပါးတို့ကို ကိုယ်စီကိုယ်င ပြည့်စုံအောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။ ။

သာဓု .... သာဓု .... သာဓု ပါဘုရား။



၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်၊ ရေနံချောင်းမြို့ အ-ထ-က(၁) ကျောင်းဝင်းအတွင်း အာစရိယပူဇာတရားပွဲ၌ ဟောကြားအပ်သော တရားတော်ကို ပြုပြင်ဖြည့်စွက်ရေးသားထားပါသည်။

အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)

http://www.dhammadownload.com

- ကိုယ်ရောင်းရမယ့်ပန်းသွားမရောင်းဘဲ
  သူတစ်ပါးပျိုးနုတ်မယ့်အချိန်ကို
  စောင့်မျှော်ငေးမောနေမိတဲ့အတွက်
  ရောင်းမယ့်ပန်းတွေညှိုးနွမ်းကုန်ပြီး
  အကျိုးအမြတ်ဆုံးရှုံးသွားခဲ့ရသလို
  ကိုယ်လုပ်ရမယ့်အလုပ်ကိုမလုပ်ဘဲ
  သူတစ်ပါးအကြောင်းပဲစဉ်းစားနေမယ်
  သူတစ်ပါးအကြောင်းပဲပြောဆိုနေမယ်
  သူတစ်ပါးအလုပ်တွေနဲ့ပဲ
  အလကားအချိန်ဖြုန်းနေမယ်ဆိုရင်
  သံသရာအဆက်ဆက်ကပါလာတဲ့
  ကုသိုလ်ပါရမီပန်းတွေညှိုးနွမ်းကုန်ပြီး
  မဂ်ဖိုလ်အခွင့်အရေးတွေဆုံးရှုံးသွားရပါလိမ့်မယ်။

- ဒီဘဝမှာတရားထူးရမယ့်
  ကုသိုလ်ပါရမီတွေပါလာပေမယ့်
  တရားအလုပ်အားမထုတ်ဘူးဆိုရင်
  ဘယ်လိုနည်းနဲ့မှတရားထူးမရနိုင်တော့ပါဘူး။
  တရားအလုပ်အားထုတ်ပေမယ့်
  သူ့အရွယ်သူ့အခါမှာအားမထုတ်ဘဲ
  အရွယ်လွန်အခါနှောင်းမှအားထုတ်ရင်လည်း
  ရဖို့သေချာပြီးသားတရားထူးတွေ
  လက်လွတ်ဆုံးရှုံးရပါလိမ့်မယ်။

http://www.dhammadownload.com

# ပန်းမညှိုးပါစေနဲ့

ဒီနေ့မနက်ကတည်းက တစ်နေ့လုံး တစ်ချိန်လုံး ညှော်သည်က လာနေတော့ ဒီနေ့ ဟောမယ့် တရားကို ဘယ်လိုလေး ပြောရရင် ကောင်းမလဲဆိုတာ စဉ်းစားဖို့ အချိန်ကို မရဘဲဖြစ်သွားတယ်။ အဲဒီ တော့ ဒီနေ့ တရားကတော့ အကောင်းဆုံးတရား ဟောပေးပါမယ်။ အကောင်းဆုံးတရားဆိုတာ အတိုဆုံးတရားကို ပြောတာပါပဲနော်။

အရပ်ထဲ ပြောကြတယ်မဟုတ်လား။ သမားဆိုအိုမှ၊ မယား ဆို ပျိုမှ၊ သကြားဆို ချိုမှ၊ ဆားဆို ညှိုမှ၊ တရားဆို တိုမှတဲ့။ တရားက တိုလေကောင်းလေပဲတဲ့။ တိုတဲ့တရားဆိုတာ ဘယ်တော့မှ မမေ့တော့ ဘူး။

ဦးဇင်းတို့ မြိတ်မှာနေတုန်းက ဆရာတော်ကြီးတစ်ပါး ပေး တဲ့ ဩဝါဒ တစ်သက်လုံး မမေ့တော့ဘူး။ ဦးဇင်းတို့ သီတင်းသုံးတဲ့ ဗိုလ်တောင်တောရကျောင်းရဲ့ ပထမမူလ တည်ထောင်ထားတဲ့ ဆရာ

http://www.dhammadownload.com

တော်တော့ မဟုတ်ဘူးပေါ့လေ။ ဒီတောရကျောင်းကို စာသင်တိုက် ဖြစ်အောင် လှူဒါန်းတဲ့ ဆရာတော်ပေါ့၊ အဲဒီ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသွားတဲ့ နှစ်ပတ်လည် အခမ်းအနားတစ်ခု ကျင်းပတော့ မြို့ထဲက ဆရာတော်ကြီးတွေ၊ စာသင်တိုက်က ဆရာတော်ကြီးတွေ ပင့်ပြီးတော့ ပူဇော်ကြတယ်။ ပြီးတော့ စာသင်တိုက်က ဆရာတော် ကြီးတွေရဲ့ ဩဝါဒကိုလည်း ခံယူကြပါတယ်။

ဆရာတော်ကြီး သုံးပါး၊ တစ်ပါးစီ အလှည့်ကျ ဩဝါဒပေးကြ ပါတယ်။ အဲဒီထဲမှာ တစ်ပါးအလှည့်ရောက်တော့ အဲဒီ ဆရာတော်ကြီး ကလည်း မြို့မှာ နည်းနည်း လူစိတ်ဝင်စားတဲ့ ဆရာတော်ကြီးဖြစ်နေ တာပေါ့လေ။ အဲဒီတော့ အဲဒီဆရာတော်ကြီး ဘာများ ဩဝါဒပေးမလဲ လို့ စိတ်ဝင်စားနေကြတာပေါ့။

လူတွေကလည်း နားစွင့်နေကြတယ်။ ဆရာတော်ဘုရားကြီး ဩဝါဒပေးတော်မူပါဘုရားဆိုပြီးတော့ အခမ်းအနားမှူးက လျှောက် တယ်၊ ဩဝါဒလည်း ခံယူရော၊ ပရိသတ်ကလည်း ငြိမ်နေတယ်၊ သံဃာ တော်များကလည်း ငြိမ်နေတယ်။ ဆရာတော်ကြီး ဘာများ ဩဝါဒ ပေးမလဲလို့ . . . . ။

ဆရာတော်ကြီးက ချက်ချင်း ဩဝါဒမပေးသေးဘူး။ မိနစ် ဝက်လောက် ငြိမ်နေလိုက်သေးတယ်။ သူငြိမ်နေတော့ နားထောင်တဲ့ သူတွေကလည်း ပိုစိတ်ဝင်စားတာပေါ့။ ခဏလောက်ကြာမှ ဆရာ တော်ကြီးက ဘာပြောသလဲဆိုတော့ ‘ကောင်းတဲ့ အလုပ်တွေကို ကောင်းတဲ့ စိတ်ထားနဲ့ အကောင်းဆုံးဖြစ်အောင် လုပ်ကြပါ’ တဲ့။

အဲဒီလို ပြောပြီးတော့ ဘာမှ ဆက်မပြောတော့ဘူး။ ဒါပါပဲလို့

http://www.dhammadownload.com

လည်း မပြောဘူး။ ဒီအတိုင်းပဲ ရပ်သွားတယ်။ မိနစ်ဝက်လောက် ငြိမ်နေတာကြာတော့မှ 'ဆရာတော်ကြီး ဘာမှ ဆက်မပြောတော့ဘူး၊ ဩဝါဒ ပြီးပြီထင်ပါရဲ့' ဆိုပြီးတော့ ပရိသတ်အားလုံးက သာဓု သာဓု သာဓု ဆိုပြီးတော့ သာဓုခေါ်လိုက်ကြတာ။

အဲဒီ ဩဝါဒ တစ်သက်လုံး မမေ့တော့ဘူး။ ကျွန်ဆရာတော်ကြီးနှစ်ပါး ဘာဩဝါဒ ပေးသွားမှန်း ခုချိန်ထိ စဉ်းစားလို့ မရဘူး။ အဲဒီဆရာတော်ကြီးပေးတဲ့ ဩဝါဒကတော့ တစ်သက်လုံးမမေ့တော့ဘူး။ အတိုဆုံးဩဝါဒ၊ အတိုဆုံးတရားဆိုတော့ ဘယ်မေ့ပါတော့မလဲ၊ ဒါကြောင့် တရားကတော့ တိုလေကောင်းလေပဲ။

အဲဒီ ဩဝါဒလေးပဲ အရင်းအတိုင်း ဖောက်သည်ချပြီးတော့ ပလ္လင်ပေါ်က ဆင်းမှ ထင်ပါရဲ့။ အဲဒီ ဩဝါဒလေးက တိုပေမယ့် အကျယ်ချဲ့ ရှင်းရင်တော့ ချဲ့ရင်ချဲ့သလောက် ကျယ်ပါတယ်။

အခု ဒီနေ့ပေးမယ့် ဩဝါဒက ဘာတဲ့တုံး။ ဘာမှတောင် မပြောရသေးဘူးနော်၊ ရယ်နေပြီ။ 'ပန်းမညှိုးပါစေနဲ့' တဲ့။

■

http://www.dhammadownload.com

## ပန်းမညှိုးမှ အစွမ်းတိုးမယ်

ပန်းမညှိုးပါစေနဲ့ ဆိုတဲ့ စကားရပ်ကလည်း ပြောဆိုသူရဲ့ နှလုံးသွင်းပေါ် မူတည်ပြီးတော့၊ နားထောင်သူရဲ့ နှလုံးသွင်းပေါ် မူတည်ပြီးတော့ အဓိပ္ပာယ်အမျိုးမျိုး သက်ရောက်နိုင်ပါတယ်။

ဘုရားပန်း မညှိုးပါစေနဲ့ဆိုတဲ့ အဓိပ္ပာယ်ရော မရဘူးလား။ ဘုရားပန်းမညှိုးပါစေနဲ့။ နတ်ပန်းမညှိုးပါစေနဲ့လည်း ရတာပဲ။

ယောဂီတို့ အိမ်မှာ ဘုရားပန်းနဲ့ နတ်ပန်း ဘယ်ပန်း အညှိုးခံတုံး။ ဘုရားပန်းပဲ အညှိုးခံတယ်။ နတ်ပန်းတော့ အညှိုးမခံဘူးပေါ့။ နတ်က ဘာဖြစ်တယ်။ နတ်က တိုက်တယ်။ နတ်က တိုက်တော့ ပန်း အညှိုးမခံဘူး၊ ဘုရားကတော့ မတိုက်လို့ ညှိုးချင်ညှိုးပါစေ၊ အညှိုးခံထားလိုက်ဦးမယ်ပေါ့။

ဟုတ်တယ်၊ လူအများစုရဲ့ သဘာဝ၊ အများစုရယ်လို့မဟုတ်ဘူးပေါ့လေ။ အဲဒီလို နတ်ကိုးကွယ်မှုအားသန်တဲ့ပုဂ္ဂိုလ်တွေက ဘုရား

http://www.dhammadownload.com

ပန်းသာ ညှိုးချင်ညှိုးပါစေ၊ နတ်ပန်းတော့ အညှိုးမခံနိုင်ဘူး။

ဘုရားစင်မှာသာ ဆွမ်းခဲဖွယ်ဘောဇဉ် ချိုချဉ်ရသာ မရှိရင် နေမယ်၊ နတ်ရှေ့မှာ အုန်းသီးဆိုလည်း အလုံးလိုက်၊ ငှက်ပျောသီးဆို လည်း အဖီးလိုက်၊ ဘုရားကျတော့ အုန်းသီးလေး တစ်စိတ်နှစ်စိတ်၊ ဟို နတ်ကျတော့ အုန်းသီးအလုံးလိုက်၊ တစ်စိတ်နှစ်စိတ်ဆိုတာတောင် ပုံမှန် မဟုတ်ဘူး။ နတ်ကျတော့ အုန်းသီးက နေ့တိုင်း ဆွဲပေးထားတယ် နော်။

အဲဒီတော့ နတ်ကတိုက်တယ်ဆိုတော့ ဦးဇင်း စာသင်သား တုန်းက နာဖူးတဲ့ဆရာတော်ကြီးတစ်ပါးရဲ့ တရားလေးတစ်ပုဒ်ကို သွား သတိရတယ်။ နတ်ကျတော့ လူတွေက ကြောက်ကြတယ်၊ ဘုန်းကြီးကျ တော့ လူတွေက မကြောက်ကြဘူးတဲ့။ နတ်တွေကို ကြောက်မှာပေါ့တဲ့၊ နတ်တွေက ပူးတာကိုးတဲ့။ ဘုန်းကြီးတွေက ပူးမှမပူးဘဲတဲ့။ အဲဒီတော့ လူတွေ ဘုန်းကြီးကြောက်အောင် ပူးရမယ့်ကိန်းဆိုက်နေပြီတဲ့။

ဒါ ငယ်ငယ်တုန်းက ဆရာတော်ကြီးတစ်ပါး ဟောတာ ကြား ဖူးတာပါ။ ပြောမယ်ဆိုရင်လည်း ပြောစရာပဲလေ။ လူတွေလုပ်ပုံက နတ်ကျတော့ ပူးမှာကြောက်တော့ မျက်နှာအညှိုးမခံဘူး၊ ဘုရားကျ တော့ 'ဘုရားက မဟာကရုဏာတော်ရှင်၊ သဘောကောင်းတယ်' ဆို ပြီးတော့ သောက်တော်ရေလည်း လေးငါးခြောက်ရက်နေ၊ စွန့်ချင်မှ စွန့်တာ၊ ဘုရားပန်း ညှိုးခြောက်နေလည်း စွန့်ချင်မှစွန့်တာ၊ ဒီတော့ ဘုရားပန်း မညှိုးပါစေနဲ့၊ ဒီအမိပ္ပာယ်လေးလည်း ယူလို့မရဘူးလား။ ရပါတယ်။

ယောဂီတို့ အိမ်တွင်းရေး မသာယာချင်ဘူးလား။ သာယာ

http://www.dhammadownload.com

ချင်တယ်။ သာယာချင်တယ်ဆိုရင် ဘုရားပန်းမညှိုးပါစေနဲ့။ ဘုရားပန်းညှိုးပြီဆိုရင်တော့ အနေးနဲ့အမြန်ပဲ ကွာမယ်၊ အိမ်တွင်းရေး ပဋိပက္ခတွေဖြစ်ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် အဆင်မပြေ စိတ်ဝမ်းကွဲတာတွေ ဖြစ်ကြမှာပဲ။ လုပ်ငန်းကိုင်ငန်း စီးပွားရေးတွေလည်း အဆင်ပြေမှာမဟုတ်တော့ဘူး။

ဂါထာတွေ၊ မန္တာန်တွေ အမြုပ်ထွက်အောင် မရွတ်ချင်နေပါ။ ဘုရားပန်းကို အမြဲတမ်း လန်းလန်းဆန်းဆန်း ဖြစ်အောင်ထားမယ်၊ သောက်တော်ရေချမ်းလေးကိုလည်း အမြဲတမ်း အေးနေအောင်ထားမယ်ဆိုရင် အိမ်တွင်းရေးလည်း အေးချမ်း၊ စီးပွားလမ်းလည်း ဖြောင့်၊ အစစအရာရာ အဆင်ပြေမှာပါ။

'ဘုရားပန်း မညှိုးပါစေနဲ့' ဆိုတဲ့ စကားအလိုက်အတိုင်း သောက်တော်ရေအနေနဲ့ ပြောမယ်ဆိုရင်တော့ 'သောက်တော်ရေ မနွေးပါစေနဲ့'လို့ ပြောရမှာပေ့ါ။

သောက်တော်ရေ တစ်နေ့ ဘယ်နှခါလဲတုံး။ နှစ်ခါ။ နှစ်ခါလဲတဲ့သူ တော်တော်တော့ နည်းမယ်ထင်တယ်နော်၊ ကဲ ကိုယ်ကတော့ ရေတစ်နေ့ ဘယ်နှခါသောက်တုံး။ ဆယ်ခါ။ တော်တော်တရားတယ်၊ ဘုရားကျတော့ ရေအငတ်ထားတယ်၊ ကိုယ့်ကျတော့ ဆာတိုင်းဆာတိုင်း သွားသွားသောက်တယ်။

အမှန်ကတော့ ကိုယ်ရေသောက်တိုင်း ဘုရားကို သောက်တော်ရေ လဲပြီးကပ်မယ်ဆိုရင် ပိုကောင်းတယ်နော်။ အဲဒီလောက်ကြီးအထိ မလဲနိုင်ဘူးဆိုရင်တောင်မှ မနက်တစ်ခါ၊ နေ့လယ်တစ်ခါ၊ ညတစ်ခါ၊ တစ်နေ့သုံးကြိမ်လောက်တော့ သောက်တော်ရေလေး လဲပြီး

http://www.dhammadownload.com

ကပ်ရင် ကောင်းတာပေါ့။

ကိုယ် ရေသောက်တိုင်း သောက်တိုင်းလည်းပဲ ကိုယ့်ပါးစပ်ထဲ ရေမထည့်ခင် ကိုယ်သောက်မယ့်ခွက်ကလေးကို လက်ကလေးနဲ့ ကိုင်ထားပြီးတော့ 'မြတ်စွာဘုရားရှင်အား သောက်တော်ရေ လှူဒါန်းပါတယ်' လို့ စိတ်က အာရုံပြုပြီးတော့ မြတ်စွာဘုရားရှင်ကို သောက်တော်ရေကပ်လိုက်ပေါ့။ ကိုယ်သောက်တဲ့ ရေအိုးစင်နားလေးကနေပြီးတော့ ကပ်လိုက်ရုံပါပဲ။ ဘုရားဆီသွားပြီး ကပ်စရာမလိုပါဘူး။

ဘယ်နေရာမှာပဲ ရပ်ပြီးတော့ ရေသောက်သောက်၊ ကိုယ်ရေသောက်တိုင်း မြတ်စွာဘုရားကို သောက်တော်ရေချမ်း လှူဒါန်းပြီးမှ ကိုယ်က စွန့်သောက်ပါ။ အရက်သမား၊ ဘီယာသမားတချို့တောင် အရက်သောက်ခါနီး၊ ဘီယာသောက်ခါနီး ကိုယ်သောက်မယ့် အရက်ပုလင်း၊ ဘီယာပုလင်းကို အရက်သမားနတ် ကိုကြီးကျော်ကို ပသတဲ့အနေနဲ့ နဖူးရှေ့ လက်နဲ့မြှောက်ပြီး အာရုံပြုကြသေးတယ် မဟုတ်လား။ ကိုကြီးကျော်တပည့်တွေထက် ဘုရားတပည့်တွေက သာမှဖြစ်မှာ နော်။

သောက်တော်ရေ တစ်ခုတည်းမှ မဟုတ်ဘူး၊ ဘာပဲစားစား၊ သကြားလုံးလေး ငုံတာပဲဖြစ်ဖြစ်၊ နေကြာစေ့လေးတစ်ထုပ်စားတာပဲဖြစ်ဖြစ်၊ မြတ်စွာဘုရားကို စိတ်ကအာရုံပြု ကပ်ပြီးတော့မှစား၊ မစားခင် သရဏဂုံလေး ဘာလေးလည်း ရွတ်ပေါ့။ သရဏဂုံရွတ်နေတဲ့အချိန်က မြတ်စွာဘုရား ဘုဉ်းပေးနေတဲ့အချိန်လို့ သဘောထားပေါ့။

သရဏဂုံလေးသုံးခေါက် ရွတ်ပြီးသွားပြီဆိုတော့မှ 'မြတ်စွာဘုရား၊ မြတ်စွာဘုရား ဘုဉ်းပေးပြီးပြီဖြစ်လို့ တပည့်တော်ကို ဆေး

http://www.dhammadownload.com

အဖြစ်နဲ့ စွန့်တော်မူပါဘုရား' လို့ စွန့်ပြီး စားပေါ့နော်။ မြတ်စွာဘုရားရှင်က တန်ခိုးနဲ့ ဘုဉ်းပေးလိုက်တာဆိုတော့ ခဏလေးနဲ့ ပြီးပြီပေါ့။

ယောဂီတို့က စွန့်စားတာ ကြိုက်တယ်မို့လား။ အဲဒီတော့ ဘုရားကပ်ပြီးတော့ 'စွန့်စား' လိုက်တော့ စွန့်စားတဲ့သူတွေဖြစ်သွားတာပေါ့။ နိဗ္ဗာန်ဆိုတာ စွန့်စားတဲ့သူတွေမှ ရောက်တာနော်။ အဲဒီတော့ ဘုရားပန်း မညှိုးပါစေနဲ့၊ သောက်တော်ရေချမ်း မနွေးပါစေနဲ့၊ ဒါ အရေးကြီးပါတယ်။

■

http://www.dhammadownload.com

## သူများမကြည့်နဲ့၊ ကိုယ့်ပန်းကိုယ်ကြည့်

ဒီနေ့ အဓိက ပြောချင်တာကတော့ အဲဒီ ဘုရားပန်းကိစ္စ မဟုတ်ပါဘူးနော်။ ဘာပန်းကိစ္စ ပြောမှာလဲဆိုတော့ 'ပါရမီကုသိုလ်ပန်း' ကိစ္စပြောမှာပါ။ ပါရမီပန်းမညှိုးပါစေနဲ့၊ ကုသိုလ်ပန်းမညှိုးပါစေနဲ့။ အဲဒီ 'ပန်းမညှိုးပါစေနဲ့' အဆုံးအမလေးရဲ့ အဓိပ္ပာယ်နားလည်ဖို့အတွက် ရှေးဆရာတော်ကြီးတစ်ပါးရဲ့ ဓမ္မပုံပြင်လေးတစ်ခုကို အရင်ဆုံးနားထောင်မှုဖြစ်မယ်။ အနည်းငယ် ပြုပြင်ပြီး ပြောပါမယ်။

တစ်ခါတုန်းက ရွာတစ်ရွာမှာ ကိုပန်းမောင်ဆိုတဲ့ ဒကာကြီးတစ်ယောက်ရှိပါတယ်။ သူက ပန်းစိုက်တဲ့လုပ်ငန်းလုပ်ပါတယ်။ ပန်းခြံလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပါတယ်။ ကိုယ်တိုင်လည်း ပန်းပင်တွေစိုက်တယ်၊ ကိုယ့်ခြံကထွက်လာတဲ့ပန်းတွေကိုလည်း ကိုယ်တိုင်ပဲ မြို့တက်ပြီးတော့ ရောင်းပါတယ်။

တစ်နေ့ ပန်းတွေ တောင်းထဲမှာအပြည့်ထည့်ပြီးတော့ မြို့ကို

http://www.dhammadownload.com

ပန်းရောင်းဖို့ထွက်လာတယ်၊ ထွက်လာရင်းနဲ့ သူ့ရွာနဲ့ မြို့ကြား လမ်းတစ်ဝက်လောက်ကုက္ကိုပင်ကြီးတစ်ပင်နားရောက်တော့ အမောအပန်းဖြေလိုက်ဦးမယ်၊ ချွေးလေးဘာလေး တိတ်အောင်နေလိုက်ဦးမယ်ဆိုပြီးတော့ ကုက္ကိုပင်အောက်မှာ ခဏအပန်းဖြေနေပါတယ်။

အဲဒီအချိန်မှာပဲ ပုဆိုးခါးပုံစာထဲမှာ နှီးစလေးတွေ ထည့်ထားတဲ့ လူတစ်ယောက် ရောက်လာတယ်။ သူက ဘာလုပ်ဖို့ ရောက်လာတာလဲဆိုတော့ အဲဒီ ကုက္ကိုပင်ကြီး အနီးအနားမှာရှိတဲ့ လယ်ကွင်းထဲက ပျိုးပင်တွေ၊ ကောက်ပင်တွေကို နုတ်ဖို့ ရောက်လာတာပါ။ ပျိုးနုတ်ဖို့ ရောက်လာတာပါ။

ကုက္ကိုပင်ကြီးနား ရောက်တော့ သူကလည်း ခဏဝင်နားတာပေါ့။ ဝင်နားပြီးတော့ ပါးစပ်က ပြောလိုက်သေးတယ်။ 'ဒီပျိုးတစ်ခင်း၊ ဒီလယ်တစ်ကွင်းလောက်တော့ နုတ်လိုက်ရင် ခဏပါပဲ'။

'ခဏလေးပါပဲ' ဆိုပြီးတော့ သူကပါလာတဲ့ ထမင်းထုပ်ကလေး ဖြေပြီးတော့ စားလိုက်တယ်။ ထမင်းစား၊ လက်တွေ ဘာတွေ သေချာ ဆေးကြောသုတ်သင်လည်းပြီးရော ခေါင်းပေါ်မှာ ပါလာတဲ့ ခေါင်းပေါင်းစလေး ဖြေချ၊ ခေါင်းခုလေးလုပ်၊ ကုက္ကိုပင်ရဲ့ သစ်မြစ်ပေါ်မှာ အဲဒီ ခေါင်းခုလေးကိုတင်၊ ပြီးတော့ လဲလျောင်း၊ ဆေးလိပ်လေး နှစ်ဖွာ၊ သုံးဖွာလောက် ဖွာလိုက်ပြီးတော့ မှိန်းနေလိုက်တယ်။

'ဪ . . ဒီလယ်ကွက်လောက်တော့ အိပ်ရာထမှ နုတ်လိုက်လို့ရှိရင်လည်း ခဏလေးပါပဲ' ဆိုပြီးတော့သူက တစ်ရေးလောက် အိပ်လိုက်တယ်ပေ့ါ။ အဲဒီအချိန်မှာ ဘေးက ကိုပန်းမောင်က 'ဪ ဒီလူက ဒီလယ်ကွက် ဒီလောက်အကြီးကြီးတောင်မှ ခဏလေးပါပဲဆိုတော့

http://www.dhammadownload.com

ဒီလူ တော်တော်ပျိုးနုတ်ကောင်းတဲ့လူထင်တယ်’

အဲဒီ ရှေးခေတ်တုန်းကတော့ ပျိုးနုတ်ကောင်းတယ်ဆိုလို့ရှိရင် လူတွေက အထင်ကြီးကြတာပေါ့။ ဂုဏ်လည်းယူကြတယ်။ ပျိုးနုတ်ကောင်းတဲ့ပုဂ္ဂိုလ်က သူကိုယ်တိုင်လည်း ဂုဏ်ယူတယ်၊ သူများတွေကလည်း သူ့ကို ချီးကျူးကြတယ်၊ အထင်ကြီးကြတယ်။ သူပျိုးနုတ်တာကို သေချာကြည့်ပြီးတော့ အတုယူကြတယ်။

ဒါနဲ့ ‘သြော် . . . ဒီအမျိုးသားကတော့ ပျိုးနုတ် တော်တော်ကျွမ်းကျင်ပုံပေါ်တယ်။ သူ ပျိုးနုတ်ပုံကတော့ တော်တော် ကြည့်လို့ကောင်းမှာပဲ၊ သူပျိုးနုတ်တာ ငါစောင့်ကြည့်ဦးမှပဲ’ဆိုပြီးတော့ ပျိုးနုတ်မယ့်လုလင် နိုးလာမယ့်အချိန်ကို ကိုပန်းမောင်က ထိုင်စောင့်နေတယ်။

ကိုယ်တော်ချောကလည်း အားရပါးရအိပ်လိုက်တာ ညနေနေစောင်းသွားရော၊ နေစောင်းသွားတော့ နိုးလည်းလာရော၊ မျက်နှာလေးဘာလေးသစ်ပြီးတော့ ‘သြော် - နေကလည်း အကျမြန်လိုက်တာ၊ အခုမှ နုတ်နေလို့လည်း ပြီးမှာ မဟုတ်တော့ပါဘူး။ မနက်ဖြန်ကျမှ နုတ်ပါတော့မယ်’ ဆိုပြီးတော့ သူက ခေါင်းပေါင်းလေး ပြန်ပေါင်းပြီးတော့ ထွက်သွားတယ်။

ဒီက ကိုပန်းမောင်ကတော့ သူ ပျိုးနုတ်တာ ကြည့်မယ်ဆိုပြီးတော့ သေချာ အချိန်ကုန်ခံပြီး စောင့်နေတာ။ ဟိုက ပျိုးနုတ်မယ့်လုလင် ပြန်လည်းသွားရော၊ အဲဒီအချိန်ကျမှ သူ နောင်တတွေရတာ၊ ‘ငါစောင့်မိတာမှားပြီ’၊ သူ့ ပန်းတောင်းလေး လှမ်းကြည့်လိုက်တော့ ပန်းတွေကလည်း ညှိုးကုန်ပြီ၊ ညနေ နေစောင်းပြီဆိုတော့ မြို့တက်ပြီး ပန်းသွားရောင်းလို့လည်း မရတော့ဘူး။ ညှိုးနေတဲ့ပန်း ဘယ်သူကမှ

http://www.dhammadownload.com

လည်း မဝယ်တော့ဘူး။ ပန်းဖိုးပိုက်ဆံတွေလည်း ဆုံးရှုံးပြီပေါ့။

အဲဒါပဲ၊ 'ပန်းမညှိုးပါစေနဲ့' ဆိုတာ၊ သဘောပေါက်ပြီလား။ ဘယ်လို သဘောပေါက်တုံး။ ကိုယ်သဘောပေါက်သလိုပြောကြည့်ပါဦး။ ပေါ်ဆန်းမွှေး ရှယ်တွေ စားထားတာပဲ။ ဉာဏ်ရှယ်လေးတွေနဲ့ ဒီပုံပြင်လေး ကြည့်ပြီးတော့ ဘယ်လို ကောက်ချက်ချရမှာတုံး။

ကိုယ့်အလုပ်ကိုယ် မလုပ်ဘဲနဲ့ သူများအလုပ် ကြည့်ပြီးတော့ အချိန်ဖြုန်းနေမယ်ဆိုရင် ပန်းညှိုးသွားလိမ့်မယ်။ သူများအကြောင်းပဲ စဉ်းစားနေမယ်၊ သူများအကြောင်းပဲ ပြောပြီးတော့ အချိန်ကုန်နေမယ်၊ သူများအလုပ်တွေနဲ့ပဲ အချိန်အကုန်ခံနေမယ်ဆိုရင် ကိုယ့်အကြောင်းလည်း မတွေးဖြစ်တော့ဘူး။ ကိုယ့်အကြောင်းလည်း မပြောဖြစ်တော့ဘူး။ ကိုယ့်အလုပ်ကိုလည်း မလုပ်ဖြစ်တော့ဘူး။

အဲဒီလိုဆိုရင်တော့ ကိုယ့်ရဲ့ ကုသိုလ်ပါရမီပန်းတွေ ညှိုးနွမ်းသွားပြီ၊ ဒါကတော့ ဓမ္မနယ်ပယ်အနေနဲ့ ပြောတာပေါ့။

လောကရေးရာမှာလည်း ဒီအတိုင်းပါပဲ။ သူများအကြောင်းပဲ စဉ်းစား၊ သူများအကြောင်းပဲ ပြော၊ သူများအလုပ်တွေပဲ အချိန်ကုန်ခံ လုပ်နေလို့ရှိရင်၊ ကိုယ့် အလုပ်တွေ လစ်ဟင်းသွားပါတယ်။ ကိုယ့်အလုပ်တွေ လစ်ဟင်းသွားတော့ ကိုယ့်ဘဝ တိုးတက်မှုတွေ နှေးကွေးသွားမယ်။ နှေးကွေးရုံ နှေးကွေးရင် တော်ရဲ့၊ လုံးဝ ဆုံးရှုံးသွားတာမျိုး၊ လုံးဝ နိမ့်ကျသွားတာမျိုးလည်း ဖြစ်သွားနိုင်တာပါပဲ။

ဓမ္မရေးရာအနေနဲ့ ကြည့်မယ်ဆိုရင် ဦးဇင်းတို့တစ်တွေ၊ တရားနာပရိသတ်တို့တစ်တွေ၊ ယောဂီတို့တစ်တွေရဲ့ နှလုံးသားထဲမှာ သံသရာအဆက်ဆက်က၊ ဘဝအဆက်ဆက်က ဖြည့်ဆည်းလာခဲ့တဲ့

http://www.dhammadownload.com

ပါရမီပန်းလေးတွေ၊ ပါရမီလို့ ပြောလိုက်ရင် ကုသိုလ်ကလည်း ပါပြီး သွားပါပဲ။ အကုသိုလ်ပါရမီရယ်လို့ ရှိမှမရှိတာကိုး။

ဒါ့ကြောင့် ဦးဇင်းတို့တစ်တွေရဲ့ နှလုံးသားထဲမှာ ပါရမီပန်း လေးတွေက ပါလာခဲ့ပြီးသား၊ ဘုရားသာသနာနဲ့ ကြုံတယ်၊ ဘုရား သာသနာနဲ့ ဆုံတယ်ဆိုကတည်းကိုက ပါရမီပါလို့ ဆုံကြတာပါ။ ပါရမီ လုံးဝမရှိတဲ့ပုဂ္ဂိုလ်ဟာ သာသနာနဲ့ မဆုံပါဘူး။

ကိုယ့် ပတ်ဝန်းကျင်မှာ သာသနာ ထွန်းကားနေပေမယ့် သာသနာကို စိတ်မဝင်စားဘူးဆိုရင် သာသနာနဲ့ မဆုံတာနဲ့ အတူတူ ပါပဲ။ သာသနာနဲ့ မဆုံတဲ့ ပုဂ္ဂိုလ်ဟာ ပါရမီပန်း လောလောဆယ်မှာ မပါလာခဲ့လို့ပါ။ သာသနာဆိုတဲ့နေရာမှာ ဗုဒ္ဓသာသနာကို ပြောတာ ပါ။ လောလောဆယ်မှာ ဗုဒ္ဓသာသနာနဲ့ မဆုံသေးပေမယ့် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဆုံမယ့်သူဆိုရင်တော့ ပါရမီပန်းလေး ပါလာတာပေါ့။

အဲဒီ မိမိရဲ့နှလုံးသားထဲမှာပါလာတဲ့ ပါရမီပန်းကို ရောင်းရ မှာပေါ့။ ဘာနဲ့လဲလှယ်ပြီး ရောင်းရမှာလဲဆိုရင် အထွတ်အထိပ် အနေ နဲ့ ပြောရင်တော့ နိဗ္ဗာန်နဲ့ လဲ့လှယ်ပြီး ရောင်းရမှာ။ အနီးကပ်ဆုံး အနေနဲ့ပြောရင် ဝိပဿနာဉာဏ်နဲ့ လဲ့လှယ်ပြီး ရောင်းရမှာပါ။

အဲဒီ ပါရမီပန်းလေးကို ရောင်းပြီးတော့ ဝိပဿနာဉာဏ်ကို ဝယ်ယူရမှာ၊ အဲဒီ ပါရမီပန်းလေး ရောင်းပြီးတော့ မဂ်ဉာဏ်၊ ဖိုလ် ဉာဏ်ကို ဝယ်ယူရမှာ၊ အဲဒီ ပါရမီပန်းလေးရောင်းပြီးတော့ ဘယ်တော့ မှ မပျက်စီးနိုင်တဲ့အသင်္ခတနိဗ္ဗာန်ချမ်းသာကြီးကို ဝယ်ယူရမှာ၊ လဲလှယ် ယူရမှာဖြစ်ပါတယ်။

http://www.dhammadownload.com

## ပုထုဇဉ်မှန်သမျှ
## ပန်းညှိုးပြီးသေကြတဲ့ မသာတွေချည်းပါပဲ

မဂ်ဖိုလ်နိဗ္ဗာန်ဆိုက်ရောက်နိုင်တဲ့ ပါရမီပန်းဆိုတာကတော့ အနုအရင့် အနေးအမြန်ပဲ ကွာမယ်၊ အတိုင်းအတာတစ်ခုအထိကတော့ ပါကြတဲ့သူတွေချည်းပဲ။ ပါရမီတစ်စက်ကလေးမှ မပါတဲ့ ဗုဒ္ဓဘာသာဝင်သူတော်စင်ရယ်လို့ မရှိပါဘူး။ ဗုဒ္ဓဘာသာဝင်ရယ်လို့ ဖြစ်လာပြီဆိုရင် ပါရမီ အနည်းနဲ့အများတော့ ပါကြတာချည်းပါပဲ။

ဒါပေမဲ့ အဲဒီ ပါရမီပန်းလေးကို လန်းအောင် မလုပ်ကြဘူး၊ ညှိုးအောင်လုပ်ပြီးတော့ အချိန်တွေ ကုန်သွားကြတယ်။ အထွတ်အထိပ်အနေနဲ့ ပြောရမယ်ဆိုရင် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်မပြုလိုက်ရဘဲနဲ့ ဒီဘဝသေသွားတယ်ဆိုရင် ပန်းညှိုးပြီးတော့ သေသွားတာပါပဲ။

ဒီထက် တစ်ဆင့် လျှော့လိုက်တော့ အနာဂါမ်မဖြစ်ဘဲ သေသွားရင်၊ တစ်ဆင့် လျှော့လိုက်တော့ သကဒါဂါမ်မဖြစ်ဘဲ သေသွားရင်၊

http://www.dhammadownload.com

တစ်ဆင့် လျှော့လိုက်တော့ သောတာပန်မဖြစ်ဘဲ သေသွားတဲ့ပုဂ္ဂိုလ်တွေဟာ ပါရမီကုသိုလ်ပန်း ညှိုးနွမ်းပြီးတော့ သေသွားတဲ့ပုဂ္ဂိုလ်တွေချည်းပါပဲ။

တစ်နေ့တစ်နေ့ ကမ္ဘာပေါ်မှာ သေနေကြတဲ့သူတွေ အများကြီးပဲနော်။ သတင်းစာထဲဖတ်လိုက်လို့ရှိရင်လည်း တစ်နေ့တစ်နေ့ သေသွားကြတဲ့သူတွေ အသက်အရွယ်မျိုးစုံပါပဲ။ အဆင့်အတန်းမျိုးစုံပါပဲ။ နေ့စဉ်နဲ့အမျှ သေနေကြတဲ့သူတွေ အများစုကတော့ ပန်းညှိုးပြီး သေသွားတဲ့သူတွေချည်းပဲနော်။

အများစုဆိုပေမယ့် သိပ်တော့လည်း မများပါဘူးလေ။ ကိုးဆယ့်ကိုး ဒသမကိုးကိုး ရာခိုင်နှုန်းပါပဲ။ သိပ်မများပါဘူးနော်။ နေ့စဉ်နေ့စဉ် သေသွားကြတဲ့သူတွေထဲမှာ ကိုးဆယ့်ကိုး ဒသမကိုးကိုးရာခိုင်နှုန်းဟာ ပန်းညှိုးပြီး သေသွားတဲ့သူတွေချည်းပဲနော်။

ဒီထက် အသေးစိတ်ပြီး ထပ်ပြောလိုက်ရင်တော့ တစ်နေ့တစ်နေ့ သေနေကြတဲ့သူ အများစုဟာ ပန်းသေပြီး သေသွားတဲ့သူတွေချည်းပါပဲ။ တချို့ကျတော့ ပန်းညှိုးရုံတွင်မကဘူး၊ အကုသိုလ်အလုပ်တွေ၊ မကောင်းမှုဒုစရိုက်တွေ ဒီဘဝမှာ အားရပါးရ ဖြည့်ကျင့်ဆည်းပူးသွားတဲ့ အခါကျတော့ သေတဲ့အခါ အပါယ်လေးပါး ငုပ်လျှိုးသွားရတယ်၊ ဒီလိုဆိုတော့ သူက ပန်းညှိုးရုံ မကဘူး၊ ဘာဖြစ်သွားတုံး။ ပန်းသေသွားပြီ။

အပါယ်လေးဘုံကျရောက်သွားပြီဆိုရင်တော့ ဒီအပါယ်လေးဘုံကနေ လူ့ဘဝပြန်တက်လာဖို့ မစဉ်းစားနဲ့၊ 'ပြန်ပေတော့ မစဉ်းစားနဲ့' ဆိုတဲ့အထဲကပဲ၊ အပါယ်လေးဘုံသာရောက်သွားလို့ကတော့ လူ့ဘုံ

http://www.dhammadownload.com

ပြန်ရောက်ဖို့ မစဉ်းစားနဲ့တော့။

မြတ်စွာဘုရား ဟောထားတဲ့ ဒေသနာလေးတစ်ခု ရှိတယ်၊ မဟာပထဝီမြေကြီးပေါ်မှာ ရှိတဲ့ မြေကလေးကို မြတ်စွာဘုရားရှင်က လက်သည်းလေးပေါ်တင်ပြီးတော့ ရဟန်းတော်များကို မေးတယ်။

'ချစ်သားတို့၊ ဒီလက်သည်းပေါ်မှာ ရှိတဲ့ မြေမှုန့်တွေနဲ့ ဒီ မဟာပထဝီမြေကြီးပေါ်မှာ ရှိတဲ့ မြေမှုန့်တွေ၊ ဘယ်မြေမှုန့်က များ သလဲ'

'မြတ်စွာဘုရား၊ မဟာပထဝီမြေကြီးပေါ်မှာ ရှိတဲ့ မြေမှုန့်တွေ က လက်သည်းပေါ်မှာရှိတဲ့ မြေမှုန့်တွေထက် အဆပေါင်းများစွာ၊ ဘယ်လိုမှ မနှိုင်းယှဉ်သာအောင် များပါတယ်ဘုရား'

'အေး . . . . လူ့ဘဝကနေ သေဆုံးသွားပြီးတော့ ကောင်းရာ သုဂတိ၊ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံ၊ ကောင်းရာသုဂတိ ရောက်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ လက်သည်းပေါ်က မြေမှုန့်လောက်ပဲရှိပါတယ်။ မဟာ ပထဝီမြေကြီးလောက်ရှိတဲ့ လူတွေ၊ မဟာပထဝီမြေကြီးမှာရှိတဲ့ မြေမှုန့် အတိုင်းအတာနဲ့တူတဲ့ လူတွေကတော့ သေပြီးတဲ့နောက် အပါယ်လေး ဘုံကိုပဲ ရောက်ကြပါတယ်' တဲ့။

ဒါက သုတ္တန်တစ်ခု။ နောက်တစ်ခုမှာကျတော့ အပါယ်လေး ဘုံရောက်ပြီးမှ လူ့ပြည်၊ နတ်ပြည်၊ ကောင်းရာသုဂတိကို တက်လာတဲ့ ပုဂ္ဂိုလ်တွေဟာ လက်သည်းခွံပေါ်မှာရှိတဲ့ မြေမှုန့်လောက်ပဲရှိပါတယ်။ အပါယ်လေးဘုံမှာပဲ တစ်ဝဲလည်လည်နဲ့ စုန်ချည်ဆန်ချည် ကျင်လည် နေကြတဲ့သတ္တဝါတွေကတော့ မဟာပထဝီမြေကြီးပေါ်မှာရှိတဲ့ မြေကြီး တွေလောက် များပါတယ်တဲ့။

http://www.dhammadownload.com

ခွေးတစ်ကောင်ဖြစ်ပြီးမှ လူပြန်ဖြစ်ဖို့ မလွယ်ဘူးနော်။ ပုရွက်ဆိတ်လေးတစ်ကောင် ဖြစ်ပြီးတော့မှ လူပြန်ဖြစ်လာဖို့ မစဉ်းစားပါနဲ့၊ လူတောင်ဖြစ်ဖို့မလွယ်ဘူးဆိုတော့ နတ်ဖြစ်ဖို့ကတော့ ပိုတောင်ခက်ပါသေးတယ်။ ဈာန်ရမှ ရောက်နိုင်တဲ့ ဗြဟ္မာ့ပြည်ကတော့ ပိုတောင်ခက်သေးတယ်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရမှ ရောက်နိုင်တဲ့ နိဗ္ဗာန်ဆိုတာကတော့ အိပ်မက်ထဲတောင် မက်လို့မရပါဘူး။

ဒါ့ကြောင့် တစ်နေ့တစ်နေ့ သေသွားတဲ့ မသာတွေထဲမှာ ကိုးဆယ့်ကိုး ဒသမကိုးကိုး ရာခိုင်နှုန်းဟာ ပန်းညှိုးပြီး သေတဲ့မသာတွေ၊ ပန်းသေပြီး သေတဲ့မသာတွေပါပဲ။ သုညဒသမ သုညတစ်ကပဲ ပန်းလန်းပြီးတော့၊ ပန်းရှင်ပြီးတော့ သေကြတယ်လို့ ပြောရမှာပေါ့။

သောတာပန်ဖြစ်၊ သကဒါဂါမ်ဖြစ်၊ အနာဂါမ်ဖြစ်၊ ရဟန္တာဖြစ်ပြီးတော့ သေကြတဲ့ပုဂ္ဂိုလ်တွေဟာ ပန်းလန်းပြီးတော့၊ ပန်းရှင်ပြီးတော့ သေကြတဲ့ပုဂ္ဂိုလ်တွေပါ။

ဘုရားသာသနာနဲ့ တွေ့ကြုံနေရတဲ့ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း ပန်းအသေးအကြီးပဲ ကွာချင် ကွာမယ်၊ ပါရမီပန်းကတော့ ပါလာကြတဲ့ သူတွေချည်းပါပဲ။ ကိုယ့်မှာ ပါလာတဲ့ အဲဒီပါရမီပန်းကို ညှိုးမသွားအောင်၊ သေမသွားအောင် ဂရုတစိုက် ထိန်းသိမ်းစောင့်ရှောက်ရမှာပါပဲ။

အဲဒီတော့ ပန်းမညှိုးပါစေနဲ့ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ကတော့ အခြေခံအချက်အနေနဲ့ ပြောမယ်ဆိုရင် သူများအကြောင်းစဉ်းစား၊ သူများအပြစ် ရှာကြံပြီးတော့ အချိန်မကုန်ပါစေနဲ့၊ သူများအကြောင်းပြောဆို၊ သူများအတင်း အပုပ်ချပြီး အချိန်မကုန်ပါစေနဲ့၊

http://www.dhammadownload.com

သူများအလုပ်တွေနဲ့ပဲ အချိန်မကုန်ပါစေနဲ့။

သူများအလုပ် ဆိုတာက ကုသိုလ်အလုပ်တွေကို ပြောတာ မဟုတ်ပါဘူး၊ သားရေးသမီးရေး၊ စီးပွားရေး၊ ကြီးပွားရေး၊ ဘာမှ အနှစ်သာရမရှိတဲ့ အလုပ်တွေလုပ်တာကို ဆိုလိုတာနော်။

ခုလို ရိပ်သာ ဝေယျာဝစ္စလုပ်တာတွေလည်း သူများအလုပ် တွေပါပဲ၊ ဒါပေမဲ့ ဒီအလုပ်တွေက ပန်းညှိုးစေနိုင်တဲ့ အလုပ်တွေ မဟုတ်ပါဘူး။ ပါရမီကုသိုလ်ပန်း လန်းစေနိုင်တဲ့ အလုပ်တွေပါ။

သူများအကြောင်းပဲ တွေး၊ သူများအကြောင်းပဲ ပြော၊ သူများ အလုပ်တွေနဲ့ပဲ အချိန်ကုန်နေလို့ရှိရင်လည်း ကိုယ့်ရဲ့ ပါရမီကုသိုလ် ပန်းတွေပဲ ညှိုးနွမ်းသွားတာပါပဲ။

အဲဒီလို သူများအကြောင်း စဉ်းစား၊ သူများအကြောင်း ပြော ပြီး သူများအလုပ်တွေချည်းပဲ အချိန်ကုန်ခံပြီးတော့ မလုပ်ပါဘူး၊ ကိုယ့်အလုပ်ကိုယ် လုပ်ပါတယ် ဆိုပြန်တော့လည်း လောကအလုပ် လုပ်ရုံ လောကရေးရာ၊ သားရေးသမီးရေး၊ စီးပွားရေးနဲ့ဆိုင်တဲ့ ကိုယ့် အလုပ်လုပ်ရုံနဲ့တော့ ပန်းလန်းတဲ့ပုဂ္ဂိုလ် မဖြစ်နိုင်ပါဘူး။

ကိုယ့်အလုပ်အစစ်ဖြစ်တဲ့ ကုသိုလ်အလုပ်တွေလုပ်မှ ဖြစ်ပါ မယ်၊ ကုသိုလ်အလုပ်လုပ်ပြန်တော့လည်း ဒါနအလုပ်လေးလောက်နဲ့ ကျေနပ်နေမယ်၊ သီလအလုပ်လေးလောက်နဲ့ ကျေနပ်နေမယ်၊ သမထ အလုပ်လေးလောက်နဲ့ ကျေနပ်နေမယ်ဆိုရင် ပန်းညှိုးတဲ့ပုဂ္ဂိုလ်ဖြစ် သွားမှာပါပဲ။

ဝိပဿနာအလုပ်ကိုလုပ်မှဖြစ်ပါမယ်၊ ဝိပဿနာအလုပ်လုပ် တဲ့ အခါမှာလည်း အေးအေးဆေးဆေး ပေါ့ပေါ့လျော့လျော့ လုပ်နေ

http://www.dhammadownload.com

မယ်၊ အဲဒီလို လုပ်နေတဲ့အတွက်ကြောင့်အနည်းဆုံး သောတာပတ္တိမဂ်ဖိုလ်လေးလောက်တောင် မရသွားဘူးဆိုရင်၊ ပုထုဇဉ်ဘဝနဲ့ပဲ သေသွားတယ်ဆိုရင်လည်း ကောင်းရာသုဂတိ ရောက်ချင်သလောက် ရောက်ပါ။ နောက်ဘဝတွေမှာ မဂ်ဖိုလ်ရဖို့ဆိုတာ မသေချာတဲ့ အတွက်ကြောင့် ပန်းညှိုးပြီး သေသွားတဲ့ မသာပါပဲ။

ဒါ့ကြောင့် 'ပန်းမညှိုးပါစေနဲ့'ဆိုတာ သူများအကြောင်း စဉ်းစား၊ သူများအကြောင်း ပြော၊ သူများအလုပ်တွေ လုပ်ရင်းနဲ့ချည်းပဲ အချိန်မကုန်ပါစေနဲ့၊ အတိတ်ကပါလာတဲ့ ကိုယ့်ရဲ့ ကုသိုလ်ပါရမီပန်းတွေ သေမသွားအောင် ကုသိုလ်အသစ် ထပ်ဆက်ပေးတဲ့ အနေနဲ့ ကိုယ့်အလုပ်အစစ်ဖြစ်တဲ့ ကုသိုလ်အလုပ်တွေကို အစွမ်းရှိသမျှ လုပ်ဖြစ်အောင် လုပ်ပါ။

နောက်တစ်ချက်ကတော့ အနည်းဆုံး သောတာပန် ဖြစ်အောင် ဝိပဿနာအလုပ်ကို ကြိုးကြိုးစားစား အားထုတ်ပါ။ သောတာပတ္တိမဂ်ဖိုလ်တော့ အနည်းဆုံးရအောင် ကြိုးစားအားထုတ်ပါ၊ ဝိပဿနာအလုပ်ကို အေးအေးဆေးဆေး ပေါ့ပေါ့လျော့လျော့ လုပ်မနေပါနဲ့။ သောတာပန်မဖြစ်ဘဲ သေသွားရင် ကိုယ့်ရဲ့ ကုသိုလ်ပါရမီပန်း ညှိုးနွမ်းသွားလိမ့်မယ်။

ဦးဇင်းတို့ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဆောင်ပုဒ်လေး တစ်ခု ရှိပါတယ်၊ 'အပါယ်ဘေးငြိမ်းခွင့်၊ ဉာဏ်အဆင့်၊ အသင့်ရောက်ပါစေ' တဲ့။ အခု ဘုရားသာသနာနဲ့ ကြုံတွေ့နေတဲ့ အခိုက်၊ ဝိပဿနာခေတ်ကောင်းကြီးနဲ့ ကြုံတွေ့နေတဲ့အခိုက်မှာ အောက်ထစ်ဆုံး အပါယ်ဘေးကနေ လုံးဝလွတ်ငြိမ်းနိုင်တဲ့ သောတာ

http://www.dhammadownload.com

ပဋ္ဌိမဂ်ဖိုလ် အဆင့်လောက်လေးတော့ အနည်းဆုံးရအောင် ကြိုးစား အားထုတ်ပါတဲ့။

အဲဒီဆောင်ပုဒ်လေး ဆိုကြည့်ပေါ့။

အပါယ်ဘေးငြိမ်းခွင့်၊ ဉာဏ်အဆင့်၊ အသင့်ရောက်ပါစေ။

အောက်ထစ်ဆုံး အပါယ်ဘေးကနေ လုံးဝလွတ်မြောက်သွား စေနိုင်တဲ့ သောတာပတ္တိမဂ်ဖိုလ်အဆင့်တော့ အဆင်သင့် အမြဲတမ်း ရောက်နေပါစေတဲ့၊ အခုအချိန်မှာ တစ်ယောက်ယောက်က မင်း သော တာပန် ဖြစ်ပြီလားလို့ မေးရင် ဖြစ်ပါပြီလို့ ဖြေနိုင်တဲ့ အဆင့်မျိုး ရောက်အောင် ကြိုးစားရမှာပေါ့။

■

http://www.dhammadownload.com

## တရားထူးရပြီလို့ ထုတ်ပြောတဲ့သူ တရားထူးမရသေးပါ

ဒါ တင်စားပြီးပြောတာပေါ့။ တကယ်တော့ အဲဒီလိုပြောရမှာတော့မဟုတ်ဘူးပေါ့နော်။ တကယ် သောတာပန်ဖြစ်နေတဲ့ပုဂ္ဂိုလ်ကလည်း မပြောပါဘူး။ သောတာပန်အတုတွေကသာ တို့ကတော့ သောတာပန်၊ တို့ကတော့ သောတာပန်နဲ့ 'တို့ကတော့ တို့ကတော့' ဖြစ်နေကြတာနော်။ တကယ့် သောတာပန်အစစ်ကတော့ ဘယ်တော့မှ 'တို့ကတော့ တို့ကတော့' လို့ မပြောပါဘူး။

အနာထပိဏ်သူဌေးကြီးရဲ့အိမ်မှာ သမီးသုံးယောက်ရှိတယ်၊ သမီးကြီးကလည်း သောတာပန်၊ သမီးလတ်ကလည်း သောတာပန်၊ သမီးအငယ်ဆုံးက သကဒါဂါမ်။

သောတာပန်၊ သကဒါဂါမ်ဆိုတဲ့ စကားလုံးတွေ သိပ်မကြားဖူးသေးတဲ့ပုဂ္ဂိုလ်တွေအတွက် နားလည်အောင် ပြောရရင်တော့ အရိယာပုဂ္ဂိုလ်က လေးဆင့် ရှိတယ်။ လေးယောက် ရှိတယ်။ သောတာပန်

http://www.dhammadownload.com

ပုဂ္ဂိုလ်၊ သကဒါဂါမိပုဂ္ဂိုလ်၊ အနာဂါမိပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်ဆိုပြီးတော့ အဆင့်လေးဆင့်၊ ပုဂ္ဂိုလ်လေးယောက်။

.မဂ်အခိုက်အတန့်နဲ့ပါ ခွဲရင်တော့ အရိယာပုဂ္ဂိုလ်ရှစ်ယောက်ပေါ့။ မဂ်က အခိုက်အတန့်လေးပဲ၊ စိတ်တစ်ခဏလေးပဲ ဖြစ်တာဆိုတော့ မဂ်ပုဂ္ဂိုလ်က ခေတ္တခဏလောက်ပဲ ရှိတာပါ။ အကောင်အထည်လိုက်ကြီး လက်ညှိုးထိုးပြလို့ ရလောက်အောင် အမြဲရှိနေတာကတော့ အရိယာပုဂ္ဂိုလ် လေးယောက်ပါပဲ။ လေးယောက်က လိုရင်းပါ။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ။

အနာထပိဏ်သူဌေးကြီး ကိုယ်တိုင်ကလည်း သောတာပန်ပုဂ္ဂိုလ်ပါပဲ။ အဲဒီတော့ အငယ်ဆုံးဖြစ်တဲ့ သုမနဒေဝီလေး သေခါနီးကျတော့ အနာထပိဏ် သူဌေးကြီးကို 'မောင်လေး၊ မောင်လေး' နဲ့ ခေါ်သွားတာကိုး။ အပျိုဘဝမှာကတည်းကိုက သူက သေသွားတာပါပဲ။ သေခါနီးမှာ အနာထပိဏ်သူဌေးကြီးက မေးတာပေါ့ . . . .

'သမီး၊ ဘယ်လိုနေလဲ'

ဆိုတော့ သုမနဒေဝီက ပြောတယ်။

'မောင်လေး၊ ဘာပြောတာတုံး'

'သမီး၊ ယောင်နေတာလား'

'မမ မယောင်ပါဘူး မောင်လေးရယ်'

နောက်တစ်ချက် ထပ်မေးတဲ့အခါကျတော့ . . . .

'သမီး ကြောက်နေလို့လား'

'မမတို့ကတော့ လုံးဝမကြောက်ဘူး မောင်လေးရေ'

ဒီစကားလေးသုံးခွန်းပဲပြောပြီးတော့ သူက သေသွားတာကိုး၊

http://www.dhammadownload.com

အဲဒီတော့ အနာထပိဏ်သူဌေးကြီးက ငါ့သမီးတော့ ဝေယျာဝစ္စ ကုသိုလ်တွေ ဒီလောက်လုပ်၊ ဘုရားတရားသံဃာတွေ ဒါလောက် ကိုင်းရှိုင်းရက်နဲ့၊ ကြည့်ပါဦး၊ သေခါနီး ကယောင်ကတမ်းနဲ့ သေသွားတာ၊ အပါယ် လေးပါးကတော့ သေချာပေါက်ကျသွားပါပြီဆိုပြီးတော့ ငိုကြီး ချက်မနဲ့ ဘုရား သွားလျှောက်တယ်။

အဲဒီမှာ မြတ်စွာဘုရားရှင်က . . .

'ဒကာကြီး၊ ဘာဖြစ်လို့ ဒီလောက်တောင် ရှိုက်ကြီးတငင်နဲ့ ဒီလောက် ငိုနေရတာတုံး'

'မှန်လှပါ မြတ်စွာဘုရား၊ တပည့်တော်ရဲ့ သမီးအငယ်ဆုံးလေး သေဆုံးသွားပါတယ်။ သေခါနီးမှာ ကယောင်ကတမ်းတွေ ပြောပြီးတော့ သေသွားပါတယ်၊ ဘယ်လိုနည်းနဲ့မှ ကောင်းရာသုဂတိတော့ ရောက်မှာမဟုတ်တော့ပါဘူး။ သမီးလေး အပါယ်လေးဘုံ ရောက်မယ့် အရေးတွေးပြီးတော့ ဝမ်းနည်းလွန်းလို့ပါ'

'သေသွားတာကိုတော့ လူမှန်ရင် တစ်ချိန်သေရမယ်ဆိုတာ တပည့်တော် သဘောပေါက်ပြီးသားမို့လို့ ဝမ်းမနည်းပါဘူး။ ဒါပေမဲ့ အချစ်ဆုံးသမီးလေး ကယောင်ကတမ်းနဲ့ သေပြီးတော့ အပါယ်လေးဘုံ ရောက်သွားမယ့် အရေးတွေးပြီးတော့ ဝမ်းနည်းလွန်းလို့ပါဘုရား'

အဲဒီတော့မှ မြတ်စွာဘုရားရှင်က 'နေပါဦး၊ ဘာတွေများ ယောင်သွားလို့လဲ' ဆိုတော့ ခုန သုံးချက် ပြောပြ၊ ပြောပြတော့မှ မြတ်စွာဘုရားရှင်က . . . . .

'ဒကာကြီး၊ ဒကာကြီးက သူ့မောင်လေးဖြစ်လို့ မောင်လေး ခေါ်တာ ဘာဖြစ်တုံး'

http://www.dhammadownload.com

'ဘယ့်နှယ့် တပည့်တော်က အဖေပဲ၊ ဘယ့်နှယ့် မောင်လေး ဟုတ်ရမှာတုံးဘုရား'

အဲဒီတော့ မြတ်စွာဘုရားရှင်က ရှင်းပြတယ်။

'သင်က သောတာပန်၊ သင့်သမီးက သကဒါဂါမ်၊ လောကအ နေနဲ့သာ သင်က အဖေ၊ သူက သမီး၊ ဓမ္မရှုထောင့်, လောကုတ္တရာ ရှုထောင့်က ကြည့်လိုက်လို့ရှိရင် သူက 'မမ'၊ သင်က 'မောင်လေး'၊ သင်က 'မရဲ့မောင်လေး' ပါပဲ'

လောကုတ္တရာဂုဏ်အားဖြင့် သမီးက အဖေထက် အဆင့်မြင့် နေတော့ မမ ဖြစ်နေတာပေါ့။ အဲဒါကြောင့် သမီးက အဖေ့ကို 'သော တာပန်လောက်နဲ့ ကျေနပ်မနေနဲ့၊ သကဒါဂါမ်ဖြစ်အောင် အားထုတ်၊ အနာဂါမ်ဖြစ်အောင်အားထုတ်၊ ရဟန္တာဖြစ်တဲ့အထိအောင် အားထုတ် ပါ' လို့ သွယ်ဝိုက်သောနည်းအားဖြင့် သတိပေးသွားတာပါ။

သူ့ကိုယ်သူ သကဒါဂါမ်လို့ ပြောသွားလား၊ မပြောသွားပါဘူး။ ကိုယ့်ကိုယ်ကို 'ငါ သကဒါဂါမ်' လို့ မကြွေးကြော်ပါဘူး။ ဒါကို ထောက် ရှုလိုက်ခြင်းအားဖြင့် တစ်အိမ်တည်းမှာ သားအမိ သားအဖတွေ အတူ တူနေကြရက်သားနဲ့ သူကတော့ သောတာပန်၊ သူကတော့ သကဒါ ဂါမ်လို့ မသိကြဘူးနော်။

သုမနဒေဝီက သိတယ်ဆိုတာက သူက သကဒါဂါမ်လည်း ဖြစ်တယ်။ သမထလည်း အားထုတ်တဲ့အတွက်ကြောင့် အဘိညာဉ်က လည်း ရတယ်၊ အဘိညာဉ်ရလို့ သိတာ။

သောတာပန်က သကဒါဂါမ်ရဲ့ စိတ်ကို လှမ်းမသိနိုင်ဘူး။ သကဒါဂါမ်က အနာဂါမ်ရဲ့ စိတ်ကို မသိနိုင်ဘူး။ အနာဂါမ်ကလည်း

http://www.dhammadownload.com

ရဟန္တာရဲ့ စိတ်ကို လှမ်းပြီးတော့ မသိနိုင်ဘူး။ အဆင့်နိမ့်တဲ့ပုဂ္ဂိုလ်က အဆင့်မြင့်တဲ့ ပုဂ္ဂိုလ်ကို မသိနိုင်ပါဘူး။ အဆင့်မြင့်တဲ့ ပုဂ္ဂိုလ်ကသာ အဆင့်နိမ့်တဲ့ပုဂ္ဂိုလ်ကို သိနိုင်ပါတယ်။

ဒါလည်းပဲ ရိုးရိုးမဂ်ဖိုလ်ရရုံနဲ့ မသိနိုင်ပါဘူး။ အဘိညာဉ်ရမှ သိတာပါ။ သူတစ်ပါးရဲ့စိတ်ကို သိနိုင်တဲ့ ပရစိတ္တဝိဇာနနအဘိညာဉ်ရမှ သိနိုင်တာပါ။ အဲဒီ အဘိညာဉ် ရရုံနဲ့လည်း မသိနိုင်သေးပါဘူး။ လှမ်းပြီး ကြည့်ဦးမှသိနိုင်တာပါ၊ 'ငါ့အဖေ ဘယ်အဆင့်များ ရောက်နေပါလိမ့်' လှမ်းပြီးကြည့်လိုက်မှ သိနိုင်တာပါ။

ဆိုလိုတာကတော့ တကယ့် သောတာပန်အစစ်၊ တကယ့် သကဒါဂါမ်အစစ်၊ တကယ့် အနာဂါမ်အစစ်၊ တကယ့် ရဟန္တာအစစ်ကတော့ တို့က ပန်ပြီ၊ တို့က ဂါမ်ပြီ၊ တို့က နာပြီ၊ တို့က တာပြီဆိုပြီးတော့ ဘယ်သူမှ မပြောကြပါဘူး။ ပြောနေလို့ရှိရင် ပြောနေတဲ့ပုဂ္ဂိုလ် ဘာမှ မဖြစ်သေးဘူးလို့သာ မှတ်ပေတော့နော်။

အောက်ထစ်ဆုံးအားဖြင့်တော့ အပါယ်ဘေးငြိမ်းခွင့် ဉာဏ်အဆင့် အသင့်ရောက်ပါစေတဲ့၊ အနည်းဆုံး သောတာပန်ဖြစ်အောင်တော့ အားထုတ်ရမယ်၊ သောတာပန်အဖြစ်နဲ့မှ မသေရဘူးဆိုရင်တော့ ကိုယ့်ကိုယ်ကို သေခါနီးဆုံးဖြတ်ချက်ချတော့၊ 'ငါတော့ ပန်းညှိုးပြီး သေရတော့မယ်'။

သေခါနီးမှရယ်လို့တော့ မဟုတ်ပါဘူး။ အခုကတည်းက ကြိုပြီးတော့ ဆုံးဖြတ်ချက် ချထားတော့ပေါ့နော်။

ဒီဓမ္မပုံပြင်လေးကလည်း ဦးဇင်းတို့ သိပ်သဘောကျတာပါပဲ။ ဘာလို့ဆိုတော့ အင်မတန်လေးနက်တဲ့ အဓိပ္ပာယ်တွေ ရှိနေလို့ပါ။

http://www.dhammadownload.com

သူများအကြောင်း စဉ်းစားနေတုန်း ဒီအဆုံးအမလေး သတိရလိုက်တာနဲ့ တစ်ချက်တည်း 'ဩော် ပန်းမညှိုးပါစေနဲ့'၊ သူများအကြောင်း မစဉ်းစားဖြစ်တော့ဘူး။

'သူများအကြောင်း စဉ်းစားနေရင် ငါ့ပန်း ညှိုးသွားလိမ့်မယ်၊ ငါ့ရဲ့ ကုသိုလ်ပါရမီပန်းတွေ အလကား ဖြစ်သွားလိမ့်မယ်'

သူများအကြောင်း စဉ်းစားနေတုန်း 'ပန်းမညှိုးပါစေနဲ့' လို့ သတိရလိုက်ရင် သူများအကြောင်း ဆက်မစဉ်းစားဖြစ်တော့ဘူး၊ သူများအကြောင်းပြောနေတုန်း 'ပန်းမညှိုးပါစေနဲ့' လို့ သတိရလိုက်ရင် သူများအကြောင်း ဆက်မပြောဖြစ်တော့ဘူး၊ သူများအလုပ်တွေနဲ့ အချိန်ကုန်နေတုန်း 'ပန်းမညှိုးပါစေနဲ့' လို့ သတိရလိုက်ရင် သူများအလုပ်တွေနဲ့ အချိန်မကုန်ဖြစ်တော့ဘူး။ ဘယ်လောက်ကောင်းထားလဲ၊ ဒီ စကားရပ်ရဲ့ မူလမြစ်ဖျားခံရာ ပုံပြင်လေးတော့ မမေ့စေနဲ့ပေါ့။

သူများအကြောင်း မစဉ်းစားဖို့ သူများအကြောင်း မပြောဖို့ သူများအလုပ်တွေနဲ့ အချိန်မကုန်ဖို့ ပြောနေရတာက အဲဒီလို စဉ်းစား၊ အဲဒီလို ပြောပြီး အဲဒီလို အချိန်ကုန်နေတဲ့လူတွေကို အပြစ်ပြောချင်လို့ ကဲ့ရဲ့ချင်လို့ မဟုတ်ပါဘူး။

ရဟန်းတော်များ၊ တရားဟောတဲ့ပုဂ္ဂိုလ်များဆိုတာက ဒကာဒကာမတွေကို အကြောင်းအကျိုး အကောင်းအဆိုး လမ်းညွှန်ပြရမယ့် တာဝန်ရှိတော့ ဒကာဒကာမတွေရဲ့ဘဝမှာရှိတဲ့ အဆိုးတွေကိုလည်း မီးမောင်းထိုးပြီးတော့ ပြရမှာပါပဲ။ တရားဟောတာက ကိုယ့်ဘာသာကိုယ် တရားသားလိုရင်းအတိုင်း လျှောက်ဟောသွားပြီး ဒကာဒကာမတွေရဲ့ လက်တွေ့ဘဝနဲ့ မစပ်ဟပ်မိရင်လည်း အလကားပဲ။

http://www.dhammadownload.com

ဒီတော့ ဦးဇင်းတို့ တရားတစ်ပုဒ်ဟောခါနီးပြီဆိုရင် ဆလိုက်မီးနဲ့ ထိုးရတာ၊ 'ဒီတရားဟာ ဒကာဒကာမတွေရဲ့ လက်တွေ့ဘဝနဲ့ ဘယ်လိုများ ဆိုင်မလဲ'၊ ဟုတ်လား၊ အကာယ်ဒမီပေးပွဲ မီးထိုးတာထက်တောင် မီးလုံးများသေးတယ်။ ထိုးကြည့်ရတာနော်။

'ဩော် သူတို့ ဘယ်လိုများ ဖြစ်နေကြပါလိမ့်'

'သူတို့ရဲ့ လက်တွေ့ဘဝနဲ့ ကိုက်အောင် ဘယ်လိုများပြောရပါ့မလဲ'

အဲဒီလို စဉ်းစားရတော့ ဒေါ်ဂွက်ထော်အကြောင်းတို့ ဘာတို့က ပါသွားတော့တာပေါ့။ မနေ့က ဟောတဲ့ 'ထူးမှထူး' တရားထဲမှာ ဒေါ်ဂွက်ထော်အကြောင်း ထည့်ပြောတာ သူများအတင်း ပြောချင်လို့ မဟုတ်ဘူးနော်။

ဦးဇင်းတို့ ခဏခဏ မကြာမကြာ ပြောဖူးပါတယ်။ 'ဒကာဒကာမ လူ့ဝတ်ကြောင်တွေက တစ်ယောက်နဲ့ တစ်ယောက် သူများအကြောင်း မကောင်းပြောလို့ရှိရင် 'အတင်းပြောတယ်'လို့ ခေါ်တယ်။ ဆရာတော် သံဃာတော်တွေက ဒကာ၊ ဒကာမတွေရဲ့ မကောင်းကြောင်း ပြောလို့ရှိရင်တော့ တရားဟောတယ်လို့ ခေါ်တယ်တဲ့။'

ဒီသီအိုရီကလေး၊ ဒီအမိပ္ပာယ်ဖွင့်ဆိုချက်ကလေး သဘောတူတယ်မဟုတ်လား။ မတူလည်း တူရမှာပဲ။ ဟုတ်နေတာကိုး။ ဒကာဒကာမတွေရဲ့ အပြစ်ကို ဆရာတော် သံဃာတော်တွေ ပြောတာက အကြောင်းနဲ့ အကျိုးနဲ့၊ အကောင်းနဲ့ အဆိုးနဲ့ ခွဲခြမ်းစိတ်ဖြာပြီးတော့ မကောင်းတာရှောင် ကောင်းတာဆောင်စေချင်လို့ ပြောတာ၊ ကောင်းစေချင်လို့ ပြောတာ၊ မေတ္တာကရုဏာနဲ့ ပြောတာပါ။

http://www.dhammadownload.com

## ဇရာထောင်းရင် အခါနှောင်းပြီ

အဲဒီ 'ပန်းမညှိုးပါစေနဲ့' ဆိုတဲ့ အဆုံးအမလေးကလည်း ဘုရားအဆုံးအမလေးနဲ့ သိပ်ကိုက်တယ်။ သိပ်ကိုက်တယ်ဆိုတာက အားလုံးသိကြပြီးသားပါ။ မဟာဓနသူဌေးသားဆိုတာ အားလုံးသိကြပြီးသားပါ။ တစ်တန်းမှာလား၊ နှစ်တန်းမှာလား ပါတယ်လေ။

'ရှေးသရောခါ၊ ပြည်ဗာရာဝယ်၊ ကုဋေကြွယ်သား . . . ဘာညာနဲ့ နောက်ဆုံးကျတော့ 'နင်သာလူမိုက်၊ ဒုစရိုက်ဟု၊ ရိုက်ပုတ်လိုက်ကြ၊ ရွာမှထွက်လေ၊ တောမှာသေသည်၊ ကောင်သေလင်းတကျ၏တည်း' ဆိုတာ။

အဲဒီ သူဌေးသားအကြောင်းက ပိဋကတ်တော်ထဲမှာ လာတဲ့ အကြောင်းအရာကို ကဗျာစပ်ထားတာနော်။ မဟာဓနဆိုတော့ မှတ်ရတာခက်နေမယ်။ ကိုကြွယ်နဲ့ မကြွယ်လို့ ပြောရမှာပေါ့။ ဒါမှမဟုတ် နာမည်မတူချင်ရင်တော့ ကိုဌေးနဲ့ မကြွယ်လို့ ပြောရမှာပေါ့။

http://www.dhammadownload.com

အဲဒီတော့ ကိုဒွေးကလည်း ကုဋေရှစ်ဆယ် ကြွယ်ဝတယ်၊ မကြွယ်ကလည်း ကုဋေရှစ်ဆယ် ချမ်းသာတယ်။ မိဘတွေချမ်းသာတာပါ၊ သူတို့ချမ်းသာတာတော့ မဟုတ်ဘူး။

ကိုဒွေးရဲ့ မိဘတွေကလည်း 'ငါတို့မှာ သားတစ်သက် စားမကုန်အောင် ပစ္စည်းဥစ္စာတွေ ချမ်းသာတာပဲ' ဆိုပြီးတော့ အတတ်ပညာတွေ ဘာမှ သင်မပေးဘူး။ 'အသိပညာတွေ သင်ပေးရင်လည်း ခေါင်းပူတယ်၊ အတတ်ပညာတွေ သင်ပေးရင်လည်း ကိုယ်ပူတယ်' ဆိုပြီးတော့ သူတို့ ဘာအတတ်ပညာမှ သင်မပေးဘူး။

နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဒီသုံးမျိုးပဲ သင်ပေးတယ်။ ကတာရယ်၊ သီချင်းဆိုတာရယ်၊ တီးမှုတ်တာရယ်။ အပျော်အပါးတွေပဲ သင်ပေးတယ်ပေါ့။

မကြွယ်ရဲ့ မိဘတွေကလည်း ဒီအတိုင်းပဲ အကြံတူပါတယ်။ အဲဒီတော့ ဓာတ်တူဓာတ်တူချင်း ပေါင်းကြတယ်ဆိုတော့ အချိန်တန် အရွယ်ရောက်တော့ ကိုဒွေးနဲ့ မကြွယ်နဲ့ အိမ်ထောင်ကျကြရောပေါ့။

အိမ်ထောင်ကျကြတဲ့အခါကျတော့လည်း ဘာအလုပ်မှ မလုပ်တတ်တဲ့အတွက် ဘာအလုပ်မှ မလုပ်ပါဘူး။ မိဘလုပ်စာပဲ ထိုင်စားကြတယ်၊ မိဘတွေရှိနေတုန်းတော့ တော်သေးတယ်။ မိဘတွေလည်း မရှိရော သူတို့ ဒုက္ခရောက်တော့တာပဲ။ လောကအကြောင်း၊ လူတွေအကြောင်း ဘာမှ မသိတော့ လူလိမ် လူကောက်တွေရဲ့ လိမ်ညာကောက်ကျစ်မှုကို ခံရတော့တာပါပဲ။

ဒီအပေါင်းအသင်းဟာ ပေါင်းသင့်တဲ့ အပေါင်းအသင်း လား၊ မပေါင်းသင့်တဲ့ အပေါင်းအသင်းလားဆိုတာ သူတို့မသိဘူး၊ ဘာလို့လဲ

http://www.dhammadownload.com

ဆိုတော့ ဘာအတတ်ပညာမှမှ သင်မထားဘဲ၊ ဘာဗဟုသုတမှမှ မရှိဘဲ၊ ကတာ၊ ခုန်တာ၊ သီဆိုတာ၊ တီးမှုတ်တာလောက်ပဲ သိတာ ဆိုတော့ လူမိုက်၊ လူလိမ္မာ ခွဲခြားမသိဘူးပေါ့။

အဲဒီတော့ အရက်သမားတွေက သူတို့ကို လိမ်ညာပေါင်းသင်းပြီးတော့၊ လောင်းကစားသမားတွေက သူတို့ကို လိမ်ညာ ပေါင်းသင်းပြီးတော့၊ ချဲသမားတွေက သူတို့ကို လိမ်ညာပေါင်းသင်းပြီးတော့ သူတို့မှာ ရှိသမျှ ပစ္စည်းဥစ္စာတွေကို ကုန်အောင် လုပ်လိုက်ကြတယ်။

အရက်ဆိုလည်း သွားသောက်လိုက်၊ ကာရာအိုကေဆိုလည်း သွားဆို၊ ပန်းကုံးတွေ စွပ်၊ ဟုတ်လား၊ ပန်းစည်းတွေ ဆက်ပေါ့။ အို. . . အိမ်လာပြီးတော့ ဟို ကိုယ်စားလှယ်က ဒီတစ်ပတ် ဘာဂဏန်းကောင်းတယ်ဆိုလည်း ကိုငွေးတို့ မကြွယ်တို့ ထိုးလိုက်ကြပေါ့။ အဲဒီလိုနဲ့ ရှိသမျှ ကုဋေရှစ်ဆယ်၊ နှစ်ယောက်ပေါင်း ကုဋေတစ်ရာ့ခြောက်ဆယ် ကုန်ရော၊ ဘာလုပ်လို့ ကုန်တာလဲ။

အရက်သောက်လို့ကုန်တယ်၊ အပျော်အပါးတွေလိုက်စားလို့ ကုန်တယ်။ ကတာ၊ ခုန်တာ၊ သီဆိုတာတွေကြည့်၊ သူတို့ကို ပန်းကုံးတွေ စွပ်၊ ပန်းစည်းတွေ ဆက်၊ ဆုတွေဘာတွေချ၊ နှစ်လုံးသုံးလုံးတွေထိုး၊ အဲဒီလိုနဲ့ပဲ ကုန်တာပါပဲ။ အဲဒီတော့ ရှိသမျှ ပစ္စည်းဥစ္စာတွေ ကုန်ရုံမကဘူး၊ သူတို့ရဲ့ အဝတ်အစားတွေရော၊ အိုးခွက်ပန်းကန်တွေရော အကုန်လုံးရောင်းစားရတဲ့ဘဝ ရောက်တယ်။

နောက်ဆုံး သူတို့ အကြွေးတွေ တင်တာ များလာတော့၊ အကြွေးမဆပ်နိုင်တော့၊ ကြွေးရှင်တွေက အိမ်ကိုပါ သိမ်းလိုက်ကြတယ်။ အိမ်ကို အပိုင်စီးလိုက်ပြီးတော့ သူတို့ကို အိမ်ပေါ်ကနေ နှင်ထုတ်လိုက်

http://www.dhammadownload.com

တယ်။ ကိုဒွေးနဲ့ မကြွယ် အိမ်က ထွက်ပြီးတော့ နှစ်ယောက်ပေါင်းမှ ခွက်ကလေးတစ်လုံးနဲ့ တောင်းစားရပါတယ်။

ကြည့်စမ်း၊ ကုဋေတစ်ရာ့ခြောက်ဆယ် ချမ်းသာတဲ့ သူဌေးသားနဲ့ သူဌေးသမီး၊ မိဘအမွေဆက်ခံတယ်ဆိုတော့ သူဌေးနဲ့ သူဌေးကတော် ပြောချင်ပြောပေါ့။ အဲဒီ သူဌေးနဲ့ သူဌေးကတော် အရက်သောက်လို့ မွဲတယ်၊ ကတာ၊ ဆိုတာ၊ အပျော်အပါးတွေနဲ့ မွဲတယ်၊ နှစ်လုံးသုံးလုံးထိုးလို့ မွဲကြတယ်တဲ့။ နောက်ဆုံး တောင်းစားကြရတဲ့ ဘဝ ရောက်တော့တာပါပဲ။

နေရာအနှံ့ လိုက်တောင်းရတာဆိုတော့ မြတ်စွာဘုရားရှိတဲ့ ကျောင်းထဲ သံဃာတော်တွေ နေ့ဆွမ်းစားပြီးလို့ ဆွမ်းကျန် ဟင်းကျန် စွန့်တဲ့နေရာလည်း သွားတောင်းရတာပါပဲ၊ တစ်နေ့ သံဃာတော်တွေ စွန့်တဲ့ ဆွမ်းကျန် ဟင်းကျန်လေးတွေကို ခွက်စုတ်ကလေးနဲ့ အလှူခံနေတဲ့အချိန်မှာ မြတ်စွာဘုရားက အနားနား လာပြီးတော့ ပြုံးလိုက်တယ်။

အဲဒါကို အရှင်အာနန္ဒာက မြင်တော့ 'မြတ်စွာဘုရား၊ ဘာကြောင့် ပြုံးတာပါလဲ'လို့ ပြုံးခြင်းရဲ့ အကြောင်းရင်းကို မေးလိုက်တော့မှ မြတ်စွာဘုရားရှင်က မိန့်ကြားတော်မူပါတယ်။

'ကြည့်စမ်း . . . ၊ သူတို့ဟာ ကုဋေတစ်ရာ့ခြောက်ဆယ်ချမ်းသာတဲ့ သူဌေးနဲ့ သူဌေးကတော်တွေ၊ အခုတော့ ကြည့်ပါဦး၊ ခွက်စုတ်တစ်လုံးနဲ့ တောင်းစားနေရပြီ'

'တကယ်လို့သာ သူတို့နှစ်ဦး ပထမအရွယ်မှာ လောကီစီးပွားကြိုးစားအားထုတ်ကြမယ်ဆိုရင် ဒီမြို့မှာ 'ပထမတန်းစားသူဌေး' ဖြစ်

http://www.dhammadownload.com

နိုင်ပါတယ်။ ဒါမှမဟုတ် အိမ်ရာတည်ထောင် လူ့ဘောင်မှာ မနေဘဲနဲ့ ရဟန်းပြု ရဟန်းမ ပြုပြီးတော့ သာသနာ့ဘောင်မှာ သီလသမာဓိ ပညာ သိက္ခာသုံးရပ်အကျင့်မြတ်ကို ကျင့်ကြံ ကြိုးကုတ်အားထုတ်ကြ မယ်ဆိုရင် သူဌေးက 'ရဟန္တာ' ဖြစ်နိုင်ပါတယ်။ သူဌေးကတော်က 'အနာဂါမ်' ဖြစ်နိုင်ပါတယ်'

'တကယ်လို့ ဒုတိယအရွယ်မှာ လောကီစီးပွား ကြိုးစားအား ထုတ်ကြမယ်ဆိုရင် ဒီမြို့မှာ ဒုတိယတန်းစားသူဌေးတော့ ဖြစ်နိုင်ပါ သေးတယ်။ ဒါမှမဟုတ် အိမ်ရာတည်ထောင် လူ့ဘောင်စွန့် ရဟန်း ဘောင်မှာ တရားအားထုတ်မယ်ဆိုရင် သူဌေးက 'အနာဂါမ်' ဖြစ်နိုင် ပါတယ်။ သူဌေးကတော်က 'သကဒါဂါမ်' ဖြစ်နိုင်ပါတယ်'

'တတိယအရွယ်မှာ လောကစီးပွား ကြိုးစားအားထုတ်မယ်ဆို ရင် 'တတိယတန်းစားသူဌေး' တော့ ဖြစ်နိုင်သေးတယ်။ အိမ်ရာတည် ထောင် လူ့ဘောင်စွန့် ရဟန်းတရား ပွားများအားထုတ်မယ်ဆိုရင် သူဌေးက 'သကဒါဂါမ်' ဖြစ်နိုင်သေးတယ်၊ သူဌေးကတော်က 'သော တာပန်' ဖြစ်နိုင်သေးတယ်'

'အခုတော့ သူတို့ အရွယ်သုံးပါးလုံးကို လွန်သွားကြပြီဖြစ်တဲ့ အတွက်ကြောင့် လောကစီးပွားအနေနဲ့လည်း ဘာမှမရှာဖွေနိုင်တော့ ဘူး၊ တစ်သက်လုံး ခွက်စုတ်တစ်လုံးနဲ့ သူတို့ တောင်းစားကြရတော့မှာ ပါပဲ။ တရားမွေ့ မမွေ့စီးပွားအနေနဲ့လည်းပဲ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုတာ အသာထားတော့၊ ဝိပဿနာဉာဏ်တောင် ဒီတစ်သက်တော့ ဖြစ်မှာ မဟုတ်တော့ပါဘူး'

'အတောင်ကျိုးနေတဲ့ ကြိုးကြာငှက် ရေမရှိ ငါးမရှိတဲ့ အိုင်ထဲ

http://www.dhammadownload.com

မှာ ခွေခွေလေးရပ်၊ ခွေခွေလေးဝပ်ပြီးတော့ မှိုင်တွေနေသလို ဖြစ်ကြတော့မယ်'

'လောကစီးပွားကိုလည်း အရွယ်ရှိတုန်း မကြိုးစား မအားထုတ်၊ ဓမ္မစီးပွားကိုလည်း အရွယ်ရှိတုန်း မကြိုးစား မအားထုတ်တဲ့အတွက်ကြောင့် ရေမရှိ ငါးမရှိတဲ့ အိုင်ခြောက်ကြီးထဲမှာ မှိုင်တွေပြီးတော့ ငေးနေရတဲ့ အတောင်ကျိုး ကြီးကြာအိုမောင်နှံလို ဖြစ်နေပါပြီ'

'အရွယ်ရှိတုန်း လောကစီးပွားလည်း မကြိုးစား၊ ဓမ္မစီးပွားလည်း မကြိုးစားတဲ့အတွက်ကြောင့် လေးကလွှတ်လိုက်တဲ့ မြားလိုဖြစ်နေပြီ'

လေးကလွှတ်လိုက်တဲ့ မြား၊ သူ့အရှိန်ရှိသလောက် ကျသွားမယ်၊ ကျတဲ့နေရာမှာ ဘယ်သူကမှ ကောက်မယူဘူးဆိုရင် အဲဒီမြားဟာ မြေကြီးပေါ်မှာ ဆွေးမြေ့ပျက်စီးပြီးတော့ ခြစာဖြစ်သွားမှာပါပဲ။

အခုလည်း ဒီလိုပဲ၊ သူတို့တစ်တွေဟာ အရွယ်ကောင်းတုန်း လောကစီးပွား၊ ဓမ္မစီးပွား ဘာမှ မကြိုးစား၊ မအားထုတ်တဲ့အတွက်ကြောင့် လေးက လွှတ်လိုက်တဲ့ မြားလိုပဲ သေမင်းရဲ့ အစာဖြစ်ပြီးတော့ သေကြရတော့မှာပါပဲ။ မရဏာခြစာနဲ့ ဆွေးမြည့်ပျက်စီးပြီးတော့ သေဆုံးရတော့မှာပါပဲ။

■

http://www.dhammadownload.com

## အရွယ်ရွေးမနေပါနဲ့ ကိုကိုရယ်

ဒီဝတ္ထုကြောင်းလေးက ခဏခဏလည်း ကြားဖူးချင်ကြားဖူးမှာပါ။ ဘယ်လောက်ပဲ ကြားဖူးကြားဖူး၊ ဦးဇင်းတို့တော့ ဘယ်တော့မှ မရိုးနိုင်ဘူး။ အင်မတန်လည်း သံဝေဂရဖို့ကောင်းပါတယ်။ လေးလေးနက်နက် ချဲ့ထွင်ပြီးတော့ စဉ်းစားမယ်ဆိုရင်လည်း စဉ်းစားစရာအချက်တွေက အများကြီးထွက်လာမယ်။

သူဌေးကတော်ကြီး ခဏထားလိုက်ပေါ့။ တစ်ယောက်ပြောရင် နှစ်ယောက်လုံး အတူတူပါပဲ။ ကိုဌေးလို့ခေါ်တဲ့ မဟာဓနသူဌေးကြီးဟာ တကယ်တော့ ဒီဘဝမှာ ရဟန္တာဖြစ်ထိုက်တဲ့ ပါရမီ ကုသိုလ်တွေ အပြည့်အဝပါလာပြီးသားနော်။ ဒါပေမဲ့ တရားအလုပ်ကို အားမထုတ်တဲ့အတွက်ကြောင့် ရဟန္တာ မဖြစ်တော့ပါဘူး။

ရဟန္တာ မဖြစ်တော့ဘူး၊ အနာဂါမ်လောက်ဆိုတော်ရောပေါ့ ဆိုတော့ အနာဂါမ်လည်း မဖြစ်တော့ဘူး။ သကဒါဂါမ်လည်း မဖြစ်

http://www.dhammadownload.com

တော့ဘူး။ သောတာပန်တောင် မဖြစ်တော့ဘူး။ ဘာကြောင့်လဲဆို တော့ အားမထုတ်လို့။

တစ်ခါ သေချာပြန်စဉ်းစားရမှာက အားထုတ်ပြန်တော့ရော၊ ရဟန္တာဖြစ်ဖို့ တံဆိပ်နှိပ်ပြီးသားပဲ၊ ရဟန္တာဖြစ်ရမယ့် ပါရမီကံက ပါလာပြီးသားပဲ၊ ပဌမအရွယ်၊ ဒုတိယအရွယ်မှာ အားမထုတ်ဘဲ၊ တတိယအရွယ်ကျမှ အားထုတ်ရင်လည်း ဖြစ်ရမှာပေါ့ ဆိုတော့ ဘယ် ဟုတ်မလဲ။

မြတ်စွာဘုရားဟောထားတာ ကြည့်ဦးလေ၊ ပဌမအရွယ်မှာ သာ အားထုတ်ရင် ရဟန္တာဖြစ်မှာတဲ့၊ ဒုတိယအရွယ်ကျမှ အားထုတ် ရင် အနာဂါမ်ဖြစ်မှာတဲ့။ တတိယအရွယ် သိပ်နောက်မကျတဲ့အရွယ် လေးမှာ အားထုတ်ရင် သကဒါဂါမ်ဖြစ်မှာတဲ့။ ကဲ . . . ဒီအချက်က လည်း သေချာစဉ်းစားဖို့ကောင်းတယ်နော်။

ငါတို့မှာ ဒီဘ၀ သောတာပန်ဖြစ်ဖို့ ပါရမီပါရင်တော့ ဘယ် အချိန် အားထုတ်အားထုတ် ဖြစ်မှာပဲလို့ မတွေးလိုက်စမ်းပါနဲ့။ မဖြစ် နိုင်ပါဘူး။ အသက်ကြီးကြီးသွားလေ၊ အရွယ်ကျကျသွားလေ၊ မဂ်ဖိုလ် ရဖို့ ဝေးဝေးသွားလေပါပဲ။

'ဝေးလေကောင်းလေ' ဆိုတာ ကားတွေရဲ့ နောက်မှာသာ ရှိတာနော်။ တရားသဘောနဲ့ သောတာပတ္တိမဂ်ဖိုလ် ရဖို့ဆိုတာက တော့ 'ဝေးလေဆိုးလေ' ပဲ။ ဝေးလေဆိုတာက မွေးတဲ့အချိန်ကနေ ဝေးဝေးသွားလေ၊ အသက်ကြီးကြီးသွားလေ၊ အရွယ်ကျကျသွားလေ လို့ ဆိုလိုပါတယ်။

အသက်ကြီးလေ၊ မဂ်ဖိုလ်ရဖို့ ဝေးလေ၊ အရွယ်ကျလေ၊

http://www.dhammadownload.com

နိဗ္ဗာန်ရောက်ဖို့ ဝေးလေပါပဲ။ မွေးဖွားချိန်နဲ့ ဝေးလာလို့ အသက်ကြီးလာလေ၊ မဂ်ဖိုလ်ရဖို့ အခွင့်အလမ်းနည်းလာလို့ ကံဆိုးလေ ဖြစ်တာကိုပဲ 'ဝေးလေဆိုးလေ' လို့ ပြောတာပါ။

ဒီဘဝမှာတွင် သေချာပေါက် မဂ်ဖိုလ်ရထိုက်တဲ့ ပါရမီကံပါလာပေမယ့် အချိန်မနှောင်းမီ၊ အရွယ်မလွန်မီ အားထုတ်မှ ရနိုင်တာပါ။ အချိန်နှောင်းမှ၊ အရွယ်လွန်မှ အားထုတ်ရင်တော့ ပါရမီကံ ဘယ်လောက်ပါပါ လုံးဝ မရနိုင်တော့ပါဘူး။

အခွင့်အရေးတစ်ခုဟာ တစ်ဘဝလုံးအတွင်း မသေမချင်း ပျံ့နှံ့တည်ရှိမနေပါဘူး။ အချိန်ကာလ အကန့်အသတ်တစ်ခုအတွင်း၊ အသက်အရွယ် အပိုင်းအခြားတစ်ခုအတွင်းလောက်ပဲ အကျိုးသက်ရောက်မှုရှိပါတယ်။ အချိန်ကိုက် အသုံးမချလိုက်ရတဲ့ အခွင့်အရေးတစ်ခုကို အချိန်နှောင်းမှ အသုံးချလည်း အပိုပါပဲ။ အဲဒီ အခွင့်အရေးက သူ့အစွမ်းရှိသလောက် အကျိုးမပြုနိုင်တော့ပါဘူး။ ကိုယ့်အတွက်ရလာတဲ့ အခွင့်အရေးတစ်ခုကို အချိန်ကိုက် အသုံးချတတ်ဖို့ အရေးကြီးပါတယ်။

သေချာပေါက် ရဟန္တာဖြစ်မယ့်ကံ ပါလာပေမယ့် အချိန်နှောင်း အရွယ်လွန်မှ တရားအားထုတ်ရင် ရဟန္တာ လုံးဝ မဖြစ်နိုင်တော့ပါဘူး။ သောတာပန်တောင် မဖြစ်နိုင်တော့ဘဲ အညံ့စားပုထုဇဉ်ဘဝနဲ့ ဘဝ နိဂုံးချုပ်ရပါတယ်။ ဒီအချက်က အခွင့်အရေးမှန်သမျှကို အချိန်ကိုက် အသုံးချဖို့ လမ်းညွှန်နေပါတယ်။ အခွင့်အရေးအမျိုးမျိုး အားပြိုင်နေရင်တော့ အဓိကကျတဲ့ အခွင့်အရေးကို ပိုပြီး ဦးစားပေးရမှာပေါ့။

http://www.dhammadownload.com

မွေးဖွားခြင်းကနေ ကြည့်ရင် 'ဝေးလေဆိုးလေ' ဆိုပေမယ့် သေမင်းနဲ့ ကြည့်လိုက်ရင်တော့ 'နီးလေဆိုးလေ' ပေါ့။ 'တစ်နေကွယ် သေနယ်သို့ တစ်ရက်ကူး' တဲ့။ တစ်နေကွယ်တိုင်း တစ်နေကွယ်တိုင်း သေဖို့ တစ်ရက် တစ်ရက် နီးနီးလာတယ်၊ သေဖို့နီးလာလေ မဂ်ဖိုလ်နဲ့ ဝေးလေ၊ သေဖို့နီးလေ မဂ်ဖိုလ်နဲ့ ဝေးလေပါပဲ။ အသက်ငယ်တုန်း၊ အရွယ်ကောင်းတုန်း တရားအားထုတ်မှ မဂ်ဖိုလ်ရဖို့ သေချာပါတယ်။

ကိုယ့်ရဲ့ တရားအလုပ်ကို အားမထုတ်ဘူးဆိုရင် ဘာပဲလုပ်လုပ် သူများအလုပ်လုပ်နေတယ်လို့ပဲ ပြောရမှာပါ။ ကိလေသာအလုပ်ကို လုပ်နေတာ သူများအလုပ်လုပ်နေတာပါပဲ။ တရားအလုပ် လုပ်နေတာဟာ ကိုယ့်အလုပ် လုပ်နေတာပါပဲ။ အဲဒီတော့ ကိလေသာ အလိုကျ၊ ကိလေသာခိုင်းသမျှ၊ ကိလေသာအလုပ် လုပ်နေမယ်ဆိုရင် ပါလာတဲ့ ကုသိုလ်ပါရမီပန်းတွေ ညှိုးနွမ်းသွားလိမ့်မယ်။

တရားအားထုတ်တဲ့အလုပ်ကို တတိယအရွယ်ကျမှလို့ ရက်မရွှေ့ပါနဲ့၊ 'ရက်ရွှေ့မနေပါနဲ့ ကိုကိုရယ်' လို့ပဲ ပြောလိုက်ချင်ပါတယ်။ 'ရက်ရွှေ့မနေပါနဲ့ ယောဂီရယ်' ပေါ့။ 'အရွယ်ရွှေ့မနေပါနဲ့ ယောဂီရယ်' ပေါ့။ ဒါက မဟာနေသူဌေးရဲ့ဝတ္ထုကနေ ကောက်ချက်ချရတာပေါ့။ တခြားလည်း ကိုယ့်ဘာသာကိုယ် ချဲ့ထွင်ပြီးတော့ ကောက်ချက်ချလိုက်ပေါ့။

■

http://www.dhammadownload.com

## အချိန်ဆွဲနေရင် ပန်းညှိုးသွားလိမ့်မယ်

ခုန ဓမ္မပုံပြင် ကိုပန်းမောင်ရဲ့ အဖြစ်အပျက်ထဲက ဟို ပျိုးနုတ်တဲ့သူပြောတဲ့ နှစ်ချက်ကလည်း မှတ်ဖို့ကောင်းတယ်။

သူပြောတဲ့အထဲမှာ တစ်ချက်က 'ဒီလယ်ကွက်လေးလောက်တော့ ခဏလေးပါပဲ'တဲ့။ 'ခဏလေးပါပဲ'။ အဲဒီ 'ခဏလေးပါပဲ' ဆိုတဲ့ စကားကို သေချာစဉ်းစား။

ယောဂီတို့ရယ်လို့ မဆိုလိုဘူးပေါ့လေ၊ လူအများစု ပြောကြတယ်၊ 'တို့ကတော့ ဉာဏ်ကောင်းတယ်၊ တရားအားထုတ်လိုက်ရင်တော့ ခဏလေးပါပဲ'။ မပြောကြဘူးလား။ ပြောကြတယ်။

'သာသနာတော်ကြီးကလည်း မသေသေးပါဘူး၊ ငါတို့ကလည်း မသေသေးပါဘူး၊ ပင်စင်ယူပြီးမှ အချိန်ပြည့် အားထုတ်လိုက်ရင်တော့ ခဏလေးပါပဲ။ အသက်ကြီးလို့ စီးပွားရေး လုပ်ငန်းတွေနားမှ စောက်ချ အားထုတ်လိုက်ရင်တော့ ခဏလေးပါပဲ'

http://www.dhammadownload.com

'ခဏလေးပါပဲ'၊ 'ခဏလေးပါပဲ' လို့ ခဏခဏ ပြောကြပါတယ်နော်။

'ခဏလေးပါပဲ' လို့ ပြောတဲ့ပုဂ္ဂိုလ်ဟာ ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးပြီး ပြောတာပါ။ တကယ်တမ်းကျတော့ ဘယ်သူ့မှာမှ လက်မထောင်ရလောက်အောင် အထင်ကြီးလောက်တဲ့ ပါရမီဆိုတာ မရှိပါဘူး။

ဘုရားသာသနာနဲ့ တွေ့ကြုံနေကြတဲ့ သူတိုင်းမှာ အနည်းနဲ့ အများဆိုသလို ပါရမီကုသိုလ်ပန်းတွေ အတိုင်းအတာတစ်ခုအထိ ပါကြတယ် ဆိုပေမယ့် ခြေဖျားထောက် လက်မထောင်ရလောက်အောင် ကြီးကျယ်တဲ့ ပါရမီကတော့ ဘယ်သူ့မှာမှ မပါကြပါဘူး။ ဘာလဲလို့ဆိုတော့ သက်တော်ထင်ရှားမြတ်စွာဘုရားနဲ့ လွဲခဲ့လို့ပါပဲ။

သက်တော်ထင်ရှားမြတ်စွာဘုရားနဲ့ လွဲခဲ့တယ်ဆိုကတည်းကိုက ပါရမီကြီးလို့လား၊ သေးလို့လား။ သေးလို့ပေါ့။ ပါရမီသာ ကြီးလို့ကတော့ ဘုရားနဲ့တွေ့ပြီး ဘုရားလက်ထက်ကတည်းက ကျွတ်သွားတာကြာလှပြီ၊ ခုလောက်ဆို နိဗ္ဗာန်မှာ ဇိမ်ကျနေလောက်ပြီပေါ့၊ အရပ်စကားနဲ့ ပြောရရင်တော့။

အခုထက်ထိ ကြည့်ပါဦး၊ ဒီလိုပဲ ချွေးတလုံးလုံးနဲ့ အားထုတ်ရဒါက တရားအားထုတ်ရတာ တော်သေးတယ်။ အရပ်ထဲမှာ သားရေး၊ သမီးရေး၊ စီးပွားရေးတွေနဲ့ ပင်ပင်ပန်းပန်း လျှာထွက်အောင် လုပ်နေရတာ ပါရမီတွေ နည်းလို့ပေါ့။

သာသနာ နောက်ပိုင်းကျမှ လူလာဖြစ်ရတာ ပါရမီနည်းလို့ပေါ့။ သာသနာကလည်း တစ်နှစ်ထက် တစ်နှစ် နောက်နှောင်း

http://www.dhammadownload.com

ကျကျလာပြီ၊ သာသနာက တဖြည်းဖြည်း ဆုတ်ယုတ် ဆုတ်ယုတ်လာတယ်။ အဲဒီတော့ သက်တော်ထင်ရှားမြတ်စွာဘုရားနဲ့ မတွေ့လိုက်ဘူးဆိုကတည်းကိုက လက်မ ထောင်ရလောက်အောင်တော့ ပါရမီတွေ မပြည့်ခဲ့လို့ပေါ့။

ဒါနဲ့များ 'ခဏလေးပါပဲ၊ ခဏလေးပါပဲ' လို့ ဘာလို့များ ပြောချင်ကြသေးတာလဲ။ မပြောကြပါနဲ့နော်။

တချို့ ဒကာဒကာမတွေကလည်း ဦးဇင်းတို့ကိုပြောကြတယ်။

'အရှင်ဘုရားတို့က ဒီလောက် ဉာဏ်ကောင်းတာ၊ အားထုတ်လိုက်ရင် ခဏလေးပါပဲ။ တစ်ဝါတွင်းလောက် အပြတ် အားထုတ်လိုက်ရင် ရဟန်းကိစ္စ ပြီးသွားနိုင်တယ်၊ ရဟန္တာ ဖြစ်သွားနိုင်တယ်'

'ဒါကြောင့် စာတွေ ဘာတွေ ရေးမနေပါနဲ့ဦးဘုရား၊ တရားတွေ ဘာတွေ ဟောမနေပါနဲ့ဘုရား၊ တရားသာ စောက်ချပြီး အားထုတ်လိုက်စမ်းပါ။ ကျောင်းတံခါးတွေ ဘာတွေ ပိတ်ပြီးတော့ ခါးတောင်းကျိုက်ပြီး အားထုတ်လိုက်စမ်းပါ'တဲ့။

ပါးစပ်အပြောကတော့ လွယ်လွယ်လေးပါပဲ။ တကယ် လက်တွေ့ကျတော့ ပြောသလောက် မလွယ်ပါဘူး။ အားထုတ်တိုင်းလည်း ရချင်မှ ရမှာနော်။ ရချင်စိတ် ရှိ မရှိဆိုတာကလည်း ကာယကံရှင်ရဲ့ ကိုယ်ရေးကိုယ်တာပါပဲ။

လူ့ဘဝနဲ့ ရဟန်းဘဝဆိုတာက အခြေအနေချင်း လုံးဝမတူပါဘူး၊ အခြေအနေချင်းမတူတော့ စိတ်သဘာဝချင်းလည်း မတူနိုင်ပါဘူး၊ ခုန စကားတွေက လူ့အတွေးနဲ့ တွေးပြီး ပြောတာပါ။

သူတို့ကတော့ လောကီကိစ္စတွေနဲ့ သားရေးသမီးရေး စီးပွား

http://www.dhammadownload.com

ရေးတွေ၊ ကိလေသာတွေ၊ လောဘ ဒေါသတွေနဲ့ အချိန်ကုန်နေတာဆို တော့ တစ်ခါတည်း အခန်းတံခါးပိတ်၊ စန္ဒယားနှိပ်မှပဲ တရားတိုးတက် မယ်လို့ ထင်တာကိုး။

ရဟန်းတော်များကျတော့ လူတွေနဲ့ အတွေ့မခံ၊ စကားတစ် ခွန်းမှ မပြောဘဲ အချိန်ပြည့် အားမထုတ်ပေမယ့် လုပ်နေတဲ့ အလုပ် တွေက ဘာတွေတုံး။ ပရိယတ္တိအလုပ်၊ ပဋိပတ္တိအလုပ်၊ သီလသမာဓိ ပညာအလုပ်၊ တရားဟောတယ်ဆိုတာလည်း ကုသိုလ်အလုပ်၊ တချို့ ဆရာတော်ကြီးတွေ တရားဟောနေရင်းနဲ့ ကိုယ့်တရားကိုယ် ဉာဏ် သွင်းပြီးတော့ ဟောလိုက်တာ ဟောရင်းမတ်တတ်နဲ့ နာတဲ့ ပရိသတ် သာ ဘာမှမဖြစ်တယ်၊ ဟောတဲ့ပုဂ္ဂိုလ်က ပလ္လင်ပေါ်မှာတင် သောတာ ပန်ဖြစ်တဲ့သူဖြစ်၊ သကဒါဂါမ်ဖြစ်တဲ့သူဖြစ်၊ အနာဂါမ်၊ ရဟန္တာဖြစ်တဲ့ သူတွေ ဖြစ်နေကြတာပါ။

လူတွေက မသိကြလို့၊ ကိုယ့်တရားကိုယ် ဉာဏ်လေးသွင်းပြီး နာရင်းနဲ့ သံဝေဂဉာဏ်ပွားနေတဲ့ ရဟန်းတော်တွေ အများကြီးပါပဲ။ စာသင်တိုက်တွေမှာ တစ်သက်လုံး စာချဘုန်းကြီး ဘဝ၊ စာသင်တိုက် ဘုန်းကြီးဘဝနဲ့နေပြီး ရဟန္တာဖြစ်သွားတဲ့သူတွေ အများကြီးပါပဲ။

လူတွေက ရိပ်သာဘုန်းကြီးမှ အထင်ကြီးနေကြတာ၊ စာသင် တိုက်ဘုန်းကြီးဆိုရင် ငါတို့လောက်တောင်မှ တရားမသိဘူးလို့ အထင် သေးကြတယ်။ စိတ်ထဲက အထင်သေးရုံ မကဘူး။ တချို့ဆို နှုတ်က တောင် ထုတ်ပြောကြတယ်။

'ငါတို့ဖြင့် ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကြီးကို မှတ်နေတာပဲ။ စာသင်တိုက်က ကိုယ်တော်တွေ စက်ဝိုင်းကြီးကို ဘာများသိတုံး'၊

http://www.dhammadownload.com

အမယ်လေး ဘုန်းကြီးတောင် သွားနှိုင်းယှဉ်လိုက်သေးတာနော်။

'ကိုယ်တော်လေးတွေ သဒ္ဒါ၊ သင်္ဂြိုဟ်သာ နားလည်တာ၊ တို့ လောက် အဘိဓမ္မာမကျွမ်းဘူး၊ တို့ လောက် ပဋိစ္စသမုပ္ပါဒ် မကျွမ်းဘူး' တဲ့။ 'တို့လောက် သတိပဋ္ဌာန်အားမထုတ်ပါဘူး' တဲ့။ မျက်စောင်းလေး ထိုး၊ မေးလေးရွဲ့ကြသေးတယ်။

ဦးဇင်းတို့ ကျေးဇူးတော်ရှင် ရွှေဟင်္သာဆရာတော်ဘုရားကြီး တို့ဆိုရင် စာသင်တိုက်မှာပဲ ရာသက်ပန် သီတင်းသုံးသွားတာပါပဲ။ ဆရာတော်ဘုရားကြီး ပျံတော်မူ မီးသင်္ဂြိုဟ်တော့ ဓာတ်တော်ကျပါ တယ်။ အခုပြောရင်းနဲ့တောင် ကြက်သီးထတယ်။ ဘယ်လောက် ကြည်ညိုစရာကောင်းလဲ။

စာသင်တိုက်တွေမှာ ဒီလိုပဲ ကိုယ့်ရဲ့ပရိယတ္တိအလုပ်၊ ကိုယ့် ရဲ့ပဋိပတ္တိအလုပ်ကို မှန်မှန်လေး ရှိုးရိုးကုတ်ကုတ် အားထုတ်နေရင်းနဲ့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်နေကြတဲ့ပုဂ္ဂိုလ်တွေ အများကြီးပါနော်။

တောထွက်ပြီး တစ်ယောက်တည်း သွားအားထုတ်မှ၊ ရိပ်သာ ထောင်ပြီး တရားဟော , တရားပြလုပ်မှ အရိယာပုဂ္ဂိုလ် ဖြစ်နိုင်တာ မဟုတ်ပါဘူး။ စာသင်တိုက်မှာ စာရေးစာချ လုပ်ရင်း၊ သံဃာ့ကိစ္စ ဆောင်ရွက်ရင်း အရိယာဖြစ်သွားကြတဲ့ပုဂ္ဂိုလ်တွေ၊ အရိယာဖြစ်နေ ကြတဲ့ပုဂ္ဂိုလ်တွေ မရေမတွက်နိုင်အောင် ရှိကြပါတယ်။ ဘယ်သူပါလို့ လက်ညှိုးထိုးပြလို့တော့ မရဘူးပေါ့။ အရိယာအစစ်ဆိုတာက အရိယာ အတုတွေလို ဆိုင်းဘုတ်ထောင်ကြတာမှ မဟုတ်ဘဲ။

ဒါကြောင့် လူအတွေးနဲ့ တွေးပြီးတော့ ရဟန်းဘဝကို မဝေ

http://www.dhammadownload.com

ဖန်ပါနဲ့၊ ရဟန်းတော်များကို ဆရာမလုပ်ပါနဲ့။ မှားသွားပါလိမ့်မယ်။

နောက်ပြီးတော့ ပြောကြသေးတယ်၊ ဟို အနောက်တိုင်းက သိပ္ပံပညာရှင်တွေဆိုရင် အံ့ဖွယ်ထူးဆန်းတွေ အမျိုးမျိုး တီထွင်လိုက်ကြတာ၊ ဉာဏ်တွေ သိပ်ကောင်းကြတာပဲ။ ဒီလောက် ဉာဏ်ကောင်းတဲ့ သူတို့ တရားအားထုတ်လိုက်ရင် ခဏလေးပါပဲတဲ့။ အမေကျော် ဒွေးတော်လွမ်းပြီး အထင်ကြီးလိုက်ကြသေးတယ်။

လောကီဘက်မှာ ဉာဏ်ကောင်းတာက တစ်ပိုင်း တစ်ကဏ္ဍပဲ။ တရားဓမ္မမှာ ဉာဏ်ကောင်းတာက တစ်ပိုင်းတစ်ကဏ္ဍပါပဲ။ ဟိုဆေးပေါင်းခတဲ့မျက်ရည်တရားမှာပါတဲ့ အရှင်မဟာသီဝတို့ ပိဋကတ်သုံးပုံအာဂုံဆောင်ထားတာ သူ့တပည့်တွေ ခြောက်သောင်းလောက် ရဟန္တာဖြစ်တယ်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်တဲ့ သူတွေ ရေတောင် မရေနိုင်ဘူး။

ဒါပေမဲ့ သူကိုယ်တိုင် တောထွက်ပြီးတော့ တစ်ယောက်တည်း ဘယ်သူနဲ့မှ စကားမပြော၊ တရားမဟောဘဲနဲ့ ခါးတောင်းကျိုက်ပြီး တရားအားထုတ်တာ နှစ်ပေါင်း သုံးဆယ်တောင် ကြာပါတယ်တဲ့။ တိပိဋကဓရနော်။ ပိဋကတ်သုံးပုံ အာဂုံဆောင်ထားတာ။ ဒါတောင်မှ အကြာကြီး အားထုတ်ရတာပါ။

ဘုရားလက်ထက်က သဒ္ဓါပဗ္ဗဇိတ = သဒ္ဓါတရားနဲ့ အစာအငတ်ခံ ဆန္ဒပြပြီးတော့ ရဟန်းပြုလာတဲ့ အရှင်ရဋ္ဌပါလ တို့တောင်မှ ဘုရားရှင်သက်တော်ထင်ရှားနဲ့ တွေ့တာတောင်မှ ဆယ့်နှစ်နှစ် အားထုတ်ရပါသေးတယ်။

သဒ္ဓါတွေ ဒီလောက်ကောင်းတာတောင်မှနော်။ ကိုယ်က သူ

http://www.dhammadownload.com

တို့လောက်လည်း သဒ္ဒါတွေ၊ ဉာဏ်တွေ ကောင်းတာ မဟုတ်ဘဲနဲ့ 'တို့ကတော့ ခဏလေးပါပဲ။ ပင်စင်ယူပြီး အပြည့်ချလိုက်ရင်တော့ ခဏလေးပါပဲ။ အသက်ကြီးလို့ ငါးဆယ်ခြောက်ဆယ်လောက် စီးပွား ရေးလုပ်ငန်းတွေ အကုန်လုံးစွန့်ပြီးတော့ အားထုတ်လိုက်ရင်တော့ ခဏလေးပါပဲ' လို့ ဒီလိုပြောကြတယ်နော်။

ခဏလေးပါပဲက မသေချာဘူးပေါ့၊ ခဏလေး အားထုတ်ရုံနဲ့ တရားထူးရမယ့် ပုဂ္ဂိုလ်တွေလည်း ရှိချင်ရှိမှာပေါ့နော်။ ဒါပေမဲ့ အများ စုကတော့ မသေချာဘူးတဲ့။ ကိုပန်းမောင်က 'ခဏလေးပါပဲ၊ ခဏ လေးပါပဲ' ဆိုတာကို ငေးနေလိုက်တာ ဘာဖြစ်သွားတုံး။ ပန်းညှိုးသွား တယ်နော်။ ခဏလေးပါပဲ၊ ခဏလေးပါပဲလို့ အချိန်ဆွဲနေရင်တော့ ကိုယ့်ပန်းလေး ညှိုးသွားလိမ့်မယ်နော်။

■

http://www.dhammadownload.com

## လူမသေခင် ပန်းမညှိုးပါစေနဲ့

နောက်တစ်ချက်က ပျိုးနုတ်တဲ့ သူပြောတဲ့ စကားလေးကလည်း ကောင်းလိုက်တာ၊ 'နေကလည်း ကျလွယ်လိုက်တာ' တဲ့။ သူကတော့ ပကတိနေကို ပြောတာပါ။ သေခါနီးပုဂ္ဂိုလ်ဆိုရင်တော့ အရပ်ထဲမှာ ဘယ်လိုပြောကြတုံး။ သူက နေဝင်ချိန်ရောက်နေပြီ၊ နေဝင်ချိန်ရောက်နေပြီလို့ မပြောကြဘူးလား။ ပြောကြတယ်နော်။

နေကလည်း ကျလွယ်လိုက်တာ၊ အသက်ကလည်း ကြီးလွယ်လိုက်တာ၊ အရွယ်ကလည်း ကျလွယ်လိုက်တာ၊ ဦးဇင်းတို့တောင်ပဲ အခုအဘိုးကြီးဖြစ်နေပြီ၊ အသက်သုံးဆယ့်ငါးနှစ်ဆိုတော့ ဘယ်ငယ်တော့မှာတုံး။ ဟို တစ်နေ့ကပဲ ပြောပြီးပြီလေ၊ လွန်ခဲ့တဲ့ လေးနှစ်က အသံနဲ့ အခုဒီနှစ်အသံ တူကိုမတူတော့ဘူး။

လွန်ခဲ့တဲ့ လေးနှစ်က အသံလေးက ကလေးသံလေး၊ နုနုလေး၊ ရှေ့မျက်နှာ နောက်ထားပြီး ပြောရရင် ချစ်စရာလေး။ အခုကျ

http://www.dhammadownload.com

တော့ အသံက ချစ်စရာလည်း မကောင်းတော့ဘူး၊ နုလည်း မနုတော့ဘူး၊ ပျိုလည်း မပျိုတော့ဘူး။

အဲဒီတော့ နေကလည်း ကျလွယ်လိုက်တာ၊ ဟုတ်တာပေါ့။ သက်တမ်းတွေကလည်း တိုလိုက်တာ၊ သတင်းစာထဲကြည့်လိုက်ပါဦး၊ ခုနစ်ဆယ်ကျော် ရှစ်ဆယ်ကျော်တွေပါသလို သုံးဆယ်ကျော်လေးတွေ လေးဆယ်ကျော်လေးတွေ၊ နှစ်ဆယ်ကျော်လေးတွေ၊ တစ်ဆယ်ကျော်လေးတွေ၊ တချို့များ တစ်ဆယ်တောင် မကျော်ဘူး။ လေးငါးနှစ် ခြောက်နှစ်လေးတွေ သေဖို့အခွင့်အလမ်းတွေကလည်းအများကြီးပါပဲ။

ဒီတော့ 'မသေခင်ဘာလုပ်ကြမလဲ' ဆိုတဲ့မေးခွန်းကို ဒီနေ့ တရားနဲ့ကြည့်ရင် ဘယ်လိုဖြေမလဲ၊ 'မသေခင် ပန်းမည္ဘိုးအောင်လုပ်ရမယ်'။ ဒါအရေးအကြီးဆုံးပဲနော်။ အဲဒီတော့ ပန်းမည္ဘိုးအောင်လုပ်ရမယ်ဆိုတာ လိုရင်းကတော့ အနည်းဆုံး သောတာပန်ဖြစ်အောင်ကြိုးစားအားထုတ်ရမယ်။

သောတာ ပန်တာ မပန်တာက သူ့အပိုင်းပဲ၊ ကိုယ့်တာဝန်ကတော့ ဝိပဿနာအလုပ်ကို အချိန်ပြည့် ကြိုးစားအားထုတ်နေဖို့ပါပဲ။ ဝိပဿနာကတော့ အထွတ်အထိပ်အနေနဲ့ပြောလိုက်တာ၊ ဝိပဿနာက အဓိကပဲ ဆိုပြီးတော့ ဒါန၊ သီလ၊ သမထ မလုပ်ဘဲ မနေရဘူး။ လုပ်တော့ လုပ်ရမယ်။ ဒါပေမဲ့ လူ့စည်းစိမ် နတ်စည်းစိမ် တောင့်တပြီးတော့ လုပ်ရမှာတော့ မဟုတ်ဘူး။

ဒါနပြုလည်း နိဗ္ဗာနပစ္စယောပေါ့။ နိဗ္ဗာန်က ဝေးနေသေးတယ်ဆိုရင် ဒီဒါနကုသိုလ်သည် မိမိအားထုတ်နေတဲ့ ဝိပဿနာဉာဏ်ကို မဂ်ဉာဏ်ထိရောက်အောင် ကျေးဇူးပြုပါစေ၊ ဒီလိုဆုတောင်းပြီး

http://www.dhammadownload.com

လုပ်ရမှာပေါ့နော်။ သီလကုသိုလ်လုပ်လည်း ဒီသီလကုသိုလ်လေးက အားထုတ်နေတဲ့ ဝိပဿနာဉာဏ်ကို မဂ်ဉာဏ်ဖိုလ်ဉာဏ် ရောက် အောင် မြန်မြန် ကျေးဇူးပြုပါစေ၊ သမထအလုပ် အားထုတ်တော့ လည်း ဒီသမထကုသိုလ်သည် ဝိပဿနာဉာဏ်ရဲ့ အထောက်အပံ့ပဲ၊ ဝိပဿနာဉာဏ်ကနေ မဂ်ဉာဏ်ကို မြန်မြန်ကူးဖို့အတွက် အထောက် အပံ့ပဲ။

အဲဒီလို ဝိပဿနာဉာဏ်ရဲ့ အထောက်အပံ့၊ စာလိုပြောတော့ စိတ္တာလင်္ကာရ၊ စိတ္တပရိက္ခာရ = ဝိပဿနာစိတ်ရဲ့ အခြံအရံ၊ ဝိပဿ နာစိတ်ရဲ့ အဆင်တန်ဆာအဖြစ်နဲ့ပဲ ဒါန သီလ သမထ အလုပ်တွေကို လုပ်ပါ။ လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ နောက်ဘဝ ဘယ်လိုဘယ်ညာ စဉ်းစား မနေပါနဲ့။ နောက်ဘဝရမယ့် ကောင်းကျိုးချမ်းသာတွေ တောင်မှ စဉ်းစားမနေပါနဲ့ဆိုမှတော့ ထိုးထားတဲ့ဂဏန်းလေး ပေါက်ဖို့ အတွက် ကုသိုလ်ပြုတာဆိုရင်တော့ ပိုပြီးတော့တောင် မစဉ်းစားနဲ့ပေါ့။

တချို့က ကုသိုလ်ပြုတော့ ပြုတယ်၊ နောက်ဘဝ ချမ်းသာဖို့ ကုသိုလ်ပြုတာမဟုတ်ဘူး၊ ကိုယ်ထိုးထားတဲ့ ဂဏန်းလေးထွက်အောင် လို့ ဟုတ်တယ်မို့လား။ အမလေး တချို့ ရန်ကုန်မှာရှိတဲ့ တရုတ်ဘုံ ကျောင်းမှာလေ ဂဏန်းထွက်တဲ့နေ့ကျတော့ ဒိုင်ကလည်း သွားပြီး တော့ ရှိခိုးပြီး လှူဒါန်းပူဇော်တယ်၊ 'ထိုးသားတွေ ထိုးထားတဲ့ ဂဏန်း တွေ မထွက်ပါစေနဲ့' တဲ့၊ ထိုးထားတဲ့ ထိုးသားတွေကလည်း သွားပြီး တော့ ရှိခိုးပြီး လှူဒါန်းပူဇော်တယ်။ 'တပည့်တော် ထိုးထားတဲ့ ဂဏန်း ထွက်ပါစေ' တဲ့။ ဘုရားက ဘယ်သူ့အတွက် ဘယ်သူ့ဆန္ဒ ဖြည့်ပေးရ မလဲ မသိတော့ဘူး။

http://www.dhammadownload.com

ဒိုင်ရဲ့ဆန္ဒ ဖြည့်ရင်လည်း ထိုးသားက ရှုံးဦးမယ်။ ထိုးသား ဆန္ဒ ဖြည့်လိုက်ရင်လည်း ဒိုင်ရှုံးဦးမှာ၊ ဘုရား ဘယ်လို လုပ်ရမှန်း မသိတော့ဘူး။ ဘိုးတော်တွေ၊ မယ်တော်တွေ ဘာလုပ်ရမှန်း မသိတော့ဘူး။ စောစိကုန်းတို့၊ ကွမ်ယင်တို့၊ ဘိုးတော်မယ်တော်တွေ ဘာလုပ်ရမှန်း မသိတော့ဘူးနော်။

အဲဒီတော့ နောင်ဘဝ ကောင်းကျိုးချမ်းသာရဖို့ အတွက် တောင်မှ တောင့်တမနေပါနဲ့ဆိုမှတော့ ဒီဘဝ ဂဏန်းပေါက်ဖို့ နှစ်လုံး သုံးလုံးပေါက်ဖို့အတွက်ကတော့ စဉ်းစားမနေနဲ့နော်။ ဒါကြောင့် ဘာကုသိုလ်ပဲပြုပြု နိဗ္ဗာန်ရဲ့ အထောက်အပံ့အနေနဲ့ပဲ ပြုပါ။

■

http://www.dhammadownload.com

## ပုထုဇဉ်ဆရာကလည်း တပည့်ကို ရဟန္တာဖြစ်အောင် လုပ်ပေးနိုင်ပါတယ်

ဒီတော့ ပန်းမည့်ဖို့ သောတာပန် ဖြစ်ဖို့အတွက်ဆိုရင်တော့ သောတာပန်ဖြစ်ကြောင်း အင်္ဂါဘယ်နှချက်လို့ ကြားဖူးတုံး။ သောတာပန်ဖြစ်ဖို့အတွက် အင်္ဂါဘယ်နှချက် လိုသတဲ့တုံး။

'ခုနစ်ချက်ပါဘုရား'

ခုနစ်ချက်တဲ့၊ အဲဒီ ခုနစ်ချက် ပြောပါဦး။ ခုနစ်ပါး ပြည့်အောင် ဘာမှ မခက်ဘူး။ ဗောဇ္ဈင်ခုနစ်ပါးလို့ ပြောလိုက်ရင်ပြီးတာပဲ။ ဆိုလိုက်ပါ။

သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ သင့်စွာစိတ်ထား၊ ရှုမှတ်ပွား၊ လေးပါးမဂ်ရကြောင်း။

သောတာပတ္တိမဂ် ရပြီးတော့ ပန်းမည့်ချင်ရင်တော့ အင်္ဂါလေးချက်နဲ့ ပြည့်စုံရမယ်တဲ့။ ပထမဆုံး အင်္ဂါက သူတော်ဆည်းကပ်၊ ပညာရှိ သူတော်ကောင်းကို ဆည်းကပ်ပါ။ သံသရာဝဋ် ဆင်းရဲမှ

http://www.dhammadownload.com

လွှတ်မြောက်ရာ လွှတ်မြောက်ကြောင်း ဝိပဿနာ အကျင့်ကောင်း အကျင့်မြတ်၊ သတိပဋ္ဌာန် အကျင့်ကောင်း အကျင့်မြတ်ကို ညွှန်ကြား ပြသနိုင်တဲ့ ဆရာကောင်း ဆရာမြတ်ဆီကို ချဉ်းကပ်ပါတဲ့။

အကောင်းဆုံးကတော့ သက်တော်ထင်ရှား မြတ်စွာဘုရား ပေါ့။ မြတ်စွာဘုရားအထိ မစွမ်းနိုင်ရင် ရဟန္တာပုဂ္ဂိုလ်ပေါ့။ ရဟန္တာ အထိ မစွမ်းနိုင်ရင် အနာဂါမ်၊ အနာဂါမ်အထိ မစွမ်းနိုင်ရင် သကဒါဂါမ်၊ သကဒါဂါမ်အထိ မစွမ်းနိုင်ရင် သောတာပန်၊ သောတာပန်အထိ မစွမ်းနိုင်ရင် ပရိယတ္တိဗဟုသုတပြည့်စုံတဲ့၊ စာပေကျမ်းဂန် နှံ့စပ်တဲ့ ပုထုဇဉ်ပုဂ္ဂိုလ်တဲ့။

ကိုယ့်ဘာသာကိုယ် သီလ၊ သမာဓိ ပြည့်စုံနေရုံနဲ့ မပြီးသေး ဘူး။ မြတ်စွာဘုရားဟောကြားထားတဲ့ တရားဒေသနာ၊ စာပေကျမ်း ဂန်တွေ နှံ့စပ်ဖို့ လိုတယ်နော်။ ယောဂီက တစ်ယောက်နဲ့ တစ်ယောက် စရိုက်ချင်းကလည်း မတူ၊ သဘာဝချင်းကလည်းမတူ၊ ကိုယ်အားထုတ် ထားတဲ့ဟာလေးတစ်ခုပဲ သိနေလို့ရှိရင် ယောဂီရဲ့လိုအပ်ချက်နဲ့ကိုက် အောင် မညွှန်ကြားတတ်ဘူး။

ဘယ်ယောဂီလာလာ ငါခိုင်းတဲ့အတိုင်းသာ လုပ်၊ ငါမှတ်တဲ့ အတိုင်းသာ ရှုလို့ ဘယ်ပြောလို့ရပါလိမ့်မလဲ။ ယောဂီပုဂ္ဂိုလ်အသီးသီး ရဲ့ လိုအပ်ချက်အားလျော်စွာ ညွှန်ကြား ပြသနိုင်ဖို့အတွက် ဆရာ ကောင်း သမားကောင်းရဲ့ အင်္ဂါရပ်က ပရိယတ္တိ ဗဟုသုတ ပြည့်စုံရ မယ်တဲ့။ စာပေကျမ်းဂန် နှံ့စပ်ရမယ်တဲ့။

အဲဒီဆရာသမားက၊ စာပေကျမ်းဂန်နှံ့စပ်တဲ့ ဆရာသမားက ပုထုဇဉ်ပင် ဖြစ်စေကာမူ အားကိုးရမှာပါ။ တချို့က ပြောကြတယ်၊

http://www.dhammadownload.com

ကမ္မဋ္ဌာန်းဆရာက သောတာပန်ဖြစ်မှ တပည့်ယောဂီတွေ သောတာပန် ဖြစ်အောင်လုပ်ပေးနိုင်မှာပေါ့တဲ့။

အဲဒါ ကိုယ့်ကိုယ်ကို သောတာပန်လို့ အထင်ခံချင်လို့ သွယ်ဝိုက်သောနည်းအားဖြင့် ပြောလိုက်တာပါပဲ။ ကမ္မဋ္ဌာန်းဆရာက ငါကတော့ သောတာပန်ဖြစ်ပြီလို့ ထင်စေချင်လို့ ပြောလိုက်တာပါ။ မဟုတ်ပါဘူး။ ကမ္မဋ္ဌာန်းဆရာက ပုထုဇဉ်ဖြစ်ပေမယ့် ယောဂီကို ရဟန္တာဖြစ်အောင်ထိ လုပ်ပေးနိုင်ပါတယ်။ အနာဂါမ်ဖြစ်အောင်လည်း လုပ်ပေးနိုင်ပါတယ်၊ သကဒါဂါမ် ဖြစ်အောင်လည်း လုပ်ပေးနိုင်ပါတယ်။ သောတာပန်ဖြစ်အောင်လည်း လုပ်ပေးနိုင်ပါတယ်။

ဆေးပေါင်းခတဲ့မျက်ရည်ပဲ ကြည့်လိုက်ပေါ့။ ခုနပြောတဲ့ မဟာသီဝမထေရ်ကြီး ပုထုဇဉ်ပဲလေ၊ ပထမပိုင်း။ ပုထုဇဉ်ဘဝနဲ့ သင်ကြားပို့ချ နည်းလမ်းပေးလိုက်တာ ရဟန္တာချည်းပဲ ခြောက်သောင်း၊ အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန်တွေကတော့ ရေတွက်လို့တောင် မကုန်ပါဘူးတဲ့၊ အရိယာတွေ ဖြစ်သွားလိုက်ကြတာ။

ဒါ့ကြောင့် ကမ္မဋ္ဌာန်းဆရာက ပုထု ဇဉ်ဇဉ် မဇဉ်ဇဉ်၊ အရေးကြီးတာကတော့ ကိုယ့်ကို ကိုယ့်ရဲ့လိုအပ်ချက်နဲ့ကိုက်ညီတဲ့ ကမ္မဋ္ဌာန်းနည်းလမ်း ညွှန်ကြား ပြသပေးနိုင်ဖို့ အဓိကပါပဲ။ အဲဒီလို သူတော်ကောင်း ဆရာသမားကိုလည်း ချဉ်းကပ်ရမယ်တဲ့။ ပန်းမညှိုးချင်ဘူးဆိုရင်။

■

http://www.dhammadownload.com

## ဝေဘူ + မဟာစည် = ရွှေပါရမီ

သူတော်ဆည်းကပ်၊ မြတ်တရားနာ။ တရားမြတ်ကိုလည်း နာရမယ်တဲ့။ ဒါန၊ သီလ၊ သမထလောက်ဟောတဲ့ တရားနဲ့တင် မပြီး စေရဘူးတဲ့၊ ဒါပေမဲ့ ဒါန၊ သီလ၊ သမထတရားကိုလည်း မနာဘဲတော့ မနေရဘူးပေါ့နော်။ နာရမယ်၊ ဒါနကလည်း နိဗ္ဗာန်အတွက်၊ သီလ ကလည်း နိဗ္ဗာန်အတွက်၊ သမထကလည်း နိဗ္ဗာန်အတွက်ဆိုပြီးတော့ နိဗ္ဗာန်အတွက်ပဲ ဦးတည်ပြီးဟောတဲ့ တရားမျိုး နာရမှာပေါ့။

လူ့စည်းစိမ်၊ နတ်စည်းစိမ်လေးနဲ့ မက်လုံးပေးပြီး ဟောတဲ့ တရားလောက်နဲ့တော့ အားမကိုးထိုက်သေးဘူး။ အဓိကကတော့ သတိပဋ္ဌာန်ဝိပဿနာတရားပါပဲ။ ရှုနည်း မှတ်နည်း အားထုတ်နည်း တွေ၊ ရှုမှတ်အားထုတ်တဲ့အခါမှာ ဆင်ခြင် နှလုံးသွင်းရမယ့် အချက် အလက်တွေကို ညွှန်ကြားပြသထားတဲ့ တရားကောင်းတရားမြတ်တွေ ကိုလည်း နာကြားရမယ်။ တရားနာ မပျင်းရဘူးပေါ့။

http://www.dhammadownload.com

ကိုယ်ကြည်ညိုတဲ့ ဆရာတော်တစ်ပါးတရားလေးနာရုံနဲ့ မပြီးသေးဘူး၊ ကိုယ်ကြိုက်တဲ့ တစ်ပုဒ်ကောင်း နှစ်ပုဒ်ကောင်း တရားလေးနာရုံနဲ့ မပြီးသေးဘူး။ တစ်အုပ်ကောင်း နှစ်အုပ်ကောင်း စာအုပ်လေးဖတ်ရုံနဲ့လည်း မပြီးသေးဘူး။ တချို့က တစ်ပုဒ်ကောင်း နှစ်ပုဒ်ကောင်းလေး နာ၊ တစ်ပုဒ်ကောင်း နှစ်ပုဒ်ကောင်းလေး ဖတ်ပြီးတော့ အိုရှေ့ဆက်ပြီးတော့ နာနေစရာမလိုတော့ဘူး၊ ဖတ်နေစရာမလိုတော့ဘူး၊ နည်းသိနေပြီပဲ၊ ချတော့မယ်ဆိုပြီးတော့ ဒီလိုလည်း လုပ်ကြတယ်နော်။

ကိုယ့်စရိုက်နဲ့ ဘယ်တရားနဲ့ ကိုက်သွားမလဲဆိုတာ သိမှမသိဘဲနော်။ ကိုယ်သဘောကျတဲ့ ဆရာရဲ့ စကား၊ ဆရာရဲ့ တရား၊ ဆရာရဲ့ စာအုပ်လေး ဖတ်ပြီးတော့ အားထုတ်၊ နှစ်ပေါင်းများစွာသာ ကြာသွားတယ်၊ ဘာမှ မထူးတဲ့ပုဂ္ဂိုလ်တွေလည်း ရှိတာပဲ။ နောက်ကျတော့မှ ဟိုဆရာတရားလေး နာကြည့်လိုက်တော့မှ အဲဒီမှာ ဓာတ်တည့်သွားပြီးတော့ အားထုတ်လိုက်တော့လည်း ရက်အနည်းငယ်၊ လအနည်းငယ်နဲ့ တရားရသွားနိုင်တာပါပဲ။

ဒီတော့ ဆရာအစွဲ၊ ဂိုဏ်းအစွဲ၊ နည်းအစွဲ၊ အကျင့်အစွဲမထားဘဲနဲ့ လိုရင်းကတော့ ပုဂ္ဂိုလ်စွဲ၊ တရားစွဲမထားဘဲနဲ့ ဘယ်ပုဂ္ဂိုလ် ဟောတဲ့ ဘယ်တရားပဲဖြစ်ဖြစ် နာယူပါ၊ မှတ်သားပါ၊ ကိုယ်နဲ့ကိုက်တဲ့၊ ကိုယ့်စရိုက်နဲ့ကိုက်တဲ့ ကျင့်စဉ်ကို ကိုယ်က ကျင့်သုံးပေါ့။

တချို့က မေးတယ်။ ရွှေပါရမီနည်းက ဘာနည်းတုံးတဲ့။ ယောဂီတို့ ရွှေပါရမီနည်းက ဘာနည်းတုံး။

'ရွှေပါရမီနည်းပါဘုရား'

http://www.dhammadownload.com

အဲဒီလိုတော့ မနှောက်နဲ့နော်။ ရွှေပါရမီနည်း ဘာနည်းတုံး ဆိုတော့ ရွှေပါရမီနည်းတဲ့။ တချို့က မေးတာပေါ့၊ ရွှေပါရမီနည်း ဆိုတော့ မဟာစည်နည်းလား၊ မိုးကုတ်နည်းလား၊ ဝေဘူနည်းလားလို့ ဒီလိုမေးတာကိုး၊ အဲဒီတော့ ပြောလိုက်တယ်၊ ဘုရားနည်းပဲလို့။

ဘုရားနည်းတော့ ဘုရားနည်းပေါ့တဲ့။ ဒါပေမဲ့ ဘယ်ဆရာတော်နည်းတုံးတဲ့။ မလျှော့ဘူး၊ မေးတဲ့သူကလည်း။ အဲဒီတော့ ပြောလိုက်တယ်၊ ဆရာတော်အကုန်နည်းလို့၊ ဆရာတော်ပေါင်းစုံရဲ့ နည်းပဲလို့ ပြောလိုက်တယ်။

ဆရာတော်ပေါင်းစုံရဲ့ နည်းတွေကို ရောမွှေပြီးတော့ အားထုတ်တာပဲ၊ ကိုယ်နဲ့ တည့်တဲ့၊ ကိုယ်နဲ့သင့်တဲ့ နည်းလမ်းတွေ၊ စည်းကမ်းတွေကို လိုက်နာကျင့်သုံးပြီးတော့မှ အားထုတ်တာပဲပေါ့။

မေးသူ စိတ်ကျေနပ်အောင်၊ အများလည်း ထင်ထင်ရှားရှားနဲ့ နားလည်လွယ်အောင် ပြောရရင်တော့လည်း ဝေဘူ + မဟာစည် = ရွှေပါရမီပေါ့။ ဝင်လေထွက်လေ ရှုမှတ်တာကတော့ ဝေဘူဆရာတော်ဘုရားကြီးရဲ့နည်း၊ သွားရင်း၊ လာရင်း၊ စားရင်း၊ သောက်ရင်း၊ နေရင်း၊ ထိုင်ရင်း၊ ပြောရင်း၊ ဆိုရင်းနဲ့ ဖြစ်နေတာကို ဖြစ်နေတဲ့အတိုင်း ရိုးရိုးလေး ရှုမှတ်တာကတော့ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးရဲ့နည်း၊ 'ဝေဘူ + မဟာစည် = ရွှေပါရမီ'။

ဒါက ထင်ရှားတာကို ပြောတာပါ၊ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒတွေ၊ နည်းလမ်းတွေလည်း ပါပါတယ်၊ ကျေးဇူးတော်ရှင် သဲအင်းဂူဆရာတော်ဘုရားကြီးရဲ့ နည်းတွေလည်း ပါပါတယ်၊ ကျေးဇူးတော်ရှင် ဖားအောက် ဆရာတော်ဘုရားကြီးရဲ့

http://www.dhammadownload.com

နည်းတွေလည်း ပါပါတယ်။ ဆရာတော်ပေါင်းစုံနည်းတွေကို ရောမွှေပြီးတော့ အားထုတ်နေတာနော်။

ဒါ့ကြောင့်မို့လို့ ဆရာစွဲ၊ တရားစွဲမထားဘဲနဲ့၊ ပုဂ္ဂိုလ်စွဲ၊ တရားစွဲ မထားဘဲနဲ့ တရားမှန်သမျှ နာပါတဲ့။ ဟိုတရားမှ နာချင်တယ်၊ ဟို ဆရာတော့်တရားမှ နာချင်တယ်ဆိုရင်တော့ အဲဒါ ပန်းညှိုးသွားလိမ့်မယ်နော်။

■

http://www.dhammadownload.com

## အကောင်းမြင်မှ အမြင်ကောင်းမယ်

သူတော် ဆည်းကပ်၊ မြတ်တရား နာ၊ သင့်စွာ စိတ်ထား။ သင့်စွာစိတ်ထားဆိုတာ ယောနိသော မနသိကာရကို ပြောတာပါ။ ကိုယ့်ပတ်ဝန်းကျင်မှာ ကြုံတွေ့လာတဲ့ အဖြစ်အပျက်တွေကို ယောနိသော မနသိကာရနဲ့ စိတ်ချမ်းသာအောင်၊ ကုသိုလ်စိတ် ဖြစ်အောင် နှလုံးသွင်းရမယ်။ စိတ်ဆင်းရဲအောင်၊ အကုသိုလ် ဖြစ်အောင် နှလုံး မသွင်းနဲ့။

ဆိုလိုတာကတော့ ကြုံတွေ့လာသမျှ အဖြစ်အပျက်တိုင်းကို အကောင်းမြင်ဝါဒနဲ့ ကြည့်တတ်ရမယ်။ အကောင်းဘက်ကနေ နှလုံးသွင်းဆင်ခြင်နိုင်ရမယ်ပေါ့။ ယောနိသော မနသိကာရနဲ့၊ အကောင်းမြင်စိတ်ထားနဲ့ နေမှ စိတ်ချမ်းသာတာပါ။

လူတွေ စိတ်ဆင်းရဲကြတယ်၊ စိတ်ဆင်းရဲကြတယ် ဆိုတာ အများအားဖြင့် ကိုယ်နဲ့အတူတူနေတဲ့သူတွေကြောင့် စိတ်ဆင်းရဲကြရတာပါ။ ကိုယ်နဲ့ အတူနေတဲ့သူတွေရဲ့ အဖြစ်အပျက်နဲ့ ပတ်သက်ပြီး

http://www.dhammadownload.com

တော့ ယောနိသော မနသိကာရ မရှိလို့ စိတ်ထားမတတ်လို့ စိတ်ဆင်းရဲကြရတာပါပဲ။

ဝေးဝေးမှာနေတဲ့ သူတွေက ကိုယ့်ကို စိတ်ဆင်းရဲအောင် သိပ်မလုပ်နိုင်ပါဘူး။ ကိုယ်နဲ့ အနီးကပ်နေတဲ့သူတွေကပဲ ကိုယ့်ကို စိတ်ဆင်းရဲအောင် လုပ်နိုင်ပါတယ်။ အိမ်မှာ၊ ကျောင်းမှာ အတူတူနေကြတဲ့သူတွေနဲ့ အဖြစ်အပျက်တစ်ခုခုကြောင့် အဆင်မပြေဘူးဆိုရင်၊ အဲဒီ အဖြစ်အပျက်တစ်ခုခုအပေါ် ကိုယ်က စိတ်ထားမတတ်ဘူးဆိုရင် ကိုယ့်မှာ စိတ်ဆင်းရဲရတော့တာပါပဲ။

ဇနီးမောင်နှံဆိုရင်လည်း သူ့ကြောင့်၊ ကိုယ့်ကြောင့်ပေါ့၊ ဇနီးကြောင့်၊ ခင်ပွန်းကြောင့်၊ သားသမီးရှိရင် သားကြောင့်၊ သမီးကြောင့် စိတ်ဆင်းရဲရမယ်၊ သားသမီးကလည်း မိဘနားပူလို့ စိတ်ဆင်းရဲမယ် စသည်အားဖြင့် အနီးကပ် နေတဲ့သူကြောင့်ပဲ စိတ်ဆင်းရဲရတာ။ ယောနိသောမနသိကာရ မရှိရင်၊ စိတ်မထားတတ်ရင်တော့ စိတ်ဆင်းရဲရမှာပဲ။

ပြောရင်းနဲ့ အနီးကပ်ပေါ် လာလို့ ပြောလိုက်ဦးမယ်။ သူများအပြစ်ပြောတာတော့ မဟုတ်ပါဘူး။ ကိုယ် နှလုံးသွင်းတဲ့ဟာလေးပေါ့။ ဟုတ်လား။

ဟိုတစ်လောက ဦးဇင်းတို့ တောင်ပေါ်ကျောင်းမှာ ကပ္ပိယကြီးကို သဘော်ပင် နှစ်ပင်ရဲ့ဘေးက အပင်တွေ ကပ္ပိခိုင်းတယ်။ ကပ္ပိခိုင်းတယ်ဆိုတာကတော့ လူလိုနားလည်အောင်ပြောရမယ်ဆိုရင် ခုတ်ခိုင်းတာပေါ့လေ။ သဘော်ပင်ကို ခုတ်ခိုင်းတာ မဟုတ်ဘူး။ သဘော်ပင်ရဲ့ ပတ်ပတ်လည်မှာ အပိုသစ်ပင်တွေ၊ ဆူးပင်တွေနဲ့ ရှုပ်

http://www.dhammadownload.com

ထွေးနေလို့ ဒီသဘော်ပင်လေးနှစ်ပင် ပေါ်လွင်သွားအောင်လို့ ဘေးက ချုံလေးတွေ ခုတ်လိုက်စမ်းပါ၊ ရှင်းလိုက်စမ်းပါလို့ ပြောလိုက်တာ။

အဲဒါ ဆွမ်းစားခါနီး ပြောလိုက်တာ၊ ဆွမ်းစားနေတုန်း ဒုန်း ဒုန်းနဲ့အသံကြားလို့ 'သဘော်ပင်တော့ ခုတ်နေပြီ ထင်တယ်' ဆိုပြီး သွားကြည့်လိုက်တော့ တကယ်ပဲ သဘော်ပင်နှစ်ပင် မရှိတော့ဘူး။

ခုတ်ခိုင်းတာက သဘော်ပင်ဘေးက ရှုပ်ထွေးနေတဲ့ ချုံနွယ် ပိတ်ပေါင်းတွေကို ခုတ်ခိုင်းတာ၊ ခုတ်လိုက်တာက၊ စစချင်း စခုတ်တာ ကိုက သဘော်ပင်နှစ်ပင်၊ အဲဒီတော့ စိတ်ထားသာ မတတ်ရင်တော့

'ဒီကပ္ပိယ ပြောတဲ့စကားလည်း နားမထောင်ဘူး၊ ပြောနေ တာ သေချာ နားမထောင်ဘူး၊ ဟိုငေး ဒီငေး၊ ဟိုတွေး ဒီတွေးနဲ့၊ ဘာတွေများ တွေးနေသလဲမသိဘူး' လို့ ဒေါသဖြစ်ရင် ကိုယ်ပဲ စိတ် ဆင်းရဲရမှာ။

အဲဒီတော့ နှလုံးသွင်းလိုက်ပါတယ်။ 'ခုတ်လိုက်တော့လည်း ရှင်းသွားတာပေါ့' လို့နော်။

အပင်လေးကလည်း နှစ်ပင်ပူး နှစ်မြွာပူးလေး ပေါက်နေတာ၊ အရွက်ကလေးကလည်း ကားကားစွင့်စွင့်လေး၊ သဘော်ပင်ဆိုတာ သဘော်ပင်အရွက်ရဲ့ ချွန်ချွန်ကလေး ကားပြန့်နေတဲ့သဘောကို ကြည့် ရှုနဲ့ကို စိတ်က ရွှင်လန်းသွားတာကိုး။ ညှော်သည်တွေ ထိုင်တဲ့နေရာနား လေးမှာ ပေါက်နေတာပေါ့။ ကျောင်းထဲကနေလည်း လှမ်းမြင်နေရပါ တယ်။

အဲဒါလေး သဘော်ပင်လေး နှစ်ပင် ပေါ်လွင်သွားအောင် ခုတ်ခိုင်းတာ၊ ဘေးက အပင် ခုတ်ခိုင်းတာ၊ သဘော်ပင် ခုတ်ချလိုက်

http://www.dhammadownload.com

တော့ နှလုံးသွင်းလိုက်ပါတယ်။

'ဩော် . . . ခုတ်ချလိုက်တော့လည်း မြင်ကွင်းလေးရှင်းသွားတာပေါ့။ အလင်းရောင် ပိုရတာပေါ့' လို့။

အဲဒီလို နှလုံးသွင်းမှုပဲ စိတ်ချမ်းသာနိုင်တာနော်။ အဲဒီလို နှလုံးမသွင်းလို့ကတော့ ဒေါသတွေ ဖြစ်နေမှာပါ။ နမူနာပေါ့လေ။ ဒါ သူများအပြစ် ပြောတာမဟုတ်ပါဘူး။ နမူနာလေး၊ ယောနိသောရဲ့ သဘောလေး သိအောင်လို့ ပြောတာပါ။ ယောနိသောသာ မထားတတ်လို့ကတော့ လူငယ်ဒကာတစ်ယောက်က လျှောက်ထားဖူးတယ်။

အရှင်ဘုရားတဲ့၊ တပည့်တော် အိမ်ထောင်မကျခင်တုန်းကတော့ သူကလွဲရင် ဖွဲနဲ့ဆန်ကွဲတဲ့၊ အခုအိမ်ထောင်ကျပြီးတော့ သူကလွဲရင် အကုန်လုံး ပေါ်ဆန်းမွှေး ရှယ်တွေချည်းပဲတဲ့။

မရခင်တုန်းကတော့ သူက လွဲရင် ဖွဲနဲ့ဆန်ကွဲတဲ့၊ ရပြီးတော့ သူကလွဲရင် အကုန်ကောင်းသတဲ့။ ဘာလို့လဲဆိုတော့ အနေကြာတော့ အနာကျေလာတာကိုး။

'အနေကြာ' တော့ 'အနာကျေ' သွားပါတယ်။ အနာကျေတယ်ဆိုတာ လူမှာ သူ့သူ့ကိုယ်ကိုယ် အပြစ်အနာအဆာကင်းတဲ့ လူရယ်လို့ ရှိမှ မရှိဘဲကိုး။ အနည်းနဲ့အများ အပြစ်အနာဆိုတာရှိတယ်၊ အတူတူ မနေခင်တုန်းကတော့၊ အနေမကြာခင်တုန်းကတော့ သူ့ရဲ့ အနာတွေကို ကျေအောင်မသိသေးဘူးပေါ့။

အနေကြာတော့ အနာကျေလာတယ်၊ သူ့ရဲ့ အနာတွေကို ကျေအောင်သိလာတယ်။ အနာကျေတော့ မခံမရပ်နိုင်တွေဖြစ်၊ ဒေါသတွေဖြစ်၊ အို . . . ကိုယ်မုန်းတဲ့ သူနဲ့မှ နေ့တိုင်း တွေ့နေရတယ်

http://www.dhammadownload.com

ဆိုပြီးတော့ စိတ်ကိုဆင်းရဲနေရတော့တာ။

ဒါကြောင့် ယောနိသောမနသိကာရ မရှိလို့ စိတ်ဆင်းရဲနေရရင်တော့ တရားအားထုတ်လည်း တရားက မရတော့ဘူး။ တရားအားထုတ်တယ်ဆိုတာ စိတ်ချမ်းချမ်းသာသာလေး အားထုတ်မှ ရတာ။

■

http://www.dhammadownload.com

## အားနာလောက်အောင် အားထုတ်ပါ

ဒါကြောင့် သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ သင့်စွာစိတ်ထား၊ ရှုမှတ်ပွားတဲ့။ ရှုမှတ်ပွားဆိုတာကတော့ ပြောစရာကို မလိုတော့ဘူး။ ဝိပဿနာအလုပ်ကို ကြိုးကြိုးစားစား အားထုတ်ရမယ်၊ 'အားထုတ်မှ အားထုတ်' လို့ပြောရလောက်အောင် အားထုတ်ရမယ်။

မနေ့က ဂျပန်ပိတောက်အကြောင်း ပြောတော့ မနက်က တက်လာတဲ့ ဒကာမကြီးတွေက ဘယ်မှာတုံး ဂျပန်ပိတောက်တဲ့။ ဂျပန်ပိတောက်လေးက အပွင့် ဝါဝါလေးပါ။ လူတစ်ရပ်စာတောင် မရှိဘူး။ စိုက်ကတည်းက တစ်ရက်မှ မနားဘူး။ နေ့တိုင်းပွင့်တယ်။ အဲဒီတော့ ပြောလိုက်တယ်၊ ဒကာမကြီးလို့ ဂျပန်ပိတောက်တွင် မကဘူး။ ဟိုမှာ အီတလီကုက္ကိုလည်းရှိသေးတယ်လို့။ ကြွားတာတော့ မဟုတ်ပါဘူးနော်။

တောင်ပေါ်မှာ ဦးဇင်းတို့ ဂျပန်ပိတောက်လည်း ရှိတယ်၊

http://www.dhammadownload.com

အီတလီကုက္ကိုလည်း ရှိတယ်၊ အဲဒီ အီတလီကုက္ကိုကလည်း ကုက္ကိုပွင့် အတိုင်းပါပဲ၊ အရွက်ကတော့ စွယ်တော်ရွက်နဲ့ ခပ်ဆင်ဆင်၊ ပန်းက တော့ အနီရောင်အပွင့်လေးပေ့ါ၊ ကုက္ကိုပွင့် ကြီးကြီးမားမားလေးပါပဲ။ အဲဒီအပွင့်ကလည်း ရောက်ကတည်းက တစ်ရက်မှကို မနားဘူး၊ ပွင့် တာ၊ သူကလည်း မိုးတွင်းကလွဲရင် တစ်နှစ်ပတ်လုံးပွင့်တာ၊ တစ်နှစ် ပတ်လုံး ပွင့်တဲ့ပန်းကို တမင်သက်သက် စိုက်ထားတာပါ။

အဲဒီတော့ ဂျပန်ပိတောက် ပန်းလေးကလည်း ပွင့်လွန်းလို့ အားနာရတယ်၊ အီတလီကုက္ကိုပန်းလေးကလည်း ပွင့်လွန်းလို့ အားနာ ရတယ်၊ ယောဂီတို့ကလည်း အားထုတ်မှ အားထုတ်လွန်းလို့ အားနာ လိုက်တာ ဦးဇင်းက၊ အားနာလွန်းလို့ မနက်ဖြန်ဆိုရင် စခန်းပွဲသိမ်း တော့မယ်။

အဲဒီတော့ ပန်းမညှိုးချင်တဲ့ ပုဂ္ဂိုလ်ဟာ ဂျပန်ပိတောက်ပန်း လေး အားနာရလောက်အောင် ပွင့်သလို၊ အီတလီကုက္ကိုပန်းလေး အားနာရလောက်အောင် ပွင့်သလို၊ ဝိပဿနာအလုပ်ကိုလည်း ကိုယ် အားထုတ်နေတာကို မြင်တဲ့ သူတွေက အားနာရလောက်အောင်ကို အားထုတ်ရမယ်။ အဓိကကတော့ ကိုယ့်ကိုယ်ကိုယ် အားနာရလောက် အောင်ကို အားထုတ်ရမယ်။

အဲဒီလို 'အားထုတ်မှ အားထုတ်' အားထုတ်သွားမယ်ဆိုရင် တော့ ကိုယ့်ရဲ့ ပါရမီကုသိုလ်ပန်းလေး မညှိုးတော့ပါဘူးနော်။ ဒါ့ ကြောင့် ယောဂီတို့အားလုံး ပန်းမညှိုးပါစေနဲ့ဆိုတဲ့ အဆုံးအမလေး ကို ဦးထိပ်ထားပြီးတော့ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရဲ့ အထောက်အပံ့ဖြစ်တဲ့ ဒါန၊ သီလ၊ သမထ ကုသိုလ်အလုပ်တွေကို

http://www.dhammadownload.com

လည်း၊ ဒါန၊ သီလ၊ သမထ၊ ဝေယျာဝစ္စ၊ တရားဟော၊ တရားနာစသည် အားဖြင့်ပေါ့။

ကောင်းမြတ်တဲ့ကုသိုလ်အလုပ်တွေကိုလည်း ကြိုးကြိုးစားစား ပွားများ အားထုတ်ကြပါ။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ အနီးကပ်ဆုံးဖြစ်တဲ့ ဝိပဿနာဉာဏ်အားကောင်းအောင်လည်း ဝိပဿနာအလုပ်ကို 'နေ့စဉ်' အားထုတ်ရုံနဲ့ မကျေနပ်ဘဲ 'နေစဉ်' အားထုတ်ကြပါ။

'နေ့စဉ်' အားထုတ်တယ်ဆိုတာက တစ်နေ့ ဆယ့်ငါးမိနစ်၊ နာရီဝက်၊ တစ်နာရီ အချိန်ပိုင်းပြီး အားထုတ်တာကို 'နေ့စဉ်' အားထုတ်တယ်လို့ ခေါ်တယ်။

'နေစဉ်' အားထုတ်တယ်ဆိုတာက သွားနေစဉ်၊ ရပ်နေစဉ်၊ ထိုင်နေစဉ်၊ လျောင်းနေစဉ်၊ ကွေးနေစဉ်၊ ဆန့်နေစဉ်၊ စားနေစဉ်၊ သောက်နေစဉ်၊ လျှော်နေစဉ်၊ ဖွပ်နေစဉ်၊ ချက်နေစဉ်၊ ပြုတ်နေစဉ်၊ စားနေစဉ်၊ သောက်နေစဉ်၊ စွန့်နေစဉ်၊ ယိုနေစဉ်၊ ကားမောင်းနေစဉ်၊ ဈေးရောင်းနေစဉ်၊ အဲဒီ နေစဉ်တိုင်း နေစဉ်တိုင်း၊ လောဘဖြစ်နေစဉ်၊ ဒေါသဖြစ်နေစဉ်၊ မာနဖြစ်နေစဉ်၊ ဣဿာမစ္ဆရိယတွေဖြစ်နေစဉ်၊ တွေးနေစဉ်၊ ေးနေစဉ်၊ နေစဉ်တိုင်း နေစဉ်တိုင်း အားထုတ်တာကို 'နေစဉ်' အားထုတ်တယ်လို့ ခေါ်တယ်။

အဲဒီလို နေစဉ်နည်းနဲ့ နေ့စဉ် အားထုတ်သွားမယ်ဆိုရင်တော့ မိမိတို့ရဲ့ ပါရမီကုသိုလ်ပန်း မညှိုးတော့ပါဘူး။ ဒါကြောင့် ပန်းညှိုးပြီးသေတဲ့ မသာတွေ မဖြစ်ကြပါစေနဲ့၊ ပန်းလန်းလန်းလေးနဲ့သေတဲ့ မသာတွေဖြစ်ကြပါစေ၊ ဒီလိုတော့ မကောင်းပါဘူးနော်။ ပန်းမညှိုးဘဲ သေတဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေ။

http://www.dhammadownload.com

## အပ္ပမာဒေန သမ္ပာဒေထ

'ပန်းမညှိုးပါစေနဲ့' တရားကို နာကြားကြရတဲ့ တရားနာပရိသတ်များ သာသနာတော်နဲ့ ကြုံကြိုက်တဲ့အခိုက် သောတာပန်ဖြစ်ကြောင်း အင်္ဂါရပ်လေးချက်နဲ့ ပြည့်စုံအောင် ကြိုးစားအားထုတ်နိုင်ကြပါစေ။

ကြိုးစားအားထုတ်နိုင်ကြတဲ့အတိုင်းလည်း ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်တက်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ အဆင့်ဆင့်တက်ပြီးတော့ နိဗ္ဗာန်ချမ်းသာကို ဒီဘဝ ဒီခန္ဓာ နောက်ဆုံးအဖြစ်နဲ့ မျက်မှောက်ပြုနိုင်ကြပါစေလို့ ဆုတောင်းရင်းနဲ့ ဦးဇင်းတို့ရဲ့ ပန်းမညှိုးပါစေနဲ့တရားတော်ကို ဒီနေရာမှာပဲ နိဂုံးချုပ်ပါတော့မယ်။

တရားနာပရိသတ်များအားလုံး လက်အုပ်ချီထားကြပါ။

အရေးအကြီးဆုံး စကားတစ်ခွန်းနဲ့ တရားနိဂုံး ချုပ်ပါတော့မယ်။

— — — —

http://www.dhammadownload.com

အပ္ပမာဒေန သမ္ပာဒေထ။

အပ္ပမာဒေန - မမေ့မလျော့ မပေါ့မဆ ပြင်းပြထက်သန် မှန်ကန်သော သတိတရားဖြင့်။

သမ္ပာဒေထ - သီလ၊ သမာဓိ၊ ပညာဟု ဆိုအပ်သော သိက္ခာ သုံးပါးတို့ကို ကိုယ်စီကိုယ်င ပြည့်စုံအောင် ကြိုးစားအားထုတ်နိုင် ကြပါစေကုန်သတည်း။ ။

သာဓု . . . . သာဓု . . . . သာဓု ပါဘုရား။



၂၀၀၂ ခုနှစ်၊ ဧပြီလ(၁၇)ရက်၊ သထုံမြို့ နေမိန္ဒရတောင်ခြေ မြစိမ်းကျောင်းတိုက်
စတုတ္ထအကြိမ် သတိပဋ္ဌာန်ဝိပဿနာတရားစခန်း၌
ဟောကြားအပ်သောတရားတော်ကို ပြုပြင်ဖြည့်စွက်ရေးသားထားပါသည်။

အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)

http://www.dhammadownload.com

# တရားသိမ်းမေတ္တာပို့

အရပ်ဆယ်မျက်နှာ၌

ရှိကြသော

နတ်လူသတ္တဝါအားလုံးတို့သည်

ဘေးရန်ရောဂါ

ကင်းစင်ကွာ၍

ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။

